
7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

7 ၇ ရက် သတင်းဂျာနယ်
DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၄၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် ၊ ဗုဒ္ဓဟူး ၊ (ဒီဇင်ဘာ ၁၈ ၊ ၂၀၁၃)

# ရွှေဆုများကျန်ပါသေးသည်

**ဗိုလ်ဗိုလ်ဝင်း**

မြန်မာအမျိုးသားဘောလုံးအသင်း အင်ဒိုနီးရှားအသင်းကို ရှုံးနိမ့်ကာ အကြိုဗိုလ်လုပွဲတက်ရောက်ခွင့် ဆုံးရှုံးခဲ့ရသော်လည်း ဆီးဂိမ်းပြိုင်ပွဲကြီး မပြီးဆုံးသေးပါ။ အိမ်ရှင် မြန်မာအတွက် ရွှေရောင်မျှော်လင့်ချက်ဖြစ်စေမည့် အားကစားပွဲများ ကျန်ရှိနေပါသေးသည်။

စာမျက်နှာ ၃ ››



ကာယဗလပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးအပြီး နိုင်ငံတော်သီချင်းကို မျက်ရည်များဖြင့် သီဆိုနေသည့် ကိုမင်းဇော်ဦး

ဓာတ်ပုံ-ငြိမ်းချမ်းနိုင်/အီးပီအေ

## ကျူးပြဿနာကို အစိုးရ၏ စီမံခန့်ခွဲမှုအလုပ်မဖြစ်သေး

**မိုးညို**

သမ္မတဦးသိန်းစိန် အစိုးရလက်ထက် လယ်ယာမြေသိမ်းဆည်းမှုများကြောင့် ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည့် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများ၊ သပိတ်စခန်းဖွင့်တောင်းဆိုမှုများအကြား ဒေသခံအာဏာပိုင်၊ မူလနေထိုင်သူနှင့် ကျူးကျော်သူတို့အကြား ပဋိပက္ခအသွင်ဆောင်သည့် ထိပ်တိုက်တွေ့ဆုံမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။

စာမျက်နှာ ၂ ››



## တစ်ချိန်က ရွှေဆုများရှင်

**ထွန်းခိုင်**

လေးဖက်လေးတန်ပရိသတ်များပြည့်နေသည့် အမျိုးသားရေကူးကန်ထဲရောက်လာချိန်တွင် စိတ်လှုပ်ရှားနေခဲ့သည်။ ရန်ကုန်ဆောင်း၏အငွေ့အသက်ကြောင့် ရာသီဥတုမှာ အတန်ငယ်အေးစိမ့်စိမ့်ဖြစ်နေသော်လည်း စိုးရိမ်စိတ်ကြောင့် သူ့ရင်မှာအနည်းငယ်ပူလောင်နေခဲ့သည်။ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံလုံးဝမရှိသေးသည့်ရေတပ်သားလေး၏စိတ်လှုပ်ရှားမှုသည် ရေကူးကန်ဒိုင်ဗင်စင်ပေါ်ရောက်သည်အထိမရပ်သေး။

စာမျက်နှာ ၅ ››

## အကျဉ်းထောင်များအတွင်းက ဘောက်ချာများ

**အေးသူစံ၊ အောင်သစ်လွင်**

"မင်းဘယ်လောက်ပညာတတ်လဲ၊ ဘယ်လောက်ချမ်းသာလဲ ထောင်ဗူးဝမှာ ထားခဲ့"

"ပြစ်မှုကြွေးကို ချွေးနှင့် ပေးဆပ်ရမည်"

ထိုဆောင်ပုဒ်များနှင့် မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းသားနှစ်မျိုးနှစ်စားသာရှိပါသည်။ အာဏာပိုင်နှင့် နီးစပ်သူ၊ ငွေကြေးတတ်နိုင်သည့် အကျဉ်းသားနှင့် ကျောထောက် နောက်ခံမဲ့ ငွေမတတ်နိုင် သည့် ထောင်ကျအကျဉ်းသား။ ထိုနှစ်မျိုးပင်။

စာမျက်နှာ ၈ ››

## မှောင်ခိုပျက်သုဉ်းရေးမှ မှောင်ခိုဈေးကွက်သို့လား

**အောင်သူရ၊ ပြည်သိမ်း**
**သိမ့်သိမ့်စိုး**

ရန်ကုန်မြို့အပါအဝင်အခြားထင်ရှားသော မြို့ကြီးများရှိ အရက်၊ ဘီယာရောင်းချသော ဆိုင်များ၌ နိုင်ငံခြားဖြစ်အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များ တည်ခင်းရောင်းချသည်ကိုမတွေ့ရတော့ပေ။ သို့သော် ဝယ်ယူလို့တော့ရရှိနေသေးသည်။ ဆိုင်ရှင်များက လူစိမ်းများကို မရောင်းရဲသော်လည်း ရင်းနှီးသူများကိုမူ အလွယ်တကူရောင်းချပေးလျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အခြားသောအဖွဲ့များပူးပေါင်းဖွဲ့စည်းထားသော တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့က ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် လိုက်လံစစ်ဆေးဖမ်းဆီးနေသဖြင့် စတိုးဆိုင်များ ပေါ်ပေါ်တင်တင် မရောင်းချတော့ခြင်းဖြစ်သည်။

အချပ်ပို V ››



7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ကျူးပြဿနာကို အစိုးရ၏ စီမံခန့်ခွဲမှုအလုပ်မဖြစ်သေး



တွံ့တေးမြို့ရှိ စီမံကိန်းမြေနေရာတွင် တဲထိုးနေရာယူထားသူများ

ဓာတ်ပုံ - ကျော်ဇင်သန်း

**မိုးညို**

သမ္မတဦးသိန်းစိန် အစိုးရလက်ထက် လယ်ယာမြေသိမ်းဆည်းမှုများကြောင့် ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည့် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများ၊ သပိတ်စခန်းဖွင့်တောင်းဆိုမှုများအကြား ဒေသခံအာဏာပိုင်၊ မူလနေထိုင်သူနှင့် ကျူးကျော်သူတို့အကြား ပဋိပက္ခအသွင်ဆောင်သည့် ထိပ်တိုက်တွေ့ဆုံမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။

ယင်းကဲ့သို့ ထိပ်တိုက်တွေ့ဆုံမှုများ၌ မြေလွတ်၊ မြေလပ်စီမံကိန်းမြေနေရာများတွင် အင်အားအလုံးအရင်းဖြင့် လာရောက်ကျူးကျော်နေထိုင်သူများနှင့် ဒေသခံအာဏာပိုင်များအကြား ပဋိပက္ခအသွင်ဆောင်ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပြီး ၂၀၁၃ခုနှစ်အတွင်း ရန်ကုန်တွင် ကျူးကျော်ပြဿနာများကြောင့် အာဏာပိုင်နှင့် ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်ထက်မနည်းဖြစ်ပွားခဲ့ရသည်။

ရန်ကုန်မြို့၏ မြို့စွန်နေရာအချို့တွင် ဓနိမိုးသက်ငယ်ချပ်များ၊ ဝါးလုံးများတင်ဆောင်လာသည့်အမည်မသိဒိုင်နာယာဉ်ကြီး၊ ယာဉ်ငယ်များညအချိန်၌ လာရောက်ပြီး မြေလွတ်၊ မြေလပ်များပေါ်တွင်နေရာချထားရာမှ ကျူးကျော်ပြဿနာများစတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း လှိုင်သာယာမြို့နယ် ဒေသခံတစ်ဦးကဆိုသည်။

"လွတ်နေတဲ့မြေတွေပေါ်မှာ ဝါးလုံးတွေ၊ဓနိတွေကိုကားပေါ်ကနေ လာပစ်ချသွားတယ်။ ဘယ်ကမှန်းလဲမသိဘူး"ဟု ယင်းဒေသခံကဆိုသည်။

ယင်းကဲ့သို့ကျူးကျော်တဲများစတင်တဲထိုးပြီးနေကြသည့်ပြဿနာမှာ ၂၀၁၂ခုနှစ်က ဒဂုံဆိပ်ကမ်းမြို့နယ်တွင်စတင်ဖြစ်ပွားခဲ့သည်။ အစိုးရက သရဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းဆောက်လုပ်မည်ဆိုခြင်းကြောင့် ယင်းနေရာတွင် နေ့ချင်းညချင်းကျူးကျော်တဲ များရာနှင့်ချီရောက်ရှိလာခဲ့ကြ သည်။

"အဲဒီတုန်းကမြေနေရာဦးပြီးတဲထိုးထားရင်အနည်းဆုံးတိုက်ခန်းတစ်ခန်းရမယ်ဆိုလို့ လာနေကြတာ"ဟု ဒဂုံဆိပ်ကမ်းမြို့နယ်မှ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လွှတ်တော်ကိုယ်စားလှယ်ကဆိုသည်။

ယင်းပြဿနာကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက ခေါင်းနားပန်းကြီးစွာဖြေရှင်းခဲ့ရသည်။ ခါတော်မီကျူးကျော်တဲများတွင်နေထိုင်သူများ၊ မူလနေထိုင်သူများအကြား တရားမျှတမှုရှိစေရန် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တွင် နေရာများပြန်လည်ချထားပေးခဲ့ရကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနညွှန်ကြားရေးမှူးဒေါ်မိမိဝင်းကပြောသည်။

ယင်းခါတော်မီကျူးကျော်တဲများတွင်နေထိုင်သူများမှာ အနည်းဆုံးရာကျော်ရှိပြီး မူလအမှန်တကယ်နေထိုင်သူများကို ပြန်လည်နေရာချထားပေးခဲ့ကြောင်း အထက်ပါညွှန်ကြားရေးမှူးကဆိုသည်။ ယင်းနယ်မြေတွင် တစ်ဖက်နှင့်တစ်ဖက်ဆိုးဆိုးရွားရွားပဋိပက္ခတော့မဖြစ်ပွားခဲ့ပေ။

ကျူးကျော်တဲများဖြင့် လာရောက်နေထိုင်သူများနှင့် ဒေသခံအာဏာပိုင်တို့ အဓိကထိပ်တိုက်တွေ့ဆုံခဲ့ပြီး ပဋိပက္ခဖြစ်ပွားခဲ့သည့်နယ်မြေမှာ ၂၀၁၃ဖေဖော်ဝါရီပထမပတ်က လှိုင်သာယာမြို့နယ်အမှတ်(၅)ရပ်ကွက် ပီမိုးနင်းလမ်းရှိ စီမံကိန်းမြေနေရာတွင် စတင်ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းနေရာကို ဖယ်ရှားရှင်းလင်းမှုတွင် လုံခြုံရေးရယူထားသော ရဲများနှင့် စည်ပင်ဝန်ထမ်းများကို ကျူးကျော်နေထိုင်သူများက ကိုယ်ထိလက်ရောက်ပြန်လည်တုံ့ပြန်မှုများဖြင့် နှစ်ဖက်ပဋိပက္ခဖြစ်ပွားသည့် အခြေအနေထိရောက်ခဲ့ရသည်။

ကျူးကျော်နေထိုင်သူအများစုမှာနောက်ကွယ်က အားပေးအားမြှောက်ပြုလုပ်သူများရှိနေသဖြင့် ယင်းကဲ့သို့ အတင့်ရဲစွာလုပ်ကိုင်နိုင်ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီလက လှိုင်သာယာမြို့နယ်တွင်ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်ကိုရည်ရွယ်၍ လှိုင်သာယာမြို့နယ်အမှတ်(၅) ရပ်ကွက်တွင်နေထိုင်သူအသက်(၄၀)အရွယ်ရှိ အမျိုးသားတစ်ဦးက သုံးသပ်သည်။

"အဲဒီတုန်းက ဥပဒေအရလုပ်မယ်ဆိုရင်တော်တော်အထိနာမယ်" ဟု လှိုင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးကပြောသည်။

ယင်းဖြစ်စဉ်ကိုကြည့်ခြင်းအားဖြင့်အစိုးရအနေဖြင့် ရန်ကုန်တွင်နေထိုင်စရိတ်ကြီးမြင့်လာမှုများကြောင့် အိုးမဲ့အိမ်မဲ့များအပေါ် ယနေ့အထိ နေထိုင်စရာမပေးနိုင်သေးသည်မှာ ပေါ်လွင်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနအငြိမ်းစားညွှန်ကြားရေးမှူးဦးမြင့်စိုးကသုံးသပ်သည်။

"သူတို့ကိုနေဖို့အစိုးရကပေးရမှာ ဒါဆိုရင် ဒီပြဿနာဖြစ်လာစရာမရှိဘူး"ဟုအထက်ပါညွှန်ကြားရေးမှူးကဝေဖန်ပြောဆိုသည်။

ရန်ကုန်တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများပြားလာခြင်းကြောင့် နေထိုင်မှုစရိတ်ကြီးမြင့်လာခြင်းဖြစ်ပြီး ယင်း၏အကျိုးဆက်မှာ အိုးမဲ့၊ အိမ်မဲ့ကိန်းဂဏန်းများပြားလာကြောင်းရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုစီမံကိန်း၏ စစ်တမ်းများမှ သိရသည်။

လက်ရှိအချိန်ထိ ရန်ကုန်မြို့ရှိ အိုးမဲ့အိမ်မဲ့စာရင်းကိုတိတိကျကျကောက်ခံနိုင်ခြင်းလည်းမရှိသေးပေ။

"တဲဝင်ဆောက်ဖို့ငွေတောင်မရှိလို့ တိုင်လေးတိုင်စိုက်ပြီးစောင်တွေကာနေရတဲ့ အိမ်တွေတောင်ရှိတယ်"ဟု လှိုင်သာယာမြို့နယ်ရှိ ကျူးကျော်နေထိုင်သူမိသားစုတစ်စုမှလက်သမားအလုပ်လုပ်ကိုင်သူအမျိုးသားတစ်ဦးက ၎င်းတို့၏အခက်အခဲကို ပြောသည်။

ရန်ကုန်တွင် ကျူးကျော်နေထိုင်သူအများစုမှာ ရောဝတီမြစ်ဝကျွန်းပေါ်တွင်နေထိုင်သူအများစုဖြစ်ပြီး ရန်ကုန်တွင်နေ့စဉ်ကြုံရာကျပန်းအလုပ်များဖြင့် ရုန်းကန်နေထိုင်ကြရသည်။

မိသားစုတစ်စုလျှင် နေ့စဉ်ဝင်ငွေ နှစ်ထောင်မှ ငါးထောင်ကြားရရှိသူများအတွက် အိမ်ငှားရမ်းနေထိုင်ရန်မှာ အိပ်မက်မျှသာဖြစ်ကြောင်း ကျူးကျော်တဲများတွင်နေထိုင်သူများကပြောသည်။

"တချို့က အစ်မတို့ကျူးကျော်သမားတွေ အတင့်ရဲတယ်လို့ပြောကြတယ်။ အမှန်တော့ကျူးကျော်တယ်ဆိုပြီး ခေါင်းစဉ်တပ်လာပြီးမြေနေရာလာဦးကြတဲ့သူတွေကြောင့် တကယ်ကျူးသမားတွေအတွက် ပိုခက်ခဲလာပြီ"ဟု လှိုင်သာယာအတွင်းပဒံ အနီးမှ ကျူးကျော်တဲတွင်နေထိုင်သူအမျိုးသမီးတစ်ဦးကဆိုသည်။

လက်ရှိအစိုးရဆောင်ရွက်နေသော အိမ်ရာစီမံကိန်းသစ်များတွင်ဝင်ငွေနည်းပြည်သူများကိုအဓိကဦးစားပေးရောင်းချခြင်းများအပြင် လက်ရှိကျူးကျော်နေထိုင်သူများကို စာရင်းကောက်ယူပြီး ၎င်းတို့ ခေတ္တနေထိုင်ရန် နေရာထိုင်ခင်းများကို မြို့ပြင်ရှိမြေလွတ်မြေရိုင်းများတွင် အလွန်နှုန်းထားချိုသာသည့် တန်ဖိုးနည်းအငှားအိမ်ရာငယ်များကို တည်ဆောက်ပေးသင့်ကြောင်း၊ အလွန်သက်သာသည့်နှုန်းထားဖြင့်အစိုးရကတိုက်ရိုက်ငှားရမ်းခြင်း၊ ရောင်းချခြင်းများကို ပြုလုပ်ပေးသင့်ကြောင်း အထက်ပါညွှန်ကြားရေးမှူးကဆိုသည်။

"အဲဒီအိမ်တွေကို စာရင်းပြုစုထားတဲ့ ကျူးကျော်တွေကိုပဲ ငှားရမ်းရောင်းချသင့်တယ်။ ဒါကလောလောဆယ်တော့မဖြစ်နိုင်သေးဘူး။ နိုင်ငံမှာက ဝင်ငွေအလယ်တန်းစားလူတွေတောင်မြို့စွန်တစ်နေရာမှာ အိမ်မဝယ်နိုင်သေးဘူး။ အဓိကတော့ အိမ်ခြံမြေဈေးနှုန်းတွေကြီးနေတဲ့ ပြဿနာကြောင့်ပေါ့"ဟု၎င်းကပြောသည်။

ရန်ကုန်တွင် နောက်ဆုံးအကြိမ်ဖြစ်ပွားခဲ့သည့် ကျူးကျော်ပြဿနာမှာ ယခုလ တတိယပတ်က တွံ့တေးမြို့နယ်မှ ကျေးရွာသုံးရွာအနီးတွင်ရှိသော စီမံကိန်းမြေနေရာကျယ်တွင် အိုးမဲ့အိမ်မဲ့များကလာရောက်ကျူးကျော်နေထိုင်ရာမှ မြို့နယ်ရဲတပ်ဖွဲ့အပါအဝင် ဒေသခံများနှင့် ကျူးကျော်တဲထိုးနေထိုင်သူများနှစ်ဖက်ပဋိပက္ခအသွင်အထိပင်ဆောင်ခဲ့ကြသည်။

ယင်းဖြစ်စဉ်မှာလည်း မြေနေရာဦးရန် အဓိကအကြောင်းရင်းပင်ဖြစ်ခဲ့သည်။

ကျူးကျော်တဲထိုးနေထိုင်သူများနှင့် မူလမြေနေရာပိုင်ရှင်များဖြစ်ပွားသည့်ပဋိပက္ခအတိုင်းအစိုးရက အချိန်မီကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိကြောင်း စက်မှုဇုန်မြေနေရာအနီးတစ်ဝိုက်တွင် ကျူးကျော်ခံခဲ့ရသူစက်မှုဇုန်လုပ်ငန်းရှင်တစ်ဦးကဝေဖန်သည်။

အများစုမှာ ဒေသခံအာဏာပိုင်၊ဒေသခံစည်ပင်များဖြင့်သာ အကြိမ်ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ပြီး ပြဿနာကိုပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ဖြေရှင်းနေရကြောင်းအထက်ပါလုပ်ငန်းရှင်ကဆိုသည်။

"စက်မှုဇုန်တွေရဲ့ ခြံစည်းရိုးဘေးမှာနေကြတာ အများကြီးပဲ။ စည်ပင်က စာကပ်ရုံကလွဲပြီး ဘာမှမလုပ်ပေးနိုင်ဘူး"ဟု အထက်ပါလုပ်ငန်းရှင်ကဆိုသည်။

ကျူးကျော်များကလည်းမြေနေရာတစ်ခုဝင်ယူပြီး လူအစုအဖွဲ့များလျှင် များသလိုနေရာတစ်ခုသေချာသွားနိုင်သည့်နည်းလမ်းတစ်ခုလည်း သုံးလာသည်။

ထို့ကြောင့် စီးပွားရေးမြို့တော်ရန်ကုန်တွင် နေ့စဉ်တစ်စထက်တစ်စတိုးပွားလာသည့် ကျူးကျော်ဦးရေကို အစိုးရက စီမံခန့်ခွဲနိုင်ခြင်းမရှိပါက နောက်ပိုင်းတွင် မလိုလားအပ်သောအကြမ်းဖက်လာနိုင်သည့်ပဋိပက္ခများမှာအာဏာပိုင်များနှင့် ကျူးကျော်များအကြားဆက်တိုက်ထွက်ပေါ်လာနိုင်သေးကြောင်း ကျွမ်းကျင်သူများကသုံးသပ်သည်။

ထို့အပြင် ကျူးကျော်များ၏ မြေနေရာဦးမှုများတွင် တစ်စထက်တစ်စပြဿနာကြီးထွားလာအောင်လုပ်သည်ဆိုသော လှုံ့ဆော်သူများကိုလည်း အစိုးရက အချိန်မီဖော်ထုတ်ရန်လိုအပ်မည်ဖြစ်ကြောင်း မြေနေရာကျူးကျော်ခံရသူများကပြောသည်။

"ကျွန်တော်တို့ကို ပြတ်ပြတ်သားသားအမြန်ဆုံးဖြေရှင်းဖို့အမိန့်တစ်ခုလိုတယ်။ အဲဒီအမိန့်မကျသေးသရွေ့ဘာမှလုပ်လို့မရတော့ ပဋိပက္ခတွေဖြစ်ကုန်တယ်"ဟု တွံ့တေးမြို့နယ်မှ ကျူးကျော်ပဋိပက္ခတွင် ဝင်ရောက်ဖြေရှင်းခဲ့ရသူ ဒုရဲအုပ်တစ်ဦးက၎င်း၏အမြင်ကိုပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013



*အမျိုးသားဘောလုံးအသင်းကို အားပေးနေသော မြန်မာပရိသတ်* ဓာတ်ပုံ - လင်းဘိုဘို/အီးပီအေ

# ရွှေဆုများကျန်ပါသေးသည်

**ဗိုလ်ဗိုလ်ဝင်း**

မြန်မာအမျိုးသားဘောလုံးအသင်း အင်ဒိုနီးရှားအသင်းကို ရှုံးနိမ့်ကာ အကြိုဗိုလ်လုပွဲတက်ရောက်ခွင့် ဆုံးရှုံးခဲ့ရသော်လည်း ဆီးဂိမ်းပြိုင်ပွဲကြီး မပြီးဆုံးသေးပါ။ အိမ်ရှင်မြန်မာအတွက် ရွှေရောင်မျှော်လင့်ချက်ဖြစ်စေမည့်အားကစားပွဲများ ကျန်ရှိနေပါသေးသည်။

“ဆီးဂိမ်းမပြီးသေးပါဘူး။ ဘောလုံးမှာ အမျိုးသမီးအသင်း ကျန်ပါသေးတယ်။ ကျန်တဲ့အားကစားတွေအများကြီးကျန်ပါသေးတယ်။ အဲဒီကစားသမားတွေလည်း နိုင်ငံ့ချစ်စိတ် ဘောလုံးသမားတွေထက်မလျော့ပါဘူး။ နို့မို့ စာမေးပွဲမှာ တစ်ဘာသာမဖြေနိုင်တာနဲ့ ကျန်တဲ့ဘာသာတွေလွှင့်ပစ်လိုက်သလိုဖြစ်လိမ့်မယ်”ဟု ရန်ကုန်မြို့ခံ ပရိသတ်တစ်ဦးက ပြောသည်။

အမျိုးသားယူ-၂၃ဘောလုံးအသင်းပြိုင်ပွဲမှ ထွက်ခဲ့ရမှုကြောင့် တစ်နိုင်ငံလုံး ကြေကွဲခဲ့ရသော်လည်း မြန်မာအမျိုးသမီးဘောလုံးအသင်းမှာ အကြိုဗိုလ်လုပွဲအဆင့်သို့တက်ရောက်ခွင့်ရရှိထားသည်။

ယူ-၂၃အသင်းပြိုင်ပွဲမှထွက်ရမှုကြောင့် ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးသွားမည်ဟုဆိုနေကြသည်မှာ အခြားအားကစားနည်းပြိုင်ပွဲဝင် အားကစားသမားများအတွက် အားနာစရာကောင်းလှသည်။ ထို့အပြင် မြန်မာအားကစားအဖွဲ့အတွက်ရွှေတံဆိပ်မျှော်မှန်းချက်ရှိနေသေးသည့် ရိုးရာလှေ၊ ဗိုဗီနမ်၊ ဂျူဒို၊ တိုက်ကွက်ဒို၊ မွေ၊ ရွက်လှေ (ဗိုလ်လုပွဲစဉ်)အားကစားနည်းများမှာ ဒီဇင်ဘာ ၁၆ရက်နောက်ပိုင်းမှ စတင်ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၆ရက် အားကစားပွဲစဉ်များပြီးသည်အထိ အိမ်ရှင်မြန်မာအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် ၃၉ခုရယူပေးထားသည့် အားကစားနည်းများမှာ ရိုးရာခြင်းလုံး၊ ဝူရှူး၊ နပန်း၊ ကွင်းသွင်းခြင်းခတ်၊ သေနတ်ပစ်၊ ကာယဗလ၊ ကရာတေးဒို၊ လက်ဝှေ့၊ ကနူး/ကယက်၊ ရိုးရာစစ်တုရင်၊ မြားပစ်၊ ပြေးခုန်ပစ်(လမ်းလျှောက်)၊ ဘီလိယက်၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အလေးမ စသည့်အားကစားနည်းတို့ဖြစ်သည်။

ရွှေတံဆိပ် ၁၇ခုချိုးမြှင့်မည့် ရိုးရာလှေလှော်ပြိုင်ပွဲတွင် မြန်မာတို့အနေဖြင့် အနည်းဆုံးရွှေတံဆိပ် ၁၀ခုအထိမျှော်မှန်းထားပြီး အခြား အားကစားနည်းများမှလည်း ရွှေရောင်မျှော်လင့်ချက်များ ရှင်သန်လျက်ရှိရာ ပြိုင်ပွဲပြီးဆုံးချိန်၌ အိမ်ရှင်အသင်း၏ မူလမျှော်မှန်းချက်ဖြစ်သည့် ရွှေတံဆိပ်အရေအတွက်တစ်ရာအားပြည့်မီရန် မသေချာသော်လည်း အနိမ့်ဆုံးမျှော်လင့်ထားသည့် ရွှေတံဆိပ်ခုနစ်ဆယ်ဝန်းကျင်မှာမူ အိမ်ရှင်လက်တွင်းသို့ ကျရောက်ရန် သေချာသလောက်ရှိနေသည်။

နှစ်ပေါင်းလေးဆယ်ကျော်မှ အိမ်ရှင်အဖြစ်ပြုလုပ်ခွင့်ပြန်လည်ရရှိသည့် ဒေသတွင်းအကြီးကျယ်ဆုံး အားကစားပြိုင်ပွဲတွင် တစ်နိုင်ငံလုံးပရိသတ်များ၏ အဓိကအားထားရာ ယူ-၂၃အမျိုးသားဘောလုံးအသင်းမှာ ရွှေတံဆိပ်မျှော်လင့်ချက်ဝေးခဲ့ပြီဖြစ်သော်လည်း မြန်မာအမျိုးသမီးအပါအဝင်ကျန် အားကစားနည်းများ၏ ရွှေရောင်မျှော်လင့်ချက်များအတွက် ပရိသတ်အားပေးမှုများက လိုအပ်နေမည်သာဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲသည် ဒီဇင်ဘာ ၂၂ရက်တွင်မှ ကြီးကျယ်ခမ်းနားသော ပိတ်ပွဲအခမ်းအနားနှင့် ပြီးဆုံးမည်ဖြစ်ပါသည်။ ထို့ကြောင့် ဒီဇင်ဘာ ၁၆ရက်တွင် မြန်မာနိုင်ငံက အိမ်ရှင်ပြုလုပ်မည့် ဆီးဂိမ်းပြိုင်ပွဲသည်မပြီးဆုံးသေးပေ။

လက်ရှိထိုင်းငံက ရွှေတံဆိပ် အများဆုံးနှင့် ထိပ်ဆုံးမှဦးဆောင်နေသည့်အတွက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရာ အားကစားရုံများတွင် ထိုင်းနိုင်ငံတော်သီချင်းက ပျံ့လွင့်နေရာယူနေခဲ့သည်။

အိမ်ရှင်မြန်မာအားကစားအဖွဲ့ကို ရွှေတံဆိပ် ၃၉ခုရရှိသည့် အချိန်အထိ ရယူပေးထားသည့် အားကစားနည်းများမှာ ရိုးရာခြင်းလုံး၊ ဝူရှူး၊ နပန်း၊ ကွင်းသွင်းခြင်းခတ်၊ သေနတ်ပစ်၊ ကာယဗလ၊ ကရာတေးဒို၊ လက်ဝှေ့၊ ကနူး/ကယက်၊ ရိုးရာစစ်တုရင်၊ မြားပစ်၊ ပြေးခုန်ပစ်(လမ်းလျှောက်)၊ ဘီလိယက်၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အလေးမ အားကစားနည်းတို့ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.41 · DECEMBER 18 , 2013

## CRIME မှုခင်းသတင်း CORNER

# ရန်ကုန် – မန္တလေးရထားနှင့်ထော်လာဂျီ တိုက်မိ၍လူ နှစ်ဦးသေဆုံး

**အေးမွန်ရာပြည့်**

**ရန်ကုန်၊ ဒီဇင်ဘာ–၁၄**

ရန်ကုန်-မန္တလေးအဆန်မောင်းနှင်လာသည့်မီးရထားနှင့် ထော်လာဂျီတစ်စီးတိုက်မိပြီး ထော်လာဂျီမောင်းသူအပါအဝင် အမျိုးသားနှစ်ဦးပွဲချင်းပြီး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ယခုလ ၁၃ ရက် နံနက် ၇ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်တော်ကျေးရွာ၏ ကျေးလက်လမ်းနှင့် မီးရထားလမ်းဆုံနေရာတွင် မီးရထားသံ လမ်းအရှေ့ခြမ်းမှ အနောက်သို့ဖြတ်ကူးနေသည့်ထော်လာဂျီယာဉ်နှင့် ရန်ကုန်မှမန္တလေးသို့ခုတ်မောင်းလာသည့် အမှတ်(၃)အဆန်ရထားတို့တိုက်မိကာ ထော်လာဂျီယာဉ်ပေါ်ပါလာသည့် အမျိုးသားသုံးဦးအနက် ယာဉ်မောင်းဖြစ်သူနှင့် အမျိုးသားတစ်ဦး သေဆုံးသွားခဲ့သည်။

ထော်လာဂျီမောင်းသူဒဏ်ရာများဖြင့် အခင်းဖြစ်ပွားသည့်နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ပြီး ထော်လာဂျီ ယာဉ်မောင်းသူ၏ အသက် ၂၃နှစ်အရွယ် သားဖြစ်သူမှာ ဖူးရောင်ဒဏ်ရာများ ရရှိထားပြီး စကားမပြောဆိုနိုင်တော့၍ ကျောက်ဆည်ဆေးရုံမှမန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူလျက်ရှိသည်။

ယခုမီးရထားနှင့် ထော်လာဂျီတိုက်မှုဖြစ်ပွားခဲ့သည့် သံလမ်းနှင့်ကျေးလက်လမ်းဆုံနေရာအား ကျောက်ဆည်မြို့ရှိမြို့မရဲစခန်းမှတာဝန်ရှိသူများမှ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ထော်လာဂျီယာဉ်မောင်းနှင်ခဲ့သည့် သေဆုံးသူ အမျိုးသားအား ပြစ်မှုပုဒ်မ ၃၀၄(က) ပေါ့လျော့ခြင်းနှင့် လူကိုသေစေမှု၊ ပြစ်မှုပုဒ်မ ၃၀၈ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကို ကျူးလွန်ရန် အားထုတ်ခြင်းစသည့် ပြစ်မှုပုဒ်မများဖြင့် အမှုဖွင့်ခဲ့ကြောင်း တိုင်းရဲရုံးမှ သတင်းရရှိသည်။

# ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကမ္ဘာ့အကျော်ကြားဆုံးပုဂ္ဂိုလ်များကို ဇာတ်ကားမှ ဇာတ်ကောင်များအဖြစ် အနုပညာရှင်တစ်ဦးကပန်းပုထု

**လန်ဒန်၊ ဒီဇင်ဘာ–၁၄**

ကမ္ဘာ့နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအထင်ကရပုဂ္ဂိုလ်များကို Star Wars ဇာတ်ကားမှ ဇာတ်ကောင်များအဖြစ်အနုပညာရှင်တစ်ဦးက ထူးခြားပြောင်မြောက်သည့် ကိုယ်တိုင်ထွင်းထုထားသောပန်းပုရုပ်များအဖြစ်ဖန်တီးကာ မော်ကွန်းတင်လိုက်သည်။



စိတ်ကူးယဉ်ဇာတ်ကောင်များကို ကမ္ဘာ့ကျော်ကြားသူများ၏မျက်နှာများဖြင့် ပေါင်းစပ်ကာ ကျွန်ုပ်တို့၏ ခေတ်ကာလစဉ်ဆက်ဖြစ်ပွားမှုကို အမေရိကန်နိုင်ငံ၊ ဆီယက်တဲလ်မြို့အနီးရှိ ဗက်စ်ဟွန်ကျွန်းမှပန်းပုပညာရှင် မိုက်လီဗစ်က ပန်းပုပညာဖြင့် မှတ်တမ်းတင်လိုခဲ့သည်။

၎င်းထုလုပ်ထားသည့်ပန်းပုရုပ်တုများမှာအရွယ်အစား အမျိုးမျိုးရှိပြီး ယင်းတို့အနက်အများစုမှာ သစ်သားကို ထွင်းထုထားခြင်း(သို့မဟုတ်) ရွှံ့စေးကို ထုလုပ်ထားခြင်းဖြစ်သည်။ အကြီးဆုံးပန်းပုရုပ်မှာ သုံးပေအထိမြင့်ပြီးအားလုံးကို ဆီအခြေခံသုတ်ဆေးအသုံးပြုပြီး လက်ဖြင့် ဆေးချယ်ထားကြောင်းသိရသည်။

ယင်းပန်းပုရုပ်များအနက် အိုင်းစ်တိုင်းပန်းပုရုပ်ကိုစတားဝါးဇာတ်ကားထဲမှာဇာတ်ကောင် R2 D2၊ စတိဗ်ဂျော့စ်ကို C3PO၊ ဘားရက်အိုဘားမားကို လန်ဒိုကာရီရှန်နှင့် ဒေါ်အောင်ဆန်းစုကြည်ကိုမင်းသမီးလီဆာအဖြစ် အမည်ပေးထားသည်။

ခေတ်သစ်အနောက်တိုင်းယဉ်ကျေးမှုမှာ ဂရိနှင့် ရောမလူမျိုးတို့၏ ယဉ်ကျေးမှုလမ်းကြောင်းအတိုင်းဖြစ်ကောင်းဖြစ်နိုင်သည်ဟူသော စိတ်ခံစားချက်ဖြင့် ယင်းပန်းပုရုပ်များကို ထွင်းထုထားခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။ မစ္စတာလီဗစ်၏ ပန်းပုလက်ရာပြပွဲကိုနယူးယောက်မြို့ဂျွန်နသန်လီဗီနိုပန်းချီပြခန်း၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မတိုင်မီအထိပြသထားမည်ဖြစ်သည်။

၎င်းပန်းပုထုလုပ်ခဲ့သည့် ကမ္ဘာ့အကျော်ကြားဆုံးပုဂ္ဂိုလ်များအနက် လစ်ဘရယ်သူရဲကောင်းများဖြစ်သောနယ်လ်ဆင်မန်ဒဲလား၊ ဘားရက်အိုဘားမားနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို Star Wars ဇာတ်ကား၏ သူပုန်မဟာမိတ်အဖွဲ့မှ ဇာတ်ကောင်များအဖြစ်ထွင်းထုထားပြီး အငြင်းပွားဖွယ် (သို့မဟုတ်) ရှေးရိုးဆန်သော ပုဂ္ဂိုလ်များဖြစ်သော ဆာရာပါလင်း၊ ဒေါ်နယ်ထရမ်နှင့် မိုက်တိုင်ဆန်တို့ကို ဖိနှိပ်ညှဉ်းပန်းသောကြယ်စင်စုအင်ပါယာမှ ဇာတ်ကောင်များအဖြစ် ထုလုပ်ထားသည်။ ယင်းပန်းပုရုပ်ထုများ၏ ခြေဆစ်လက်ဆစ်များကို ကွေးနိုင်ဆန့်နိုင်အောင် ပြုလုပ်ထားပြီး ကိုယ်နေဟန်ထားအမျိုးမျိုးဖြင့် ခင်းကျင်းပြသနိုင်ကြောင်း သိရသည်။

*—Ref: Daily Mail*



Life
7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# တစ်ချိန်ကရွှေဆုများရှင်

ထွန်းခိုင်

လေးဖက်လေးတန်ပရိသတ်များပြည့်နေသည့် အမျိုးသားရေကူးကန်ထဲရောက်လာချိန်တွင် စိတ်လှုပ်ရှားနေခဲ့သည်။ ရန်ကုန်ဆောင်း၏အငွေ့အသက်ကြောင့် ရာသီဥတုမှာ အတန်ငယ်အေးစိမ့်စိမ့်ဖြစ်နေခဲ့သော်လည်း စိုးရိမ်စိတ်ကြောင့် သူ့ရင်မှာအနည်းငယ်ပူလောင်နေခဲ့သည်။ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံလုံးဝမရှိသေးသည့်ရေတပ်သားလေး၏စိတ်လှုပ်ရှားမှုသည် ရေကူးကန်ဒိုင်ဗင်စင်ပေါ် ရောက်သည်အထိမရပ်သေး။

"ဒိုင်ဗင်စင်ပေါ် ရောက်တော့ကြောက်နေတာပေ့ါ။ အသားတွေလည်းတုန်နေတယ်"ဟုလွန်ခဲ့သောနှစ်၅၀ကျော်ကြာကအတွေ့အကြုံကို ဦးချစ်စိန်ကပြန်ပြောပြသည်။

၁၉၆၁ ခုနှစ်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက်ကျွန်းဆွယ်ပြိုင်ပွဲ(၁၉၇၇ မှစတင်ပြီး ဆီးဂိမ်းဟုအမည်ပြောင်းခဲ့သည်)တွင် ဝင်ရောက်ယှဉ်ပြိုင်စဉ်က သူတွေ့ကြုံရပုံကို တပ်မတော်ရေအရာရှိဟောင်းဦးချစ်စိန်ကပြန်ပြောပြနေခြင်းဖြစ်သည်။



*ရွှေတံဆိပ်လေးဆုရှင် ရေကူးကစားသမား ဦးချစ်စိန်*

ဓာတ်ပုံ - ထွန်းခိုင်

ထိုနေ့သည် နောင်တွင်မြန်မာနိုင်ငံ ရေကူးသမိုင်းအတွက် အရေးပါသည့်နေ့တစ်နေ့ဖြစ်လာခဲ့သည်။ ဒေသတွင်းအဆင့်အမြင့်ဆုံးပြိုင်ပွဲတစ်ခုကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပချိန်တွင် မြန်မာ့ရေကူးအားကစားသမားများအတွက် ပထမဆုံးပြိုင်ပွဲ အဖြစ် ယှဉ်ပြိုင်ရမည့်နေ့ဖြစ် သည်။

ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် လာအိုကစားသမားများနှင့် ဦးချစ်စိန်တို့ ဒိုင်လူကြီးက အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ရေထဲဒိုင်ဗင်ထိုးဆင်းလိုက်ကြသည်။

ထိုနေ့ပြိုင်ပွဲက လေးယောက်တွဲလေးမျိုးကူးပြိုင်ပွဲဖြစ်သည်။ ဦးချစ်စိန်တစ်ယောက် သူ့အလှည့်ပြီးသွားတော့ ကမ်းပေါ်တက်ကာ စိတ်လှုပ်ရှားမှုအပြည့်ဖြင့် သူ၏ကစားဖော်များကိုစောင့်ကြည့်နေခဲ့သည်။ နောက်ဆုံးကူးခတ်ရသည့် တင်မောင်နီအလှည့်အပြီးတွင် မြန်မာတို့ရှေ့ဆုံးက ပန်းဝင်ခဲ့ပြီး မြန်မာ့မြေပေါ်တွင် မြန်မာရေကူးသမိုင်းအတွက် ပထမဆုံးရွှေတံဆိပ်ကိုဆွတ်ခူးပေးနိုင်ခဲ့သည်။

ဒိုင်ဗင်စင်ပေါ် ရောက်နေစဉ် စိတ်လှုပ်ရှားနေသည်ဟုပြောသည့် ဦးချစ်စိန်ကိုရေထဲတွင်ရောဘယ်လိုနေလဲဟုမေးတော့"ရေထဲရောက်တယ်ဆိုကတည်းက ဘယ်ကောင်မှသောက်ဂရုမစိုက်ဘူးလို့တွေးတယ်"ဟုသူကပြောသည်။

**စာမျက်နှာ (၇)သို့**



7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# မသန်သော်လည်းအားမလျှော့သူ

**အောင်နိုင်၊ အောင်ဝါ**

ကချင်ပြည်နယ်၊ ရွှေကူမြို့သို့ ရောက်ရှိလျှင် ခန္ဓာကိုယ်ကို မြေကြီးပေါ်တွင် တစ်လိမ့်ချင်းလိမ့်၍ သွားလာလှုပ်ရှားနေသူတစ်ဦးကို မြင်တွေ့နိုင်ပါသည်။ ခန္ဓာကိုယ်တစ်ခုလုံးကို လိမ့်ပြီးသွားရသည့်အတွက် သူ့အဝတ်အစားများမှာ အမြဲလိုလို ဖုန်အလူးလူးဖြင့် ညစ်ပတ် ပေကျံနေတတ်သည်။

ရွှေကူမြို့၏လမ်းများပေါ်တွင် ယင်းကဲ့သို့ ခက်ခဲပင်ပန်းစွာ သွားလာနေသော အသက်(၁၅)နှစ်အရွယ် လူငယ်လေး၏ အမည်မှာ မောင်အင်ခွန်မျိုးလတ်ဖြစ်သည်။

ရွှေကူမြို့ အမှတ်(၄)ဘောဂဗလရပ်ကွက်တွင်နေထိုင်သော မောင်အင်ခွန်မျိုးလတ်မှာ ငယ်စဉ်ကလေးဘဝက အကြောသေရောဂါကို ခံစားနေရသောကြောင့် ခြေလက်များ ကောင်းစွာလှုပ်ရှားနိုင်ခြင်းမရှိတော့ပေ။ သူ့အဖြစ်မှာ လမ်းလျှောက်ရန်မဆိုနှင့် ထိုင်ရန်ကိုပင် ခဲယဉ်းစွာကြိုးပမ်းနေရခြင်းလည်းဖြစ်သည်။

သူ့တွင်ဘယ်ဘက်လက်တစ်ဖက်တည်းသာ အနည်းငယ်လှုပ်ရှားနိုင်ပြီး မည်သည့်အရာဝတ္ထုကိုမှ မြဲမြံစွာမကိုင်ဆောင်နိုင်တော့ပါ။ ထမင်းစားရေသောက်ခြင်းအမှုကိစ္စများကိုပင် ကိုယ်တိုင်မလုပ်နိုင်သဖြင့် အခြားသူကို အမြဲမှီခိုနေရခြင်းလည်းဖြစ်ပါသည်။

"သူ မွေးတုန်းက အားလုံးအကောင်းပဲ။ မွေးပြီးတစ်လအရွယ်လောက်မှာ အပြင်းဖျားလို့ ဆေးထိုးဖူးတယ်။ အဲဒါကြောင့် ဆေးထိုးမှားသွားတာလို့ ထင်ပါတယ်" ဟု မောင်အင်ခွန်မျိုးလတ်၏ အဘွားဖြစ်သူက သူ့မြေးနှင့်ပတ်သက်၍ ထင်မြင်ချက်ကို စိတ်မကောင်းသည့် လေသံဖြင့် ဆိုသည်။

မောင်အင်ခွန်မျိုးလတ်ငယ်စဉ်ဘဝ လမ်းလျှောက်တတ်သည့်အရွယ်ကျော်လွန်လာသော်လည်း အခြားပုံမှန် ကလေးငယ်များကဲ့သို့ လမ်းလျှောက်ခဲ့ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ဝါး၊ တုတ်အကူဖြင့် လမ်းလျှောက်နိုင်ရန် လေ့ကျင့်ပေးခဲ့သော်လည်း အချည်းနှီးပင်ဖြစ်ခဲ့ပါသည်။ သူ၏ ခြေဖဝါးများမှာ ပုံမှန်မဟုတ်ဘဲ နောက်သို့လှန်နေသည့် ပုံစံဖြစ်နေပြီး ခြေထောက်နှင့် လက်တို့ရှိအကြောအားလုံးမှာတောင့်တင်းကာ မသန်စွမ်းသောကြောင့် မတ်တတ်ပင် မရပ်နိုင်ခဲ့ဟု ဆွေမျိုးများက ပြန်ပြောင်းပြောပါသည်။

"ရွှေကူမှာ တာဝန်ကျသွားတဲ့ ဆရာဝန်ကြီးတစ်ဦးကတော့ ဦးနှောက်အမြှေးပါးရောင်ရောဂါရဲ့ နောက်ဆက်တွဲဝေဒနာတစ်ခုလို့ ပြောတယ်" ဟု မောင်အင်ခွန်မျိုးလတ်၏ အဘွားကဆိုပါသည်။

မောင်အင်ခွန်မျိုးလတ်၏ဝေဒနာကို သူ့အသက်တစ်နှစ်ကျော်ခန့်တွင် ဆွေမျိုးများက စတင်သိရှိခဲ့ခြင်း ဖြစ်သည်။ လက်လှမ်းမီရာ ဆရာဝန်၊တိုင်းရင်းဆေးဆရာများဖြင့်ကုသပေးခဲ့ကြသော်လည်းပုံမှန်လူတစ်ဦးကဲ့သို့ဖြစ်မလာတော့ပါ။

"ဒီလိုဖြစ်သွားတော့ ငယ်ငယ်တုန်းကဆို တောင်ယာသွားလည်း ပိုး၊ ဘယ်သွားသွားသူ့ကို ချီပိုးခေါ်သွားရတာ တော်တော်ကြီးတဲ့ အရွယ်ထိပဲ" ဟု သူ၏အဘွားကရင်ဖွင့်ပါသည်။

**စာမျက်နှာ (၂၀)သို့**




## ဝက်သားပြားသံပရာ

ဒီတစ်ပတ်တော့ ဝိုက်ဖီက ဝက် သားလိုင်းသားကို ပုံစံတစ်မျိုးနဲ့ ပြင်ဆင်ချက်ပြုတ်ထားပါတယ်။

ဝက်သားလိုင်းသားသန့်သန့် ၁၀ကျပ်သား၊ သံပုရာသီးတစ်လုံး၊ ကြက်သွန်နီ၊ ပင်စိမ်း၊ ငရုတ်သီးအနည်းငယ်ပဲလိုပါတယ်။

ပထမဆုံးဝက်သားကို အပြား ပါးပါးလေးတွေရအောင် ကန့်လန့်ဖြတ်လှီးပါ။ ဆား၊ ဟင်းခတ်မှုန့်၊ ကြက်သွန်ဖြူနီချင်းထောင်းကို အ ရေညှစ်ပြီး ၁၅မိနစ်လောက်နယ် နှပ်ထားပါ။

ပြီးရက် ဒယ်အိုးပြားထဲကို ထောပတ်အနည်းငယ်ထည့်ပြီး ဝက်သားပြားကို ရဲနေအောင်အပေါ် အောက်လှန်ပြီးကြော်ပေးပါ။ ရဲပြီးအသားပြားလေးတွေကျက်သွားပြီဆိုရင် အိုးဘေးနားနှပ်ထားပါ။ ထောပတ်ဆီအကျန်လေးနဲ့ ချင်းကြက်သွန်ထောင်းထည့်ပါ။ နွမ်းသွားပြီဆိုရင် ကြက်သွန်ကွင်းလေးတွေထည့်ပါ။ ပြီးရင် သံပရာသီးတစ်စိတ်ညှစ်ထည့်လိုက်ပါ။ ငရုတ်သီးအခြောက်တောင့်ရှည်လေးညှပ်ထည့်ပြီး ပင်စိမ်းအုပ်ပြီး ချလိုက်လို့ရပါပြီ။




EXCELLENT
Business Management Solution Co.,LTD
မိမိရဲ့လုပ်ငန်း လည်ပတ်မှုခြုံငုံဆန်းစစ်ပြီး စာရင်းဇယားတိကျမှုကို အလိုရှိသော လုပ်ငန်းရှင်များအတွက်
လုပ်ငန်းသုံးကွန်ပြူတာစနစ်
အရောင်းဆိုင်သုံး ကွန်ပြူတာစနစ်
ဆေးဆိုင်သုံး ကွန်ပြူတာစနစ်
စားသောက်ဆိုင်သုံး ကွန်ပြူတာစနစ်
ဓါတ်ဆီဆိုင်သုံး ကွန်ပြူတာစနစ်
✔ အင်္ဂလိပ်+မြန်မာ နှစ်မျိုးသုံးနိုင်ခြင်း ✔ ကွန်ပြူတာကျွမ်းကျင်စရာမလို
✔ အသုံးပြုနိုင်သည်အထိသင်ကြားပေးခြင်း
✔ မိမိလုပ်ငန်းနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ပေးခြင်း ✔ တိကျသော ဝန်ဆောင်မှုပေးခြင်း
**Sale Center:**
ရန်ကုန်၊အမှတ် (၁၀၉)၊ အနော်ရထားလမ်း၊ ၃၇x၃၈ကြား၊ကျောက်တံတား။ ဖုန်း- ၀၉၂၅၀၀၂၅၇၅၅
မန္တလေး ၊အမှတ် (၆စ-အေ)၊ ၇၃လမ်း၊ ၂၆x၂၇ကြား။ဖုန်း- ၀၉၂၅၀၁၂၀၁၁၈
ပြင်ဦးလွင်၊အမှတ် (၈၂)၊ လားရှိုးလမ်း၊ အာရောဂျံဆေးရုံရှေ့။ဖုန်း- ၀၉၂၅၀၁၁၉၀၅၁
**Service Center:** - ၀၉၇၃၂၁၃၂၉၃၊၀၉၉၁၀၃၇၁၉၀၊၀၉၉၁၀၃၈၉၅၂
**Head Office :**
အမှတ် (၇-ခ) ၊တပ်ဦးကျောင်းလမ်း ၊ ရက်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်၊ ဖုန်း-၀၉၅၁၃၂၂၄၆၁၊၀၉၃၃၃၁၈၇၄၁

စာမျက်နှာ (၅)မှ

# တစ်ချိန်ကရွှေဆုများရှင်

“ကျွန်တော်အမြဲအကောင်းဆုံးလုပ်တယ်။ ဒါပေမဲ့ ကျွန်တော့်အယူအဆက ဘယ်အချိန်ဖြစ်ဖြစ် ရှုံးရှုံးနိုင်နိုင် ဂရုကိုမစိုက်ဘူး။ လက်ဝှေ့သမားက ဖူးရောင်နေသေးတယ်။ ကျွန်တော်တို့က ဒီဘက်က မတက်ရင် ဟိုဘက်က တက်ပြီး တစ်ဖက်တစ်ယောက်ယူခိုင်းပြီးတော့ အခန်းထဲဝင်သွားရုံပဲ”ဟု ရေကူးအားကစားနှင့်ပတ်သက်သည့် သူ၏ဒဿနကို ဦးချစ်စိန်က ပြောသည်။

ရေကူးနှင့်ပတ်သက်ပြီး ဒီလို အတွေးအခေါ်မျိုးရှိတာ သူတစ်ယောက်တည်းတော့မဟုတ်။ အကောင်းဆုံးလုပ်ခဲ့ပြီး ဆီးဂိမ်း (ထိုစဉ်ကျွန်းဆွယ်)သမိုင်းတစ်လျှောက် မြန်မာ့ရေကူးသမိုင်းတွင် ပထမဆုံး ဆုတံဆိပ်ရခဲ့သော်လည်း အရှုံးအနိုင်ကိုဂရုမစိုက်သူများလည်း ရှိခဲ့သည်။

သူရွှေတံဆိပ်ရပြီး ၅၂ နှစ်ကြာမှပြန်လည်ကျင်းပသည့် နေပြည်တော်ဆီးဂိမ်းအတွက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းများ လာရောက်စာရင်းပေးရန် အားကစားဝန်ကြီးဌာန၏ ကြေညာချက်ကြောင့် ဦးချစ်စိန်တစ်ယောက်ပြန်လည်ဆက်သွယ်စာ ရင်းပေးသည်။

ထို့အတွက် ဂုဏ်ပြုပွဲလာတက်ရန်ဖုန်းဖြင့်အကြောင်းကြားတော့ ယခု အသက် (၇၀)ကျော်ရှိနေပြီဖြစ်သည့် ဦးချစ်စိန်တစ်ယောက် ဂုဏ်ယူမဆုံးဖြစ်ခဲ့ရပြီး ရန်ကုန်ကျိုက္ကဆံကွင်းဆီသို့ ချီတက်ခဲ့သည်။

“ဟိုကျတော့ ကျွန်တော့်နာမည်မပါဘူး။ အင်မတန်ဝမ်းနည်းဖို့ကောင်းတာပေါ့။ ရေကူးအဖွဲ့မပါဘူးဆိုတော့ ကျွန်တော် တော်တော်စိတ်ပျက်သွားတယ်။ စိတ်ပျက်လက်ပျက်နဲ့ပြန်လာခဲ့တယ်”ဟု နိုင်ငံ့ဂုဏ်ဆောင်ကစားသမားများအပေါ် အလေးမထားသလို ခံစားရကြောင်း ဦးချစ်စိန်ကပြန်ပြောသည်။

ဒီလိုကြုံရသည်မှာ သူတစ်ယောက်တည်းမဟုတ်။ အခြားကစားသမားဟောင်းအချို့လည်း ပြန်သွားခဲ့ရသည်ဟု သူကပြောသည်။

“ဘယ်ပွဲမှာ ဘယ်သူတွေနိုင်ထားတယ်။ ဘာရတယ်ဆိုတာ သူတို့သိသင့်တာပေါ့”ဟု နိုင်ငံတကာအဆင့်ရွှေတံဆိပ်လေးခုအထိ နိုင်ငံအတွက်ယူပေးခဲ့သည့်ဦးချစ်စိန်ကပြောသည်။

နိုင်ငံအတွက် ရွှေတံဆိပ်များ ရယူပေးခဲ့သည့်သူ့အတွက် ရေကူးအားကစားမှာ စိတ်လှုပ်ရှားမှုအပြည့်ဖြစ်ခဲ့သလို စိတ်ပျက်စရာများလည်းရှိခဲ့သည်။ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့်အတွက် ငွေကြေးဆိုင်ရာချီးမြှင့်မှုများမှာလုံလောက်အောင်မရခဲ့ဟုသူကပြောသည်။

ထိုစဉ်က တစ်ယောက်ချင်းမီတာ ၁၀၀ ပတ်လက်ကူးတွင်ပါ ရွှေတံဆိပ်ရခဲ့သည့်ဦးချစ်စိန်တစ်ယောက်ရေတပ်သားရာထူးမှတပ်ကြပ်ရာထူးသို့ တိုးမြှင့်ပေးခံခဲ့ရခြင်းကသာ မှတ်လောက်သားလောက်သည့် ချီးမြှင့်မှုဟုသူကပြောသည်။

သူသာမက အာရှအဆင့်တွင် ရွှေတံဆိပ်ရခဲ့သည့် သူ၏ ကစားဖော်ဖြစ်သူ နာမည်ကျော် မြန်မာ့ ရေကူးချန်ပီယံ တင်မောင်နီတစ်ယောက်သည်လည်း ထိုနည်းလည်းကောင်းဟုသူကပြောသည်။

“တင်မောင်နီအာရှဂိမ်းမှာရွှေရတုန်းက ကမ္ဘာပတ်ရတယ်။ ရာထူးတိုးပေးလိုက်တယ်။ အဲဒီလောက်ပဲ။ ကျွန်တော်တို့ ၆၁ မှာ ရွှေရတုန်းကလည်း ဘာမှမရဘူး”ဟုသူကပြောသည်။

ထိုစဉ်က မြန်မာ့ရေကူးသည် အရှေ့တောင်အာရှသာမက အာရှတွင်ပင် လူသူလေးစားသည့် အဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။

သို့သော်လည်း နောက်ပိုင်း၌ အခြေအနေအမျိုးမျိုးကြောင့် အောင်မြင်မှုများနှင့်ဝေးသွားခဲ့ရသည်။ နည်းပြအလုပ်ဖြင့်လည်း အသက်မွေးခဲ့ဖူးသည်။ သူက တစ်ချိန်က လျှမ်းလျှမ်းတောက်ခဲ့သည့် မြန်မာ့ရေကူးမှာ အနာဂတ်တွင်အလားအလာမကောင်းဟု သုံးသပ်ခဲ့သည်။

“နောက်လည်း ကျွန်တော်ထင်တယ်။ အလားအလာ မကောင်းဘူး။ သုံးနှစ်လောက် လုပ်မှ အရှေ့တောင်အာရှမှာ နည်းနည်းရမှာ။ အာရှအဆင့်ဆိုရင် သိပ်မလွယ်ဘူး။ တော်တော် လုပ်ရမှာ”ဟုဆိုသည်။

ယခု မြန်မာ့လက်ရွေးစင်ဝါတာပိုလိုအသင်း ဂိုးပြတ်ရှုံးနိမ့်သည်မှာလည်း ရေကူးအားကစားအောင်မြင်မှုကျဆင်းလာသည်နှင့် ပတ်သက်မှုရှိကြောင်း သူ့အမြင်ကို ပြောသည်။

“ဝါတာပိုလို ဆိုတာမျိုးကလည်း ရေကူးသမားအသက်ကြီးရင်ဝါတာပိုလိုကစားရတယ်။ အခုက ဝါတာပိုလိုလည်း အခြေအနေမကောင်းဘူး”ဟုသူကပြောသည်။

မြန်မာ့ရေကူး အားကစားအဆင့်အတန်းကျဆင်းရခြင်းမှာ ၁၉၆၄ ဝန်းကျင်မှစတင်ခဲ့ခြင်းဖြစ်ကြောင်းသူကပြောသည်။ အားကစားသမားများနှင့် နည်းပြများအား လုံလောက်စွာထောက်ပံ့မှုမပေးခြင်း၊ ရေကူးကန်များသည် အားကစားလုပ်ဖို့ထက် ဇိမ်ခံသည့် တန်ဖိုးကြီးပစ္စည်းတစ်ခုအနေဖြင့် ရှိနေခြင်းက ရေကူးအားကစားအဆင့်အတန်းကျဆင်းလာခြင်း၏ အကြောင်းရင်းဟု သူကသုံးသပ်သည်။

ထို့အပြင်အားကစားအသင်းအဖွဲ့များကို အားကစားမကျွမ်းကျင်သည့် စီးပွားရေးသမားများက ဉက္ကဋ္ဌ၊ အတွင်းရေးမှူးနေရာများယူခြင်းကလည်း မြန်မာ့အားကစားအဆင့်အတန်းကို ကျဆင်းစေခဲ့ကြောင်း သူက ပွင့်ပွင့်လင်းလင်းထောက်ပြခဲ့သည်။

မြန်မာ့ရေကူးအားကစားအတွက် သမိုင်းသစ်ရေးထိုးနိုင်ခဲ့သည့် အသက် (၇၀)ကျော်အရွယ်ရှိနေပြီဖြစ်သောဦးချစ်စိန်တစ်ယောက် အခြားသောနိုင်ငံ့ ဂုဏ်ဆောင်အားကစားသမားဟောင်းများနှင့်အတူရန်ကုန်တွင် ဆီးဂိမ်းမီးရှူးတိုင် သယ်ဆောင်ခွင့်ရခဲ့သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်က အားကစားသမားများ တာဝန်ကျေခဲ့သော်လည်းသူတို့အားထောက်ပံ့ပေးရန် တာဝန်ရှိသူများက တာဝန်မကျေခဲ့ကြ။

အားကစားသမားများအောင်မြင်မှုရရန်ကျပ်သိန်းရာချီထောက်ပံ့ပေးရန်အဆင်သင့်ရှိနေခဲ့သည့် ယနေ့အချိန်တွင်တော့ မြန်မာ့ရေကူးအားကစားက ကြေးတံဆိပ်နားပင်ကပ်ခွင့်ရရန် မလွယ်တော့။

“ငါအခုနေအသက်ပြန်ငယ်ချင်တဲ့စိတ်ရှိတာပေါ့။ သူတို့လိုကိုယ်လည်းကြိုးစားချင်တာပေါ့။ ပိုက်ဆံလိုချင်လို့မဟုတ်ပါဘူး။ တိုင်းပြည်က ဒီလောက်အခွင့်အရေးပေးနေတာ။ ကျွန်တော်တို့တုန်းကလည်း မကြုံခဲ့ဘူး။ ဘောလုံးသမားတွေလည်း မကြုံခဲ့ဘူး”ဟု နိုင်ငံ့ဂုဏ်ဆောင်ရေတပ်သားဟောင်းကြီးက အတိတ်နှင့်လက်ရှိအခြေအနေကို နှိုင်းယှဉ်ပြီးပြောကြားသည်။



7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013



အင်းစိန်အကျဉ်းထောင်ဘူးဝကိုမြင်တွေ့ရစဉ်

ဓာတ်ပုံ-ဇေယျမောင်မောင်(အမရပူရ)

# အကျဉ်းထောင်များအတွင်းမှ ဘောက်ချာများ

**အေးသူစံ၊ အောင်သစ်လွင်**

"မင်းဘယ်လောက်ပညာတတ်လဲ၊ ဘယ်လောက်ချမ်းသာလဲ ထောင်ဘူးဝမှာထားခဲ့"

"ပြစ်မှုကြွေးကို ချွေးနှင့် ပေးဆပ်ရမည်"

ထိုဆောင်ပုဒ်များနှင့် မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းသားနှစ်မျိုးနှစ်စားသာ ရှိပါသည်။ အာဏာပိုင်နှင့် နီးစပ်သူ၊ ငွေကြေးတတ်နိုင်သည့် အကျဉ်းသားနှင့် ကျောထောက်နောက်ခံမဲ့ ငွေမတတ်နိုင် သည့် ထောင်ကျအကျဉ်းသား။ ထိုနှစ်မျိုးပင်။

အာဏာပိုင်နှင့် နီးစပ်သူများ၊ ငွေကြေးတတ်နိုင်သူများ အတွက်မူ ထောင်သည် အပြင်လောကနှင့် ဝင်းထရံတစ်ခုသာ ခြားသည့် သဘောဆောင်ပြီး ကြောက်စရာ လောကငရဲမဟုတ်ပါ။

ထောင်ကျတစ်ဦးဘုရားခန်းမှာအိပ်မလား။ ထမင်း၊ ဟင်း ပူပူနွေးနွေးချက်စားချင်လား။ အဆင်သင့်ပင်။ မိလ္လာ သွားချင်လား။ ခွက်လေးထိုးပေး။ ဆေးတဲ့သူက သွားဆေး။ သူ့စျေးနှင့် သူရှိကြသည်။ နှစ်ထောင်ကျော်ပေးရမည့် ဂရန်းရှိုင်ရယ်အရက်ပုလင်းတစ်ပြားကို တစ်သောင်းခွဲပေးလျှင်ရနိုင်သည်။ ငွေခုနစ်သိန်းပေးနိုင်လျှင် တစ်သောင်းတန်ငွေဖြည့်ကတ်ထည့်ထားသည့် ဂျီအက်စ်အမ်ဖုန်းတစ်လုံးရနိုင်သည်။ အကပ်ကောင်းဖို့နှင့် ငွေရှိဖို့သာလိုပါသည်။

ပိုက်ဆံတတ်နိုင်သော်လည်း ယင်းအခွင့်အရေးများကို လွယ်လွယ်နှင့် မရသည့် အကျဉ်းသားနောက်တစ်မျိုးရှိသေးသည်။ နိုင်ငံရေးအကျဉ်းသားဘယ်တုန်းကမှ မရှိခဲ့ဟု စစ်အစိုးရလက်ထက်က ကြွေးကြော်ခဲ့သည့် နိုင်ကျဉ်းများပင်ဖြစ်ပါသည်။

ပိုက်ဆံရှိသူတစ်ဦးထောင်ကျလာပါကထောင်ထဲတွင်၎င်းကို ဘောက်ချာဟုခေါ်သည်။ ထောင်အာဏာပိုင်တွေက ပြန်ခန့်ထားသည့် ရာဇဝတ်အကျဉ်းသားတန်းစီးများက ပိုက်ဆံပေးလျှင်ရသည့် အခွင့်အရေးများ ပေးလျက် ထောင်မှူးအတွက်၎င်းထံမှဖန်တီးပေးသည်။ ထောင်မှူးက ထောင်ပိုင်အတွက် ပြန်ခွဲပေးသည်။

ယခင် ထောက်လှမ်းရေး အကြီးအကဲဟောင်း ဦးခင်ညွန့် ကိုးကွယ်သည့် တိကြားမင်းခေါင် ဆိုလျှင် အင်းစိန်ထောင်တွင်း အကျဉ်းကျနေစဉ် စင်ကာပူနိုင်ငံမှ ဒိုးနတ်မုန့်ကို နေ့ချင်းပြီးမှာစားခဲ့ပြီး သူ့ကိုပင် မျှဝေကျွေးခဲ့ကြောင်း စစ်အစိုးရလက်ထက်က နိုင်ငံရေးပုဒ်မဖြင့် အကြိမ်ကြိမ်ထောင်ကျခဲ့သည့် ဇာဂနာကပြောသည်။

"မနက်လေယာဉ်နဲ့ပါလာတဲ့ ဒိုးနတ်မုန့် ချက်ချင်း သူစားရတယ်။ ကျွန်တော့်တောင် ကျွေးလိုက်သေးတယ်"ဟု ၎င်းကပြောသည်။

ယခင် နဝတအစိုးရလက်ထက်တွင် ထောင်တွင်းလူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ ထောင်ဝင်စာတွေ့လျှင်ပင် အကျဉ်းသားထံမှ ဖြတ်တောက်သိမ်းဆည်းပစ်ခြင်း၊ နေမကောင်းလျှင် ထိရောက်သည့်ကုသစောင့်ရှောက်မှုနှင့်ဆေးဝါးလုံလောက်မှု မရှိခြင်းတို့ ရှိခဲ့သော်လည်း ငွေကြေးတတ်နိုင်သူတို့ကတော့ ထောင်ဆေးရုံ၌ ခုတင်အပိုင်စား ဝယ်နိုင်ပါသည်။

အချို့အကျဉ်းသားများဆိုလျှင် အလုပ်ကြမ်းစခန်းမလိုက်လို၍ ထောင်ဆရာဝန်ထံ လာဘ်ပေးကာHIVပိုးရှိကြောင်းထောက်ခံစာကို တောင်းယူတတ်ကြသည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်း ဝင်းနိုင်ဦးရေးသားသည့်"ရာဇဝင်ရှင်းတမ်း"ကိုယ်တွေ့စာအုပ်တွင် မှတ်သားရသည်။ HIV ပိုးရှိလျှင် အလုပ်ကြမ်းစခန်းမလိုက်ရပေ။

"ငွေကြေး ချမ်းသာတဲ့သူတွေ၊ အာဏာပိုင်နဲ့ အဆင်ပြေတဲ့သူတွေအနေနဲ့ အကျဉ်းထောင်ထဲမှာ လုပ်နိုင်တာတွေ အများကြီးရှိခဲ့တာကတော့ အသေအချာပါ။ အဲဒီအနေအထားတွေကို ပြုပြင်နိုင်ဖို့ နိုင်ငံတကာစံနှုန်းတွေနဲ့ ကိုက်ညီတဲ့အကျဉ်းထောင်ဥပဒေ၊ အဲဒီ ဥပဒေနဲ့ အညီစီမံအုပ်ချုပ်မှု အဲဒါတွေဟာ အရေးကြီးပါတယ်"ဟု ဒေါက်တာရန်မျိုးသိမ်းကပြောသည်။

ထောင်ဝန်ထမ်းများ၏လစာ၊ ခံစားခွင့်များကို လိုအပ်သလို ပြုပြင်ပေးပြီး အကျဉ်းထောင်များကို သီးခြားလွတ်လပ်သည့် စောင့်ကြည့်အဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးခွင့်ပေးလိုက်ပါက အခွင့်ထူးခံလူတန်းစားပြဿနာပြေလည်သွားမည်ဟု ၎င်းက အကြံပြုသည်။

ပြစ်မှုကြွေးကိုချွေးဖြင့်မဆပ်ရသူတို့အတွက် ထောင်သည် ကြောက်စရာမကောင်းသည့်အပြင် နောက်ထပ်ပြစ်မှုများကို အလွယ်တကူကျူးလွန်ရန် အားပေးရာရောက်ကြောင်း တရားလွှတ်တော်ရှေ့နေတစ်ဦးကပြောသည်။

"အခုက ထောင်ကထွက်လာရင် ကောင်းဖို့ကို ထားလိုက်၊ ထောင်ကိုမကြောက်တဲ့အဆင့်ကိုရောက်သွားတာ။ ထောင်ကို မကြောက်တော့ဘူးဆိုတာက ပြစ်မှုကျူးလွန်ဖို့ကို မကြောက်တော့ဘူးဆိုတဲ့ အဆင့်ဖြစ်သွားတာပါ။ အမှန်က ထောင်ထဲတစ်ခါရောက်သွားဖူးလို့ရှိရင် နောက်တစ်ခါ ထောင်ထဲပြန်မလာနိုင်အောင် ဒီလူရဲ့ စိတ်ဓာတ်စာရိတ္တအားလုံးကို ပြုပြင်ပေးတာမျိုးပဲ ဖြစ်သင့်တယ်"ဟု ၎င်းကပြောသည်။

အင်္ဂလိပ်လက်ထက်က ရေးသားခဲ့သော အကျဉ်းထောင်လက်စွဲဥပဒေသည် ယနေ့အထိ ခေတ်မမီနေဆဲဖြစ်ပြီး ယင်းဥပဒေအတိုင်း အကျဉ်းသားအခွင့်အရေးကို ထောင်အာဏာပိုင်တို့က အပြည့်အဝပေးသင့်ကြောင်း၊ ဥပဒေကို မျက်ကွယ်ပြု၍ ဥပဒေကပေးထားသည့် အခွင့်အာဏာကို လက်တစ်လုံးခြားလိုရာယူသုံးစွဲနေကြသည့်အတွက် တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်ရာရောက်ကြောင်း အဆိုပါ တရားလွှတ်တော်ရှေ့နေက ဆက်လက်ပြောဆိုသည်။

လူကုန်ကူးမှုဖြင့် ၄၄ နှစ်ကျခံနေရသော နိုင်ငံခြားသားအကျဉ်းသားတစ်ဦးဆိုလျှင် အင်းစိန်ထောင်တွင်း မနက်စာကို သူ့စိတ်ကြိုက်အပြင်က တပည့်တပန်းများက ပြင်ဆင်ဝယ်ကျွေးရကြောင်း ယင်းအမှုကိုလိုက်ပါဆောင်ရွက်ခဲ့သည့် တရားလွှတ်တော်ရှေ့နေတစ်ဦးကပြောကြားသည်။

တရားဥပဒေစိုးမိုးရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေးအတွက် သမ္မတဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့နှင့် လွှတ်တော်များက အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ယနေ့ကာလတွင်ပင် မကြာသေးမီက ဖြစ်ပွားခဲ့သော ကော့သောင်းထောင်ပြဿနာက မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

ကော့သောင်းထောင်ဆူပူမှုဟု အစိုးရကထုတ်ပြန်ခဲ့သည့် ဖြစ်ရပ်တွင် ထောင်ပိုင်က အကျဉ်းသားအချင်းချင်းခွဲခြားဆက်ဆံသည်ကိုမကျေနပ်၍ အကျဉ်းသားရာချီဆန္ဒပြခဲ့ပြီး ထောင်အာဏာပိုင်တို့က သေနတ်နှင့် ပစ်ခတ် ဖြေရှင်းခဲ့ရသည်။ ထောင်ဆူပူမှု၏ အဓိကပြဿနာမှာ မူးယစ်ဆေးဝါးမှုနှင့် ထောင်ကျနေသော အကျဉ်းသားအချို့ ဟန်းဖုန်းကိုင်ဆောင်ခွင့်ရသည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲနေသည်ကိုပါ မြင်တွေ့ရခြင်းကြောင်း အကျဉ်းသားများ ဆန္ဒပြရခြင်းဖြစ်ကြောင်း အကျဉ်းသားမိသားစုဝင်တစ်ဦးကပြောသည်။

"ဟိုတုန်းကပွင့်လင်းမြင်သာမှုမရှိတဲ့အချိန်မှာ အပေါ်က ညွှန်ကြားတာတစ်မျိုး။ အောက်ခြေက လုပ်တာတစ်မျိုးရှိကောင်းရှိနိုင်တယ်။ လူကြီးတွေကြည့်ကောင်းသလောက်လုပ်ပြီး ထောင်ပိုင်အချို့လာဘ်ပေးလာဘ်ယူမှုရှိခဲ့တယ်ဆိုတာဖြစ်နိုင်ပါတယ်။ ဒီအချိန်မှာတော့ ဘယ်သူမှ အမှားခံကြတော့မှာမဟုတ်ပါဘူး။ ကော့သောင်းဖြစ်စဉ်မှာလည်း လိုအပ်တဲ့အရေးယူအပြစ်ပေးမှု အမြန်ဆုံးလုပ်ခဲ့ပါတယ်"ဟု နေပြည်တော်အကျဉ်းဦးစီးရုံးချုပ်မှ အရာရှိတစ်ဦးက ထောင်တွင်း အကျင့်ပျက်ခြစားမှုများနှင့် ပတ်သက်၍ တုံ့ပြန်ပြောကြားသည်။

သို့သော်ယနေ့အထိ သက်သာချောင်ချိရေးအကြောင်းပြချက်ဖြင့် ဖွင့်ထားသော အကျဉ်းထောင်ဝင်းပြင်ပသက်သာချောင်ချိရေးဆိုင်များသည် ငွေကြေးတတ်နိုင်သူတို့ မိသားစုဖြင့် ချိန်းဆိုတွေ့ဆုံရာ၊ ထောင်တွင်း၊ ထောင်ပြင်အပေးအယူလုပ်ရာ နေရာတစ်ခုအဖြစ် ဆက်ရှိနေဆဲပင်။

နိုင်ငံတကာအကျဉ်းထောင်များတွင်လည်း သတ်မှတ်ထားသောကာလအတွင်း ကောင်းမွန်စွာနေထိုင်ပါက အိမ်ကမိန်းမနှင့် ထောင်တွင်းသုံးလတစ်ကြိမ် ပေးနေသည့်စနစ်ရှိသည်။ သို့သော် မြန်မာနိုင်ငံက အချို့ရဲဘက်စခန်းများတွင်မူ အုပ်ချုပ်ရေးနှင့် ပေါင်း၍လွတ်လပ်စွာနေထိုင်ခွင့်ရထားခြင်းကြောင့် မည်သည့်အရံအတားအဆီးများကိုမှ ခက်ခဲစွာမဖြတ်သန်းရဘဲ စက်ဘီးတစ်စီးနောက်တွင် လမ်းကြုံစီး၍ရဲဘက်စခန်းမှ လွတ်မြောက်ခဲ့ကြောင်း စာရေးဆရာမင်းဒင်က သက်ခိုင်ဝတ္ထုတွင် ရေးသားထားသည်။

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC)ကဲ့သို့ အဖွဲ့အစည်းများထောင်တွင်းဝင်ရောက်လေ့လာခဲ့သည့်အတွက် ထောင်ဝန်ထမ်းအာဏာပိုင်တို့ဘက်ကလည်း အကျဉ်းသားများကို အရင်လို ညှဉ်းပန်းနှိပ်စက်မှုမျိုး၊ မဝရေစာကျွေးမှုမျိုး၊ ခွဲခြားဆက်ဆံမှုမျိုးတို့ကို အစိုးရသစ်လက်ထက်တွင် သိသာစွာ လျှော့ပေါ့လိုက်သည်။

သို့သော် သူ့စျေးနှင့် သူထောင်တွင်း ဘောက်ချာဖြတ်သည့်စနစ်ကတော့ သက်ဆိုးရှည်နေပါသေးသည်။

Health
7 DAY NEWS
Vol.12, No.41 • DECEMBER 18 , 2013

# အရေးပေါ်လူနာတင်ယာဉ် ဝန်ဆောင်မှုအတွက် အရေးပေါ်နံပါတ် ၁၉၂ သို့ခေါ်ဆိုနိုင်

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစတင်ပြီး အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုအတွက် အရေးပေါ်ဖုန်းနံပါတ် ‘၁၉၂’သို့ဆက်သွယ်ခေါ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

သို့သော် အားကစားပွဲများကျင်းပနေသည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင် အမြန်လမ်းမကြီးတို့တွင် အရေးပေါ်လူနာတင်ယာဉ်လိုအပ်ပါက အဆိုပါဖုန်းနံပါတ်သို့ ဆက်သွယ်ခေါ်ယူနိုင်ပြီး ရန်ကုန်မြို့အပါအဝင် ကျန်ပြည်နယ်နှင့်တိုင်းများအတွက် အသုံးပြုနိုင်ဦးမည်မဟုတ်ကြောင်း သိရသည်။

အရှေ့တောင်အာရှအားကစားပွဲများကျင်းပရာနေရာများနှင့် အမြန်လမ်းမကြီးတွင် ကျန်းမာရေးဝန်ထမ်းပေါင်း ၂၅၀၀ ခန့်နှင့် အရေးပေါ်လူနာတင်ယာဉ် ၈၉ စီးတို့ကိုထားရှိအသုံးပြုသွားမည်ဖြစ်ပြီး နေပြည်တော်ဧရိယာအတွင်းတွင် ကျန်းမာရေးဝန်ထမ်း ၁၈၀၀ ခန့်နှင့်လူနာတင်ယာဉ် ၇၈ စီး အသုံးပြုမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာအထူးကုပါမောက္ခဒေါက်တာဇော်ဝေစိုးကပြောသည်။

လူနာတင်ယာဉ်ရောက်ရှိပြီးဆေးရုံမရောက်မီ ပြုစုကုသပေးနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုစနစ်ကိုယခုမှစတင်ဖွဲ့စည်းခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ဖွဲ့စည်းမည်ဖြစ်သည်။

ထိုကဲ့သို့ အရေးပေါ်လူနာတင်ယာဉ်နှင့်ရှေးဦးအသက်ကယ်တင်ခြင်းလုပ်ငန်းများပါဝင်သည့် ဝန်ဆောင်မှုကို မြန်မာနိုင်ငံဆရာဝန်အသင်းကလည်းဆောင်ရွက်နေပြီး Hotline ဖုန်းနံပါတ် ‘၁၈၃၀’ သို့ခေါ်ယူနိုင်သည်။




*အရေးပေါ်လူနာတင်ယာဉ်တစ်စီး*
ဓာတ်ပုံ - ကျော်ဇင်သန်း

မြန်မာနိုင်ငံဆရာဝန်အသင်းမှ အရေးပေါ်အသက်ကယ်နိုင်မည့် စက်ပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများပါရှိသည့်လူနာတင်ယာဉ်ငါးစီးဖြင့် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်များတွင်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

# ဆေးယဉ်ငှက်ဖျားရောဂါပေါ်လာ၍ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ဆေးယဉ်ငှက်ဖျားရောဂါပြဿနာပေါ်ပေါက်လာသည့်အတွက် ငှက်ဖျားရောဂါ တိုက်ဖျက်ခြင်းလုပ်ငန်းများကို ပိုမိုအားထုတ်ကြိုးပမ်းကြရန် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က တိုက်တွန်းလိုက်သည်။

ဆေးယဉ်ငှက်ဖျားရောဂါသည် အာရှမှ အာဖရိကနိုင်ငံများသို့ ရွှေ့လျားသွားပါက ယခုဖြစ်ပွားနှုန်းမြင့်မားနေသည့် နေရာများတွင် ပိုမိုကြီးမားသည့် သေဆုံးနှုန်းများ ဖြစ်လာနိုင်သည့်အတွက် ယခုဆေးယဉ်ငှက်ဖျားရောဂါဖြစ်ပွားနေသည့် နေရာများတွင် လုပ်ငန်းများ ပိုမိုဆောင်ရွက်ရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပနေသည့် အပူပိုင်းဒေသများ ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး၌ ပြောကြားခဲ့သည်။

ထို့အပြင် ထိုင်းနယ်စပ်တစ်လျှောက်တွင် ကူးစက်ဖြစ်ပွားနေသည့်ဆေးယဉ်ငှက်ဖျားရောဂါကို လာမည့်သုံးနှစ်အတွင်း ကူးစက်ဖြစ်ပွားမှုမရှိစေရန် မှန်ကန်သည့် နည်းပညာများ၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း Bureau of Vector-Borne Disease ၏ ဆေးပညာအရာရှိက ပြောသည်။

သိပ္ပံပညာရှင်များ၊ မူဝါဒချမှတ်နိုင်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆေးပညာရှင်များ တက်ရောက်ခဲ့သည့် ထိုအစည်းအဝေးတွင် ဆေးယဉ်ငှက်ဖျားရောဂါ တိုက်ထုတ်ရေး လုပ်ငန်းဆွေးနွေးမှုလည်း ပါဝင်ပြီး ထိုဆွေးနွေးမှုတွင် လက်ရှိဆေးယဉ်ငှက်ဖျားရောဂါ ပျံ့နှံ့မှုများနေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ ငှက်ဖျားတိုက်ဖျက်မှုလုပ်ငန်းများ တိုးတက်မှု အခြေအနေနှင့် မဲခေါင်ဒေသတွင်း နိုင်ငံများ၊ ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များပါ ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အာရှတွင် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံသည် ငှက်ဖျားရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ပြီး မြန်မာမှာ တတိယအများဆုံးဖြစ်ကာ လက်ရှိတွင် အာရှရှိ နိုင်ငံအချို့တွင်လည်း ဆေးယဉ်ငှက်ဖျားရောဂါကူးစက်ဖြစ်ပွားနေသည်။

မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် ငှက်ဖျားဖြစ်ပွားနိုင်သည့် နေရာများတွင် နေထိုင်နေကြပြီး ပြီးခဲ့သည့်နှစ်က ငှက်ဖျားရောဂါဖြင့် လူဦးရေလေးသိန်းခန့် ဆေးဝါးကုသခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများရှိအဝင်အထွက်နေရာများတွင်သာမက ရွှေ့ပြောင်းလုပ်သားများရှိရာ ဒေသများနှင့် ဝေးလံခေါင်သီသည့် နေရာများတွင်ပါငှက်ဖျားအမြန်စစ်ကိရိယာများ တပ်ဆင်ပြီး စစ်ဆေးခြင်းများနှင့် ရောဂါဖြစ်ပွားပါက ချက်ချင်းကုသခြင်းများ၊ ငှက်ဖျားရောဂါရှိနေသူများ ဆေးဝါးရယူလိုပါက ထိုင်း-မြန်မာရှိမည်သည့်ဆေးပေးခန်းများတွင် မဆို ဆေးဝါးရယူနိုင်ရန် အပါအဝင် အာတီမီစီနင်းဆေးဝါးယဉ်ပါးမှုကို ထိန်းချုပ်နိုင်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။



7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# အားဖြည့်အချိုရည်များသည် မူးယစ်သောက်စားခြင်းကို အားပေးကြောင်းလေ့လာတွေ့ရှိ



**နယူးယောက်၊ ဒီဇင်ဘာ ၁၄**

အားဖြည့်အချိုရည်များကို သောက်သောတက္ကသိုလ်ကျောင်းသားများသည် အရက်များများ သောက်လာနိုင်ကြောင်းနှင့် တစ်နေ့တည်း အားဖြည့်အချိုရည်နှင့် အရက်ကိုသောက်သုံးသူများတွင် အရက်ကြောင့်ဖြစ်သည့်မကောင်းသောအကျိုးဆက်များဖြစ်လာနိုင်ကြောင်း လေ့လာမှုအသစ်တစ်ရပ်ကဖော်ပြသည်။

ယနေ့ခေတ် ကျောင်းသားများအကြားတွင် ကဖိန်းဓာတ်ပါသောအားဖြည့်အချိုရည်များနှင့် အရက်တို့ကိုရောနှောသောက်သုံးခြင်းသည် ရေပန်းစားလျက်ရှိသည်။ အားဖြည့်အချိုရည်သောက်သူထက်ဝက်ခန့်က ပါတီပွဲတွင် အရက်နှင့်အားဖြည့်အချိုရည်များကို ရောနှောသောက်လေ့ရှိသည်ဟု ဝန်ခံခဲ့သည်။

အရက်နှင့်အားဖြည့်အချိုကို ရောနှောသောက်ခြင်းသည် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သောကြောင့်အစားအသောက်နှင့်ဆေးဝါးစီမံကွပ်ကဲရေးဌာန (FDA)က အယ်လ်ကိုဟောပါသောအားဖြည့်အချိုရည်များ ရောင်းချခြင်းကို တားမြစ်ခဲ့သည်။

အမေရိကန် သုတေသနပညာရှင်များသည် အရက်နှင့် အားဖြည့်အချိုရည်သောက်သုံးမှုနှင့်ပတ်သက်၍ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၇၄၄ ဦးကို ၂နှစ်ကြာလေ့လာခဲ့ကြသည်။ ထိုသို့လေ့လာရာမှ ကျောင်းသားများသည် ကျောင်းသူများထက် အဖျော်ယမကာများကို ပိုမိုသောက်သုံးကြောင်းတွေ့ရှိခဲ့သည်။ ထို့အပြင် တက္ကသိုလ်ကျောင်းသားများသည် အရက်တစ်မျိုးတည်းသောက်သည့်နေ့ထက် အရက်နှင့်အားဖြည့်အချိုရည်နှစ်မျိုးစလုံးသောက်သည့်နေ့များတွင် အဖျော်ယမကာများကို ပိုသောက်မိကြောင်း၊ ပို၍မူးယစ်ကြကြောင်းနှင့် အရက်ကြောင့်ဖြစ်သည့်မကောင်းသောအကျိုးဆက်များပိုများလာကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။

ထို့ကြောင့် အားဖြည့်အချိုရည်ပိုသောက်သူများသည် ပိုကြီးသောအန္တရာယ်ကိုလက်ယပ်ခေါ်နေသူများဟု သုတေသနပြုချက်က မီးမောင်းထိုးပြသည်။

မိဘများအနေဖြင့် ၎င်းတို့၏ ဆယ်ကျော်သက်သားသမီးများအား ကဖိန်းဓာတ်ပါဝင်သောအားဖြည့်အချိုရည်များနှင့် အရက်များရောသောက်ခြင်းအန္တရာယ်များနှင့်ပတ်သက်၍ သတိပေးသင့်သည်ဟု သုတေသနပညာရှင်များကအကြံပြုခဲ့သည်။

—*Ref: Reuters*




## အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် အိတ်ချ်အိုင်ဗီ ကူးစက်ခံထားရသူများအား ပြန်လည်ကုသပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်**- အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် ခုခံအားကျဆင်းမှုရောဂါကူးစက်ခံထားရသူများအား ဆေးကုသမှုများပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုဆေးရုံကြီးတွင် ခုခံအားကျဆင်းမှု ရောဂါကုသမှုများ ပြန်လည် ဆောင်ရွက်ရန် အစပျိုးဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၁၄ နှစ်ဆန်းပိုင်းခန့်တွင် ဆေးကုသမှုများ ပုံမှန်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခင်က အိတ်ချ်အိုင်ဗီရောဂါပိုးကူးစက်ခံထားရသည့် လူနာများအား ထိုဆေးရုံကြီးတွင် ဆေးဝါးကုသမှုများ ဆောင်ရွက်ခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ၊ ဆားစ်ရောဂါတို့ သီးသန့်ကုသနိုင်ရန် အိတ်ချ်အိုင်ဗီလူနာများကို မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပြောင်းရွှေ့ ဆေးကုသပေးခဲ့ပြီး ယခုအခါတွင် ခုခံအားကျဆင်းမှု ရောဂါဆိုင်ရာကုသမှုများ ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း အမျိုးသား ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများ ဝယ်ယူနိုင်ရန် ဆေးရုံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူထားသည်။

“ဆရာဝန်နဲ့စက်ပစ္စည်းတွေ ဖြည့်ရဦးမယ်။ တကယ်လို့ လူနာတွေထားမယ်ဆိုရင် အဆင်သင့်ဖြစ်အောင် ဆေးတွေ စဝယ်နေတာပါ” ဟု အထူးကုဆေးရုံကြီး (ဝေဘာဂီ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရောဂါပိုးကူးစက်ခံထားရသူများတွင် ဖြစ်ပွားလေ့ရှိသည့် အခွင့်အရေးယူဝင်ရောက်လာသည့်ရောဂါများ ကုသရန်အတွက် လိုအပ်သည့် ဆေးဝါးများ ဝယ်ယူခြင်းဖြစ်ပြီး ပိုးထိန်းဆေး (ARV) ကို ကျန်းမာရေးဝန်ကြီးဌာနမှ ရရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ သန်လျင်၊ သာကေတ၊ အနောက်ပိုင်းနှင့်အင်းစိန်ဆေးရုံကြီးတို့တွင် ARV ကုထုံးများ ရယူနိုင်ပြီး ယခုအထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင်လည်း အိတ်ချ်အိုင်ဗီ ရောဂါပိုး ကူးစက်ခံထားရသူများဆေးဝါးကုသမှုများရယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

Regional
7Day News Journal
Vol.12, No.41 • DECEMBER 18 , 2013

# အပူပိုင်းဒေသနှင့် ကိုက်ညီသော နေကြာစပ်မျိုးစိုက်နည်းပညာ ပြသ

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၁၄**

ဘုတလင်မြို့နယ်၊ ညောင်ကန်ကျေးရွာတွင် အပူပိုင်းဒေသရာသီဥတုနှင့် ကိုက်ညီသော နေကြာမျိုးစေ့စိုက်ကွက်များ ဒီဇင်ဘာ ၁၄ ရက်တွင် တောင်သူများကို ပြသခဲ့ကြောင်း သတင်းရရှိသည်။

"စိုက်ကွင်းပြကွက် အနေနဲ့ သုံးခုပေါ့။ ပြကွက်(၁)က နေကြာစပ်မျိုး မျိုးစေ့စိုက်ကွက်၊ ဒုတိယပြကွက်က နေကြာဆင်းရွှေကြာ(၃)မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်စိုက်ကွက်၊ တတိယ ပြကွက်ကတော့ ကုလားပဲ-နေကြာ သီးညှပ်စိုက်ကွက်တို့ပြသတာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့က မျိုးကောင်း မျိုးသန့်တွေ စိုက်ပျိုးနိုင်ရေးနဲ့ ဒေသကိုက်ညီ၊ အထွက်နှုန်းကောင်းပြီး ဆီထွက်ကောင်းတဲ့မျိုးတွေ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ဖို့ ဒီပြကွက်တွေနဲ့ တောင်သူက စိုက်ပျိုးနည်းပညာပြသတာဖြစ်ပါတယ်"ဟုစစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရာသီဥတုကလည်း တစ်နှစ်ထက် တစ်နှစ်ကို ဆိုးရွားလာတယ်။ အပူပိုင်း ဒေသဖြစ်တဲ့အတွက် မိုးရိုးဖလာမျိုးတွေနဲ့ စိုက်ပျိုးတဲ့အခါ အထွက်နှုန်းလျော့ကျပြီး အရှုံးနဲ့ ရင်ဆိုင်ရတယ်။ ရာသီဥတုနဲ့ ကိုက်ညီတဲ့ မျိုးစေ့တွေကို သက်ဆိုင်ရာက ထုတ်ပေးမယ်ဆိုရင် တောင်သူတွေအတွက် ပိုပြီးအဆင်ပြေပါတယ်"ဟု ဘုတလင်မြို့နယ်၊ ညောင်ကန် ကျေးရွာမှ နေကြာစိုက်တောင်သူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း နေကြာမျိုးစေ့ ထုတ်လုပ်ခြင်းကို ၂၀၁၃ ခုနှစ်အတွင်း မိုးနှင့် ဆောင်းရာသီနှစ်မျိုးတွင် စပ်မျိုးစေ့ထုတ် စိုက်ဧက ၅၂ ဧကနှင့် အထွက်ကောင်းမျိုးစေ့ထုတ်လုပ်ခြင်း ၄၅ ဧကတို့ကို စိုက်ပျိုးလျက်ရှိသည်။

လက်ရှိမိုးနေကြာ ဧကခုနစ်သောင်းခန့်၊ ဆောင်းနေကြာ ဧကသုံးသိန်းခြောက်သောင်းခန့် စုစုပေါင်း လေးသိန်းသုံးသောင်းခန့် စိုက်ပျိုးလျက်ရှိသည်။

အထွက်ကောင်းမျိုးများဖြစ်သော စပ်မျိုးနေကြာနှင့် ဆင်းရွှေကြာမျိုးများ စိုက်ဧက၏ ၂၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရှိရသည်။

စပ်မျိုးနေကြာသည် တစ်တင်းလျှင် ဆီထွက်နှုန်း ၄ ဒသမ ၅ ပိဿာထွက်ရှိပြီး တစ်ဧကအထွက်နှုန်း တင်း ၆၀ မှ တင်း ၈၀ အထိ ထွက်ရှိခြင်း၊ သက်တမ်း ရက် ၈၀ မှ ၈၅ ရက်အတွင်း စိုက်ပျိုးရိတ်သိမ်းနိုင်ခြင်း၊ မိုးခေါင်သည့် ဒဏ် ခံနိုင်ခြင်းတို့ကြောင့် အပူပိုင်း ဒေသများတွင် စိုက်ပျိုးရန်သင့်လျော်သည်ဟု ဆိုသည်။

အပူပိုင်း ဒေသများတွင် ဆောင်းသီးနှံအဖြစ် နေကြာပင်ကို ဂျုံ၊ ကုလားပဲ၊ ပဲမျိုးစုံတို့တွင် သီးညှပ်စိုက်ပျိုးလေ့ရှိသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံးဧက ၇၈ ဒသမ ၅၆ သိန်းကျော် စိုက်ပျိုးသည့်အနက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧက ၂၄ ဒသမ ၀၂ သိန်းကျော် စိုက်ပျိုးပြီးဖြစ်သည့်အတွက် တစ်နိုင်ငံလုံးတွင် ဆီထွက်သီးနှံစိုက်ပျိုးမှု ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

# မန္တလေးတိုင်းအစိုးရလက်အောက် ဌာနများအတွက် စီမံခန့်ခွဲမှုကော်မတီများဖွဲ့

**အေးမွန်ရာပြည့်**

**မန္တလေး၊ ဒီဇင်ဘာ-၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လက်အောက်ရှိ ဌာန ၂၈ ခု ပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက် စီမံခန့်ခွဲမှု ကော်မတီကိုးခုကို ယခုလ ၁၀ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝင်ဝန်ကြီးကိုးဦး၏ လက်အောက်ရှိ ဌာနဆိုင်ရာ ၂၈ ခုမှ သဘောသဘာဝချင်းတူညီသည့် ဌာနအချင်းချင်း ပူးပေါင်းကာ လုပ်ငန်းများညှိနှိုင်းလုပ်ဆောင်နိုင်ရေးအတွက် စီမံခန့်ခွဲနိုင်သည့် တိုင်းအဆင့် အရာရှိများဖြင့် ကော်မတီကိုးခု ဖွဲ့စည်းရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလ ၆ ရက်တွင် ညွှန်ကြားခဲ့ပြီးနောက် ယခုလ ၁၀ ရက်တွင် အသီးသီးဖွဲ့စည်းခဲ့ကြခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သတင်း



*မန္တလေးဈေးချိုတော်*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ရရှိသည်။

ဌာနဆိုင်ရာ ၂၈ ခုမှ ဌာနတစ်ခုချင်းကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်၍ ယင်းဌာနများမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသူတစ်ဦးချင်းစီနှင့်သာ ဆွေးနွေးမှုများပြုလုပ်ခဲ့ရသည့်အတွက် လုပ်ငန်းဆောင်ရွက်မှုများလုပ်ဆောင်ရာတွင် နှေးကွေးခဲ့ကြောင်း၊ ယခုကဲ့သို့ စီမံခန့်ခွဲမှု ကော်မတီများဖွဲ့စည်းခြင်းဖြင့် ဌာနဆိုင်ရာများအချင်းချင်းကြားတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများ၊ ညှိနှိုင်းရန်လိုအပ်နေ သည့် ကိစ္စရပ်များကို ယခုထက် ပိုမိုမြန်ဆန်စွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဦးကျော်မြင့်က ပြောသည်။

လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးမှာ ဌာနဆိုင်ရာ သုံးခုတာဝန်ယူထားသည့်အတွက် ယင်းဌာနဆိုင်ရာ တစ်ခုချင်းစီအလိုက် တာဝန်ရှိသူသုံးဦးဖြင့် စီမံခန့်ခွဲမှုကော်မတီတစ်ခုကို ယခုလ ၁၀ ရက်က ဖွဲ့စည်းခဲ့ပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ပင် ကျန်မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးရှစ်ဦးကလည်း ၎င်းတို့ တာဝန်ယူထားသည့် ဌာနများအလိုက် စီမံခန့်ခွဲမှုကော်မတီများ အသီးသီးဖွဲ့စည်းထားပြီးဖြစ်ကြောင်း ဝန်ကြီးဦးကျော်မြင့်က ထည်သွင်းပြောကြားသည်။

"ဥပမာ-မန္တလေးတိုင်းထဲကရွာတွေမှာ မီးလင်းရေး လုပ်မယ်ဆိုရင် လျှပ်စစ်ကို တစ်ခါပြောရတယ်။ အန္တရာယ် ကင်းရှင်းရေးစစ်ဖို့ စက်မှုပိုင်းကို တစ်ခါပြောရတယ်။ အခုလို စီမံခန့်ခွဲရေး ကော်မတီတွေဖွဲ့ပြီး လုပ်လိုက်တော့ ဌာနတွေ တစ်ထိုင်တည်းအချင်းချင်းညှိလိုက်ရုံပဲ။ လုပ်ငန်းတွေ လျှင်မြန်သွက်လက်ဖို့ ညှိနှိုင်းပေါင်းလုပ်ကြတဲ့သဘောပါပဲ"ဟု ၎င်းကထည့်သွင်းပြောသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လက်အောက်တွင် ဌာနဆိုင်ရာပေါင်း ၂၈ ခုရှိနေပြီး သက်ဆိုင်ရာဌာနများအလိုက် ဝန်ကြီးကိုးဦးက အသီးသီးတာဝန်ယူထားကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သတင်းရရှိသည်။



# ကယားနှင့် တနင်္သာရီတွင် တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများဆောက်လုပ်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိုက်နယ်ဆေးရုံနှင့်ကျေးလက်ကျန်းမာရေးဌာနခွဲများဆောက်လုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အောင်ဘာကျေးရွာတွင် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံနှင့်ပုလောမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင်ကယားပြည်နယ်အတွင်းတွင် ကျေးလက်ကျန်းမာရေးဌာန တစ်ခုနှင့်တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်မည် ဖြစ်သည်။

ထိုအဆောက်အအုံဆောက်လုပ်မှုများအား ၂၀၁၄ ခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း တင်ဒါစိစစ်ရေးကော်မတီများထံမှ သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆေးရုံ၊ ဆေးခန်းပေါင်း ၉၄၀ ကျော်တည်ဆောက်ခဲ့ပြီးကျန်းမာရေးဌာနပေါင်းထောင်နှင့် ချီ၍ တည်ဆောက်ခဲ့သည်။

ကျန်းမာရေးဘတ်ဂျက်တိုးမြှင့်လိုက်သည့်နောက်တွင် ကျေးလက်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုရရှိလာစေရန် ဆေးရုံ၊ ဆေးခန်းများလည်း ဦးစားပေးဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကျန်းမာရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးတွင် ကျန်းမာရေး အဆောက်အအုံ ၄၂ ခုဆောက်လုပ်ဆဲဖြစ်ပြီး ပြည်ပအကူအညီအပါအဝင်ကျေးလက်ကျန်းမာရေးဌာနခွဲများဆောက်လုပ်ရန် ၁၂ ဒသမ ၇ ဘီလီယံကျပ်ကို ဖြည့်စွက်ရန်ပုံငွေအဖြစ် တောင်းခံထားသည်။



# ဆလုံလူမျိုးအနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး ပြင်သစ်ပညာရှင်နှင့် သဘာဝပတ်ဝန်းကျင်အဖွဲ့ များဆွေးနွေး

**စိုးမိုးအောင်**

**ထားဝယ်၊ ဒီဇင်ဘာ-၁၄**

ဆလုံလူမျိုးများအနာဂတ်ရေရှည်ဖွံ့ဖြိုးနိုင်ရေးဆွေးနွေးပွဲကို ထားဝယ်မြို့ Edupark တွင်ပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင်သာကျန်ရှိတော့သော မော်ကင်းခေါ်ဆလုံလူမျိုးများ အနာဂတ်ရေရှည်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးဦးသန်းအောင်၊ ပြင်သစ်နိုင်ငံသား သုတေသနပညာရှင်မစ္စတာအိုင်ဗင်နော့ဂျက်ကွတ်စ်၊ ထားဝယ်သုတေသနအဖွဲ့၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်အဖွဲ့၊ ဆလုံလူမျိုးများကိုစိတ်ဝင်စားသောဒေသခံများတက်ရောက်ခဲ့ကြသည်။

ဆလုံလူမျိုးများသည် မိသားစုအလိုက် လှေ ခုနစ်စီးမှ ၁၄ စီးခန့်အထိ အုပ်စုဖွဲ့နေထိုင်ကြသော်လည်း ယခုအခါ တခြားပင်လယ်လုပ်ငန်းလုပ်ကိုင်သူများ ကြောင့် ကွဲပြားလာသည်ဟုဆို သည်။ ဆလုံလူမျိုးများကို သုံးမျိုးတွေ့ရပြီး မြန်မာနိုင်ငံတွင် မော်ကင်း၊ ထိုင်းနှင့်မလေးရှားနိုင်ငံတွင် Bajau နှင့် Vaizo စသည့်မျိုးနွယ်စုများတွေ့ရကြောင်းသိရသည်။

"ဆလုံလူမျိုးတွေရဲ့ ယဉ်ကျေးမှုနဲ့ ဆိုင်တဲ့ပစ္စည်းအမျိုးအစားတွေ များကြီးရှိခဲ့တယ်။ ဒါပေမဲ့ သူတို့တွေရဲ့ပစ္စည်းတွေကို ထိန်းသိမ်းထားတဲ့ပြတိုက်တွေက ဘယ်နိုင်ငံမှာမှမရှိကြသေးဘူး။ လူမျိုးစုကြီးတွေက သူတို့ကြောင့်သစ်တောတွေပြုန်းတီးလာတယ်လို့ ပြောကြပေမယ့် သူတို့က သစ်ပင်တွေကိုလှေဆောက်ဖို့အတွက် ပဲသုံးကြပြီး အဲဒီလှေတွေက နှစ် ၃၀ ကျော်ခံတာပါ"ဟု မစ္စတာ အိုင်ဗင်နော့ဂျက်ကွက်စ်ကပြောကြားသည်။ လက်ရှိအခြေအနေတွင် ဆလုံလူမျိုးများကို ကမ္ဘာကအကူအညီပေးချင်နေကြပြီး အများစုမှာ ထိုင်းနိုင်ငံတွင်ရှိနေသည်ဟု ယုံကြည်နေကြသည်ဟုဆိုသည်။

ဆလုံလူမျိုးများမှာ မြန်မာ့ပင်လယ်ပြင်ရှိ ကျွန်းများတွင် ၂၀၀၀ ကျော်ရှိသေးပြီး ထိုင်း-မြန်မာနယ်စပ်ပင်လယ်ပြင်တွင် နေထိုင်သည်မှာ နှစ်ပေါင်း ၄၀၀ ကျော်နေပြီဖြစ်ကြောင်းသိရသည်။

ဆလုံလူမျိုးများသည်မြန်မာနိုင်ငံတွင်သာ နေထိုင်ခဲ့ကြပြီး ထိုင်းပင်လယ်ပြင်တွင် ၂၀၀၆ ခုနှစ် ဆူနာမီဖြစ်ပွားပြီးမှ တွေ့လာရသည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ကော့သောင်းနှင့်မြိတ်ခရိုင်အတွင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုနိုဝင်ဘာလမှ စတင်ထုတ်ပေးနေပြီး စုစုပေါင်း ၁၀၀၀ ကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးလွှတ်တော်တွင် ဆလုံလူမျိုးများနှင့်ပတ်သက်၍ အဆိုတင်သွင်းထားပြီး ဒီဇင်ဘာလတွင် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်သည်။









# ဆီးဂိမ်းကာလ နေပြည်တော်တွင် ကုန်ဈေးနှုန်းမြင့်တက်

**သန်းထူး**

**နေပြည်တော်၊ ဒီဇင်ဘာ-၁၅**

နေပြည်တော်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း အခြေခံစားသောက်ကုန်များ ဝယ်လိုအားများပြီး ဈေးနှုန်း မြင့်တက်သွားကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

“သခွားသီးတောင် တစ်လုံးတစ်ရာဖြစ်သွားတယ်”ဟု ကင်းပွန်တန်းဈေးတွင် လက်လီ၊ လက်ကားရောင်းဝယ်လျက်ရှိသူဒေါ်တင်တင်ကပြောကြားသည်။ အဆိုပါဈေးနှုန်းသည်နွေရာသီတွင်သာဖြစ်လေ့ ရှိပြီး ယခုကဲ့သို့ အေးသာရာသီ၌ မကြုံခဲ့ဖူးကြောင်းလည်း ၎င်းက ထပ်မံပြောကြားသည်။

အလားတူဒေသတွင်း ပေါပေါများများစိုက်ပျိုးထွက်ရှိသော ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက်သည်ပင် ဈေးပေါင်ကျိုးချိန်တွင် ဝယ်မရနိုင်ဘဲ အစောပိုင်းဝယ်မှသာ ရွေးဝယ်နိုင်ကြောင်း အဆိုပါဈေး၌ သွားရေစာရောင်းသူ ကိုမောင်ဝင်းကပြောကြားသည်။

“မနက်လေးနာရီလောက်ဆိုရင် ကားကြီးနဲ့ လာဝယ်သွားတာပဲ။ ရှိနေတဲ့ အသီးအရွက်ကတော့ သိပ်မကျန်ဘူး။ ဒီကလူတွေက မိုးလင်းမှ လာရောင်းတဲ့သူတွေဆီကပဲများများဝယ်ရတယ်” ဟုစားဖိုဆောင်သီးနှံဈေးကွက်၏ အခြေအနေကို၎င်းကရှင်းပြသည်။



*နေပြည်တော်မြို့မဈေးပြင်ပတွင် ရောင်းချနေသည့် ဝက်သားတုတ်ထိုးဆိုင်တစ်ဆိုင်* ဓာတ်ပုံ - windsorstar

ထို့အပြင်ဒေသတွင်း သားငါးလည်း ဝယ်လိုအားမြင့်မားနေပြီး ဈေးနှုန်းတည်ငြိမ်မှုမရှိကြောင်း သိရသည်။

ဈေးနှုန်းသည်လည်း တစ်ပိဿာလျှင် တစ်သောင်းသုံးထောင်ကျပ်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။ အမဲသားဈေးနှုန်းသည် ယခင်က တစ်ပိဿာလျှင် ခြောက်ထောင်ကျော်သာ ရှိခဲ့သော်လည်း လွန်ခဲ့သည့် ရက်ပိုင်းမှစ၍ ရှစ်ထောင်ကျပ်အထိ ရောက်ရှိသွားကြောင်းထမင်းဆိုင်ဖွင့်လှစ်ရောင်းချသူ ဦးဝင်းမောင်ကပြောသည်။

လက်ရှိတွင် နေပြည်တော်ဈေးကွက်သို့နေ့စဉ်ကြက်ဥအလုံးရေသောင်းဂဏန်းနှင့် ကြက်သားပိဿာချိန် ထောင်ဂဏန်း ယခင်ထက်ပိုမိုဝင်ရောက်လျက်ရှိကြောင်းလည်း ၎င်းထံမှ သိရသည်။ လွန်ခဲ့သည့် သုံးရက်ခန့်က တစ်လုံးလျှင် သုံးကျပ်(လက်ကား) ဈေးတက်သွားခဲ့သော ကြက်ဥဈေးမှာမူ ပြန်လည်မကျသေးပေ။

ထို့အပြင်အခြားသော ဒေသထွက် စားဖိုဆောင် သီးနှံများလည်း ဝယ်လိုအားများကာ ဈေးတက်သွားကြောင်း သိရသည်။

“ဆီးဂိမ်းမှာ ဈေးတက်တာတော့ ဟုတ်ပါပြီ။ ဈေးနှုန်းဆိုတာပြန်ကျလေ့မရှိတော့ ဆီးဂိမ်းပြီးရင်လည်း ဒီတိုင်းပဲဆိုရင် ဒုက္ခ” ဟု ပျဉ်းမနားမြို့မှ အိမ်ရှင်မ ဒေါ်ချိုချိုကပြောကြားသည်။

# တောင်ပြိုလက်ဝဲမြို့နယ်ခွဲရှိ ကျေးရွာများမှ ဒေသခံများအား တပ်မတော်မှ သမားတော်များ လာရောက်ဆေးကုသပေး

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၁၄**

လုံခြုံရေးအရ စိုးရိမ်နေရသည့် မောင်တောနယ်စပ်ဒေသမြောက်ပိုင်းတောင်ပြိုလက်ဝဲမြို့နယ်ခွဲရှိ ကျေးရွာများမှ ဒေသခံများကို ဒီဇင်ဘာ ၁၂ ရက်က တပ်မတော်မှ နယ်လှည့်ဆေးကုအဖွဲ့မှ သမားတော်ကြီးများလာရောက်ဆေးကုသပေးခဲ့ကြောင်းသတင်းရရှိသည်။

“တောင်ပြိုလက်ဝဲမြို့နယ်ခွဲအတွင်းက ကျေးရွာဒေသခံတွေကိုလာရောက်ဆေးကုသပေးတာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၂ ရက်က မီးတိုက်ကျေးရွာ မူလတန်းလွန်ကျောင်းအဆောက်အအုံမှာဆေးစစ်ပေး၊ ဆေးကုပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွေကိုပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အခုလိုနယ်လှည့်ဆေးကုအဖွဲ့က လာရောက်ဆေးကုပေးတဲ့ အတွက်ဒေသခံတွေအရမ်းဝမ်းသာကြပါတယ်”ဟုမီးတိုက်ကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

နယ်လှည့်ဆေးကုအဖွဲ့သည် တစ်ရက်တည်း၌ပင်ဒေသခံတိုင်းရင်းသားအယောက် ၁၄၆ ဦးကို ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ မောင်တောနယ်စပ် ဒေသတွင် ပြီးခဲ့သည့်နှစ် ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ပြီးနောက် မီးရှို့ခံကျေးရွာများ၊ မြို့နှင့် အလှမ်းဝေးသည့် ကျေးလက်ဒေသများမှ ဒေသခံများကိုတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ကမကြာခဏ လာရောက်ဆေးကုသပေးနေကြောင်း သိရသည်။


# ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊ ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျှက်ရှိပါသည်။

## ကင်ဆာရောဂါ

အရှေ့တိုင်းဆေးခန်းသည် ကင်ဆာရောဂါအမျိုးမျိုး၊ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အစာလမ်းကြောင်းတွင်ဖြစ်သော ကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အရေပြားကင်ဆာ အစရှိသည်တို့ကို ကုသပေးပါသည်။ ကင်ဆာဆဲလ်များကို ဆေးစွမ်းကောင်းဖြင့် ပယ်သတ်ပေးသည်။ ကိုယ်ခံအားကို မြှင့်တင်ပေးသည်။ ဆေးစသောက်သည့်ရက်မှစ၍ ချက်ချင်းအကျိုးသက်ရောက်သည်။ ဥပမာ ကင်ဆာနောက်ဆုံးအဆင့်ရှိသူသည် အလွန်နာကျင်လျှင် ဆေးသောက်ပြီး ချက်ချင်း နာကျင်မှုသက်သာစေနိုင်သည်။ ကင်ဆာဝေဒနာရှင်များ ရောဂါအခြေအနေ ထိန်းနိုင်ပြီး အသက် ပိုရှည်စေပါသည်။



## အစာအိမ်နှင့်အူလမ်းကြောင်း

အစာအိမ်အစာခြေစနစ်တွင်ဖြစ်သော ရောဂါများ၊ နာတာရှည်အစာအိမ်ရောင်ခြင်း၊ အူရောင်ခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်အောင့်ခြင်း၊ လေပွခြင်း၊ အစာမကြေခြင်း၊ အူမကြီးရောင်ရမ်းသွားချိန် မစင်အညစ်အကြေးများ ပုံမှန်မဟုတ်ခြင်း၊ နှစ်ပေါင်းများစွာ ကုသ၍ မသက်သာပါက အရှေ့တိုင်းဆေးခန်းသို့ လာရောက်ကုသပါ။ ဆေးစသောက်သည့် ရက်တွင်ပင် ချက်ချင်းအကျိုးသက်ရောက်ပါသည်။ နာကျင်မှု သက်သာစေမည်။ အစာအိမ်ပိုကောင်းလာပြီး ဝမ်းမှန်လာမည်။ ဆေးကုသချိန် တစ်ပတ်တည်းဖြင့် သက်သာနိုင်ပါသည်။ သက်သာပြီးလျှင်လည်း ရောဂါပြန်မဖြစ်နိုင်ပါ။



**လာရောက်ကုသသောလူနာများအား**
**ကြေညာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း**
**လျှော့ပေးမည်။**

## အသည်းရောဂါ

အရှေ့တိုင်းဆေးခန်းသည် အသည်းရောဂါအမျိုးမျိုး၊ နာတာရှည်အသည်းရောင်ခြင်းအစရှိသည်တို့ကို ကုသပေးသည်။ ဤရောဂါ၏ လက္ခဏာမှာ မျက်စိဝါ၊ အသားဝါခြင်း၊ ဆီးဝါနောက်ခြင်း၊ အသည်းနာကျင်ခြင်း၊ အစာမစားခြင်း၊ မောပန်းပြီး တဖြည်းဖြည်း ပိန်လာခြင်း စသည်တို့ ဖြစ်သည်။

အသည်းခြောက်၊ အသည်းကင်ဆာ၊ ရေဖျဉ်း၊ ဝမ်းဗိုက်ဆူလာပြီး ရောင်လာခြင်း အစရှိသဖြင့် ဖြစ်တတ်သောအသည်းရောဂါများကို တိုင်းရင်းဆေးဖြင့် ပြုလုပ်ထားသော အထူးသဖြင့် အသည်းထဲရှိသော အဆိပ်အတောက်များကို လျင်မြန်စွာ ဖယ်ထုတ်နိုင်သည်။ သောက်သည့်ရက်မှစ၍ ချက်ချင်းအကျိုးသက်ရောက်စေနိုင်ပါသည်။ မျက်စိဝါ၊ အသားဝါ၊ ဆီးဝါခြင်း အစရှိသည့် လက္ခဏာများကို ငါးရက်အတွင်း ပျောက်ကင်းစေနိုင်ပါသည်။ အသည်းခြောက်၊ ရေဖျဉ်း၊ ဗိုက်ဆူတို့မှာ ခုနစ်ရက်အတွင်း ပျောက်ကင်းနိုင်သည်။ ဆေးကုသရက် တစ်ပတ်အတွင်း သက်သာနိုင်ပါသည်။ ရောဂါကုသပြီး ထပ်မံ ပြန်လည် ဖြစ်ပေါ်လာခြင်း မရှိပါ။ သုံးနှစ်အတွင်း ထပ်မံဖြစ်လာပါက အခမဲ့ ကုသပေးမည်။

## နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါများ

နှာခေါင်း၊ လည်ချောင်းနှင့် နှာခေါင်းတွင်ဖြစ်သည့် နှာခေါင်းပိတ်ဆို့ခြင်း၊ နှာချေခြင်း၊ နှာရည်ယိုခြင်း၊ ခေါင်းကိုက်၊ ခေါင်းမူးခြင်း၊ မှတ်ဉာဏ်ဆုတ်ယုတ်ကျဆင်းခြင်း၊ နားအူခြင်း၊ နှာခေါင်းအတွင်းမှ ရောင်ရမ်းခြင်း၊ လည်ချောင်းနာကျင်ခြင်း၊ အသံထွက်အကြောကြီးထွားလာခြင်း၊ အသံအက်ကွဲခြင်း၊ အာသီးရောင်ခြင်း/ ကြီးခြင်း၊ အိပ်နေသည့်အခါ ဟောက်တတ်သည့်အကျင့်ရှိသူ စသည့် ဝေဒနာများကို ခွဲစိတ်စရာ မလိုဘဲ အချိန်တိုအတွင်း ပျောက်ကင်း၍ အမြစ်ပြတ်သည်အထိ ကုသပေးပါသည်။



ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် – နံနက် ၈:၃၀ နာရီမှည ၈:၃၀အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# နစကဖျက်ပြီးနောက် မြန်မာ – ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာဟုဆို

**မောင်ကံ**

**မောင်တော**- အဖွဲ့လေးဖွဲ့ပါဝင်ဖွဲ့စည်းထားသည့် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် (နစက) ဖျက်သိမ်းလိုက်ပြီးနောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ်ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခဲ့ကြောင်း ဒီဇင်ဘာလ ၁၀ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခေါင်းတုံးဒေသတွင် ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံအလံတင်အစည်းအဝေး၌ နှစ်ဖက်အရာရှိများက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။


မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ တာဝန်ရှိသူများ လက်ဆွဲနှုတ်ဆက်စဉ် ဓာတ်ပုံ- မောင်ကံ

နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ဖျက်သိမ်းလိုက်ပြီးနောက် နယ်စပ်လုံခြုံရေးတာဝန်များကို အမှတ်(၄) ရဲတပ်ရင်းများကွပ်ကဲရေးမှူး အဖွဲ့မှူး(ရကဖ)က တာဝန်ယူဆောင်ရွက်ခဲ့ပြီး လူဝင်၊ လူထွက်ကိစ္စရပ်များကို နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့ (မကဖ)က တာဝန်ယူဆောင်ရွက်နေပြီး နယ်စပ်အရာရှိများ အလံတင်အစည်းအဝေးလည်း မကြာခဏကျင်းပကာ နယ်စပ်တွင်ဖြစ်ပွားနေသည့်ကိစ္စရပ်များ ညှိနှိုင်းဖြေရှင်းနေကြပြီဖြစ်ကြောင်း နယ်စပ်လုံခြုံရေး အရာရှိတစ်ဦးက ပြောသည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအစည်းအဝေးများကို နယ်စပ်လုံခြုံရေး တာဝန်ယူထားရသည့် ရကဖ အဖွဲ့နှင့် အလံတင်အစည်းအဝေးပြုလုပ်ကာ ဆွေးနွေးပွဲများပြုလုပ်နေသကဲ့သို့ နှစ်နိုင်ငံအကျဉ်းသားများ လဲလှယ်ရေးလုပ်ငန်းများကိုလည်း မောင်တောခရိုင် လဝကနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်များအကြား အလံတင်အစည်းအဝေးပြုလုပ်ကာ လွှဲပြောင်းလက်ခံမှုများပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းဖြစ်စေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းဖြစ်စေမည်သည့်နိုင်ငံရေးဆူပူမှုများ ဖြစ်ပွားနေစေကာမူ နှစ်နိုင်ငံနယ်စပ်အရာရှိများအနေဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများမှာဆက်လက်ရှိနေမည်ဖြစ်ကြောင်း မောင်တောခရိုင် လဝက ဦးစီးမှူး ဦးစောနိုင်(ဒုတိယညွှန်ကြားရေးမှူး)က ပြောကြားသည်။

# ဒစ်ဂျစ်တယ် ရုပ်သံလိုင်းစက်များ အခမဲ့ဖြန့်ဝေရန် စီစဉ်

**စိုးမိုးအောင်**

**ထားဝယ်၊ ဒီဇင်ဘာ- ၁၅**

ထားဝယ်ခရိုင်တွင် ဇန်နဝါရီလမှစ၍ ရုပ်မြင်သံကြား ဖမ်းစက်များကို အခမဲ့ဖြန့်ဝေနိုင်ရန် စီစဉ်နေကြောင်းသတင်းရရှိသည်။

MRTV, MITV, MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ၊ လွှတ်တော်၊ တိုင်းရင်းသားလူမျိုးများ၊ တောင်သူလယ်သမားများ ရုပ်သံလိုင်း၊ မြဝတီရုပ်သံလိုင်း အပါအဝင်လိုင်း ၂၀ ဖမ်းယူနိုင်သော Digital Set Top Box များကို တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တွင် ရုပ်မြင်သံကြားဖမ်းစက်များကို ကျေးရွာစာကြည့်တိုက်များသို့ ဦးစားပေး ဖြန့်ဝေပေးမည်ဟု သတင်းရရှိသည်။

“ဒီစီစဉ်ကို ကျေးလက်မီးလင်းရေးနဲ့ ဆက်စပ်ပြီး ဆောင်ရွက်တာဖြစ်လို့ လျှပ်စစ်မီးမရှိတဲ့ စာကြည့်တိုက်တွေကို ဆိုလာစနစ်တွေ တပ်ဆင်ပေးသွားမှာပါ” ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးဒေါ်နီနီချိုက ပြောကြားသည်။ တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်ပေါင်း ၂၂၈ တိုက်ရှိကြောင်း သိရသည်။

ရုပ်မြင်သံကြား ဖမ်းစက်များကို အိမ်ခြေ ၁၀၀ ရှိ ကျေးရွာများအား ဦးစားပေး ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များအား ဒီဇင်ဘာလအတွင်း ဖမ်းစက်၊ နှစ်သောင်းလေးထောင်ကျော် ဖြန့်ဝေပေးထားပြီး ထားဝယ်၊ မြစ်ကြီးနား၊ လွိုင်ကော်၊ ဖလမ်း၊ တီးတိန်၊ ပြည်၊ တောင်ငူ၊ ပဲခူး၊ ညောင်လေးပင်နှင့် မင်းဘူးမြို့များအား ဇန်နဝါရီမှ မေလအတွင်း အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လောင်းလုံးမြို့နယ်၊ မောင်းမကန် ကမ်းခြေစံပြကျေးရွာတွင် ရုပ်သံဖမ်းစက်များ ဖြန့်ဝေပေးနိုင်ရန် ဒီဇင်ဘာလမှစ၍ စာရင်းကောက်ယူလျက်ရှိသည်။


ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊ ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

**လိပ်ခေါင်းရောဂါ**

အမေရိကန်နိုင်ငံမှ ခေတ်မီတိုးတက်သည့် စက်ပစ္စည်း ကိရိယာဖြင့် အပြင်လိပ်ခေါင်း၊ အတွင်းလိပ်ခေါင်း၊ ပေါင်းစပ် လိပ်ခေါင်း၊ စအိုနင်းရှု၊ စအိုကျွံခြင်း၊ အူအဆုံးပိုင်းအသားပို ထွက်ခြင်း၊ စအိုအက်ကွဲခြင်း၊ ဂရင်ဂျီနာ၊ စအိုဝနာကျင် ကိုက်ခဲခြင်း၊ ကျင်ကြီးစွန့်ရာ၌ သွေးထွက်ခြင်း စသည့် စအိုအူမကြီး ရောဂါတို့ကို အထူးကုသပါသည်။ ခွဲစိတ်စရာ မလိုအပ်ပါ။ သွေး မထွက်၊ နာကျင်ခြင်းမရှိဘဲ ဆေးဝါးကုသသည့် အချိန်ကာလမှာ တိုတောင်းပါသည်။ ၁၀ မိနစ်မှ မိနစ် ၂၀ အတွင်း ကုသရေးဖြစ်စဉ်ကို ပြီးမြောက်သွားစေပါသည်။ ဆေးရုံတက်ရန် မလိုဘဲ တစ်ကြိမ်တည်းနှင့်ပျောက်ကင်းအောင် ကုသပေးပါသည်။ ရောဂါပြန်လည် ဖြစ်ပွားခြင်း မရှိတော့ပါ။ အကယ်၍ ကုသပျောက်ကင်းပြီး ၁၀နှစ်အတွင်း ရောဂါဖြစ်သူများအား အရှေ့တိုင်းဆေးခန်းမှ အခမဲ့ ဆေးဝါးကုသပေးမည်ဖြစ်ပါသည်။

**အမျိုးသမီးရောဂါ**

အမျိုးသမီးများတွင် ရာသီသွေးမမှန်ခြင်း၊ ရာသီသွေးဆင်းချိန်၌ ဝမ်းဗိုက်ကိုက်ခဲခြင်း၊ ခါးကိုက်ခြင်း၊ အဖြူဆင်းမှု အလွန်များပြားခြင်း၊ မိန်းမကိုယ်အင်္ဂါရောင်ရမ်းခြင်း၊ သားအိမ်ရောင်ခြင်း၊ သားအိမ်လမ်းကြောင်း ပြည်တည်ခြင်း၊ မျိုးဥပို့ဆောင်ပေးသည့်ပြွန်ချောင်းပိတ်ဆို့နေခြင်း၊ အိမ်ထောင်သက်ကြာညောင်းသော်လည်း ကလေးမရခြင်း၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာစသည့်ရောဂါတို့ကို ကုသပေးပါသည်။

**လိင်အင်္ဂါကြွက်နို့ရောဂါ**

လိင်အင်္ဂါကြွက်နို့သည် HPV ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မသန့်ရှင်းသည့် ကာမဆက်ဆံခြင်းမှ ကူးစက်လာသည့် ရောဂါဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ကျား/မ လိင်အင်္ဂါတွင် ဂေါ်ဖီပန်းပွင့်ပုံသဏ္ဌာန်များ ထွက်လာပြီး ၎င်းအသားဖုများမှ လွယ်လွယ်ကူကူနှင့် သွေးထွက်ပြီး ညှီစို့စို့အနံ့ဆိုးထွက်နေပါသည်။

အကယ်၍ လိင်အင်္ဂါကြွက်နို့ (HPV)ရောဂါကို အချိန်မီကုသခြင်းမရှိပါက သို့မဟုတ် သမားရိုးကျ အကျိုးသက်ရောက်မှုရှိသည့် ကုသမှုမျိုးမရှိပါက လျင်မြန်စွာဖြင့် ဖနီးမောင်းနံနှင့် မိသားစုဝင်များကိုပင် ကူးစက်ပျံ့နှံ့သွားနိုင်ပါသည်။ အမျိုးသမီးများမှာ ပို၍ ဆိုးရွားစွာဖြင့် ကူးစက်ခံရပြီးနောက် သားအိမ်ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားတတ်ပါသည်။ အမျိုးသားများတွင် လိင်တံကင်ဆာ ဖြစ်ပွားတတ်ပါသည်။

၅ မိနစ်မှ ၁၀ မိနစ်ထိ လျင်မြန်စွာဖြင့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်)ပိုးများကို ဖယ်ရှားပစ်လိုက်နိုင်သည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများနှင့် ပေါင်းစပ်ထားလိုက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်ရှိနေသည့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်) ပိုးများကို ရှင်းလင်းသုတ်သင်ပစ်လိုက်နိုင်ပါသည်။ ရောဂါခုခံနိုင်သည့် ကိုယ်ခံစွမ်းအားကို တိုးမြင့်စေ၍ ရောဂါမှာ ပြန်လည်ထလာခြင်း မရှိတော့ပါ။ အကယ်၍ ၁၀ နှစ်တာကာလအတွင်း၌ ရောဂါပြန်လည်ထလာသောသူများအား အရှေ့တိုင်းဆေးခန်းမှ အခြားမည်သည့်အခကြေးငွေကိုမှ ရယူခြင်းမရှိဘဲ အခမဲ့ပျောက်ကင်းအောင် ကုသပါမည်။

**အမျိုးသားရောဂါများ**

အမျိုးသားများတွင် ပန်းသေပန်းညှိုးရောဂါဖြစ်ပြီး သုက်လွှတ်မြန်ခြင်း၊ လိင်စွမ်းအားအပျော့အတားဖြစ်ခြင်း၊ အချိန်ကာလ အတော်ကြာ အိမ်ထောင်သက်ရှိပြီးသော်လည်း ကလေးမရခြင်း၊ သုက်ရည်ဂလင်း ရောင်ရမ်းနာ၊ သုက်ရည်ဂလင်းဆူဖြိုးလာခြင်း၊ ကာလသားရောဂါပိုး၊ ဆီးသွားရာတွင် နာကျင်ကိုက်ခဲခြင်း၊ ဆီးသွားရာ၌ ပြည်များ စီးထွက်လာခြင်း၊ ဆီးသွားရာတွင် သွေးထွက်ခြင်း၊ အမျိုးသားလိင်တံတို/သေးငယ်/အရေပြားရှည်နေခြင်း စသည့် ရောဂါများနှင့် အခက်အခဲများကို ကုသဖြေရှင်းပေးသည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများဖြင့် ကုသမှုပေးသောကြောင့် ကုသပြီးလျှင်ပြီးချင်း အကျိုးသက်ရောက်မှုကို မြင်တွေ့ရမှာဖြစ်ပါသည်။

**ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ**

နာတာရှည်ရောဂါ တစ်မျိုးဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ခေါင်းမူးခြင်း၊ အမြင်အာရုံကျဆင်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ ပါးစပ်ခြောက်သွေ့ခြင်း၊ ဆီးများလွန်းခြင်း၊ ပိန်ချုံးသွားခြင်း၊ တစ်ကိုယ်လုံးအား မရှိခြင်း၊ လက်ထုံကျဉ်ပြီး ခြေထောက် ကိုက်ခဲခြင်း သို့မဟုတ် ကြွက်သားများ နာကျင် ကိုက်ခဲခြင်း၊ ဆိုးရွားသည့်အခါ၌ ခြေထောက်အောက်ပိုင်းတွင် မည်းလာခြင်း၊ ခြေထောက်ပြည်တည် အနံ့ထွက်ခြင်း၊ ကျောက်ကပ်စွမ်းအားမှာ ပုံမှန်မဖြစ်ခြင်းနှင့် နှလုံးရောဂါ၊ ဦးနှောက်သွေးထွက်ရောဂါ၊ ကိုယ်တစ်ပိုင်းသေခြင်းစသည့် လက္ခဏာများဖြစ်ကြပါသည်။ မျက်မှောက်ကာလ၌ ဆီးချိုရောဂါ၊ သွေးတိုးရောဂါသည်တို့မှာ နေ့စဉ် ဆေးဝါးသောက်သုံးခြင်းဖြင့် သွေးချို၊ ဆီးချိုနှင့် သွေးတိုးတို့ကို ထိန်းချုပ်ပါသည်။ အချိန်ကာလကြာရှည်စွာ ဆေးဝါးကို အမှီပြုနေခြင်းသည် ကျောက်ကပ်စွမ်းအားနှင့် အသည်းစွမ်းအားကို အတိုင်းထက်အလွန် ထိခိုက်စေခဲ့ပါသည်။ ဘေးထွက်အာနိသင်ကြီးမားပါသည်။ အရှေ့တိုင်းဆေးခန်းရှိ ဆီးချိုရောဂါပညာရှင်မှာ လူတိုင်း၏ ကိုယ်ခန္ဓာအခြေအနေမတူညီသည့် အခြေအနေ ဦးတည်သည့်သဘောတရားဖြင့် ကုသပါသည်။ ပန်ကရိယ (မုန့်ချိုအိတ်) နှိုးဆွနည်းဖြင့် ဆီးချိုသွေးချိုကုသပေးနေပါသည်။ ၎င်းဆေးများသည် ပန်ကရိယနှိုးဆွပေးပြီး ပုံမှန်အတိုင်း အလုပ်လုပ်စေပါသည်။ ဆီးချိုသွေးချိုကျ၍ ရောဂါပျောက်ကင်းပြီး နောက်ဆက်တွဲရောဂါလည်း မရှိတော့ပါ။ ဆေးစသောက်သည့်ရက်တွင် ချက်ချင်းအကျိုးသက်ရောက်မှုရှိသည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။



လာရောက်ကုသသောလူနာများအား
ကြော်ငြာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။



ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် – နံနက် ၈:၃၀ နာရီမှ ည ၈:၃၀ အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285

# Education

7 DAY NEWS JOURNAL

Vol.12, No.41 • DECEMBER 18 , 2013




ရန်ကုန်တက္ကသိုလ် ပင်မဝင်ပေါက်ကိုတွေ့ရစဉ်

ဓာတ်ပုံ-နစ်ကီ

## ရန်ကုန်တက္ကသိုလ်ဘွဲ့ကြိုတက်ရောက်ခွင့်မရသူများ ဘွဲ့လွန်တက်ရောက်နိုင်ရန် ဖန်တီးပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ယခုပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်လိုက်သောရန်ကုန်တက္ကသိုလ်သို့တက်ရောက်ခွင့်မရရှိသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘွဲ့လွန်တန်းများတွင် တက်ရောက်နိုင်ရန်အခွင့်အလမ်းဖန်တီးပေးမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ကပြောသည်။

ဝိဇ္ဇာ၊ သိပ္ပံထူးချွန်ကျောင်းသား၊ ကျောင်းသူများရွေးချယ်ခေါ်ယူခြင်းသည် အခြားတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် ခွဲခြားဆက်ဆံခြင်း မဟုတ်ဘဲ ဘာသာရပ်အလိုက် ထူးချွန်သူများပေါ်ထွက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး နယ်တက္ကသိုလ်မှ ကျောင်းသားများ ပညာဆက်လက်သင်ယူနိုင်ရန် စီစဉ်ထားကြောင်းဆိုသည်။

"နယ်က ကလေးတွေကြိုးစားပါ။ အားမငယ်ပါနဲ့။ အခုချက်ချင်းဆယ်တန်းအောင်လို့ တက်ခွင့်မရသေးရင် ဂုဏ်ထူးတန်းတွေ၊ မဟာတန်းတွေ၊ ပါရဂူတန်းတွေမှာ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်မှာတက်ရောက်ခွင့်ရရှိဖို့ ကြိုးစားနိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ပြောသည်။

နှစ်ပေါင်းနှစ်ဆယ်နီးပါးပိတ်ထားသော ရန်ကုန်တက္ကသိုလ်၌ လွန်ခဲ့သည့်ပညာသင်နှစ်က ဂုဏ်ထူးတန်းကျောင်းသားများ ပြန်လည်လက်ခံခဲ့ပြီး ယခုနှစ်တွင် ဘွဲ့ကြိုကျောင်းသားတစ်ထောင်လက်ခံမည်ဖြစ်ပြီး အဆောင်နေထိုင်ခွင့်ပြုလိုက်သည်။

ရန်ကုန်တက္ကသိုလ်သည် လွန်ခဲ့သည့်ပညာသင်နှစ်မှစ၍ အစိုးရအသုံးစရိတ်မှလိုသလောက်တောင်းခံရရှိနေပြီး နိုင်ငံတကာပူးပေါင်းသဘောတူညီမှုများအနေဖြင့် ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် လက်မှတ်ရေးထိုးထားပြီး ထပ်မံလက်မှတ်ရေးထိုးမည့်တက္ကသိုလ်များရှိနေကြောင်း ကဆိုသည်။

## ဆရာ၊ ဆရာမဖြစ်လိုသူ လျော့နည်းလာသလို အများပြည်သူလေးစားကြည်ညိုခံရမှု လျော့ကျလာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၆**

မျိုးဆက်သစ်လူငယ်များသည် ဆရာ၊ဆရာမအဖြစ်အသက်မွေးဝမ်းကျောင်းပြုလိုစိတ် လျော့နည်းလာသလို ဆရာ၊ ဆရာမများသည်လည်းအများပြည်သူ၏ လေးစားကြည်ညိုခံရမှု ယုတ်လျော့လာနေကြောင်း နိုင်ငံတကာပညာရေး (EI)အဖွဲ့အစည်း၏ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအရာရှိမစ္စရှာရှီဘလာဆိုင်းက ပြောသည်။


ပညာရေးမူဝါဒပြုပြင်ပြောင်းလဲမှုနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် သုံးရက်ကြာ ကျင်းပသောအဆင့်မြင့်နှင့် အခြေခံဆရာ၊ဆရာမများ တွေ့ဆုံဆွေးနွေးပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"လူငယ်တွေဟာ ဆရာ၊ ဆရာမအလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းလိုစိတ် လျော့နည်းလာပါတယ်။ လွန်ခဲ့တဲ့နှစ်ပိုင်းကို ကြည့်မယ်ဆိုရင်လည်းဆရာ၊ ဆရာမတွေအနေနဲ့ အများ ပြည်သူရဲ့ ကြည်ညိုလေးစားခံရမှုယုတ်လျော့လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ယူနက်စ်စကိုရဲ့ ကမ္ဘာလုံးဆိုင်ရာလေ့လာဆန်းစစ်မှုနဲ့ ကျွမ်းကျင်သူတွေရဲ့ အစီရင်ခံစာတွေကို လေ့လာကြည့်မယ်ဆိုရင် တကယ်ကိုကြောက်စရာကောင်းတဲ့ အချက်တွေကို တွေ့ရမှာဖြစ်ပါတယ်"ဟု မစ္စရှာရှီဘလာဆိုင်းကပြောသည်။

မြန်မာနိုင်ငံတွင်လည်း ဆရာ၊ ဆရာမအရေအတွက်လိုအပ်ချက်မြင့်မားနေပြီး အထူးသဖြင့် ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူဦးရေ သိသိသာသာ လျော့နည်းနေခြင်းသည် ကြီးမားသောစိတ်ခေါ်မှုဖြစ်နေသည်။

"ကလေးသူငယ်တွေကိုသင်ကြားတဲ့ဆရာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေတာတွေ့ရသလိုသူတို့အတွက်သင်ကြားမှုအထောက်အကူပြုသင်တန်းပေးမှုတွေ အားနည်းနေတာတွေ့ရပါတယ်။နောက်ပညာရေးနဲ့ပတ်သက်တဲ့ အဆောက်အအုံတွေ တည်ဆောက်မှုမှာ အားနည်းမှုတွေသိရပါတယ်။ အဲဒီအချက်တွေက ဆရာ၊ဆရာမဖြစ်လိုမှုကိုယုတ်လျော့စေသလိုဖွံ့ဖြိုးတိုးတက်မှုမှာလည်း အင်မတန်ဆိုးရွားမှုဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

နိုင်ငံတကာ ပညာရေး (EI) အဖွဲ့အစည်းအနေဖြင့် လူသားအားလုံးကောင်းမွန်သော ပညာရေးစနစ်ဖြင့် သင်ယူခွင့်ရရေးဖြစ်သလို ပညာရေးစနစ်အတွင်းရှိ ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းအားလုံးသည်ကောင်းမွန်သော လူနေမှုအဆင့်အတန်းရရှိရေးတို့ဖြစ်ကြောင်း မစ္စရှာရှီဘလာဆိုင်းက ပြောသည်။











7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် လေဆိပ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ ဖွင့်မည်

**နေလင်းထွန်း**


**ရန်ကုန်၊ ဒီဇင်ဘာ-၁၃**

မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာ တက္ကသိုလ်တွင် လေဆိပ်စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းကို လာမည့်နှစ် ဇန်နဝါရီ ၆ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာထားသည်။

လေဆိပ်စီမံခန့်ခွဲမှုသင်တန်းသည် တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး ဘီအီး၊ ဘီဘီအေ၊ဘီကွန်းဘွဲ့ရရှိထားသူလေဆိပ်၌ သုံးနှစ်နှင့်အထက်တာဝန်ထမ်းဆောင်ဖူးသူများလျှောက်ထားနိုင်ကြောင်း၎င်း တက္ကသိုလ်က သတ်မှတ်ထားသည်။ “လေဆိပ်တွေလည်း အများ ကြီးထပ်မံတိုးချဲ့ဖွင့်လှစ်လာဖို့ရှိတယ်လေ။ အဲဒီအတွက် ဒီဘာသာရပ်ကျွမ်းကျင်သူတွေလိုအပ်လာမှာပါ။ ဘွဲ့ကြိုမဖွင့်လှစ်နိုင်သေးတဲ့အတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်တာပါ။ တခြားသင်တန်းတွေလိုပါပဲ။ တစ်လကိုကျပ်တစ်သောင်းပါ”ဟု မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အသက်(၄၀)ထက်မကြီးသူများလျှောက်ထားနိုင်မည်ဖြစ်ပြီး သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများကိုသာ သင်တန်းတက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ပထမဆုံးအကြိမ်ဖွင့်လှစ်သောလေဆိပ်စီမံခန့်ခွဲမှုသင်တန်းတွင်သင်တန်းသား ၁၅ဦးခန့်လက်ခံသင်ကြားသွားရန်ရည်မှန်းထားပြီး တက်ရောက်လိုသူများသည် ဒီဇင်ဘာလ ၂၇ ရက် နောက်ဆုံးထား၍ ဝင်ခွင့်လျှောက်လွှာရယူလျှောက်ထားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။




# ထောင်စုနှစ်ပညာရေးပန်းတိုင်မြန်မာ ပြည့်မီရန် မဖြစ်နိုင်ဟု ကုလသမဂ္ဂသုံးသပ်

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ-၁၃**

မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှေးကွေးနေခြင်းကြောင့် ထောင်စုနှစ်ပန်းတိုင်ရှစ်ခုတွင် ဒုတိယအချက်ဖြစ်သော ကလေးတိုင်းမူလတန်းပညာ ပြီးဆုံးရေးရည်မှန်းချက်သည် ၂၀၁၅ ခုနှစ်တွင်ပြည့်မီရန်မဖြစ်နိုင်ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာက သုံးသပ်ထားသည်။

ယခုနှစ်ပိုင်း၌ အခြေခံပညာကျောင်းများတွင် ကျောင်းသားဦးရေများပြားလာခြင်း၊ ပညာရေးအသုံးစရိတ်များတိုးမြှင့်ရရှိခြင်းကဲ့သို့ရလဒ်ကောင်းတချို့ဖြစ်ပေါ်ခဲ့သော်လည်း ကုလသမဂ္ဂထောင်စုနှစ်ပန်းတိုင်၏ ဒုတိယအချက်ကို ပြည့်မီရန် အခက်အခဲများပြည့်နှက်နေသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်မှုအနေဖြင့် အသက် ၁၅ နှစ်မှ ၂၄ နှစ်အရွယ်လူငယ်များ၌ ၉၆ ရာခိုင်နှုန်းဖြင့် မြင့်မားမှုရှိနေသော်လည်း မူလတန်းပညာသင်ယူပြီးဆုံးမှုအခြေအနေသည် တိုးတက်မှုနှေးကွေးနေကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

“အဓိကပြဿနာအနေနဲ့ ကျောင်းထွက်နှုန်းက မူလတန်းအဆင့်မှာတင် တော်တော်မြင့်မားနေတယ်။ မိသားစုစားဝတ်နေရေးအခက်အခဲက ကလေးတွေကို စာသင်ခန်းကနေဆွဲထုတ်ပြီး လုပ်ငန်းခွင်တွေထဲကို စောစောစီးစီးရောက်ရှိသွားစေတယ်။ အစိုးရအနေနဲ့ မသင်မနေရမူလတန်းပညာရေး ဥပဒေပြဋ္ဌာန်းနိုင်ဖို့ နည်းလမ်းတွေအလျင်အမြန်ရှာဖွေလေ့လာသင့်တယ်”ဟု ပညာရေးလေ့လာသုံးသပ်မှုဆောင်ရွက်နေသော ပညာရှင်တစ်ဦးကဆိုသည်။

မူလတန်းအသားတင် ကျောင်းအပ်နှုန်းသည် ၈၈ ရာခိုင်နှုန်းရှိနေသော်လည်း စတုတ္ထတန်းသို့ ရောက်ရှိသွားသော ကလေးဦးရေသည် ၇၅ ရာခိုင်နှုန်းသာရှိနေပြီး ကျောင်းအပ်နှုန်းနှင့် အတန်းပြီးဆုံးမှုနှုန်းအကြား ကွာဟချက်ကြီးမားနေကြောင်းကုလသမဂ္ဂ၏ အစီရင်ခံစာတွင်ထောက်ပြထားသည်။

အရွယ်လွန်နေသောကလေးငယ်များ၊ ကျောင်းပြင်ပရောက်ကလေးငယ်များနှင့် ကျောင်းနုတ်ထွက်နေသောကလေးငယ်များ၏ အရေးကိစ္စသည် ထောင်စုနှစ်ပညာရေးပန်းတိုင်ပြည့်မီရန် မြန်မာနိုင်ငံ၏အဓိကဖြေရှင်းရမည့် စိန်ခေါ်မှုဖြစ်နေကြောင်း အစီရင်ခံစာတွင် သုံးသပ်ထားသည်။

# ဟန်ဂေရီနိုင်ငံက မြန်မာကျောင်းသားများအား ပညာသင်ဆုပေးရန် လာရောက်ဆွေးနွေး

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၂**

ဟန်ဂေရီနိုင်ငံသည် မြန်မာကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုပေးအပ်ရန်နှင့် ပညာရေးဖလှယ်မှုအစီအစဉ်များ ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာန၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် လာရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံရှိ ပညာရေးဝန်ကြီးဌာနနှင့် ဟန်ဂေရီနိုင်ငံရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ဝန်ကြီးဌာနတို့အကြား ပညာရေးဖလှယ်မှုအစီအစဉ်များလက်မှတ်ထိုးရေးနှင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တို့တွင် တစ်နှစ်လျှင် မြန်မာကျောင်းသား၃၀ဦးစီပညာသင်ဆုပေးအပ်ရေးတို့အတွက် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

“အတိအကျတော့မသိရသေးဘူး။ သူတို့ဘက်ကလာပြီး ကမ်းလှမ်းတာပါ။ ဘယ်လိုကျောင်းသားတွေကို ပညာသင်ဆုပေးအပ်မလဲဆိုတာလည်း အသေးစိတ်ဆက်လက်ဆွေးနွေးဖို့လိုအပ်နေပါသေးတယ်”ဟု ပညာရေးဝန်ကြီးဌာနမှ အရာထမ်းတစ်ဦးက ပြောသည်။

ထို့အပြင် ဂျပန်နိုင်ငံရှိ ဗုဒ္ဓကျောင်းတော်မှ ဘုန်းတော်ကြီး ကေချီအေဘီသည် ဒေါက်တာမျိုးမြင့်နှင့်လာရောက်တွေ့ဆုံ၍ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သမ္မတဦးသိန်းစိန်လက်ထက်၌ သြစတြေးလျ၊ ဗြိတိန်၊ နော်ဝေး၊ ဆွီဒင်၊ ဂျာမနီ၊ ဂျပန်၊ အမေရိကန်၊ ကိုရီးယားစသည့် နိုင်ငံများမှ အစိုးရနှင့် ပညာရေးအဖွဲ့အစည်းများသည် မြန်မာ့ပညာရေးမြှင့်တင်ရေးအတွက် ပူးပေါင်းကူညီမှုများဆောင်ရွက်လျက်ရှိသည်။

7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# အလုပ်ထုတ်ခံရသူများအတွက် နစ်နာကြေးတိုးမြှင့်သတ်မှတ်ရန် ညှိနှိုင်းမှုမပြေလည်သေး

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၃**

အလုပ်ထုတ်ခံရသည့် အလုပ်သမားများအား ပေးလျော်သော နစ်နာကြေးကို တိုးမြှင့်သတ်မှတ်ရန် ညှိနှိုင်းဆွေးနွေးသော်လည်း ပြေလည်မှုမရရှိသေးကြောင်း အလုပ်သမားဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းကပြောသည်။

ယခုနှစ်ပိုင်းအတွင်း လုပ်ခလစာနည်းပါးမှုနှင့် အလုပ်သမားအခွင့်အရေးဆုံးရှုံးလျက်ရှိသော အလုပ်သမားများက အလုပ်ရှင်များထံ ရပိုင်ခွင့်များကို တောင်းဆိုမှုများ ပိုမိုပြုလုပ်လာကြသည်။ ထိုသို့ တောင်းဆိုမှုများပြုလုပ်လာကြသည့်အတွက် အချို့သော အလုပ်သမားများသည် လုပ်ငန်းခွင်မှ အလုပ်ရပ်စဲခံရမှုများရှိလာသည်။




ဓာတ်ပုံ-နစ်ကီ

အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးခုံသမာဓိကောင်စီ၌ ဖြေရှင်းဆောင်ရွက်ရသော အမှုများအနက် အလုပ်ရှင်က လုပ်ငန်းခွင်အတွင်း အလုပ်သမားများကို အကြောင်းအမျိုးမျိုးပြ၍ အလုပ်မှထုတ်ပယ်သည့် ပြဿနာများကို အများဆုံးဖြေရှင်းဆောင်ရွက်နေရကြောင်း ဌာနမှ သတင်းရရှိသည်။

ထို့ကြောင့် ယခုအခါ အလုပ်သမားတစ်ဦးကို အလုပ်မှထုတ်ပယ်ပါက အလုပ်ရှင်ဘက်က ပေးလျော်ရမည့် နစ်နာကြေးနှုန်းထားကိုပြန်လည်ပြင်ဆင်သတ်မှတ်ရန် အစိုးရက အလုပ်ရှင်အလုပ်သမားကိုယ်စားလှယ်တို့နှင့် ဒီဇင်ဘာလ ၉ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် အစိုးရကတင်ပြသော သတ်မှတ်နှုန်းထားအပေါ် အလုပ်ရှင်ကိုယ်စားလှယ်ဘက်မှ ၎င်းတို့ညီနောင်လုပ်ငန်းရှင်အဖွဲ့တို့နှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးဦးမည်ဖြစ်ပြီး လာမည့် ဇန်နဝါရီလဆန်းတွင် တင်ပြသွားမည်ဟု သတင်းရရှိသည်။

"အဆိုပြုတင်ပြတာကတော့ အလုပ်ရှင်ရော၊ အလုပ်သမားရောဒါပေမဲ့ အလုပ်ရှင်က ပေးရမှာဖြစ်တော့ အဓိကသူတို့နဲ့ဆွေးနွေးရမှာ" ဟု ဒေါက်တာသန်းဝင်းက ပြောသည်။

ယခင်ကအလုပ်ထုတ်နစ်နာကြေးကို ဝါဏိဇ္ဇဖြေရှင်းမှုအက်ဥပဒေတွင် လုပ်သက်တစ်နှစ်မှသုံးနှစ်အတွင်းရှိသော အလုပ်သမားတစ်ဦးလျှင် လုပ်ခလစာငွေ သုံးလအဖြစ် သတ်မှတ်ထားပြီး လုပ်ငန်းခွင်၌ မည်မျှလုပ်သက်ကြာမြင့်သော်လည်း လုပ်သက်သုံးနှစ်အထက်ရှိသူများအား အမြင့်ဆုံးလုပ်ခလစာငွေ ငါးလထိသာပေးလျော်ရမည်ဟု သတ်မှတ်ထားသည်။

ယခုအခါ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများကို အလုပ်မှထုတ်ပယ်မည်ဆိုပါက လုပ်သက်အလိုက် သတ်မှတ်ထားပြီး အနှစ် ၂၀ ကျော်အထိရှိသောလုပ်သားများအား ကြာမြင့်သည့်နှစ်အလိုက် သီးခြားနှုန်းထားဖြင့် ယာယီသတ်မှတ်ထားသည်။ သို့သော် ၎င်းတို့ယာယီသတ်မှတ်နှုန်းထားကို အစိုးရဘက်က တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးပေ။

"အဓိက လုပ်ဆောင်ပေးစေချင်တာ အလုပ်ထုတ်နစ်နာကြေးထက် အလုပ်တည်မြဲဖို့က အရေးကြီးတယ်လို့ ထင်ပါတယ်။ နှုန်းထားမြင့်မြင့် သတ်မှတ်လိုက်ရင်တော့ အလုပ်ထုတ်ပစ်ချင်တိုင်း ထုတ်ကြတော့မှာမဟုတ်ဘူး။ အခုဆို ဒီအတိုင်းထုတ်ပစ်နေကြတာတွေရှိတယ်"ဟု တိုင်ရီဖိနပ်စက်ရုံမှ အလုပ်သမားအဖွဲ့အစည်း ခေါင်းဆောင် ဒေါ်မိုးဝေက ပြောသည်။

ယင်းအလုပ်ထုတ်နစ်နာကြေးနှုန်းထားသတ်မှတ်မှုနှင့်ပတ်သက်၍ လက်ဝါးအထည်ချုပ်စက်ရုံလုပ်ငန်းရှင် ဒေါက်တာခင်မောင်အေးကလည်း "ကျွန်တော်တို့အလုပ်ရှင်ကတော့ နိုင်ငံတော်က သတ်မှတ်တဲ့အတိုင်း လိုက်နာရမှာပဲ။ အလုပ်သမားတွေတောင်းဆိုရင်လည်း ပေးရမှာပဲ။ အလုပ်ကထုတ်ရင်လည်း ပေးရမှာပဲ။ ကျွန်တော်တို့ကတော့ ခံဘက်ကချည်းပဲ။ စက်ရုံပိတ်လို့နစ်နာကြေးပေးမယ်ဆိုရင် ငါးလစာထက်ပိုပေးရမယ့် လျော်ကြေးကိုတော့ လက်မခံဘူး"ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်မှစ၍ ယခုအချိန်အထိ အလုပ်ရှင်အလုပ်သမားအငြင်းပွားမှု အမှုအရေအတွက် ၁,၅၀၀ ခန့် ဖြစ်ပွားခဲ့သည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
လိုင်စင်ရသူနာပြုကျွမ်းကျင်သူ(မ-၅ဦး)။
ဖုန်း- ၀၉-၄၂၁၁၈၀၈၀၀

---

**ဝန်ထမ်းအလိုရှိသည်**
Brand Manager (F- 1Post), Merchandiser (M/F- 1Post), Admin Staff (F- 1 Post), Sales Supervisor (Ygn & Mdy) (F- 2Post), Sales Associate (Ygn & Mdy) (F-6Post).
Majestic Co.,Ltd. No.(701), 7th Floor, Diamond Condo Tower(B), Pyay Road, Kamaryut Tsp. Ph: 09-73257575

---

**စိုးစံ(လင်း)အကျိုးဆောင်ကုမ္ပဏီ**
- (အိမ်၊ခြံ၊မြေ) Marketing + အရောင်း (ကျား/မ- ၁၀ ဦး)၊ အသက် ၂၀-၂၅ နှစ်ကြား၊ ဘွဲ့ရ၊ - ယာဉ်မောင်း (ကျား- ၃ ဦး)၊ အသက် ၂၅-၅၀ နှစ်ကြား၊ - အင်္ဂလိပ်ဘာသာပြန် (4 Skills) (ကျား/မ- ၂ ဦး)၊ အသက် ၂၅-၄၀ နှစ်ကြား၊ ဘွဲ့ရ။ လိုအပ်သည့်စာရွက်စာတမ်းများဖြင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။
အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ ကမာရွတ်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Sales Representative | M (2) Posts |
| Sales Assistant | M (2) Posts |
| Driver | M (3) Posts |
| Promotion Girl | F (10) Posts |
| Warehouse Helper | M (4) Posts |

PH: 09 250473431

---

**ဝန်ထမ်းအလိုရှိသည်**
ဆရာ၊ ဆရာမအလိုရှိသည်။
ထိုင်းဘာသာစကား 4Skills (၂)ဦး
ပြင်သစ်ဘာသာစကား 4 Skill (၂)ဦး
ဂျာမန်ဘာသာစကား 4 Skill (၂)ဦး
ရုရှားဘာသာစကား 4 Skill (၂)ဦး
ဖုန်း-၀၉ ၅၀၅၈၉၃၄

---

**ဝန်ထမ်းအလိုရှိသည်**
EDUCATION COUNSELOR တစ်ဦးအလိုရှိသည်။ အရည်အချင်း ပြည့်ဝသော EDUCATION COUNSELOR တစ်ဦးခန့်ထားရန်အတွက် ပညာ အရည်အချင်း အထောက်အထားများနှင့်အတူ။
ဖုန်း-၀၉ ၅၀၆၂၈၉၁

---

**ဝန်ထမ်းအလိုရှိသည်**
ကလေးထိန်းအလိုရှိသည်။ စစ်တွေတွင်တာဝန်ထမ်းဆောင်ရန်။ မူကြိုသင်တန်းတက်ဖူးသူဦးစားပေးမည်။
လစာ- ရှစ်သောင်း(သို့)တစ်သိန်း။
ဖုန်း-၀၉ ၇၃၁၁၃၂၉၂

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းအလိုရှိသည်။
ဖုန်း-၀၉ ၄၃၀၅၇၃၃၁

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Assistant Auditor | M/F (5) Posts |
| Admin Staff | F (2) Posts |
| ကျွမ်းကျင်ယာဉ်မောင်း | M (2) Posts |

31.12. 2013 မတိုင်မီလျှောက်ထားရန်။
ဖုန်း-၀၁ ၆၅၇၈၃၀

---

**ဝန်ထမ်းအလိုရှိသည်**
Amazing Time Travels & Tours
Tours Operator M/F (2) Posts
139,2nd fl.Bargayar Rd,SCHG, YGN.
PH:09 43064845

---

**ဝန်ထမ်းအလိုရှိသည်**
ရေသန့်စက်ရုံတွင် အုပ်ချုပ်ရန် မန်နေဂျာ (၁) ဦးအလိုရှိသည်။ ဘွဲ့ရ၊ အသက် ၃၅ မှ ၄၅ နှစ်၊ အတွေ့အကြုံ သုံးနှစ်။ ရေသန့်စက်ရုံလုပ်ကိုင်ဖူးသူ ဦးစားပေးမည်။ ဖုန်း-၀၁ ၅၈၀၅၅၀

---

**ဝန်ထမ်းအလိုရှိသည်**
စာရင်းကိုင် မ (၂) ဦး
ယာဉ်မောင်းမြို့တွင်း/နယ် ကျား (၃) ဦး
အမှတ်(အေ-၂၉)၊ ဦးဝိစာရလမ်း၊ ၃၄ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်။

---

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်ကျွမ်းကျင် မ (၅) ဦး
ခေါင်းလျှော်အလုပ်သင် မ (၁၀) ဦး
လစာ/နေရေး/စားရေး စီစဉ်ပေးမည်။
ဖုန်း-၀၉ ၇၃၀၀၅၆၁၁

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းကြီးကြပ်ရေးမှူး
ကျား(၁) ဦး၊ မ (၂) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း
ကျား (၂) ဦး၊ မ (၅) ဦး
အရောင်းဝန်ထမ်း
ကျား (၂) ဦး၊မ (၅) ဦး
ဖုန်း-၀၉ ၈၆၂၀၅၀၈

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Cashier | M (5) Posts |
| Reception/Waiter | M (20) Posts |
| အကြော်ဆရာ | M (3) Posts |
| Housekeeping | M (5) Posts |
| Security | M (20) Posts |

PH:01 8619223

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

| | |
|---|---|
| Architect Engineer | M/F (5) Posts |
| Site Manager | M (5) Posts |
| Interpreter (English) | M/F (5) Posts |
| Marketing | M/F (5) Posts |
| Logistic Officer | M/F (5) Posts |
| Law Officer | M/F (2) Posts |

PH:01 560726

---

**ဝန်ထမ်းအလိုရှိသည်**
LCCI I,II,& MYOB သင်ကြားနိုင်သူ (၂) ဦး
AutoCAD 2D,3D& 3ds Max (၂) ဦး
Programming သင်ကြားနိုင်သူ (၂) ဦး
Wed Design သင်ကြားနိုင်သူ (၂) ဦး
Basic,DTP,Graphic Design သင်ကြားနိုင်သူ (၆) ဦး၊ ကွန်ပျူတာ အလုပ်သင် (၆) ဦး၊ Reception (၄) ဦး။
ဖုန်း-၀၉ ၄၉၂၉၀၇၇၈

---

**အလိုရှိသည်**
ပညာသင်ဝန်ထမ်း မ (၁၀) ဦး
ဓာတ်ပုံပညာသင်ကြားပေးမည်။
သင်တန်းပြီးဆုံးပါကအလုပ်ပြန်လည်ခန့်ထားပေးမည်။
ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Air Con ကျွမ်းကျင် (၅) ဦး
သင်တန်းသား(အလုပ်သမား) (၅) ဦး
Naing Linn Air Con
ဖုန်း-၀၉ ၅၀၉၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**
TV,DVD ကျွမ်းကျင်စွာပြုပြင်နိုင်သူ(၁)ဦး
ကျပ် သုံးသိန်း။
ဖုန်း-၀၉ ၇၃၀၅၅၃၀၇

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းစာရေးနှင့် အရောင်းမြှင့်တင်ရေး ကျား/မ (၁၀) ဦး၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ ကွန်ပျူတာ အခြေခံရှိရမည်။ ဖုန်း-၀၉ ၇၃၈၂၂၈၈၈

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း မ (၂) ဦး
အရောင်းဝန်ထမ်း ကျား (၃) ဦး
ရုံးကားယာဉ်မောင်း ကျား (၆) ဦး
လုံခြုံရေး ကျား (၃) ဦး
ဖုန်း-၀၁ ၅၂၃၇၄၂

---

**ဝန်ထမ်းအလိုရှိသည်**
FACEBOOK FASHION အတွက်
အမျိုးသမီး အရောင်းဝန်ထမ်း (၃) ဦး
ဆယ်တန်းအောင်၊ အခြေခံလစာ ခြောက်သောင်းကျပ်။
ဖုန်း-၀၉ ၄၅၀၀၀၉၂၀

---

**ဝန်ထမ်းအလိုရှိသည်**
အလုပ်သင်စာရင်းကိုင်အလိုရှိသည်။
LCCI-I,II
လစာ+ Bonus ခံစားခွင့်ရှိသည်။
ဖုန်း-၀၉ ၇၃၀၈၂၉၆၁

---

**ဝန်ထမ်းအလိုရှိသည်**
နေ့ပိုင်းရုံးဝန်ထမ်း ကျား/မ (၅) ဦး
ညပိုင်းရုံးဝန်ထမ်း ကျား (၅) ဦး
ဖုန်း-၀၉ ၇၃၀၁၇၅၀

---

**ဝန်ထမ်းအလိုရှိသည်**
LCCI I,II,& MYOB သင်ကြားနိုင်သူ (၂) ဦး
AutoCAD 2D,3D& 3ds Max (၂) ဦး
Programming သင်ကြားနိုင်သူ (၂) ဦး
Wed Design သင်ကြားနိုင်သူ (၂) ဦး
Basic,DTP,Graphic Design သင်ကြားနိုင်သူ (၆) ဦး
ကွန်ပျူတာအလုပ်သင် (၆) ဦး
Reception (၄) ဦး
ဖုန်း-၀၉ ၄၉၂၉၀၇၇၈

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Marketing | M/F (5) Posts |
| Marketing Manager | M (1) Posts |
| Marketing Executive | M/F (3) Posts |

PH:09 43096666

---

**ဝန်ထမ်းအလိုရှိသည်**
Chinese/English ပြောတတ်သူ မ (၂) ဦး
စာရင်းကိုင် မ (၂) ဦး
ရုပ်ရည်အသင့်အတင့်ရှိရမည်။ အသက် ၃၅ နှစ်အောက်။ ဖုန်း-၀၉ ၅၁၄၀၀၂၀

---

**ဝန်ထမ်းအလိုရှိသည်**
Computer Accountant (1) Post
PH:09 73198266

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ကိုယ်မဖော်သည့်ဆေးဖေမို့ ကိုယ်ကဖြင့်မမျိုနိုင်

**သင်းရီ**

၁၉၈၈ ခုနှစ်တုန်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟု နာမည်တပ် ထားခဲ့သောအာဏာသိမ်း စစ်ကောင်စီထဲမှ ဗိုလ်ချုပ်ကြီးဟောင်း လည်းဖြစ်စစ်အစိုးရ၏ နဝတ၊ နအဖ ဝန်ကြီးချုပ်ဟောင်း လည်းဖြစ်သောဦးခင်ညွန့်၏ အင်တာဗျူးတွေကိုစုပေါင်း ထုတ်ဝေထားသည့် စာအုပ်တစ်အုပ်ဟိုတစ်လောတုန်းကထွက်လာခဲ့သည်။ စာဖတ်ပရိသတ်တွေကြားထဲ၊ နိုင်ငံရေးစိတ်ဝင်စားကြသူတွေကြားထဲ အတော်ရေပန်းစားသည့် စာအုပ်တစ်အုပ်ဖြစ်လေ၏။ မြန်မာ့နိုင်ငံရေးသမိုင်း၏ ထိပ်တန်းနေရာတွင် မလွဲမသွေ နေရာတစ်နေရာပေးရမည်ဖြစ်သော ဦးခင်ညွန့်ကဲ့သို့ ပုဂ္ဂိုလ်တစ်ဦး၏စိတ်သဘောထားအတိမ်အနက်ကို တစ်စုံတရာခန့်မှန်းလေ့လာခွင့်ရနိုင်သောစာအုပ်တစ်အုပ်ဖြစ်သဖြင့် ကြိုဆိုရသည်။

ထိုစာအုပ်ထုတ်ဝေခြင်း အခမ်းအနားတွင် ဦးခင်ညွန့်ပြောခဲ့သည့် 'တည်ဆဲဥပဒေ' ဆိုသည့်စကားတစ်ခုအတွက်မူအနည်းငယ်တွေးစရာတစ်ခု ရလာခဲ့ရသည်။

" အပြစ်ရှိတယ် မရှိဘူးဆိုတာက. . အဲ့ဒီတုန်းက အစိုးရရဲ့တည်ဆဲဥပဒေရှိတဲ့အတွက် တည်ဆဲဥပဒေ ဖောက်ဖျက်ရင်တော့အပြစ် ရှိတာပဲ။ အဘတောင်မှအပြစ်ပေးခံခဲ့ရတာပဲ။ အဘတုန်းက ထောင်ဒဏ် ၄၄ နှစ်ကျခံခဲ့ရတာပဲ။ အဲ့ဒါ တည်ဆဲဥပဒေကိုဖောက်ဖျက်တယ်ဆိုပြီးတော့ အဲ့ဒီအစိုးရကနေ ယူဆရင် အဲ့ဒါစွဲချက်နဲ့တင်ရင် အဲ့ဒါဟာ အပြစ်ရှိသွားတာပဲ. . . နော်. . . အပြစ်မရှိဘဲနဲ့ အလကားနေရင်း ထောင်ထဲထည့်တယ် ဆိုတာကတော့ပြောလို့ မရဘူးလေ. . . "

ဦးခင်ညွန့်၏ စကားအရ လူတစ်ဦးတစ်ယောက် အပြစ်ရှိခြင်းမရှိခြင်းဆိုသည်ကို တိုင်းတာဆုံးဖြတ်ရာ၌ တည်ဆဲဥပဒေကိုစံပေတံအဖြစ်အသုံးပြုသည်ဟုဆိုသည်။ တည်ဆဲဥပဒေဟု ဆိုရာ၌ပင် အဲ့ဒီတုန်းက အုပ်ချုပ်နေသောအစိုးရ၏ တည်ဆဲဥပဒေ(သို့မဟုတ်)ထိုအစိုးရ ကိုယ်တိုင်ရေးဆွဲထားသော ဥပဒေကို ဆိုခြင်းဖြစ်၏။ ထိုသို့ထိုအစိုးရကိုယ်တိုင် ရေးဆွဲထားသောတည်ဆဲ ဥပဒေကိုဖောက်ဖျက်သည်ဟုထိုအစိုးရကပင် ယူဆလျှင် အဲ့ဒါသည်ပင် အပြစ်ရှိသွားတာပဲဟု ဦးခင်ညွန့်က အပြစ်ရှိခြင်း၊ မရှိခြင်းအပေါ် ၎င်း၏ အမြင်သဘောထားယူဆချက်ကိုပြောသွားသည်။




ထိုစကားနှင့် ပတ်သက်၍ မိမိကတော့ ဦးခင်ညွန့်နှင့် အမြင်သဘောထားချင်း မတိုက်မဆိုင်ဖြစ်ရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အဆန်းတော့လည်း မဟုတ်လှ။ အဘယ့်ကြောင့်ဆိုသော် ထိုစဉ်က ထိုနဝတ၊ နအဖ အစိုးရအဖွဲ့၏ ထိပ်တန်းနေရာတွေထဲမှ key player နေရာ၌ ရှိခဲ့သူ ဦးခင်ညွန့်၏ ဘဝ အမြင်နှင့် ထိုအစိုးရ၏အဖိနှိပ်ခံဘဝ၌ပီပီပြင်ပြင်နေခဲ့ရသူ မိမိ၏ ဘဝအမြင်မည်သို့မျှ တူညီနိုင်မည် မဟုတ်လေသောကြောင့်ဖြစ်၏။

ထို့ကြောင့်လည်း ဦးခင်ညွန့်ပြောသော တည်ဆဲဥပဒေဆိုသည့်စကားလုံးက မိမိနားထဲ ယင်ကောင်တစ်ကောင်ဝင်၍ ကလိထိုးသလိုမျိုး ယားကျိကျိနှင့် အခံရခက်မိရခြင်းဖြစ်သည်။

ဥပဒေဆိုသည့် စကားကို ဦးခင်ညွန့် မည်သို့ အဓိပ္ပာယ်ဖွင့်လေမည်မသိ။ မိမိကတော့ အများ လိုက်နာနိုင်သော စည်းကမ်းချက်များကို အများသဘောတူ ချမှတ်လျက် အများက အတည်ပြုထားသည့် သတ်မှတ်ချက်စည်းမျဉ်းများကို ဆိုခြင်းဖြစ်သည်ဟုဆိုချင်သည်။ ဤစားလုံးသည် ဥပဒေပညာရပ်၌အ သုံးပြုသောစကားရပ် ဟုတ်မဟုတ် မိမိက ဥပဒေပညာရှင် မဟုတ်၍ မသိသော်လည်း ဥပဒေဆိုသည်ကို ထိုသို့သာမြင်သည်။ လူအများလိုက်နာနိုင်ခြင်းလည်းမရှိ လူအများက သဘောတူထားသည်လည်း မဟုတ်သော သတ်မှတ်ချက်များကိုမူ ဥပဒေဟု မမြင်။ ဖိနှိပ်ရေး ကိရိယာများဟုသာမြင်သည်။

ထို့ထက်ကား အများက ၎င်းတို့ကိုယ်စား ၎င်းတို့ကို စီမံခန့်ခွဲပေးပါရန်ဟု တရားဝင် တာဝန်အပ်နှင်းထားခြင်းမရှိပါဘဲလျက် လက်နက်(သို့မဟုတ်) အင်အားတစ်စုံတစ်ရာကိုအသုံးပြုကာ စီမံခန့်ခွဲခွင့်ကိုအဓမ္မ ရယူထားသောလူပုဂ္ဂိုလ်တစ်ဦးဦးက သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုက သော်လည်းကောင်း မည်သူကမျှ မတောင်းဆိုပါဘဲ ၎င်းတို့ဘာသာရေးဆွဲသော စည်းမျဉ်းစည်းကမ်းများကိုလည်း ဥပဒေပါဟု မိမိကတော့ မမြင်နိုင်။ အသိအမှတ်မပြုနိုင်။ အခိုက်အတန့်အားဖြင့်အာဏာကို အဓမ္မလက်ဝယ်ကိုင်စွဲထားသူက ထိုအာဏာဖြင့်ရေးခွင့်ရှိနေခိုက် ရေးချထားသောစာကြောင်းများ ဟုသာမြင်သည်။

ထို့ကြောင့်လည်း ဥပဒေဟု ၎င်းတို့ဘာသာ၎င်းတို့ သတ်မှတ်ထားသော စည်းမျဉ်း၊ စဉ်းကမ်းဆိုတာတွေအရ အပြစ်ဒဏ်ဟု သတ်မှတ်အပြစ်ပေးခြင်းကို တရားသောအပြစ်ဒဏ်ဟု မသတ်မှတ်နိုင်။

ထို့ထက်ကား၎င်းတို့ဘာသာ၎င်းတို့ရေးဆွဲသတ်မှတ်ထားသည့် ဥပဒေဆိုသော သတ်မှတ်ထားချက်တွေနှင့် မတရား သက်သေတွေ ကိုမည်ကာမတ္တအသံထွက်ခိုင်းကာ လူသူကွယ်ရာတွင် ခုခံထုချေခွင့်မဲ့ အကျဉ်းချုံး အပြစ်ဒဏ်ချမှတ် အပြစ်ပေးခြင်းကို မတရားဖိနှိပ်ခြင်း ဟုသာ မြင်သည်။

နဝတ၊ နအဖများ လက်ထက်တော် အခါများက ထိုသို့သော အပြစ်ဒဏ်ချမှတ်ပြီး ၎င်းတို့၏ ဥပဒေထဲ၌ပင် မပါဝင်သော မချိမဆန့်နှစ်ရှည်အပြစ်ဒဏ်တွေချမှတ်ခံခဲ့ရသူတွေ မနည်းလှ။

တစ်ခါတစ်ရံဆို တရားသူကြီးစိတ်ဆိုးသဖြင့် အပြစ်ဒဏ်နှစ်တိုးပစ်လိုက်တတ်သေးသည်ဆိုသည့် အပြစ်ဒဏ်ပေးတာမျိုးတွေ ရှိပြန်သေးဆိုသည့်အခါ ရယ်ချင်မိပက်ကျိ ဆိုသည့် တရားစီရင်မှုမျိုးတွေပဲဖြစ်၏။

မှတ်မိသေးသည်။ မိမိတို့ ၁၉၉၀ ရွေးကောက်ပွဲလွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးကို စွဲတင်ခဲ့သည့် ဒေါက်တာစိန်ဝင်း စင်ပြိုင်အစိုးရနှင့် ပတ်သက်သည့် နိုင်ငံတော် ပုန်ကန်မှုကို အင်းစိန် အကျဉ်းထောင်ရှေ့မှစစ်ခုံရုံး အမှတ်(၁) တွင်စစ်ဆေးတော့ တရားလိုပြသက်သေတွေက တရားသူကြီးရှေ့နားတွင် တိုးတိုးတိုးတိုးနှင့် ထွက်ဆိုနေကြသည့် ထွက်ချက်တွေကို တရားခံဟု အသတ်မှတ်ခံထားရသည့် မိမိတို့က မကြားရ။ ဘာတွေ ပြောသွားကြသည်လဲလည်း မသိ။ မိမိတို့အတွက် ခုခံချေပပေးမည့်ရှေ့နေရှေ့ရပ်လည်း မရှိ။ ဘေးဘေးဘီဘီတွင်တော့ ဂျီသရီး သေနတ်ကြီးတွေ အသင့်အနေအထားဖြင့် ကိုင်ထားသည့် စစ်သားတွေက ထူထူထပ်ထပ်။ ဟိုထောင့်သည်ထောင့် သုံးလေးနေရာမှအသေအချာရိုက်ယူမှတ်တမ်းတင်နေကြသည့် ဗီဒီယိုကင်မရာတွေကလည်း သုံးလေးလုံး။ အဲ့သည်ဗီဒီယိုကင်မရာတွေထဲကိုတော့ ဘယ်လိုအသံဇလံတွေ ပါသွားမည် မသိ။ မိမိတို့ကဖြင့် ဘာသံမျှ မကြားရ။

သို့နှင့် နောက်ဆုံးတွင်တော့ သည်အမှုတွင် အပြစ်ရှိသလားဆို သည့်မေးခွန်းကို မိမိတို့တစ်ဦးချင်းစီအား တရားသူကြီးခုံတွင် ထိုင်နေသော စစ်ခုံရုံးအဖွဲ့ ခေါင်းဆောင်ဗိုလ်မှူးကြီးကမေးသည့် မေးခွန်းသံသာ မိမိတို့ကြားရုံထွက်လာသည်။ မိမိတို့တစ်ဦးချင်းစီကတော့ ခပ်တိုတိုပင် အပြစ်မရှိပါဟုပဲ ဖြေကြသည်။

မိမိတို့အထဲမှ ကိုကိုးကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့်ဦးလှသန်းကတော့ အမှုကိုကြားနာသည့် ဗိုလ်မှူးကြီးတွေ အမှုနှင့် ပတ်သက်၍ လိပ်ပတ်လည်စေလို၍လောမသိ အသေအချာရှင်းကာအပြစ်မရှိသည့်ကြောင်းထွက်ဆိုခဲ့တာ နားထဲယခုတိုင်ကြားနေမိဆဲရှိသည်။

" ကျွန်တော်တို့ဟာ လက်ရှိနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့တဲ့ပါတီစုံအထွေထွေ ရွေးကောက်ပွဲဥပဒေအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကိုယ်တိုင် ဦးစီးကျင်းပပေးခဲ့တဲ့ပါတီစုံအထွေထွေရွေးကောက်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ပြီး ပြည်သူတွေရဲ့ တစ်ခဲနက်ဆန္ဒမဲနဲ့ ပြည်သူ့ ကိုယ်စားလှယ်တွေ ဖြစ်လာကြသူများဖြစ်ပါတယ်။ ဒါကြောင့်ရာနှုန်းကိုးဆယ်ကျော် ပြည်သူ့ထောက်ခံမဲနဲ့ အနိုင်ရအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစိုးရဖွဲ့ပိုင်ခွင့်ရှိနေပါတယ်။ ဒါကြောင့် ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ကျွန်တော်တို့ဟာ ကိုယ်လုပ်ရမယ့် အလုပ်ကိုကိုယ်လုပ်ကြတာဖြစ်လို့ အဲ့ဒါကိုအပြစ်လို့သတ်မှတ်ရင် သတ်မှတ်သူသာ သမိုင်းတရားခံ . . .

ဌာန်နှင့် မာန်နှင့် ပြောနေသော ဦးလှသန်း၏ စကား သစ္စာက သူ့ကိုကောင်းစွာဖမ်းစား ထားလိုက်သည်လားမသိ။ ဦးလှသန်းစကားဆုံးလုရောက်လေမှ မြားဦးလည်း သူ့ဘက်ကောင်းကောင်းလှည့်လေမှ စစ်ခုံရုံး ဂျူရီလူကြီးဖြစ်သောဗိုလ်မှူးကြီးလည်း သူ့ကိုအထက်မှအမိန့်ဖြင့် ပေးထားသည့် တာဝန်ဆိုသည်ကို သတိရသွားလေသည်လား ထင်၏။ သူ့ရှေ့မှစားပွဲခုံကြီး၏မျက်နှာပြင်ကိုဝုန်းခနဲ နေအောင်ပင် လက်သီးနှင့်ထထုတော့သည်။

**စာမျက်နှာ(၁၉) သို့**

7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# Commodity Watch

စာမျက်နှာ(၁၈)မှ

## ကိုယ်မဖော်သည့်ဆေးပေမို့ ကိုယ်ကဖြင့်မမျိုနိုင်

စင်စစ်တော့လည်း ဟုတ်ပေသား။ သူ့အလုပ်ကနားထောင်နေဖို့မှ မဟုတ်လေသည်ကိုး။ အမှုအနေအထားက မည်သို့ပင်ရှိစေ သူ့အလုပ်က သူ့ရှေ့တွင် လက်ထိတ်တန်းလန်းဖြင့် ထိုင်နေကြသူတွေကို ထောင်ချမိန့်ဖတ်ပြရန် တာဝန်သာရှိလေသည်ပဲ။

“ ဒါ တရားဟောစင်မဟုတ်ဘူး။ ဒါ အမှတ်တစ် စစ်ခုံရုံးဆိုတာ နားလည်ရဲ့လား။ မေးတာကို တိုတိုဖြေ။ အပြစ်ရှိသလား မရှိဘူးလား ဖြေ”

ဗိုလ်မှူးကြီးက ဒေါသဖြင့် မေးသည်။ ဦးလှသန်းကလည်း တိုတိုပဲဖြေသည်။

“လုံးဝမရှိဘူး”

ဂျူရီဗိုလ်မှူးကြီးလည်း အတော်တော့ဖြင့်ဒေါသထွက်သွားပုံရသည်။ မိမိတို့အဖွဲ့လည်း တစ်သက်တစ်ကျွန်းအပြစ်ဒဏ် နှစ် ၂၀ မှ ၂၅ နှစ်သို့ ငါးနှစ်တိုးသွားခဲ့သည်။ ‘ဗိုလ်မှူးကြီးစိတ်ဆိုး အပြစ်ဒဏ် ၅ နှစ်တိုး’ ဆိုသည့် တည်ဆဲဥပဒေမျိုးထင်သည်။

ထိုအငြိုးနှင့်ပင်လားမသိ။ ဦးလှသန်းကိုဆေးကုသခွင့်လုံးဝမပေးဘဲထောင်ထဲမှာပင်သေအောင် ပစ်ထားလိုက်ကြသဖြင့် ဦးလှသန်း တစ်ယောက် အင်းစိန်ထောင်မှာ ကွယ်လွန်ခဲ့ရသည်။ ထို့ကြောင့် တည်ဆဲဥပဒေသံ ကြားလျှင် နားထဲက ယားသည်။

ဦးခင်ညွန့်ကမူ ၎င်းကို ၎င်း တို့၏ တည်ဆဲအစိုးရက ထောင်ဒဏ် ၄၄ နှစ် ချမှတ်ခဲ့ခြင်းအပေါ် တရားမျှတ မှန်ကန်သည်ဟု ဆိုချင်နေပုံရသည်။

ဟုတ်မည်၊မဟုတ်မည်တိတိကျကျမဆိုနိုင်စေကာမူမိမိအထင်၌မူ အားမတန်သဖြင့် မာန်လျှော့ခဲ့ရသည့် အဖြစ်များပေလား ဟုပင် ထင်မိသည်။

ဘာပဲပြောပြော ဦးခင်ညွန့်က သူ့ဟာနှင့် သူတော့ဖြင့် အရည်အချင်းရှိသူ၊ လုပ်ရည်ကိုင်ရည်နှင့် ပြည့်ဝသူတစ်ဦးဖြစ်ကြောင်းက ငြင်းဖွယ်မရှိလှဟု ထင်သည်။ သူ့ဘက်က ကြည့်တော့ သူရဲကောင်း ကိုယ့်ဘက်ကကြည့်တော့ ဘာညာ ဆိုသည့် စကားမျိုးကိုဖြင့် ထားတော့။ ဦးခင်ညွန့် အရည်အချင်းရှိသည်ကတော့ သေချာသည်။ ထို့ကြောင့်ပင် ၈၈ ပြည်သူ့အရေးတော်ပုံကြီးကို စစ်တပ်ကဖြိုခွင်းပြီး အာဏာယူခဲ့စဉ်က ထောက်လှမ်းရေးညွှန်ကြားရေးမှူး၊ ဗိုလ်မှူးကြီး ဟူသောဘဝမျှမှသည် နဝတ၊ နအဖ လက်ထက်ရောက်သည့် အခါ ဗိုလ်ချုပ်ကြီးဖြစ်လာသူ။ မြန်မာနိုင်ငံ၏ အာဏာသိမ်း စစ်အရာရှိကြီးများအတွင်း နံပါတ်(၂)ဟု ပြည်တွင်းနှင့် ပြည်ပကပင် သတ်မှတ်လာခဲ့ရသူ ဖြစ်သည်။ တစ်ခါတစ်ရံဆိုလျှင် နံပါတ်(၂)ပင်မက တစ်နှစ်ပိုင်းတစ်ပိုင်းဟုပင် ဆိုရမလောက် ရှေ့တန်းရောက်ခဲ့သည်ထင်၏။

ထိုအခြေအနေများကိုမြင်ရစဉ်က သွားလေသူဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်တုန်းက ‘ဝမ်းအင်ဟော့ဖ်’ ဟုနာမည်ကြီးခဲ့သောထိုစဉ်က ထောက်လှမ်းရေးညွှန်ကြားရေးမှူး မျက်မှန် ဦးတင်ဦးကြီးကို သွားသတိရသည်။ ထို ဝမ်းအင်ဟော့ဖ် ပုဂ္ဂိုလ်ကြီးလည်း အင်းစိန်ထောင်နှင့် ညားခဲ့ရသည်လေ။

တွေးမိတော့ ဒါသည်ပင် အာဏာရှင်တို့၏ ဓမ္မသတ်ပေလား ထင်မိသည်။

ထို့ကြောင့် ဦးခင်ညွန့်က ကြည်ကြည်ဖြူဖြူဖြင့်ပင် တည်ဆဲဥပဒေ ဆိုသည်ကို ဦးညွှတ်သွားခဲ့ပေမဲ့ မိမိစိတ်ထဲတွင်တော့ ထို တည်ဆဲဥပဒေ ဆိုသည်က ခိုးလိုးခုလု ဖြစ်နေဆဲရှိသည်။

အဲ့သည် နဝတ၊ နအဖ လက်ထက်တော်များအခါတုန်းက ‘ဥပဒေကမည်သို့ဆိုစေ. . ’ ဆိုတာမျိုး၊ ‘ဥပဒေကဲ့သို့ အာဏာတည်စေသောအမိန့်’ ဆိုတာမျိုး လက်တန်းပစ်တွေကလည်းရှိနေသေးသည်ဆိုတော့ ထို တည်ဆဲဥပဒေ ဆိုသည်က ကျောက်ပျဉ်နှင့်ရေ ရှိလျှင် လိုရာ သုံးလို့ရသည့် လိုတရဆေးတောင့်လို ဖြစ်နေသည်ဟု မြင်သည်။

အမျိုးသားညီလာခံ ဆိုသည့် အစည်းအဝေးကြီးကို လက်သင့်ရာ စားတော်ခေါ်ခဲ့သည့် ခေါင်းပဲညိတ်တတ်သူတွေနှင့် ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာကြီးကို ပြည်သူ့ဆန္ဒလုံးဝမပါဘဲကြံကြံဖန်ဖန်ကြတော့လည်း “အမျိုးသားညီလာခံကို နှောင့်ယှက်ဖျက်ဆီးမည့်သူများမှ ကာကွယ်သည့်ဥပဒေ” ဆိုသည့် လက်တန်းပစ် ဥပဒေနှင့်ခြံစည်းရိုး ကာပြီးမှ ကွယ်ရာထောင်ရာတွင်ပြည်သူစစ်စစ်တွေ မပါဘဲ ပုတ်သင်ညိုတွေနှင့် ရေးလာခဲ့သည့် ဥပဒေဟုပဲ မြင်သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆိုသည်ကလည်း နားထင်သေနတ်နှင့်တေ့ပြီး ထောက်ခံခိုင်းသည့် ဆန္ဒခံယူပွဲမျိုးသာဖြစ်ခဲ့သည်။

မိမိကတော့ ပြည်သူ့ဆန္ဒ စစ်စစ် မပါဘဲရေးသည့် မည်သည့် ဥပဒေကိုမဆို ဥပဒေဟုမမြင်ချင်။ တည်ဆဲတွေ မတည်ဆဲတွေဟုလည်း သတ်မှတ်မထားချင်။

အခုလောလောဆယ်မှာပင် ပြည်သူ့ဆန္ဒဆို၍ စတိမျှ ပင်ပါခဲ့သည်မဟုတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ပြည်သူတွေကပင် ပြင်ဆင်ပေးဖို့ တစ်ခဲနက်တောင်းဆိုနေသံတွေ ပဲ့တင်ထပ်မျှ ကြားနေရပြီ။

ထို့ကြောင့် တည်ဆဲဥပဒေ ဆိုတိုင်း မိမိကတော့ဖြင့် အမှန်ဟု မယူဆနိုင်ပါ။ ဦးခင်ညွန့်ကတော့ဖြင့် သူတို့ဖော်ခဲ့သည့်ဆေးပေမို့ သူ့ဘာသာ ဖြစ်ညှစ်မျိုလေသည်လားမသိ။ သူ့ဝမ်းထဲကိုဖြင့် ဝင်ကြည့်လိုက်ချင်ပါဘိ။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 99,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 367,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 355,000 |
| Galaxy Note II | 470,000 |
| Galaxy Tab3 7" | 309,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 450,000 |
| Xperia J | 177,000 |
| Xperia P | 265,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s | 915,000 |
| iPhone 5c(32GB) | 800,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 143,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 116,000 |
| G 610c (CDMA) | 159,000 |
| Y 300c (CDMA) | 102,000 |

ဒီဇင်ဘာ(၁၄) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 680,000 |
| Panasonic(LED) | THL32B6X | 285,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 280,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 262,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95W_9$ | 2 00,000 |
| Panasonic | 72B2 | 210,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 230,000 |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၄)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိCapital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၆၅၀ |
| ဘိလပ်မြေ (AAဗီယက်နမ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၂၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၄)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၅၀-၁,၁၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဒီဇင်ဘာ(၁၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Dec (18) | 815 | 920 | 940 | 960 |
| Dec (19) | 815 | 920 | 940 | 960 |
| Dec (20) | 815 | 920 | 940 | 960 |
| Dec (21) | 815 | 920 | 940 | 960 |
| Dec (22) | 815 | 920 | 940 | 960 |
| Dec (23) | 815 | 920 | 940 | 960 |
| Dec (24) | 815 | 920 | 940 | 96`0 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Asus** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, 14" | 528,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500 GB HDD, HD, 14" | 606,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 750 GB HDD, 15.6" | 890,000 |
| Intel Core i7 2.0 GHz, 4 GB DDR3, 750 GB HDD ,15.6" | 969,000 |
| **Acer** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, HD, 14" | 455,000 |
| Intel Core i3 1.4 GHz, 2GB DDR3, 60 GB SSD, HD,11.6" | 714,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 626,000 |
| Intel Core i7 1.6 GHz, 4 GB DDR3, 1TB HDD ,15.6" | 783,000 |
| **Lenovo** | |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, 14" | 489,000 |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, HD,14" | 454,000 |
| Intel Core i7 2.0GHz,4GB DDR3,500GB HDD,2GB VGA,14" | 812,000 |
| Intel Core i7 2.1 GHz,8GB DDR3,750GB HDD,2GB VGA,15.6" | 930,000 |

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

စာမျက်နှာ (၆) မှ

## မသန်သော်လည်း အားမလျှော့သူ

ပုံမှန်လူသားတစ်ဦး၏ အခွင့်အရေးများ ဆုံးရှုံးခဲ့ရသော မောင်အင်ခွန်မျိုးလတ်၏ ကုသိုလ်ကံခေမှုမှာ ဤမျှမကသေးပါ။

သူနို့စို့အရွယ်တွင် မိဘနှစ်ဦးမှာ ကတောက်ကဆ ဖြစ်ခဲ့ကြပြီး မိခင်ဖြစ်သူ အိမ်ပေါ်မှ ဆင်းသွားခဲ့ရာ ယနေ့အချိန်အထိ ပြန်မရောက်လာတော့ပေ။ ယင်းအချိန်ကတည်းက မောင်အင်ခွန်မျိုးလတ်မှာ အဘိုး၊ အဘွား၊ ဖခင်တို့နှင့်အတူ ကြီးပြင်းခဲ့ရခြင်း ဖြစ်ပါသည်။

သူသွားလိုသည့် နေရာသို့ ရောက်ရန် ကိုယ်ခန္ဓာကို တစ်ပတ်ချင်းလှိမ့်၍ သွားသည်နည်းဖြင့် အသက်(၁၀)နှစ်အရွယ်စ၍ လှုပ်ရှားသွားလာခဲ့သော်လည်း လွယ်ကူခဲ့သည်တော့ မဟုတ်ခဲ့ပါ။

သွားချင်သည့် နေရာကို ရောက်ရန် ဦးစွာ ၁၂ ပေခန့်အမြင့်ရှိသော သူတို့နေအိမ်၏ လှေကားထစ်ကိုးဆင့်မှ တဒုန်းဒုန်း တဒိုင်းဒိုင်း မြည်အောင် ဆင်းရပါသည်။ အိမ်ပေါ်မှ အဆင်းတွင်သူတစ်ဦးတည်း ဆင်းနိုင်သော်လည်း လှေကားပြန်တက်ရာမှာတော့ အခြားအကူအညီကို သူမျှော်ရသည်။

"သူက ဒီလိုပဲ တက်လာပြီး နောက်ဆုံးလှေကားထိပ်ရောက်ရင် လူတစ်ယောက်ဆွဲတင်ပေးရတယ်။ အိမ်မှာ လူမရှိရင် သူအိမ်ပေါ်မတက်ရဘူးပေါ့။ ဆင်းရင် လှေကားထစ်တွေကိုဝမ်းလျားထိုးဆင်းချသွားတာ။ ခုနောက်ပိုင်းသူက ကြီးလာတော့ ဆွဲတင်ရတာ အရင်လိုမဟုတ်ဘဲ လေးလာပြီ" ဟု မောင်အင်ခွန်မျိုးလတ်၏ အဘိုး အသက်(၇၀)နှစ်ကျော် အရွယ် ဦးအင်ခွန်ဂမ်က မောဟိုက်သံဖြင့် ဆိုပါသည်။

ညှော်သည်များကို သူ့အကြောင်းပြောပြနေသော အဘိုးနှင့် အဘွားအနီးတွင် ထိုင်နား



ခန္ဓာကိုယ်ကို မြေပေါ်တွင် လှိမ့်၍လှိမ့်၍သွားနေသည့် မောင်အင်ခွန်မျိုးလတ်

ဓာတ်ပုံ - အောင်ဝါ

ထောင်နေပြီး နောက်တဒုန်းဒုန်း တဒိုင်းဒိုင်းဖြင့် လှေကားပေါ်မှ ဝမ်းလျားမှောက်ထိုး ဆင်းသွားခဲ့ပါသည်။ ကုသိုလ်ကံအကျိုးပေးကြောင့် မုန့်စားသည်ကအစ ခွံ့ကျွေးမှသာစားနိုင်သည်။

ပုံမှန်လူတစ်ယောက်ကဲ့သို့ လမ်းပင် မလျှောက်နိုင်သော်လည်း ဘောလုံးအားကစားကိုတော့ အင်မတန်ကြိုက်နှစ်သက်ပါသည်။ သူ့အိမ်နှင့် နှစ်ဖာလုံကျော်ခန့်ဝေးသော ရပ်ကွက်တွင်းမှ ဘောလုံးကွင်းတွင် လူငယ်များ ဘောလုံးကန်သည့် အခါတိုင်း တလှိမ့်လှိမ့်ဖြင့် သွားရောက်ကြည့်ရှုတတ်ပါသည်။

တွန်းတွန်း တိုက်တိုက်ဖြင့် ဘောလုံးကန်နေကြသော သူနှင့် သက်တူရွယ်တူလူငယ်များကိုငေးကြည့်နေသည့် သူ့မျက်ဝန်းများမှာ အားကျစိတ်ဖြင့် အရောင်တောက်နေလေ့ရှိသည်ဟုလည်း အိမ်နီးချင်းများက ပြောပါသည်။

"ကျွန်တော်ဘောလုံးကစားတာ ကြိုက်တယ်။ အနီးအနားက အိမ်တွေ အကုန် သွားလည်ဖူးတယ်။ လူတွေရှုပ်တဲ့ကတ္တရာလမ်းမကြီးဘက်တော့ မသွားဘူး။ ဆိုင်ကယ်လည်း နှစ်ခါစီးဖူးတယ်။ အင်ဖခေါ် စီးတာ စက်ပြင်တာလည်း ဝါသနာပါတယ်" ဟု သူက ကချင်စကားမပီမသဖြင့်ဗလုံဗထွေးပြောပြသည်။

မသန်စွမ်း ဖြစ်နေသော်လည်း မောင်အင်ခွန်မျိုးလတ်မှာ အလုပ်လုပ်ချင်သည့် စိတ်လေးလည်းရှိပါသည်။ မည်သည့်နေရာကိုမှ မသွားသည့်နေ့များတွင် သူ့အိမ်အောက်တွင် ထင်းပေါက်နေလေ့ရှိပါသည်။

"နည်းနည်းလှုပ်လို့ရတဲ့ဘယ်ဘက်လက်က ကပ်နေတဲ့ လက်ညှိုးနဲ့ လက်မကြား ဓားကို မရရအောင် ထည့်ပေါက်တာ"ဟု ဆွေမျိုးတစ်ဦးက ဆိုပါသည်။

၎င်း၏ရောဂါမှာ မူလကပင် နည်းစနစ်မှန်ကန်စွာ ကုသမှုခံယူနိုင်ခဲ့ပါကပြန်လည်ကောင်းမွန်နိုင်ပါသည်။ သို့သော်လည်း အုပ်ထိန်းသူများ၏ ကျန်းမာရေးဆိုင်ရာ အသိပညာအားနည်းမှု၊ ကုသပေးသူများ၏ ပညာရပ်ဆိုင်ရာ အားနည်းမှုတို့ကြောင့် မလိုလားအပ်သည့် နစ်နာဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟု ကျန်းမာရေးပညာရှင်များက ဆိုပါသည်။

မောင်အင်ခွန်မျိုးလတ်မှာ ပိုလီယိုအကြောသေရောဂါကိုခံစားနေရသည့် လက္ခဏာမဟုတ်ဘဲ ဦးနှောက်အမြှေးရောင်ရောဂါ (Me-nindits)ကို ခံစားနေရခြင်း ဖြစ်နိုင်ကြောင်း ဆေးပညာရှင်များက သုံးသပ်သည်။

"ပိုလီယိုဆိုတာ စုံမဖြစ်ဘူး။ အမြဲတစ်ခြမ်းပဲဖြစ်တယ်။ ဖြစ်ရင်လည်း အကြောတွေ တောင့်တောင့်တင်းတင်းကြီးဖြစ်ပြီး အကြောသေတာမဟုတ်ဘဲ ပျော့ခွေနေတာ။ ဆေးထိုးမှားတယ်ဆိုရင်လည်း အာရုံကြောကိုထိမိတဲ့ အပိုင်း (ဥပမာ-ညာခြေထောက်ဆိုညာခြေထောက်) ပဲ ထိခိုက်နိုင်တာပါ။ သူက ဦးနှောက်ကို ထိခိုက်မှုဖြစ်သွားလို့ နောက်ဆက်တွဲရောဂါကို ခံစားနေရတာမျိုးပါ။ ဒါမျိုးက ငယ်ငယ်က အပြင်းဖျားပြီး နောက်ပိုင်း အာဟာရပြတ်တာမျိုးဖြစ်ရင်လည်း ဒီလိုအကြောသေရောဂါ ခံစားရနိုင်ပါတယ်" ဟု ကချင်ပြည်နယ် ကျန်းမာရေးဦးစီးမှူးဒေါက်တာဝင်းလွင်က ရှင်းပြပါသည်။

ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများတွင် မောင်အင်ခွန်မျိုးလတ်ကဲ့သို့ မသန်မစွမ်းသူများကို စောင့်ရှောက်၍ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးသော ကျောင်းများ၊ ဂေဟာများ ရှိပါသည်။ သူနေထိုင်ရာ ကချင်ပြည်နယ်မှာတော့ ယင်းကဲ့သို့နေရာများ မရှိသေးပါ။

၎င်း၏မိသားစုမှာလည်းတစ်နေ့လုပ်မှ တစ်နေ့စားရသူများဖြစ်ပြီး အကာအရံမရှိဘဲဖြစ်သလို ကြမ်းခင်း၍ သက်ငယ်မိုးထားသော တဲအိမ်တွင်နေထိုင်ရသူများသာ ဖြစ်ပါသည်။

စီးပွားရေး အခြေအနေ မပြည့်စုံခြင်း၊ အသိပညာဗဟုသုတချို့တဲ့ခြင်းတို့ကြောင့် ၎င်း၏ဘဝရှေ့ရေးအတွက် မည်ကဲ့သို့ဆက်သွယ် စုံစမ်းပြုလုပ်ရမည်ကိုလည်း မသိကြပါ။

လူတစ်ယောက်၏ အကူအညီမပါဘဲ ပုံမှန်နေ့စဉ် ကိစ္စရပ်များကိုပင် ပြုလုပ်နိုင်ခြင်း မရှိသည့် ထိုကလေးအနာဂတ်အတွက် အဘိုးဖြစ်သူကို မေးမြန်းရာတွင်တော့ မြေးဖြစ်သူအား စိတ်ရှည် လက်ရှည်မုန့်ခွံ့ကျွေးနေရင်းက သက်ပြင်းရှည်တစ်ချက်ချလျက် ယခုကဲ့သို့ ပြောပြခဲ့ပါသည်။

"ဘယ်တတ်နိုင်မလဲ။ ကချင်ရိုးရာအရ သူက သားအကြီးဆိုတော့ ဒီအိမ်ရဲ့ အိမ်ရှင်ပဲလေ။ ဒီလိုပဲ တတ်နိုင်သလောက် စောင့်ရှောက်မယ်။ အဘိုးတို့ မရှိရင်တော့ ဘုရားကစီစဉ်ပေးပါလိမ့်မယ်"

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလု၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333 , 09-6504900

ဂျပန်သံရုံးမှ ဝန်ထမ်းခေါ်ယူခြင်း

ဂျပန်သံရုံးတွင် ဝန်ထမ်းတစ်နေရာ လစ်လပ်လျက်ရှိပါသည်။
လျှောက်ထားသူ မြန်မာလူမျိုး (သို့) ဂျပန်လူမျိုးသည် အောက်ပါအရည်အချင်းများဖြင့် ပြည့်စုံရမည်။

- ■ တက္ကသိုလ်မှ ဘွဲ့ရပြီးသူဖြစ်ရမည်။
- ■ ဂျပန်ဘာသာနှင့် မြန်မာဘာသာစကားကို ကျွမ်းကျင်စွာရေးတတ်၊ ပြောတတ်ရမည်။
- ■ ဆက်ဆံရေးပြေပြစ်ရမည်။ အခြားဌာနများနှင့် ကောင်းမွန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရမည်။
- ■ အတွင်းရေးမှူးတာဝန်များကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည်။
- ■ ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ■ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုရေးသားသုံးစွဲနိုင်သူ၊ ဂျပန်ယဉ်ကျေးမှုများနှင့် အကျွမ်းတဝင်ရှိသူ၊

MEXT Scholarship ဖြင့် ဂျပန်နိုင်ငံတွင် ပညာသင်သွားရောက်ဖူးသူတို့အား ဦးစားပေးမည်။

ပဏာမရွေးချယ်ခံရသူများကိုသာ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် မိမိ၏လျှောက်လွှာနှင့်အတူ အသေးစိတ်ဖော်ပြထားသော ကိုယ်ရေးရာဇဝင်၊ မိမိရရှိထားသော ဘွဲ့လက်မှတ်နှင့် အခြားလက်မှတ်များ၏မိတ္တူ၊ (၃)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ၊ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာများ ပူးတွဲလျက် ဂျပန်သံရုံး၊ အမှတ်(၁၀၀)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့ နောက်ဆုံးထား၍ စာဖြင့်သော်လည်းကောင်း၊ အီးမေးလ် info.cul@yn.mofa.go.jp သို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

Technology
7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ကျပ်သိန်းထောင်ချီ အကုန်ကျခံခဲ့သည့် ဆီးဂိမ်း 4G အင်တာနက်စနစ် ပြိုင်ပွဲကျင်းပသည့် နေရာတိုင်းတွင် အလုပ်မဖြစ်

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆီးဂိမ်းတွင်ပေးမည့် 4G အင်တာနက်စနစ်အတွက်ကျပ်သိန်းပေါင်းထောင်ချီအကုန်ကျခံခဲ့သည်ဟု ဆိုထားသော်လည်း ဆီးဂိမ်းအားကစားပြိုင်ပွဲကာလတွင်မူယင်းဝန်ဆောင်မှုကို အပြည့်အဝပေးနိုင်ခဲ့ခြင်းမရှိကြောင်း သတင်းရရှိသည်။

ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် အင်တာနက်ဝန်ဆောင်မှုပေးရန်အတွက်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Redlink ၊ ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ထားပြီး အင်တာနက်ဝိုင်ဖိုင်စနစ်ဝန်ဆောင်မှုပေးနေသော်လည်း လက်ရှိတွင် သုံးစွဲသူများအနေဖြင့် အဆင်မပြေမှုများဖြစ်နေကြောင်း စုံစမ်းသိရသည်။




*ဆီးဂိမ်းဝိုင်ဖိုင်ဝန်ဆောင်မှုအတွက် ပြည်ပကုမ္ပဏီများနှင့် လက်မှတ်ရေးထိုးနေစဉ်* WWW.DATAPRO.CO.TH

"လက်ရှိမှာ အဓိကပေးနေတာက ဆီးဂိမ်းအားကစားပြိုင်ပွဲအတွက် လိုအပ်တဲ့ Game Management System လုပ်တဲ့ နေရာတွေ၊ ရုံးခန်းတွေ၊ နိုင်ငံတကာ သတင်းဌာနနဲ့ ပြည်တွင်းက သတင်းထုတ်ပြန်ရေးမှာ လိုအပ်တဲ့ နေရာတွေမှာတော့ 4G အဆင့်လောက်ထိ စီစဉ်ထားတယ်။ တခြားနေရာတွေတော့ အဆင်မပြေနိုင်ဘူး"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်တစ်ဦးက ပြောသည်။

ဆီးဂိမ်းကာလအတွင်းကျင်းပမည့် နေရာတိုင်းတွင် မြန်နှုန်းမြင့် 4G အင်တာနက်ဝန် ဆောင်မှုရရှိမည်ဟု မြန်မာ့ဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများက ကြုံးဝါးခဲ့သော်လည်း ဆီးဂိမ်းစတင်သည့် ရက်ပိုင်းမှာပင် နေပြည်တော်ရှိ အင်တာနက်သုံးစွဲမှုများ ထင်သလောက်မြန်ဆန်လာခြင်းမရှိကြောင်း သတင်းထောက်များက ဆိုသည်။

ထို့ပြင် လက်ရှိပြည်တွင်းတွင် အသုံးပြုရသည့် စနစ်များနှင့် အသုံးပြုသည့်မိုဘိုင်းလ်ဖုန်းစနစ်များမှာ 4G စနစ်အသုံးပြု၍လည်း ခက်ခဲမှုရှိနိုင်ပြီး ဘောလုံးပြိုင်ပွဲကဲ့သို့ အားကစားပြိုင်ပွဲများတွင် လူသောင်းနှင့်ချီ၍ တစ်ပြိုင်နက်အသုံးပြုပါက အင်တာနက်လိုင်းများ အဆင်မပြေဖြစ်နိုင်ကြောင်း အဆိုပါအင်ဂျင်နီယာချုပ်ကပြောသည်။

သို့သော် အဆိုပါ 4G စနစ်ပေးရန်ကြုံတွေ့ရမည့်အခက်အခဲများကို သက်ဆိုင်ရာမှ သိရှိခဲ့ပြီးဖြစ်သော်လည်း ဆီးဂိမ်းကျင်းပမည့်ရက်ပိုင်းအလိုအထိမူကောင်းမွန်သော ဝန်ဆောင်မှုရရှိမည်ဟု ဆက်လက်ပြောခဲ့သည်။

အင်တာနက်ဝန်ဆောင်မှုဝိုင်ဖိုင်စနစ်ပေးနိုင်၍ ဆောင်ရွက်ရာတွင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှဌာနဆိုင်ရာများ၏ အင်တာနက်အသုံးပြုမှု အဆင်ပြေရန်နှင့် သတင်းမီဒီယာများ ထုတ်ပြန်ရာတွင်အသုံးပြု၍ လိုအပ်သည့်ဆက်ကြောင်းများ သွယ်တန်းချိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်ပေးထားပြီး Redlink နှင့် ရွှေသံလွင်ကုမ္ပဏီများကို အားကစားပြိုင်ပွဲများ ကျင်းပမည့် နေရာများအတွက် လိုအပ်သည့် စက်ပစ္စည်းတပ်ဆင်မှုကို ဆောင်ရွက်ရာ လိုအပ်သည့် အင်တာနက်လိုင်း Bandwidth အတွက်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပေးထားခြင်းဖြစ်ကြောင်းသတင်းရရှိသည်။

"အဆင်မပြေတာတွေတော့ ကြားပါတယ်။ ဆိုးဆိုးရွားရွား ပြဿနာတက်ရတာတော့ မဟုတ်ဘူး။ နက်ဝါ့ခ်မှာလည်း ရထားတဲ့ Bandwidth အရ ဘာပြဿနာမှ မရှိဘူး။ ဒါပေမဲ့ သုံးစွဲဖို့လိုအပ်တဲ့ Information ကို တိတိကျကျ မပေးနိုင်တာနဲ့ မသိကြတာလည်း ပါပါတယ်" ဟု Redlink မှ လက်ထောက်အထွေထွေမန်နေဂျာကို မျိုးမြင့်ညွန့်က ပြောသည်။

နေပြည်တော်ရှိ အားကစားကွင်းများတွင် လိုအပ်သည့် အင်တာနက်ဝန်ဆောင်မှု ဝိုင်ဖိုင်စနစ်တွင်လည်း ရွှေသံလွင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ စက်ပစ္စည်းထပ်မံတပ်ဆင်ရန် လိုအပ်သည့် နေရာများကိုလည်း လက်ရှိတပ်ဆင်ရွက်ပေးရဆဲဖြစ်ပြီး လက်ရှိအချိန်အထိ စက်ပစ္စည်းတပ်ဆင်နေဆဲပင် ဖြစ်သည်။

လက်ရှိတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆီးဂိမ်းအားကစားပြိုင်ပွဲ၌ အင်တာနက်ဝန်ဆောင်မှုပေးရန်အတွက် Bandwidth တိုးချဲ့မှုမှာ 19 Gbpsကျော်ရှိပြီး အားကစားကွင်းများအတွက် အင်တာနက်ဝန်ဆောင်မှုပေးရသည့် Redlink နှင့် ရွှေသံလွင်ကုမ္ပဏီများအား လိုအပ်သည့် Bandwidth များခွဲဝေပေးထားကြောင်း သတင်းရရှိသည်။

# Qualcomm ကုမ္ပဏီအကြီးအကဲကို မိုက်ကရိုဆော့ဖ်အမှုဆောင် အရာရှိချုပ်အဖြစ်ခန့်အပ်ရန်စဉ်းစားနေ

**စီယက်တဲလ်**

Qualcomm ကုမ္ပဏီအကြီးအကဲစတိဗ်မိုလန် ကော့ဖ်ကို မိုက်ကရိုဆော့ဖ်ကုမ္ပဏီက ၎င်း၏ အမှုဆောင် အရာရှိချုပ်(စီအီးအို) အသစ် အဖြစ်ခန့်အပ်ရန်စဉ်းစားနေကြောင်း Bloomberg သတင်းဌာနကဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံးဆော့ဖ်ဝဲကုမ္ပဏီမိုက်ကရိုဆော့ဖ်က ၎င်း၏ အမှုဆောင်အရာရှိချုပ်အဖြစ် လူပုဂ္ဂိုလ်အနည်းငယ်ကိုပဏာမရွေးချယ်ထားသော်လည်း မည်သူ့ကို အပြီးသတ်ရွေးချယ်ကြောင်း ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပေ။

ယခုနှစ်စောစောပိုင်းက ရာထူးမှအနားယူမည်ဟုကြေညာခဲ့သူ မိုက်ကရိုဆော့ဖ်၏လက်ရှိအမှုဆောင်အရာရှိချုပ်(စီအီးအို) စတိဗ်ဘော်လ်မာ၏ မိတ်ဆွေတစ်ဦးဖြစ်သူဖို့ဒ်မော်တော်ကား ကုမ္ပဏီအမှုဆောင်အရာရှိချုပ် အလန်မူလာလီမှာ ပြီးခဲ့သည့်လ အနည်းငယ်အတွင်း ယင်းရာထူးအတွက် အများဆုံးအာရုံစိုက်ခံခဲ့ရသည်။



အမှုဆောင်အရာရှိချုပ် အသစ်ရှာဖွေနေခြင်းနှင့်ပတ်သက်၍ မိုက်ကရိုဆော့ဖ်ကမှတ်ချက်ပြုပြောကြားခြင်းမရှိပေ။ မစ္စလာမိုလန်ကော့ဖ်သည်မိုက်ကရိုဆော့ဖ် အမှုဆောင်အရာရှိချုပ်အဖြစ် ပဏာမရွေးချယ်ခံလိုက်ရသည်ဆိုခြင်းအပေါ် Qualcomm ကုမ္ပဏီကမှတ်ချက် ပြုရန်ငြင်းဆိုသည်။

မိုက်ကရိုဆော့ဖ်ကုမ္ပဏီက အမှုဆောင် အရာရှိချုပ်အသစ်ကို ယခုနှစ်မကုန်မီ ရွေးချယ်ရန်မျှော်လင့်ထားသည်ဟုယင်းကိစ္စနှင့်ရင်းနှီးသူများကပြောသည်။

မိုက်ကရိုဆော့ဖ်ကုမ္ပဏီ ဥက္ကဋ္ဌဘဲလ်ဂိတ်ပြီးခဲ့သည့်လက ချပြခဲ့သော မိုက်ကရိုဆော့ဖ်ကုမ္ပဏီ အမှုဆောင် အရာရှိ ချုပ်၏ အလုပ်တာဝန်အတွက် လိုအပ်မှုများနှင့် မိုလန်ကော့ဖ်မှာပြည့်စုံသူဖြစ်ပုံရသည်ဟု ရိုက်တာသတင်းကဖော်ပြသည်။

မိုလန်ကော့ဖ်သည်Qualcomm သို့ ၁၉၉၄ ခုနှစ်တွင် ရောက်ရှိချိန်မှစ၍ ကြိုးမဲ့ပညာမူပိုင်ခွင့်များစွာကို ထိန်းချုပ်ထားသည့် အင်ဂျင်နီယာတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဘဲလ်ဂိတ်၏ဖော်ပြချက်အရ မိုက်ကရိုဆော့ဖ်ကုမ္ပဏီက နည်းပညာဆိုင်ရာထိပ်တန်း အရည်အချင်းရှိပုဂ္ဂိုလ်များနှင့်တွဲလုပ်နိုင်ပြီးရှုပ်ထွေးလှသော ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းတစ်ခုကိုလည်း ပတ်စေနိုင်သည့်အမှုဆောင်အရာရှိချုပ်တစ်ဦးလိုအပ်ကြောင်းသိရသည်။ *—Ref: Reuters*



# ဆီးဂိမ်းကျင်းပသည့်နေရာများတွင် ဝိုင်ဖိုင်မရပါက Redlink သို့ အကြောင်းကြားနိုင်

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

ဆီးဂိမ်းအားကစားပြိုင်ပွဲ ကျင်းပသည့် နေရာများတွင် ဝိုင်ဖိုင်စနစ် အဆင်မပြေမှုများရှိပါက ဖုန်းဆက် အကြောင်းကြားနိုင်ကြောင်း Redlink ကုမ္ပဏီမှ သတင်းရရှိသည်။

Redlink ကုမ္ပဏီမှ အင်တာနက်ဝန်ဆောင်မှုအတွက် တာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်မြို့ရှိ ဘောလုံးကွင်းများတွင် Free WiFi စနစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ထားသော်လည်း အချို့မှာအသုံးပြု၍ မရခြင်းများရှိနေကြောင်း စုံစမ်းသိရသည်။

ဝိုင်ဖိုင်စနစ်အသုံးပြုရာတွင် အဆင်မပြေမှုများရှိပါက ၀၁-၅၄၀၆၉၆ နှင့် ၀၁-၈၆၀၃၅၃၅ သို့ ဆက်သွယ်အကြောင်းကြားပါက ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"သုဝဏ္ဏဘောလုံးကွင်းထဲမှာ တချို့က သုံးလို့ရတယ်။ ဒါပေမဲ့ တချို့နေရာကျတော့ လုံးဝကိုမမိတာ။ Redlink WiFi တက်ကို မတက်လာဘူး။ ပွဲပြီးသွားတဲ့အထိ လုံးဝမသုံးလိုက်ရဘူး" ဟု သုဝဏ္ဏဘောလုံးကွင်းတွင် သွားရောက်ကြည့်ရှုခဲ့သည့် ပရိသတ်တစ်ဦးက ပြောသည်။



*ဆီးဂိမ်းမီဒီယာစင်တာတွင် အင်တာနက်အသုံးပြုနေစဉ်*

လက်ရှိတွင် ဝိုင်ဖိုင်စနစ် အသုံးပြုရန်အတွက် လိုအပ်သည့် အချက်အလက်များကို ထုတ်ပြန်ပေးရန်အတွက် Information ပေးရန် ကစားကွင်းနေရာတစ်ခုတွင် တစ်နေရာသာ ရရှိထားခြင်းကြောင့် ပိုမိုခက်ခဲမှုများရှိနေခြင်းဖြစ်ကြောင်း Redlink ကုမ္ပဏီမှ လက်ထောက်အထွေထွေမန်နေဂျာ ကိုမျိုးမြင့်ညွှန့်က ပြောသည်။

"ကွင်းတစ်ကွင်းလုံးမှာ Information အတွက် နေရာတစ်ခုတည်းပေးထားတာ အဆင်မပြေဘူး။ ဒါပေမဲ့ တစ်ခုခု အဆင်မပြေဖြစ်ရင် ပွဲထဲမှာရှိတဲ့ တာဝန်ရှိသူတွေက လုပ်ပေးလို့ရပါတယ်။ အဓိကက Information မသိတာနဲ့ တချို့သုံးတဲ့ Dievice တွေပေါ်မူတည်တယ်" ဟု ၎င်းကပြောသည်။

Redlink ကုမ္ပဏီအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲအတွက် ရန်ကုန်ရှိ သုဝဏ္ဏအားကစားကွင်း၊ သိမ်ဖြူအားကစားကွင်း၊ မင်းဓမ္မလမ်းရှိ အမ်စီစီခန်းမနှင့် ငွေဆောင်တို့တွင် အင်တာနက်ဝန်ဆောင်မှုအတွက် တာဝန်ယူထားခြင်း ဖြစ်သည်။




# ပွင့်လင်းမြင်သာရှိသော မိုဘိုင်းဖုန်းစနစ် တည်ထောင်ရန် Mozilla ကုမ္ပဏီ လုပ်ဖော်ကိုင်ဖက်များနှင့်လက်မှတ်ရေးထိုး

**ဝါရှင်တန်**

ဂူးဂဲလ်နှင့် အက်ပဲလ်ကုမ္ပဏီတို့၏ Operatingsystem (os) များကို စိန်ခေါ်နိုင်မည့် စမတ်ဖုန်းများထုတ်လုပ်ရန်ကြိုးစားမှုများကို အရှိန်မြှင့်ဆောင်ရွက်နေစဉ် Mozilla ကုမ္ပဏီက ပွင့်လင်းမြင်သာရှိသော မိုဘိုင်းဖုန်းစံနှုန်းများရရှိရန် တွန်းအားပေးမှုတစ်ခုအနေဖြင့် ကမ္ဘာတစ်ဝန်းမှလုပ်ဖော်ကိုင်ဖက်ကုမ္ပဏီများနှင့် အုပ်စုဖွဲ့လိုက်သည်။

ဝက်ဘ်ဆိုက်ရှာဖွေရေးကိရိယာများ လေးစားလိုက်နာမှုပွင့်လင်းစွာသုံးသပ်ရေးအဖွဲ့တစ်ဖွဲ့ တည်ထောင်ရာတွင် ကယ်လီဖိုးနီးယားအခြေစိုက်အမြတ်မယူသော ဖောင်ဒေးရှင်း Mozilla မှ Deutsche Telecom၊ စပိန်နိုင်ငံမှ Telefonica၊ တောင်ကိုရီးယားမှ LG၊ အမေရိကန်အခြေစိုက် Qualcomm နှင့် တရုတ်နိုင်ငံမှ ZTE နှင့် TCL/Alcatel ကုမ္ပဏီတို့နှင့်ပူးပေါင်းလိုက်သည်။

အက်ပဲလ်ကုမ္ပဏီ၏ iOs (သို့မဟုတ်) ဂူးဂဲလ်ကုမ္ပဏီ၏ Andriod ဆော့ဖ်ဝဲများကို အခြေခံထားသည့် စမတ်ဖုန်းများတွင် ယခု အသုံးပြုနေသည့် လျှို့ဝှက်ထားသောစနစ်များအတွက် အခြားရွေးချယ်စရာတစ်ခုဖြစ်စေမည့် ပွင့်လင်းမြင်သာမှုရှိသော မိုဘိုင်းဖုန်း OS အတွက် စံချိန်စံညွှန်းများကို ယင်းအဖွဲ့သစ်က သတ်မှတ်မည်ဖြစ်သည်။

Mozilla Os အသုံးပြုထားသည့် ပထမဆုံးသောစမတ်ဖုန်းများကို ယခုနှစ်စောစောပိုင်းက တရုတ်နိုင်ငံမှ ZTE နှင့် စပိန်အခြေစိုက် Geeksphone ကုမ္ပဏီတို့က ထုတ်လုပ်ရောင်းချခဲ့သည်။

Firefox ဝက်ဘ်ဆိုက်ရှာဖွေရေးဆော့ဖ်ဝဲကြောင့် လူသိများသော Mozilla ကုမ္ပဏီသည် လက်ရှိစမတ်ဖုန်းဈေးကွက်အတွင်းပြင်းထန်သည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ သို့သော် အသုံးပြုသူများက ကိရိယာများကျယ်ပြန့်စွာရွေးချယ်လိုပြီး ကြီးကျယ်သော appများကိုအသုံးပြုလို



သည်ဟု ယင်းကုမ္ပဏီမှ အန်ဒရီယက်စ်ဂေါလ်ကပြောသည်။

တစ်ပြေးညီ နည်းပညာဆိုင်ရာစံနှုန်းများရှိနေခြင်းက ဈေးကွက်ထဲသို့ ထုတ်ကုန်သစ်များ ရောက်ရှိလာစေရန် ကူညီပေးလိမ့်မည်ဟု ဂေါလ်ကပြောသည်။ ပွင့်လင်းမြင်သာရှိသောဝက်ဘ်ဆိုက်ရှာဖွေရေးကိရိယာများအား စီးပွားဖြစ်ထုတ်လုပ်ရန် မည်သည့်အဖွဲ့ အစည်းအတွက်မဆို ရှင်းလင်းသည့်လမ်းကြောင်းတစ်ခုကိုယင်းကုမ္ပဏီက စီစဉ်ပေးလိမ့်မည်ဟု Qualcomm ကုမ္ပဏီဒုတိယဥက္ကဋ္ဌ ဂျက်ဆန်ဘရီနာကပြောသည်။

*—Ref: AFP/AP*

# မြို့ပြဖွံ့ဖြိုးရေးအမည်ခံ သရုပ်ပျက်ပွဲများ

**မြင့်မိုရ်ဆွေ**

ယခုတလော ရန်ကုန်မြို့ကြီးမှာကိုယ့်ဌာနရဲ့မြေပေါ်ကိုယ့်ဘာသာစပွန်ဆာရှာပါမစ်ရအောင်တောင်းပြီး မြို့ပြဖွံ့ဖြိုးရေးသရုပ်ပျက်စင်တင်ပွဲတွေကျင်းပနေတာကို တော်တော်များများတွေ့နေရပါတယ်။ အဲဒီပွဲတွေဟာ မြေပိုင်ဆိုင်သူနဲ့ စပွန်ဆာတို့မှာသာ အကျိုးအမြတ်ရပြီး လက်တွေ့ အနှစ်သာရအားဖြင့် ပြည်သူတွေအတွက် အကျိုးမရှိဘဲ မြို့ပြဖွံ့ဖြိုးရေးအမည်ခံသရုပ်ပျက်ပွဲတွေဖြစ်နေပါတယ်။ မြို့ပြဖွံ့ဖြိုးရေးကို အဓိကဖန်တီးရမယ့်သူက မြို့ပြစီမံကိန်းပညာရှင်တွေပါ။ လုပ်ပိုင်ခွင့်အာဏာ ရှိသူတွေနဲ့ ငွေရှင်ကြေးရှင် စီးပွားရေး လုပ်ငန်းရှင်တွေမဟုတ်ပါဘူး။ အဓိကတွေကသာမညဖြစ်သွားရင် မြို့ပြဖွံ့ဖြိုးရေးအစား မြို့ပြဖျက်ဆီးရေးဘက်ကိုရောက်သွားတတ်ပါတယ်။ အဲဒီအကျိုးဆက်ကို မြို့ပြပြည်သူတွေအားလုံး သားစဉ်မြေးဆက်ခံစားကြရမှာ ဖြစ်ပါတယ်။ ဒါကို အလေးအနက်သတိပြုမိကြစေချင်ပါတယ်။

ဒီနေရာမှာ မြို့ပြဖွံ့ဖြိုးရေးပညာရှင်တွေကိုလည်း အားနာပါးနာနဲ့ရောယောင်နောက်လိုက်တွေဖြစ်မသွားစေချင်ပါဘူး။ ကမ္ဘာပေါ်မှာ မြို့ပြပညာရှင်ရဲ့ စာရွက်ပေါ်က ခဲတစ်ကြောင်းဟာ ဒေါ်လာသိန်းနဲ့ချီပြီးတန်ဖိုးရှိတယ်ဆိုတာမမေ့စေချင်ပါဘူး။ နောက်ပြီးအနာဂတ်မျိုးဆက်သစ်တွေရဲ့မြို့ပြလူနေမှုဘဝအေးချမ်းသာယာရေးအတွက်လည်း တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးမားလှပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ အလွန်ရှားပါးနေတဲ့ မြို့ပြစီမံကိန်းပညာရှင်တွေကို ‘ညှိညှိနှိုင်းနှိုင်း အဆင်ပြေအောင်ဆောင်ရွက်ပေးပါ’ ဆိုတဲ့ စကားလုံးနဲ့ အသုံးချမခံကြရအောင် သတိရှိကြစေချင်ပါတယ်။

ပထမဆုံး မြို့ပြဖွံ့ဖြိုးရေးသရုပ်ပျက်စင်တင်ပွဲ အစီအစဉ်တစ်ရပ်ကို ရွေးချယ်တင်ပြလိုပါတယ်။ အဲဒီပွဲကျင်းပဖို့တာစူနေတဲ့နေရာက နန်းသီတာဆိပ်ကမ်းမြေဖြစ်ပါတယ်။သမိုင်းကိုပြန်ကောက်ရရင် ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယ စစ်ပွဲပြီးတဲ့နောက် ၁၈၆၂ခုနှစ်မှာမဟာဝန်ရှင်တော်မင်းကြီးဖယ်ရာကို ရန်ကုန်မှာရုံးထိုင် အုပ်ချုပ်စေခဲ့ပါတယ်။ ယခု ရန်ကုန်ဆေးရုံကြီးရှေ့ ဦးနှောက်နှင့် အာရုံကြော ဆေးရုံဝင်းနဲ့ လသာ (အ. ထ. က-၂) ရဲ့နေရာမှာ ကော်မရှင်နာမင်းကြီးရုံးတည်ရှိခဲ့ပါတယ်။ အဲဒါကြောင့် အဲဒီရုံးရှေ့ကလမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းလမ်း)ကိုဝန်ရှင်တော်မင်းကြီးလမ်း (Commissioner Road) လို့ ခေါ်ခဲ့ပါတယ်။ဝန်ရှင်တော်မင်းကြီး ဖယ်ရာရဲ့ လက်ထက်မှာဘင်ဂေါလ်အင်ဂျင်နီယာတပ်မှ ဒုဗိုလ် အလက်ဇန္ဒားဖရေဇာက ၁ လက်မမှာ ၂၆၄ ပေစကေးနဲ့လူဦးရေ၃၆,၀၀၀နေထိုင်နိုင်ရန် ရန်ကုန်မြို့သစ်ပုံစံရေးဆွဲခဲ့ပါတယ်။ အရှေ့ဘက်မှာဂျူဒါအီစကယ်လမ်း(ယခုသိမ်ဖြူလမ်း)၊ အနောက်ဘက်မှာ ဂေါ်ဒွင်လမ်း (ယခုလမ်းမတော်လမ်း) မြောက်ဘက်မှာဝန်ရှင်တော်မင်းကြီးလမ်း (ယခု ဗိုလ်ချုပ်လမ်း) နဲ့ တောင်ဘက်မှာ StrandRoad (ယခုကမ်းနားလမ်း) ပါဝင်ပါတယ်။ အဲဒီကာလကတည်းက ရန်ကုန်မြို့ရဲ့ လူနေအိမ်ခြေ ရပ်ကွက်များဟာ ကမ်းနားလမ်းမှာဆုံးပြီး ရန်ကုန်မြစ်ကိုမျက်နှာမူ ထားတာဖြစ်ပါတယ်။ ကမ်းနားလမ်းနဲ့ မြစ်ရဲ့ အကြားရှိတဲ့မြေကို ဆိပ်ကမ်းမြေအဖြစ် ဌာနနဲ့ ပြည်သူအတွက် အသုံးပြုဖို့ ချန်လှပ်ထားခဲ့ပါတယ်။ အဲဒီတုန်းက ရန်ကုန်မြူနီစပယ်အဖွဲ့တောင် မပေါ်ပေါက်သေးပါဘူး။




နန်းသီတာဟာ ရန်ကုန်ကို အင်္ဂလိပ်အုပ်စိုးတဲ့အချိန်ကစပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ ကျော်မှာ လူနေရပ်ကွက်ထဲ လုံးဝမပါဝင်ဘဲ ဆိပ်ကမ်းမြေအဖြစ် ခေတ်အဆက်ဆက် တည်ရှိခဲ့ပါတယ်။ ဒါကိုဖျက်ဆီးပြီး အထပ် ၂၀ မြင့်အဆောက်အအုံ နှစ်လုံးနဲ့ ၁၆ ထပ်အမြင့်ရှိ ဟိုတယ်များတည်ဆောက်ရန် ‘ဆိပ်ကမ်းဖွံ့ဖြိုးရေး’ ခေါင်းစဉ်တပ်ပြီး တင်ဒါခေါ်ခဲ့တယ်လို့သိရပါတယ်။ ဒီကိစ္စကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကခွင့်မပြုသေးဘူးလို့သိရပါတယ်။ အမှန်က တင်ဒါမခေါ်ယူမီကပင်လျှင် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို ကြိုတင်ညှိနှိုင်းသင့်ပါတယ်။

ရန်ကုန်မြို့နေ ပြည်သူငါးသန်းကျော်ဟာ ရန်ကုန်မြစ်ရှုခင်းကို မိသားစုအတူတကွ ကြည့်ရှုအပန်းဖြေနိုင်တဲ့ အခွင့်အလမ်းအလွန်နည်းပါးလှပါတယ်။ နန်းသီတာနဲ့ ဗိုလ်တထောင်ဘုရားရဲ့တောင်ဘက်မှာရှိတဲ့ ဆိပ်ကမ်းနှစ်နေရာသာ အလွန်ကျဉ်းမြောင်းစွာတည်ရှိနေပါတယ်။ ဒါကြောင့် နန်းသီတာကို စိမ်းလန်းဇုန်အဖြစ်ထားရှိတာ အလွန်ကောင်းမြတ်တဲ့ အစီအစဉ်ဖြစ်ကြောင်း ကြိုဆိုထောက်ခံပါတယ်။ အထူးသဖြင့် ဆိပ်ကမ်းမြေတွေကို လူနေရပ်ကွက် (Residential Land) အဖြစ် ပြောင်းလဲတည်ဆောက်ခြင်းမပြုသင့်ပါဘူး။

ကမ္ဘာပေါ်ရှိ ဆိပ်ကမ်းရှိတဲ့ မြို့တွေမှာ ပြည်သူတွေကို ဆိပ်ကမ်းသာနဲ့မြစ်ပြင်ရဲ့အလှသဘာဝကိုရှုမောအပန်းဖြေနိုင်မယ့်အစီအစဉ်တွေပြုလုပ်ပေးထားတာတွေ့နိုင်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မော်လမြိုင်ကမ်းနား၊ မြိတ်ကမ်းနား၊ ပုသိမ်ကမ်းနားနဲ့ စစ်တွေကမ်းနားပတ်လမ်းစတဲ့နေရာတွေမှာ ကမ်းနားလမ်းနဲ့မြစ်ကိုနေအိမ်တွေကမျက်နှာမူပြီး ဆိပ်ကမ်းအလှနဲ့မြစ်ပြင်ရှုခင်းကိုကြည့်ရင်း မြို့နေပြည်သူများအပန်းဖြေနိုင်ကြပါတယ်။ ဧရာဝတီ မြစ်ကမ်းပေါ်ရှိတဲ့ မန္တလေးမြို့က ကမ်းနားလမ်း၊ ချင်းတွင်းမြစ်ကမ်းပေါ်ရှိ မုံရွာမြို့ကမ်းနားလမ်းတို့ဟာလည်း မြို့ကျက်သရေဆောင်လမ်းများဖြစ်ပြီး လမ်းနဲ့မြစ်အကြားမှာ လူနေအိမ်မရှိပါဘူး။

ဝမ်းနည်းစရာကောင်းတာက နိုင်ငံခြားသားတွေ အများဆုံးလာရောက်လည်ပတ်တဲ့ သမိုင်းဝင်ပုဂံမြို့ကြီးမှာ ကမ်းနားလမ်းလုံးဝမရှိတာပါဘဲ။ ဗူးဘုရားတစ်နေရာတည်းမှာပဲ ဘုရားဖူးပြည်သူတွေက ဧရာဝတီမြစ်ရဲ့လှေဆိပ်နဲ့မြစ်ပြင်အလှကို စုပြုံတိုးဝှေ့ပြီးကြည့်ကြရပါတယ်။ ကျန်တဲ့နေရာတစ်ခုက လောကနန္ဒာဘုရားဖြစ်ပြီး ပုဂံရဲ့အစွန်မှာရှိလို့ ခရီးဝေးကွာလှပါတယ်။ သီရိပစ္စယာဟိုတယ်နဲ့ လောကနန္ဒာဘုရားရဲ့ အကြားမှာရှိတဲ့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ကမြေတွေကိုလည်း တစ်ခေတ်က လူကြီးတွေနဲ့မြေဝယ်ပြီး လှောင်တဲ့သူတွေက လက်ဝါးကြီးအုပ်ထားကြတာလေ့လာတွေ့ရှိနိုင်ပါတယ်။

အင်္ဂလိပ်ခေတ်က ရန်ကုန်မြစ်ရဲ့တောင်ဘက်ကမ်း ဒလမြို့အရှေ့ဖျားကင်းစဘင့် (King's Bank) လို့ခေါ်တွင်ခဲ့တဲ့ သမ္မတကမ်းခြေဟာ ယခုအထိရှိပါတယ်။ အင်္ဂလိပ်တွေက သူတို့ ဘုရင်အပန်းဖြေဖို့အတွက် သာယာနေတဲ့နေရာမို့ လျာထားခေါ်ဆိုခဲ့တယ်လို့ မှတ်ယူရပါတယ်။ အဲဒါလည်း ဆိပ်ကမ်းဖွံ့ဖြိုးရေးဆိုပြီး အိမ်ရာတွေနဲ့ ဟိုတယ်ဆောက်လိုက်မှာစိုးရိမ်လို့ ကြိုပြီးတင်ပြထားတာဖြစ်ပါတယ်။

မြို့ပြဖွံ့ဖြိုးရေးအမည်တပ်ပြီး ဌာနဆိုင်ရာမြေ (Departmental Land) တွေကို အိမ်ရာမြေ (Residential Land) အဖြစ် ပြောင်းလဲလိုက်တာ ဥပဒေအရ တရားဝင်၊ မဝင်ဆန်းစစ်ဖို့လိုနေပြီဖြစ်ပါတယ်။ မူလက အဲဒီမြေတွေဟာ အစိုးရမြေ G-Land ခေါ် Govt:Land ပဲဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ်က ဌာနဆိုင်ရာကိစ္စသုံးဖို့အတွက် ဘိုးဘွားပိုင်အခွင့်အရေး (Free hold right) ပေးခဲ့ပြီး ဌာနဆိုင်ရာမြေအဖြစ် သတ်မှတ်ပေးခဲ့တယ်လို့ သိရပါတယ်။ နောက်ပိုင်းမှာတော့ ဌာနဆိုင်ရာမြေပေးရင် ဂရန်မြေအဖြစ် သတ်မှတ်ပေးခဲ့တယ်လို့သိရပါတယ်။ ဘယ်လိုပဲချထားစေကာမူ ဌာနဆိုင်ရာမြေကို ဌာနဆိုင်ရာလုပ်ငန်းအတွက်သာ သုံးစွဲခွင့်ရှိတာငြင်းလို့မရပါဘူး။

ရန်ကုန်မြို့မှာ မီးရထားရုံးကလည်း ဟိုတယ်ဖြစ်သွားခဲ့တယ်။ ယခင်ပုလိပ်မင်းကြီးရုံးကလည်း ဟိုတယ်ဖြစ်သွားတယ်။ အမှန်တော့ မြေအသုံးချမှုသတ်မှတ်ချက်အရအသံလွှင့်ရုံမြေပေါ်မှာ အိမ်ရာတွေဆောက်ပြီးရောင်းလို့မရပါဘူး။ ကုန်းလမ်းပို့ဆောင်ရေးပိုင်မြေနဲ့ အဆောက်အအုံကို ဟိုတယ်ဖွင့်တာ၊ အရောင်းဆိုင်ဖွင့်တာလုပ်လို့ မရပါဘူး။ မြေအသုံးချမှုကိုတရားဝင်ပြောင်းလဲဖို့ မည်သူ့မှာလုပ်ပိုင်ခွင့်ရှိသလဲ။ လုပ်ပိုင်ခွင့်ရှိတဲ့ သူရဲ့ခွင့်ပြုချက်ရမှသာ လုပ်ရမှာဖြစ်ပါတယ်။ မြို့ပြ မြေစာရင်းမှတ်ပုံတင်စာအုပ် (Town Land Roll) မှာအမည်ပေါက်တဲ့ မြေအမျိုးအစားကတခြား၊ မြေပေါ်မှာရှိနေတဲ့လုပ်ငန်းက တခြား၊ အဲဒါတွေကြောင့် နောင်အနာဂတ်မြေပုံမြေရာဇဝင်တွေမှာ စာရင်းရှုပ်လာမှာ သေချာပါတယ်။ ဒီပြဿနာတွေကို ဘယ်လိုဖြေရှင်းကြမလဲ။ အလေးအနက် စဉ်းစားကြဖို့ ကောင်းပါပြီ။

နောက်တစ်ခု ရှိပါသေးတယ်။ အများပြည်သူ အကျိုးအတွက်ကစားကွင်း၊ပန်းခြံ၊အပန်းဖြေနေရာ (Playground, parks and Recreation) အဖြစ်ခေတ်အဆက်ဆက်ချန်လှပ်ထားတဲ့မြေတွေကိုလည်း ‘မြို့ပြဖွံ့ဖြိုးရေး’ ခေါင်းစဉ်တပ်ပြီးဝါးမျိုဖျက်ဆီးပစ်တဲ့ ကိစ္စတွေပါပဲ။ စာရေးသူတို့ငယ်ငယ်ကတည်းက ရန်ကုန်မြို့မှာ ‘ကွင်း’ တွေအဖြစ်မှတ်သားခဲ့ကြတာရှိတယ်။

**စာမျက်နှာ(၃၂)သို့**

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013



# မင်းဒင်ရဲ့ ဿက်ခိုင် – ၂

■ မင်းဒင်

**(ယခင်အပတ်မှအဆက်. . . . )**

ဗိုလ်တိုးအကြောင်းပြောရမယ်ဆိုရင်တော့ သူပြောသမျှမဟုတ်မဟာဇာတ်လမ်းတွေဟာ ဟုတ် မဟုတ်၊ မှန်မမှန်၊ ယုတ္တိတန်မတန်ဆင်ခြင်ဆုံးဖြတ်ရမယ့်ကိစ္စဟာ နားထောင်သူအပေါ် လုံးလုံးလျားလျားကျလာတတ်တာကို သတိပေးထားပါရဲ့ဗျာ။ အလွန်ထူးဆန်းလှသော အချက်ကတော့ သူဟာသူပြောသမျှ လေတစ်လုံး၊ မိုးတစ်လုံးကိုယ်ရည်ကိုယ်သွေးမဟာဋ္ဌီကာတွေကို တကယ့်လူထူထူမင်းပရိသတ်များရှေ့မှာ တစ်ချက်မှမျက်နှာမပျက်ဘဲ ပြောနိုင်တဲ့အလွန်ထူးခြားတဲ့ မှင်မောင်းပါပဲဗျ။

တစ်ခါတလေများ ဗိုလ်တိုးဘယ်လောက်အပြောကောင်းလိုက်သလဲဆိုရင် နားထောင်နေတဲ့ပရိသတ်ဟာ ဗိုလ်တိုးမှန်တယ်၊ ဗိုလ်တိုးမှားတယ်ဆိုပြီး ဗိုလ်တိုးထောက်ခံသူနဲ့ ဗိုလ်တိုးဆန့်ကျင်သူအုပ်စုကွဲကုန်ကြတဲ့အထိပါပဲ။ ဗိုလ်တိုးလုပ်ပုံကလည်း ကြည့်ဦးလေ။ ဖူးခက်မြို့ရဲ့ အဓိကနေရာမှာ တလပ်စွပ်ဆိုတဲ့အသီးအနှံမျိုးစုံရောင်းတဲ့ မြို့မဈေးကြီးရှိသဗျ။ ဗိုလ်တိုးဟာ သူ့ရှေ့ပွဲလာပရိသတ်တွေကြားမှာ ဖူးခက်စည်ပင်သာယာရေးကော်မတီက သူ့ကိုဂုဏ်ထူးဆောင်ဥက္ကဋ္ဌခန့်ထားတဲ့ အတွက်ဈေးတွေရဲ့အခြေအနေကိုလိုက်ပြီးလေ့လာရမှာဖြစ်ကြောင်း ပြောရင်း ကောက်ခါငင်ခါထွက်သွားပါလေရောဗျ။ ဒီမှာတင်ဗိုလ်တိုးရဲ့ ပရိသတ်မင်းများလည်း ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ကြလေရော။ သူပြောတာဖြစ်နိုင်တယ်ဆိုတဲ့ တီးတိုးသံတွေလည်း ဆူညံကျန်ရစ်ပေ့ါ။ အမှန်တော့ ဗိုလ်တိုးဟာ အဲဒီတလပ်စွပ်ဈေးရဲ့ဈေးကောက်အဖြစ်လုပ်ကိုင်ခဲ့သူပါ။

ဗိုလ်တိုးဟာဖူးခက်မှာအခြေချခဲ့ဖူးတဲ့ နိုင်ငံခြားသားပညာရှင်တစ်ယောက်ရဲ့ လက်တိုလက်တောင်းဝန်ထမ်းအဖြစ်လည်းလုပ်ခဲ့ဖူးသေးသတဲ့ဗျ။ အဲဒီနိုင်ငံခြားသားနဲ့အတူနေရင်း အင်္ဂလိပ်စာကျွမ်းကျင်လာခဲ့ပုံရသဗျ။ နိုင်ငံတကာ စီမံကိန်းခေါင်းစဉ်တစ်ခုခုအကြောင်းများ ဗိုလ်တိုးလက်တန်းရှင်းပြရင် တော်ရုံပညာရှင်တစ်ထိုင်တည်းလေးစားသွားလောက်ပါရဲ့။

ကဲပါဗျာ။ ဗိုလ်တိုးအကြောင်းထားလိုက်ပါတော့။ စောစောကကျွန်တော်ပြောခဲ့တဲ့ တလပ်စွပ်ဆိုတဲ့ မြို့မဈေးမှာ အလွန်ကြေကွဲစရာကောင်းတဲ့မယုံနိုင်စရာဇာတ်လမ်းတစ်ခုဖြစ်ခဲ့ဖူးသဗျ။ အမှန်တော့ ဒီဇာတ်လမ်းကို ကျွန်တော်ပြန်မပြောချင်ဘူးဗျာ။ ဘာကြောင့်ပြောရတာတုံးဆိုတော့ထိုင်းရောက်မြန်မာတွေရဲ့ပြောင်းလဲလာနေတဲ့ ယဉ်ကျေးမှုဆိုင်ရာ စရိုက်ကိုမီးမောင်းထိုးပြချင်တာပါ။ တိုတိုပြောရင် အဲဒီအမှုဟာ မုဒိမ်းလူသတ်မှုပါပဲ။ ထူးခြားတာက အဲဒီအမှုဟာ ဗမာလူမျိုးက ဗမာမိန်းကလေးကိုရက်ရက်စက်စက်ကျူးလွန်တဲ့အမှု။ ပိုဆန်းတာကအဲ ဒီ မုဒိမ်းမှုကိုကျူးလွန်မယ့်အမျိုးသားကိုကာယကံရှင်မိန်းကလေးကိုယ်တိုင် ညအချိန်သုံးနာရီလောက်မှာ ချိန်းဆိုခဲ့တယ်ဆိုပဲ။

ခင်ဗျားရှင်းအောင်ပြောရရင် အဲဒီကလေးမဟာ ဖူးခက်ကိုရောက်တာရက်ပိုင်းပဲရှိသေးသဗျ။ သူ့အသက်က ၁၈နှစ်ပဲရှိသေးဗျာ။ ဖူးခက်ကိုလွန်ခဲ့သောကာလများက ကြိုရောက်နေတဲ့ သူ့အစ်မများအဆက်အသွယ်နဲ့ဆိုပါတော့။ အမှန်တော့ ကလေးမလေးဟာ သူ့ဗမာပြည်မှာ မကိုင်ဖူး၊ မသုံးဖူးတဲ့ တယ်လီဖုန်းလေးတစ်လုံးနဲ့ ဟိုလူ့ဆက်၊ ဒီလူ့ဆက်လုပ်ရာကနေ လူမသမာကိုသွားဆက်မိတာပါပဲ။

ထိုင်းရောက်မြန်မာများရဲ့ ထူးဆန်းလှသော ဖုန်းချစ်သူ (သို့မဟုတ်) လေလှိုင်းကနေချစ်သူထားကြတဲ့ဓလေ့ဆိုပါတော့ဗျာ။ တစ်နေကုန်မိုးလင်းမိုးချုပ်အလုပ်ကိုဇယ်စက်သလိုလုပ်နေကြရတာမို့ အချိန်အားရတုန်းတယ်လီဖုန်းတစ်လုံးနဲ့ ရင်ခုန်ကြတယ်ဆိုပါတော့။ အပြစ်မဆိုရက်ဘူးဗျ။ အဲဒီမိန်းကလေးရဲ့ လေလှိုင်းချစ်သူဟာ အချိန်မတော်မှာ နှစ်ယောက်ချင်းတွေ့ခွင့်တောင်းသတဲ့။ ကာမရောဂါဝမ်းတွင်းနာကား ကုရာနတ္ထိဆေးမရှိဆိုသမို့လား။ ဒီကလေးမမှာ ကံဆိုးမိုးမှောင်ကျဖို့ ကံဇာတာပါလာတယ်ထင်ပါရဲ့။

အဲဒီကလေးမလေးရဲ့ ညီအစ်မများက ညဘက်နှစ်နာရီလောက်ဆိုဈေးဆင်းကြတာမို့သူတစ်ယောက်တည်း ကျန်နေချိန်မှာ ချိန်းတွေ့ကြရောဆိုပါတော့။ အသံနဲ့ရုပ်ဆိုတာထပ်တူကျတတ်တာမှမဟုတ်တာ။ တကယ်တမ်းလူချင်းတွေ့ရော တယ်လီဖုန်းကတစ်ဆင့် ချိတ်ဆက်မိတဲ့အမျိုးကောင်းသားဟာ မိန်းကလေးဘယ်လိုမှမျှော်မှန်းမထားတဲ့ ရုပ်ရည်နဲ့ အသက်အရွယ်ဖြစ်နေပါရောတဲ့။ ဘယ်လိုဘယ်ပုံအသေးစိတ်ဖြစ်ကြတယ်ဆိုတာတော့ကာယကံရှင်နှစ်ဦးသာ သိကြပေလိမ့်မယ်။ အမျိုးသားရဲ့အလိုကိုကောင်မလေးက မလိုက်လျောရာကနေ အတင်းအဓမ္မဇာတ်လမ်းတွေဖြစ်ကုန်တယ်လို့သာ ယူဆရပါတော့တယ်။ အခင်းဖြစ်ရာနေရာကိုကျွန်တော်ကိုယ်တိုင်ရောက်သွားတော့ ကလေးမလေးဟာ စောင်ကြမ်းတစ်ထည်ကိုပတ်ပြီး ဘေးတစောင်းအနေအထားနဲ့အသက်ပျောက်နေလေရဲ့။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း စပ်စပ်စုစုကောင်ပဲဗျာ။ အဲဒီပြဿနာမဖြစ်ခင် လွန်ခဲ့တဲ့ ၂နှစ်၊ မနက်၆နာရီလောက် မွန်မလေးတစ်ယောက်မုဒိမ်းကျင့်အသတ်ခံရတဲ့အကြောင်းဖုန်းဝင်လာဖူးလို့တတ်နိုင်တာလုပ်ပေးရအောင် ထလိုက်သွားမိသေးတယ်ဗျ။ လမ်းတစ်လျှောက်လုံးမှာတော့ မုဒိမ်းတရားခံဟာ ဘယ်လူမျိုး၊ ဘယ်ကောင်မျိုးပဲဖြစ်စေ။ ကျွန်တော့်မှာရှိသမျှအဆက်အသွယ်နဲ့ ပညာပေးလိုက်မဟဲ့ပေ့ါဗျ။ အင်း။ ပြဿနာဖြစ်နေတဲ့ ဝပ်ချလောင်ဘက်လည်းရောက်သွားရော ကိုရွှေတရားခံဟာ မွန်လူငယ်တစ်ယောက်ဖြစ်နေသဗျာ။ ကဲ ဘယ်နှယ့်လုပ်ကြမတုံး။

အင်း ဗမာအလုပ်သမားဦးရေ သိန်းချီရောက်နေတဲ့ ဖူးခက်မြို့ကြီးမှာ သောင်းပြောင်းထွေလာမြန်မာ့ဇာတ်လမ်းပဒေသာများကတော့ တစ်ထောင့်တစ်ညနဲ့ကာရစ်ဘီယံဇာတ်လမ်းတွဲတွေကတောင် အဘခေါ်လောက်ပါရဲ့။

နေဦးဗျ။ ဖူးခက်ဟာ ရေလုပ်ငန်းအကြီးအကျယ်ဖြစ်တာကြောင့် ရေလုပ်သားတွေဟာဗမာတွေများသဗျ။ တိတိကျကျဆိုရရင် ထားဝယ်လူမျိုးတွေ များတယ်ဗျ။ နောက်ပိုင်း ရခိုင်လူမျိုးတချို့လည်း ရေလုပ်သားတွေဖြစ်လာတယ်။ ကျွန်တော်ကိုယ်တိုင်ကြုံခဲ့တဲ့ ဖယ်အုံကန်ဆိုတဲ့ ဆိပ်ကမ်းတစ်ခုက ရေလုပ်သားချင်းအုပ်စုဖွဲ့ပြီး အသေအကျေတိုက်ကြတဲ့ အဓိကရုဏ်းအကြောင်းပြောချင်သေးတယ်။

တကယ်ဆို ဖယ်အုံကန်အရပ်ဟာ ဟိုလွန်ခဲ့တဲ့လေးငါးခြောက်နှစ်ကဖူးခက်ရဲ့တွေတောင်မသွားရဲတဲ့နေရာလို့ဆိုသဗျ။ ထိုင်းရဲဆိုတာ ခေတ်မီသေနတ်ကိုခါးကြားထိုးပြီး အသင့်ပစ်နိုင်တဲ့သူတွေနော်။ အထာမသိဘဲ အချိန်မတော် ဖယ်အုံကန်ထဲကိုဝင်သွားမိတဲ့ရဲတွေလက်စပျောက်တာ မနည်းလှဘူးတဲ့ဗျ။

အမှန်တော့ မြန်မာရေလုပ်သားတွေဟာ သေမထူးနေမထူးစိတ်မွေးကြဟန်တူပါတယ်။ ပိုဆိုးတာက ဗမာရေလုပ်သားတွေကိုသေနတ်၊ တုတ်၊ ဓားလက်နက်ကအစ လိုလေသေးမရှိထုတ်ပေးပြီးမြှောက်ပေးနေတာ ထိုင်းငါးဖမ်းလှေပိုင်ရှင်တွေပါပဲ။ ဒီလိုဗျ။ ထိုင်းငါးဖမ်းလှေပိုင်အချင်းချင်းလည်းစီးပွားတူနေကြတော့ သိပ်အစေးမကပ်ကြဘူးလို့ဆိုရမယ်။ လှေတစ်စီးနဲ့တစ်စီးခိုက်ရန်ဖြစ်လို့ကတော့ နှစ်ဖက်လူအုပ်ဟာ ရရာလက်နက်နဲ့ တစ်ဖက်နဲ့တစ်ဖက်အပျောက်ရှင်းကြတာပဲ။

ကျွန်တော်က ဖယ်အုံကန်ကိုဘာသွားလုပ်သတုံးဟုတ်လား။ ကျွန်တော့်ဆီက ဗမာပစ္စည်းတွေဖောက်သယ်ယူတဲ့ ထားဝယ်မလေး မခိုင်တို့ဆိုင်ဘက်ကိုသွားရင်းနဲ့ ဖယ်အုံကန်လူသတ်ပွဲကို ကြုံရတာပဲ။

ဖယ်အုံကန်ရန်ပွဲအကြောင်းမပြောခင် အဲဒီဖယ်အုံကန်နေရာလေးအကြောင်းထည့်ပြောမှပြည့်စုံမယ်ဗျ။ ထိုင်းတွေပြောနေတဲ့ ဖယ်ဆိုတာက (pier) ဆိုတဲ့စကားကလာတယ်ဗျ။ ငါးဖမ်းလှေတွေက ငါးပိ၊ ငါးခြောက်လုပ်ငန်းတွေ အဓိကထားလုပ်ကြတဲ့ ရေလုပ်ငန်းရပ်ကွက်လေးပါပဲ။ ဒီနေရာနာမည်ကြီးလာတာကလည်း မြန်မာရေလုပ်သားတွေကြောင့်လို့ပဲဆိုရမယ်။ ဒီလိုဗျာ။ ကမ်းဝေးငါးဖမ်းလှေတွေဟာ ပင်လယ်ထဲကိုတစ်ခေါက်ထွက်ရင် တစ်လကျော်ကျော်ကြာသတဲ့။ ကမ်းမမြင်လမ်းမမြင်ပင်လယ်ထဲမှာတစ်လကိုးသီတင်းနေခဲ့ကြရတဲ့ ရေလုပ်သားအများစုဟာ ငါးဖမ်းလှေကမ်းကပ်ပြီဆိုတာနဲ့ ငရဲပြည်ကနေ တာဝတိံသာကို ချက်ချင်းရောက်ရတယ်လို့ ခံစားမိကြဟန်တူပါရဲ့။ ပင်လယ်ထဲမှာ အထီးကျန်အနေစုတ်သမျှ ကမ်းပေါ်လည်းရောက်ရော ယောက်ျားတို့တောင့်တအပ်တဲ့အရာအားလုံးနဲ့ အပျော်ရှာကြတော့တာပါပဲ။

ဒီတော့ ဖယ်အုံကန်ဆိုတဲ့နေရာဟာ မြန်မာရေလုပ်သားတွေအတွက် လိုချင်တာမှန်သမျှအားလုံးရတဲ့နေရာလို့ဆိုရမယ်။ နည်းနည်းသည်းခံပြီးနားထောင်ပါခင်ဗျာ။ အရက်၊ ဖဲ၊ ဖာ၊ မူးယစ်ဆေးအာစီယံစတဲ့ အရာအားလုံးဖယ်အုံကန်မှာအကုန်ရလေရဲ့။ ဒီတော့ ငါးဖမ်းလှေကပ်ပြီဆိုတာနဲ့ ဖယ်အုံကန်မှာ ပွဲတော်ကြီးလိုကိုဖြစ်လို့။ တချို့ခပ်အေးအေးမောင်တွေကတော့ အရက်ဘီယာလေးနဲ့ကာရာအိုကေလောက်ဆိုပေမယ့် တချို့အပျော်လွန်တတ်တဲ့မောင်တွေကတော့ ထင်တိုင်းကြဲပြီး သုံးကြဖြုန်းကြတောတာပါပဲ။ အမယ် စကားမစပ် ဖယ်အုံကန်မှာ ထူးထူးဆန်းဆန်းစာပေစိတ်ဝင်စားတဲ့ရေလုပ်သားတချို့က စာကြည့်တိုက်လေးထောင်ဖူးတယ်ဗျ။ ကျွန်တော့်စိတ်ထင် တစ်နှစ်လောက်သက်တမ်းတော့ဖွင့်နိုင်ခဲ့ထင်ပါရဲ့။

ဖယ်အုံကန်မှာ ဖြစ်လိုက်တဲ့ပြဿနာတိုင်းကတော့ အမူးသမားအချင်းချင်း၊ မူးယစ်ဆေးသမားအချင်းချင်း၊ လှေပေါ်မှာ ဖဲရိုက်လာပြီး ဖဲကြွေးမပေးတဲ့ပြဿနာမျိုးတွေပါပဲ။ ဟိုအတန်းက ဟိုဟာလေးတွေနဲ့ သူ့ဦးစားပေးရမလား။ ငါ့ကိုတော့ ငယ်စာရင်းဖျက်ရမလားစသဖြင့် အပျော်အိမ်ကရည်းစားလုပွဲတွေလည်း ရှိသေးဗျာ။ ထိုင်းရောက် ငါးဖမ်းလှေသမားတွေရဲ့ဘဝက ကျွန်တော်မြင်မိသလောက် တယ်ဇယားမကျလှဘူးဗျာ။ ဆိုလိုတာက ရှာလို့ဖွေလို့ရတဲ့ဝင်ငွေကို ဇာတိမြေက မိသားစုဆီရောက်တယ်ဆိုတာ အတော်ကိုရှားမယ်။ ဘာကြောင့်ဆို ရက်ကာလကြာမြင့်စွာ ရေထဲမှာနေရတော့ ငါးဖမ်းလှေကမ်းကပ်ပြီဆိုတာနဲ့ လူ့သဘာဝပျော်ချင်ပါးချင်ကြတာ။ စိတ်ထွက်ပေါက်ရှာကြတာ ထုံးစံလိုဖြစ်နေတာကြောင့် ရေထဲသွားလိုက် ကုန်းပေါ်တက်လာပြီးသောက်စားပျော်ပါး သုံးဖြုန်းလုပ်နေကြတာပါပဲ။

**အချပ်ပို(IV) သို့**

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ဇီးရိုးပလပ်စ် ဇီးရိုး ဇီးရိုး ဇီးရိုး ဆိပ်ကမ်းမှာ

**မောင်သာချို**




(တစ်)

တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရလေမလား မသိ။ ထိုနေ့က ထားဝယ် ရေနက်ဆိပ်ကမ်းကို ရောက်တော့ အလုပ်သမား တချို့ အားလျော်ကြေးငွေ ထုတ်ပေးသည့် ရက်နှင့်သွားပြီး တိုက်ဆိုင်လို့ နေပါသည်။ ကွင်းပြင်ကြီးထဲ ထီးထီးကြီး ရပ်တည်နေသည့် စားသောက်ဆိုင်နေရာက ကန်တင်း (Canteen) သဘောမျိုးစုပေါင်းဖွဲ့စည်းထားသည့် အဆောက်အအုံကြီး ဖြစ်ပါသည်။ သို့သော် တန်းလျားတော့ မဟုတ်။ အမိုးမြင့်မြင့်နှင့်မို့ ဂိုဒေါင်ကြီးတစ်ခုလိုလို၊ စည်ပင်သာယာက ဆောက်သည့်ဈေးရုံကြီးတစ်ခုလိုလို၊ အထည်ရုံကြီးတစ်ခုလိုလို အဆောက်အအုံကြီး ဖြစ်ပါသည်။ အလုံပိတ်ကာရံထားသော ဈေးမဟုတ်သည့်အတွက် လင်းလင်းကျင်းကျင်းရှိပါသည်။ ပင်လယ်ကမ်းစပ်နံဘေးက ကွင်းပြင်ကြီးထဲတွင် ရှိသည့်အတွက် လေဝင်လေထွက်ကလည်း ကောင်းပြီး သန့်ရှင်းလတ်ဆတ်ပါ၏။ အများသုံး အိမ်သာနှင့်ဘာနှင့်။ သည်တစ်ပင်တိုင် အဆောက်အအုံကြီးထဲမှာ ဈေးဆိုင်တွေကို သူ့နေရာနှင့်သူ နေရာချထားပေးခြင်း ဖြစ်ပါသည်။ လူသုံးကုန်ပစ္စည်းရောင်းသည့် ဆိုင်ကလေး တစ်ဆိုင်စ နှစ်ဆိုင်စကလွဲလျှင် ကျန်တာတွေက စားသောက်ဆိုင်တွေချည်း။

လူသွားလူလာဟူ၍ မရှိလောက်အောင် တိတ်ဆိတ်ခြောက်ကပ်နေသည့် မိုးမဆုံး၊ မြေမဆုံး သည်ပတ်ဝန်းကျင် တစ်ဝိုက်မှာ လူကလေး၊ သူကလေးနည်းနည်းပါးပါးနှင့် အသက်ဝင်နေသည့်နေရာဆို၍ သည်တစ်နေရာပဲ ရှိလိမ့်မည်ထင်ပါသည်။ ဘီယာမော့နေသူ လေးငါးခြောက်ယောက်၊ အရက်သောက်နေသူ လေးငါးခြောက်ယောက်၊ ထမင်းစားနေသူ လေးငါးခြောက်ယောက်၊ လက်ဖက်ရည်သောက်နေသူ လေးငါးခြောက်ယောက်၊ ဟိုလျှောက် သည်လျှောက်လေးငါး ခြောက်ယောက်။ စားသောက်ဆိုင် တစ်ဆိုင်ကမူ ထိုင်းစာတွေနှင့်။

"သည်နေ့က လျော်ကြေးရကြတယ်လေ . . . ဒါကြောင့် နည်းနည်းကလေးလူစည်နေတာ"

ဒေသခံ တစ်ယောက်က ထားဝယ်သံ မဝဲအောင်ထိန်း၍ ကျွန်တော့်ကို ပြောပါသည်။ ဟုတ်ပါသည်။ ၂၀၁၃ ဒီဇင်ဘာ ၁၁ သည် ထားဝယ်ရေနက်ဆိပ်ကမ်းရောက် အလုပ်သမားအချို့တို့ လျော်ကြေးငွေကလေး နည်းနည်းပါးပါးရသော နေ့ဖြစ်ပါသည်။ ဒါ့ကြောင့် သောက်သောက်စားစားကလေးတွေကလည်း ရှိနေခဲ့ရာ စကားသံတွေက ပုံမှန်ထက် မြူး၍နေပါသည်။ တစ်ယောက်ကများဆိုလျှင် ကျွန်တော့်ဆီသို့ ထလာပြီး မိတ်ဆက်ရုံမျှမက သူ့အင်္ကျီအိတ်ထဲက ပိုက်ဆံတစ်ထပ်ကိုပင် ဆွဲထုတ်၍ ပြနေပါသေးသည်။ တစ်သိန်းအုပ် နှစ်အုပ်နှင့် ငွေစက္ကူသောင်းပြောင်းအချို့။ သူ့မျက်နှာက ရတနာသိုက်ကို တူးမိသည့်လူလိုဝင်းပလို့။ တောက်ကြွားလို့။

သည်နေရာမှာ လူသူလေးပါးတို့ ခြောက်သွားခဲ့တာ တစ်လမရှိတရှိလောက် ရှိပြီ။ အီတာလျံ-ထိုင်းကုမ္ပဏီက လုပ်ငန်းများ ရပ်ဆိုင်းကာ စွန့်ခွာသွားကြရာက ထားဝယ်ရေနက်ဆိပ်ကမ်းလုပ်ငန်းခွင်ကြီးတစ်ခုလုံး တစပြင်လို ဖြစ်သွားခဲ့ရခြင်း ဖြစ်ပါသည်။

(နှစ်)

အီတာလျံ-ထိုင်းကုမ္ပဏီနှင့် မြန်မာတို့ ကနဦး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်က ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်။ နောက်ထပ်တစ်ခါနားလည်မှုစာချွန်လွှာထပ်၍ လက်မှတ်ထိုးကြပြန်သည်က ၂၀၀၈ ခုနှစ်ဇွန်လ ၁၂ ရက်။ လုပ်ငန်းခွင်စ၍ လည်ပတ်သည်က ၂၀၁၀ ပြည့်နှစ်နိုဝင်ဘာလ ၂ ရက်။ ဟော အခုတော့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက် ပူးတွဲလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးမှာ စီမံကိန်းပျက်ပါပြီ။ အီတာလျံ-ထိုင်းကုမ္ပဏီက ဆက်လက်လုပ်ဆောင်နိုင်စွမ်းမရှိတော့ပါဘူးဟုဆိုကာ လုပ်ငန်းအားလုံးကို ရပ်ဆိုင်းပစ်လိုက်ခဲ့ခြင်း ဖြစ်ပါသည်။

ထားဝယ်ရေနက် ဆိပ်ကမ်းကြီးအပါအဝင် ထားဝယ် စီးပွားရေးဇုန်ကြီးတစ်ခုလုံးအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ မှန်းထားခဲ့ရာ သည်ပမာဏကို ကုမ္ပဏီက မတတ်နိုင်တော့။

လုပ်ငန်းခွင်ကြီးက တော်တော့်ကိုပဲ ကျယ်ပါသည်။ ဟက်တာနှင့် တွက်လျှင် ၂၀,၀၀၀၊ ဧကနှင့် တွက်လျှင် ၅၀,၀၀၀ ။ အဓိကအကျဆုံးက ထားဝယ်ရေနက်ဆိပ်ကမ်း။ ထိုဆိပ်ကမ်းကနေ ထိုင်းနိုင်ငံ နယ်စပ်အထိ မြန်မာနိုင်ငံ၏ ခြေထောက်ကန့်လန့်ဖြတ်ပြီးဖောက်နေသည့် နှစ်လမ်းသွားကားလမ်း။ ပြီးတော့ စက်မှုဇုန်။ ပြီးတော့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ။ ပြီးတော့ ရေပေးဝေရေး၊ ဆက်သွယ်ရေးစသည် စသည်။

ကျွန်တော် ထားဝယ်သို့ မကြာခဏ ရောက်တတ်ပါသည်။ ထားဝယ်သို့ရောက်တိုင်းလည်း မောင်းမကန်ကမ်းခြေမှာတော့ သွားသွားပြီး ထိုင်ဖြစ်သည်ချည်းပဲဖြစ်ပါသည်။ မောင်းမကန် ကမ်းခြေကနေ တနင်္သာရီကမ်းရိုးတန်းအတိုင်း မြောက်သို့တက်သွားလျှင် ဟိုးနဘုလယ် ကျေးရွာနားသို့ ရောက်သည်အထိ ထားဝယ်ရေနက် ဆိပ်ကမ်းကြီးက စောင့်၍နေပါသည်။ ပင်လယ်ကြီးက ပြာလို့။ ကမ်းခြေကြီးက ဖြောင့်တန်းလို့။ သည်နေရာမှာ ရေက နည်းနည်းနက်ပါသည်။ သင်္ဘောကြီးတွေဝင်ထွက်သွားလာနိုင်သည်အထိကိုပဲ နက်ပါသည်။ ထို့ကြောင့် ဆိပ်ကမ်းလုပ်ကာ ကားလမ်းဖောက်ပြီး ထိုင်းနိုင်ငံထဲသို့ ဝင်ရောက်သွားရန်အတွက် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းကရည်ရွယ်ထားခြင်း ဖြစ်ပါသည်။ ယင်းနှင့်ယှဉ်တွဲလျက် စီမံကိန်းက ထားဝယ်အထူးစီးပွားရေးဇုန်။

အခုတော့ ထိုထို၌၌သော စီမံကိန်းကြီးတွေက ယာယီရပ်ဆိုင်းလို့။

သောင်စပ်မှာက ယာယီဆောက်ထားသည့် တည်းခိုဇရပ်တစ်ဆောင်။ ဇရပ်နှင့် မလှမ်းမကမ်း ပင်လယ်ကမ်းပါးပေါ်မှာက အလံတိုင်တစ်ခု။ အလံတိုင်၏ အောက်နားဆီမှာက မိုင်တိုင်တစ်ခုကို စိုက်ထားပါသည်။ KMO+000 တဲ့။ ကီလိုမီတာ ဇီးရိုးကနေ စသည့်လမ်း။ အကြမ်းစပြီးဖောက်ထားသည့် လမ်းဆိုသည့်တိုင် လမ်းက မြေသားမို့ နီရဲနေပြီး ချောမွေ့ပြေပြစ်စွာနှင့်ပဲ ဟိုး အရှေ့ဘက် ထိုင်းနယ်စပ်ရှိရာဆီသို့ ဦးတည်ပြီး သွားနေပါလေသည်။ မလှမ်းမကမ်းဆီမှာက နှုတ်ဆိတ်နေသည့် ထိုင်းနတ်ကွန်းကလေးတစ်ခု။ ထိုင်းအငွေ့အသက်မကင်းသည့် စီမံကိန်း ရုံးခန်းကလေးတစ်ဆောင်။ စီမံကိန်း ပုံစံငယ်များ ခင်းကျင်းပြသထားသည့် အဆောင်ကလေးတစ်ခု။ ကျန်တာဘာမှမရှိ။ ကျွန်တော်တို့လို ကြံကြီးစည်ရာ ရောက်လာတတ်သူတွေက လွဲလျှင် မည်သူမှ မရှိ။ ပင်လယ်ကို ဦးတိုက်ထားသည့် ကားလမ်းမဘေး ဝဲယာဝန်းကျင် တစ်ခုလုံးတွင်ကားလယ်ယာကိုင်းကျွန်း သစ်ပင်ဝါးပင်များကို ခုတ်ထွင်ရှင်းလင်းထားသည့်အတွက် ဟင်းလင်း။

အီတာလျံ-ထိုင်းကုမ္ပဏီက သည်စီမံကိန်းကြီးအတွက် နစ်နာထိခိုက်ရသော ဒေသခံများကို လျော်ကြေးပေးပါသည်။ ကွမ်းသီးတစ်ပင်ကို ဘယ်လောက်၊ ရော်ဘာတစ်ပင်ကို ဘယ်လောက်၊ မြေကွက်သက်သက်ကို ဘယ်လောက် စသည်ဖြင့်။

"ဈေးကတော့ အမျိုးမျိုးပေါ့။ ကွမ်းသီးတစ်ပင် သုံးသောင်း၊ လေးသောင်း၊ ငါးသောင်း အပင်အရွယ်အစားအလိုက်ပေါ့။ ထိုင်းနယ်စပ် KNU နယ်မြေဘက်ကတော့ KNU က ရပ်တည်ပေးတဲ့အတွက် ပိုရတယ်လို့ ကြားပါတယ်။ ကွမ်းသီးတစ်ပင်ကို တစ်သိန်းရှစ်သောင်းတဲ့၊ ရော်ဘာတစ်ပင်ကို ရှစ်သောင်းတဲ့၊ မြေကွက်အလွတ်တွေက တစ်ဧကကို ငါးသိန်းရတာလည်းရှိ ဆယ်သိန်းရတာလည်း ရှိ" တဲ့။

လမ်းဧရိယာနှင့် မလွတ်သော၊ စီမံကိန်းနယ်မြေနှင့် မလွတ်သော ရွာများ၊ စိုက်ပျိုးမြေများကို ကုမ္ပဏီက လျော်ပြီး အလုပ်လုပ်ကြရာ တချို့တချို့တို့က ခါတော်မီအပင်ကလေးတွေ နေ့ချင်းညချင်း ထစိုက်ကာ လျော်ကြေးကိစ္စကြိုးစားကြသည့်အတွက် ဒေသခံတွေက "လျော်ပင်" ဟု အမည်ပေးကြကြောင်းဆိုရာ ကျွန်တော် တော်တော့်ကို သဘောကျသွားမိပါသည်။

ထားဝယ်ရေနက် ဆိပ်ကမ်းဧရိယာကြီးထဲ၌ ထိန်ကြီး၊ လဲရှောင်၊ မူးဒူး၊ ပရဒတ်၊ ခမောက်ချောင်း၊ ဝက်ချောင်းစသည့်ရွာတို့ အဓိကပါဝင်ပြီး စိုက်ပျိုးမြေဧကပေါင်း ၇၉၉၇ ဒသမ ၄၉ ဧကနှင့် ဒေသခံလူပေါင်း ၁၅၄၅ ယောက်တို့အတွက် ထိုက်သင့်သည့် လျော်ကြေးကို ပေးရမည်ဖြစ်ရာ စုစုပေါင်းကျပ်ဘီလီယံ ၃၄၀ ခန့်မှန်းထားပြီး ယခုအထိ ကျပ်သန်းပေါင်း ၃၄၀၀ ပေးလျော်ပြီးဖြစ်သည့်အတွက် နောက်ထပ်ပေးလျော်ရန် ကျပ်ငွေ ၃၀၇ ဘီလီယံ ကျန်သေးသည်ဟု ဆိုပါသည်။

ယခု အီတာလျံ-ထိုင်းကုမ္ပဏီက သည်ဝန်ထုပ်ဝန်ပိုးကြီးတွေကို မထမ်းရွက်နိုင်ဘဲ ဖြစ်သွားပုံရပါသည်။ လုပ်ငန်းတွေအားလုံး ရပ်ဆိုင်းပစ်လိုက်ကာ အလုပ်သမားတွေကို လျော်ပါလေသတဲ့။ သုံးလမပြည့်သေးသည့် အလုပ်သမားကို တစ်လစာ၊ တစ်နှစ်မပြည့်သေးသည့် အလုပ်သမားကို နှစ်လစာ၊ တစ်နှစ်ပြည့်သည့် အလုပ်သမားကို သုံးလစာ၊ သုံးနှစ်ပြည့်သည့် အလုပ်သမားကို ငါးလစာ စသည် စသည်ဖြင့် လျော်ပစ်ခဲ့ခြင်းဖြစ်ပါသည်။

**အချပ်ပို(IV) သို့**

# လှပဆန်းသစ်သော တက္ကသိုလ်ပုံရိပ်များဆီသို့

**ရွှေဖြိုးမောင်**




(၁)

ပြောင်းလဲခြင်းများနှင့်အတူ လှပမှုများ ရုပ်လုံးကြွလာသော အခါ ထိုလှပမှု၏နောက်တွင် ကြည်နူးမှု၊ အေးမြမှု၊ ငြိမ်းချမ်းမှု၊ သာယာမှုများသည် ထက်ကြပ်မကွာလိုက်ပါ လာတတ်ပါသည်။ ထိုအရာများအားလုံးသည်ကောင်းသောအမြင်၊ ကောင်းသော အတွေး၊ ကောင်းသောအသိများဖြစ်ပေါ်စေရန် တွန်းအားပေးမည်မှာ အမှန်ပင်ဖြစ်ပါသည်။ တိုးတက်မှုရလဒ်ကို အကျိုးဆက်အဖြစ် ခံစားကြရမည်ဖြစ်ပါသည်။

အပြောင်းအလဲသည်ဖန်တီးမှုတစ်ခုသာဖြစ်သည်။ အားထုတ်ပုံ၊ အားထုတ်နည်းကိုမူတည်၍ ထိုဖန်တီးမှုသည် လှပခြင်းရှိ၊ မရှိဆုံးဖြတ်ကြရမည်ဖြစ်ပါသည်။ လှပခြင်းသည် ကောင်းခြင်းတစ်ခုဖြစ်သည်။ ကောင်းခြင်းအဖြာဖြာတို့၏ အစ၊ အဦးလည်းဖြစ်သည်။ လှပခြင်းသည် ဖြူစင်မှုမှ ဆင်းသက်သည်။ ဖြူစင်လှပမှုသည် ထည်ဝါခြင်းကို အလိုလိုပုံဖော်ပြီးသားဖြစ်သည်။ အားလုံးပေါင်းသောအခါ ခမ်းနားတင့်တယ်သော၊ မြင့်မြတ်ကြီးကျယ်သော၊ ထင်ရှားကျော်ကြားသော၊ ရေရှည်တည်တံ့ခိုင်မာသော ပန်းတိုင်သို့ ရောက်ရှိသည်သာ ဖြစ်ပါသည်။

(၂)

ပညာရေးဝန်ကြီးဌာနက အသုံးစရိတ်များ ချထားပေးရာတွင် အခြား ဝန်ကြီးဌာနများထက် နည်းပါးသောကြောင့်ဝန်ကြီးဌာနအသီးသီးလက်အောက်ရှိ တက္ကသိုလ်များအနေဖြင့် တက္ကသိုလ်ဗဟိုကောင်စီသို့ ဝင်ရောက်လိုသော်လည်းပညာရေးဝန်ကြီးဌာနဖွဲ့စည်းပုံအောက်သို့ မဝင်လိုကြောင်း ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ပြုလုပ်သော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီလုပ်ငန်းအဖွဲ့ဝင်များထံမှ စုံစမ်းသိရှိရကြောင်း သတင်းများတွင် ဖတ်လိုက်ရပါသည်။

အဆိုပါ ပညာရေးအသုံးစရိတ်နည်းပါးသည့်အချက်ကိုရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်လုပ်ငန်းအဖွဲ့က နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်းထံ တင်ပြခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုဖြစ်သော ဆေးတက္ကသိုလ်ကလည်း အဆိုပါဝန်ကြီးဌာနလက်အောက်မဟုတ်ဘဲ သီးခြားရပ်တည်ရန် ဆန္ဒရှိကြောင်း၊ ကျန်းမာရေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့က ဒီဇင်ဘာလ ၁၀ ရက် ကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြကြောင်း၊ လက်ရှိဝန်ထမ်းများအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနဘက်သို့ ကူးပြောင်းရန် သဘောမကျကြောင်း၊ နိုင်ငံတော်သမ္မတက တက္ကသိုလ်များကို ဝန်ကြီးဌာနအောက်မထားဘဲ ကိုယ်ပိုင်ရပ်တည်ကြရန် ဆန္ဒရှိသောကြောင့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဖွဲ့ကာ ပညာရေးမူဝါဒများ ရေးဆွဲခြင်းဖြစ်သော်လည်း လက်ရှိအချိန်တွင် ဝန်ကြီးဌာနတက္ကသိုလ်များက သီးခြားရပ်တည်ရန် အဆင်သင့်မရှိသေးသည်ကို တွေ့ရကြောင်း သိရပါသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများအကြား ပညာရေးအသုံးစရိတ်အနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အစိုးရသစ်လက်ထက်တွင် ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်များကို သိသိသာသာ တိုးမြှင့်ပေးခဲ့သော်လည်း ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနများနှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးနေသေးကြောင်း သိရပါသည်။

ယခု ဒီဇင်ဘာလတွင် ပြန်လည်ခွင့်ပြုခဲ့သော ရန်ကုန်တက္ကသိုလ်အဆောင်နေကျောင်းသား၊ ကျောင်းသူများသည် နိုင်ငံရေးလှုပ်ရှားမှုများဖြစ်သည့် တက္ကသိုလ်ပရိဝုဏ်အတွင်း ကြော်ငြာခြင်း၊ စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း မပြုလုပ်ရန် ကန့်သတ်ထားကြောင်း၊ ပြုလုပ်လိုပါက အဆောင်မှူးနှင့် တက္ကသိုလ်တာဝန်ခံများထံခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကြောင်းလည်း သိရပါသည်။

(၃)

လှပမှုဆီသို့ ဦးတည်ရာတွင် ပြောင်းလဲခြင်းဖြင့်သာ ရွေ့ကြရမည်ဖြစ်ပါသည်။ အပြောင်းအလဲသည် လိုအပ်သော အပြောင်းအလဲ၊ မှန်ကန်သော အပြောင်းအလဲ၊ ကောင်းကျိုးရရှိစေမည့် အပြောင်းအလဲဖြစ်ရပါမည်။ တက္ကသိုလ်များကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး၊ ကိုယ်ပိုင်ရပ်တည်နိုင်ရေးများသို့ ချီတက်ရာတွင် ပြီးခဲ့သော နီးစပ်သည့်ဆယ်စုနှစ်များ၏ ပညာရေးဆိုင်ရာ အနေအထားများကိုလည်း သုံးသပ်ကြရပါလိမ့်မည်။ လက်ရှိကျင့်သုံးနေသောစနစ်များ၊ အကောင်အထည်ဖော်နေသော စီမံကိန်းများ၊ ရည်မှန်းထားသော မူဝါဒများသည်လည်း မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက်ဖြစ်အောင် စိစစ်အကဲဖြတ်သင့်ပါသည်။ စမ်းသပ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများသည် အထိမနာစေဖို့၊ မျှမျှတတဖြစ်ဖို့၊ ရေရှည်အတွက် ခိုင်မာဖို့ လိုအပ်ပါသည်။

ပညာရေး ကဏ္ဍအတွက် အသုံးစရိတ်ဟုဆိုရာတွင် လုံလုံလောက်လောက် ချပေးရန်လိုအပ်သကဲ့သို့ ချပေးသော ပမာဏအတိုင်း ပြည့်ပြည့်ဝဝ၊ အကျိုးရှိရှိ သုံးစွဲဖို့လိုအပ်ပါသည်။ ဘယ်သူ့အတွက် သုံးစွဲသလဲ၊ ဘယ်အတွက် သုံးစွဲသလဲဆိုသည်များကို တစ်ဦးတစ်ယောက်တည်းက ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိခြင်းနှင့် စာရင်းဇယားလှည့်ဖြားရန် အခွင့်ရှိခြင်းများသည် နောက်ဆက်တွဲများစွာအပေါ် နစ်နာစေပါသည်။ တက္ကသိုလ်များကို စုစည်းခြင်း၊ တွဲဖက်ခြင်း၊ ပေါင်းစည်းခြင်း၊ ကိုယ်ပိုင်ရပ်တည်ခြင်းများသည် တာဝန်ရှိအကြီးအကဲများ၏ နောက်ခံအချက်များဖြစ်သည့် ကိုယ်ကျင့်သိက္ခာ၊ စိတ်စေတနာ၊ ဦးဆောင်နိုင်မှုစွမ်းရည်နှင့် ပညာရှင်ပီသမှုများရှိခြင်း၊ မရှိခြင်းအပေါ် များစွာမူတည်နေပါသည်။

ပညာရေးတွင် ဟန်ပြသက်သက်၊ လုပ်ပြီးရုံမျှသက်သက်၊ ကိန်းဂဏန်းလှရုံသက်သက် အလုပ်လုပ်နေကြခြင်းသည် တိုင်းပြည်အတွက်အရေးပါသည့်အခြားသောကဏ္ဍများတွင်လည်း ဆိုးပြစ်များဖြစ်ပေါ်စေပါသည်။ နောက်တစ်ချက်သည် နိုင်ငံရေးကိစ္စဖြစ်သည်။ နိုင်ငံရေးသည်နိုင်ငံ့အရေးကိစ္စများပင်ဖြစ်ပါသည်။ အားလုံးနှင့်သက်ဆိုင်ပါသည်။ အားလုံး အတွက်လည်း ဖြစ်ရပါမည်။

**စာမျက်နှာ(၃၂) သို့**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံ့ချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
**Hotline : 0973032006**

Business

7DAY NEWS JOURNAL

Vol.12, No.41 • DECEMBER 18 , 2013



*ဂျပန်နိုင်ငံရောက် သမ္မတဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံနှုတ်ဆက်စဉ်* ဓာတ်ပုံ - အေအက်ဖ်ပီ

# တရုတ်ကိုတန်ပြန်ဖို့ မြန်မာကိုအကူအညီပိုပေးမည့် ဂျပန်

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြန်မာနိုင်ငံအားဂျပန် ယန်းငွေ ၆၃ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း၆၁၀)ကိုအကူအညီအသစ်အဖြစ်ပေးရန် ကတိပေးလိုက်ခြင်းသည် အာရှဒေသတွင် တရုတ်ဩဇာလွှမ်းမိုးမှုကို ဂျပန်နိုင်ငံက တုံ့ပြန်တိုက်ခိုက်သည့် နောက်ဆုံးလတ်တလော ကြိုးပမ်းအားထုတ်မှုတစ်ခုဖြစ်သည်။

အရှေ့ပင်လယ်မှ ကျွန်းများပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ယခုနှစ်အတွင်း ဂျပန်နှင့်တရုတ်၏တင်းမာမှုများကလည်း ပိုမိုဆိုးရွားလာနေသည်။ ပြီးခဲ့သည့်လက တရုတ်ကအဆိုပါဒေသတွင် ၎င်း၏လေကြောင်းကာကွယ်ရေးဇုန်အဖြစ် သတ်မှတ်ကြေညာလိုက်သည့်အတွက် အခြေအနေကို ပိုဆိုးသွားစေသည်။

ဂျပန်ဝန်ကြီးချုပ်မစ္စတာအာဘေးသည် ပြီးခဲ့သည့်တစ်နှစ်သူ့အာဏာရရှိလာသည့်အချိန်ကတည်းက ဒေသတွင်းတရုတ်၏ဩဇာ တိုးလာခြင်းကိုတုံ့ပြန်ကာကွယ်ရန်အာရှနိုင်ငံများနှင့် ဂျပန်၏မဟာမိတ်ရင်းနှီးမှုကို တိုးမြှင့်ဆောင်ရွက်လာသည်။

ထိုအထဲတွင် သယံဇာတကြွယ်ဝပြီး တရုတ်၏ဩဇာလွှမ်းမိုးမှုကို နှစ်ကာလကြာရှည်စွာခံနေရသော မြန်မာနိုင်ငံလည်းပါဝင်သည်။ မြန်မာကလည်း စစ်အုပ်ချုပ်ရေးမှ အရပ်သားအစိုးရသို့ အသွင်ပြောင်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးသည့်အချိန်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်အာဘေးက တနင်္ဂနွေနေ့တွင် ဂျပန်သို့ရောက်ရှိလာသည့် မြန်မာသမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ဒေသတွင်း အဆင်းရဲဆုံးဖြစ်နေသည့်မြန်မာနိုင်ငံ၏အခြေခံလူနေမှု အဆောက်အအုံများမြှင့်တင်ရန် အကူအညီများပိုပေးရန် ကတိပေးခဲ့သည်ဟု ဂျပန်ဝန်ကြီးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်ကဆိုသည်။ ဂျပန်သည် တရုတ်နှင့်ရေပိုင်နက် အငြင်းပွားနေသည့်ဗီယက်နမ်ကိုလည်းယန်းငွေ ၁၀၀ ဘီလီယံ အကူအညီပေးရန် ကတိပေးထားခဲ့၏။

ဂျပန်သည် ထိုင်းနှင့်မြန်မာနှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်နေသည့် ထားဝယ်ရေနက်ဆိပ်ကမ်းကိုလည်း ဂျပန်ကပူးပေါင်းဆောင်ရွက်သွားမည်ဟု ဂျပန်ဝန်ကြီးချုပ်ကပြောသည်။ မြန်မာနိုင်ငံတောင်ပိုင်းတွင်ရှိသည့် အဆိုပါစီမံကိန်းကိုဦးဆောင်နေသော အီတာလျံထိုင်းကုမ္ပဏီ၏ ငွေကြေးအရင်းအနှီးနည်းပါးမှုကြောင့် နှောင့်နှေးကြန့်ကြာနေရ၏။

ဂျပန်က ထိုကဲ့သို့မြန်မာတွင် ပိုမိုတက်ကြွစွာလှုပ်ရှားလာရခြင်း

စာမျက်နှာ ၂၈ ››

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၈ | ၉၈၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၅ | ၇၈၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၄၀ | ၁၃၅၇ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၇ | ၃၀. ၈၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၃ ဒီဇင်ဘာ ၁၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၃၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၇၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၃. ၂၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၇၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၁၈၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၅၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၂. ၉၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၃၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၀၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၂,၀၉၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၉၂. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၁၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၁၅၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၉၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၅၈၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၈၉၂၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၃၉. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၇၉ |
| ငွေ | အောင်စ | ၁၉. ၆၃ |
| ကြေးနီ | ပေါင် | ၃. ၃၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၄၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဒီဇင်ဘာ ၁၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ဂျပန်ဧည့်သည်များအတွက် အဓိကရည်ရွယ်သည့် ဟိုတယ်တစ်လုံး ကမ္ဘာအေးဘုရားလမ်းတွင်ဖွင့်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၆**

မြန်မာနိုင်ငံသို့ လာရောက်မည့် ဂျပန်ဧည့်သည်များကိုအဓိကရည်ရွယ်ထားသည့် ကြယ်သုံးပွင့်အဆင့်ရှိ Cherry Hills Hotel ကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းတွင် ဒီဇင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်လိုက်သည်။

"သီလဝါစက်မှုဇုန်စပြီဆိုတာနဲ့ ဂျပန်တွေ အကုန်လုံးဝင်လာကြမှာပါ။ မှန်းတာတော့ ဧည့်သည်အကုန်လုံးရဲ့ စိတ်ကျေနပ်မှုရအောင် မှန်းထားပါတယ်။ ဂျပန်ဧည့်သည်တွေ စိတ်ကြိုက်ဖြစ်စေမယ့်ဟာမျိုးကို အဓိကထားပြီးပြင်ဆင်ထားတယ်"ဟု Cherry Hills Hotel မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာအောင်ဌေးလင်းကပြောသည်။

Cherry Hills Hotel သည် ခြောက်ထပ်ရှိပြီး မြေညီထပ်တွင် ဂျပန်နိုင်ငံမှ နာမည်ကြီးစားသောက်ဆိုင်တစ်ခုဖြစ်သည့် Fuji-nobo ဂျပန်စားသောက်ဆိုင်ကို ဖွင့်ထားသည်။ ပထမထပ်မှ ငါးထပ်အထိ အထပ်တစ်ထပ်လျှင် အခန်းကိုးခန်းနှုန်းဖြင့် အခန်းပေါင်း ၄၅ ခန်းရှိပြီး Room Type အနေဖြင့် Cherry Deluxe၊ Cherry Deluxe Plus ၊ Cherry Executive အမျိုးအစားသုံးမျိုးခွဲခြားထားသည်ဟုဆိုသည်။

"နောက်ပိုင်း ဒီမှာ ဂျပန် Bar ရော၊ ဂျပန်စားသောက်ဆိုင်ရော ရှိတဲ့အတွက် ဒီမှာမတည်းဘဲနဲ့ တောင် ဂျပန်လူမျိုးတွေရဲ့ ဆုံစည်းတဲ့နေရာတစ်ခုဖြစ်လာအောင် ကြိုးစားသွားမှာပါ"ဟု ဒေါက်တာအောင်ဌေးလင်းကပြောသည်။




စာမျက်နှာ ၂၇ မှ

## တရုတ်ကိုတန်ပြန်ဖို့ မြန်မာကိုအကူအညီပိုပေးမည့် ဂျပန်

မှာ တရုတ်ကို ဒေသတွင်းမှ တိုက်ထုတ်နေချင်သည့်အမေရိကန်၏ ကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်သည်။ အမေရိကန်နှင့်ဂျပန်သည် တရုတ်အရှေ့ပင်လယ်အတွင်းမှ တရုတ်နိုင်ငံ၏လေကြောင်းကာကွယ်မှုဇုန်နှင့်ပတ်သက်ပြီး အဓိကကန့်ကွက်နေကြသူများဖြစ်ကြသည်။

"ဂျပန်ရဲ့မြန်မာမှာပတ်သက်မှုကို ဒေသတွင်းအမေရိကန်က တရုတ်ကိုပထုတ်မှုလို့ တရုတ်နိုင်ငံဘက်ကလည်းမြင်နေတာကရှင်းပါတယ်"ဟု အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ရှိ ဂျော့ချ်တောင်း တက္ကသိုလ်က မြန်မာ့ရေးရာကျွမ်းကျင်သူပါမောက္ခဒေးဗစ်စတိန်းဘတ်ကပြောကြားသည်။

မြန်မာစစ်အစိုးရက ၂၀၁၁ ခုနှစ်တွင်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများလုပ်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပခဲ့သည်။ အပြန်အလှန်အားဖြင့် မြန်မာအစိုးရအပေါ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့ကလည်း စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံအတော်တော်များများနှင့် နိုင်ငံတကာကုမ္ပဏီများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် တန်းစီလာနေကြသည်။ မြန်မာ့စီးပွားရေးသမားအချို့ကို ပိတ်ဆို့မှုပြုလုပ်ထားဆဲဖြစ်သည့် အမေရိကန်ပြည်ထောင်စုထက်ပင် ဂျပန်နိုင်ငံက မြန်မာတွင် ရင်းနှီးမြှုပ်နှံရန် ပိုပြီးတက်ကြွနေသည်။

မြန်မာအပေါ်တင်နေသည့် အကြွေး အမေရိကန်ဒေါ်လာ ၇၂ ဘီလီယံနီးပါးကို ဂျပန်က လျှော်ပစ်ခဲ့သည်။ ယခုအချိန်ထိဆိုလျှင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအာဏာရလာကတည်းက မြန်မာကိုအကူအညီပေးသည့်ငွေမှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိရှိနေပါပြီ။ ရန်ကုန်အနီးရှိဧက ၂,၀၀၀ ရှိသီလဝါစက်မှုဇုန်ကိုလည်း ဂျပန်က ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

သို့သော်လည်း မြန်မာနှင့် နယ်စပ်ချင်းထိစပ်နေသော တရုတ်နိုင်ငံက မြန်မာ၏အကြီးဆုံးသော ရင်းနှီးမြှုပ်နှံသူအဖြစ် ယခုထိရှိနေဆဲဖြစ်ပါသည်။ တရုတ်က မြန်မာတွင် အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၂ ဘီလီယံရင်း နှီးမြှုပ်ထားပြီး မြန်မာ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ သုံးပုံတစ်ပုံကို ပိုင်ဆိုင်ထားသည်။ ဂျပန်၏မြန်မာတွင်မြှုပ်နှံမှုမှာဒေါ်လာ ၂၉၂သန်းသာ ရှိပါသေးသည်။

ဂျပန်၏ မြန်မာတွင်ပတ်သက်မှုအခန်းကဏ္ဍကြီးထွားလာသည်ကို တရုတ်က ခြိမ်းခြောက်မှုတစ်ခုအဖြစ်မြင်မနေပါဟုတရုတ်နိုင်ငံကငြင်းဆိုပါသည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ရန်ဟူလျန်းက မေးမြန်းခန်းတစ်ခုတွင် "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံးဟာမြန်မာအတွက်ကံကောင်းခြင်းတွေပါ။ သူတို့ဝင်လာတာက ကျွန်တော်တို့က ထွက်ရမယ်ဆိုတဲ့ သဘောမဟုတ်ပါဘူး"ဟု ဖြေကြားခဲ့သည်။

နှစ်ပေါင်းများစွာကြာအောင် မြန်မာတွင် တရုတ်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုအများအပြားပြုလုပ်ခဲ့ကြသည်။ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၄ ဘီလီယံမြှုပ်နှံထားသော တရုတ်၏သဘာဝဓာတ်ငွေ့ပိုက်လိုင်းကလည်း မကြာသေးမီလပိုင်းကမှ ဖွင့်လှစ်ခဲ့သည်။

သို့သော်လည်း တရုတ်နှင့်မြန်မာစီးပွားရေးဆက်နွယ်မှုတွင် ပြဿနာများစွန်းထင်းလာခဲ့သည်။ တရုတ်၏ရောဝတီမြစ်ဆုံစီမံကိန်းကို သဘာဝဝန်းကျင်ထိခိုက်မှုအကြောင်းပြချက်ဖြင့် မြန်မာအစိုးရက ပယ်ဖျက်ခဲ့သည်။ အခြားစီမံကိန်းများမှာလည်း ဆန္ဒပြမှုများဖြင့် ရင်ဆိုင်နေရသည်။

"တရုတ်ကုမ္ပဏီတွေဟာမြန်မာကသယံဇာတတွေကိုပဲထုတ်ယူဖို့စိတ်ဝင်စားတယ်။ သူတို့က စစ်အစိုးရဆီက မျက်နှာသာရအောင်လုပ်ပြီး သဘာဝဝန်းကျင်အတော်များများကို ဖျက်ဆီးပစ်နေတယ်"ဟု ထားဝယ်စီးပွားရေးဇုန်၏ ဖွံ့ဖြိုးမှုများကိုစိစစ်နေသော ထားဝယ်ဖွံ့ဖြိုးမှုအဖွဲ့က ဒါရိုက်တာအဖွဲ့ဝင်ဦးရဲလင်းမြင့်ကပြောကြားသည်။

ဂျပန်နိုင်ငံ၏ ထားဝယ်စီမံကိန်းတွင် ပါဝင်ပတ်သက်လာမှုသည် တရုတ်စီးပွားရေးနယ်ချဲ့များ၏ ကျူးကျော်မှုကိုတားဆီးနိုင်မည်ဟု သူကမျှော်လင့်ထားသည်။

စင်ကာပူအခြေစိုက် တရုတ်ရေးရာကျွမ်းကျင်သူ နိုင်ငံရေးပညာရှင်ဂျွန်လီကတော့ မြန်မာတွင် တရုတ်၏အလိုမကျဖြစ်မှုများသည် ဂျပန်နိုင်ငံအတွက် လမ်းဖွင့်ပေးသလိုဖြစ်လာမည်ဟု သုံးသပ်ပါသည်။ သို့သော် တရုတ်နိုင်ငံကတော့ သူ၏မဟာဗျူဟာမြောက်သောနေရာဒေသမှဆုတ်ခွာလိုစိတ်ရှိဟန်မတူဟု ဂျွန်လီကပြောသည်။

"တရုတ်က မြန်မာမှာ နိုင်ငံရေးအရ ပတ်သက်မြှုပ်နှံမှုတွေ ဆက်လုပ်ချင်ရင်တော့ ဂျပန်လုပ်ငန်းတွေအတွက် ခြေကုပ်ရဖို့ခက်လိမ့်မယ်"

(The Wall Street စာစောင်ပါ Abe Pledges More Aid for Myanmar ဆောင်းပါးကို ထားထားမြင့် ဘာသာပြန်ဆိုသည်။)



ဘန်ဂွီမြို့တွင် ပစ္စည်းအလစ်သုတ်သူများကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်

FRED DUFOUR/AFP

# လူမျိုးတုံးသတ်ဖြတ်မှုကို ရပ်တန့်၍ မန်ဒဲလားကို ဂုဏ်ပြုပါ

ကြည်နေဝင်းမင်း

မစ္စတာနယ်လ်ဆင်မန်ဒဲလား၏ ဈာပနအခမ်းအနားတွင် အမေရိကန်သမ္မတဘားရက်အိုဘားမား၏ မိန့်ခွန်းကို တောင်အာဖရိကနိုင်ငံသားများ ချီးကျူးပြောကြားနေကြစဉ်မှာပင် တောင် အာဖရိကနိုင်ငံမြောက်ဘက် မိုင်ပေါင်း ၂,၅၀၀ အကွာတွင်မူ နိုင်ငံအတွင်း လူပေါင်း ၄ ဒသမ ၆ သန်းမှာ ဘာသာရေးအမုန်းတရားများဖြင့် ဘဝတွေ တစ်စစီဆုတ်ဖြဲခံနေရသည်။

ဗဟိုအာဖရိကနိုင်ငံမှ မွတ်ဆလင်အရပ်သားများသည်ပုဆိန်များနှင့် အခြားအိမ်လုပ်လက်နက်များကို ကိုင်ဆောင်၍ အုပ်စုဖွဲ့လိုက်လံတိုက်ခိုက်နေသော ခရစ်ယာန်များကို ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်နေကြသည်။ ခရစ်ယာန်များကလည်း တက္ကဆက်ပြည်နယ်အရွယ်အစားခန့်ရှိသော နိုင်ငံ၏အခြားနေရာများတွင်မွတ်ဆလင်များရန်မှ ကာကွယ်ရန် လက်နက်ကိုင်ကာကွယ်ရေးအုပ်စုများ ဖွဲ့စည်းနေကြသည်။

"ကျွန်တော်တို့တချို့ရွာတွေကိုကားဖြတ်မောင်းသွားတော့လူတိုင်းလူတိုင်း လက်နက်ကိုင်ထားကြတာတွေ့ရတယ်"ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ သုတေသီတစ်ဦးဖြစ်သူ ပီတာဘောကတ်က် ဗဟိုအာဖရိကနိုင်ငံမှ တစ်ဆင့် ဖုန်းအင်တာဗျူးတွင် ပြောကြားသည်။ "အသက်(၁၁) နှစ်အရွယ် လူငယ်လေးတွေ တောင်ရဲတင်းတွေ၊ ဓားမြှောင်တွေနဲ့ အမဲလိုက်သေနတ်တွေကိုင်ထားတာတွေ့ရတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ကမ္ဘာ့ခေါင်းဆောင်များက မန်ဒဲလား၏ သမိုင်းအမွေဖြစ်သော ခွင့်လွှတ်သည်းခံခြင်းနှင့် ပြန်လည်ရင်ကြားစေ့ရေး အကြောင်းများ ပိုင်းဝန်းချီးကျူးနေကြချိန်တွင်နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း လူသားမျိုးနွယ်၏ အောက်တန်းအကျဆုံးလုပ်ရပ်တစ်ခုဖြစ်သော အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများကို မည်သို့တုံ့ပြန်ရမည်နည်းဆိုခြင်းအပေါ် ရုန်းကန်နေကြရသည်။

ဗဟိုအာဖရိကနိုင်ငံတွင် မတ်လအတွင်း ခရစ်ယာန်သမ္မတဖရန်ဆွာဘိုဇီဇီကို မွတ်ဆလင်များဖြစ်သော ဆီလီကာ(မဟာမိတ်)သူပုန်များကဖြုတ်ချခဲ့ပြီးနောက်ပိုင်းယင်းနိုင်ငံတွင် ထိန်းမနိုင်သိမ်းမရ အခြေအနေများ၊ ဂိုဏ်းဂဏနှင့် လူမျိုးရေးသတ်ဖြတ်မှုများကျယ်ပြန့်လာခဲ့သည်။ သူပုန်ခေါင်းဆောင် ဒီဂျိုတိုဒီယာမှာ ၎င်း၏တပ်ဖွဲ့များကို မထိန်းချုပ်နိုင်တော့ဘဲ သူပုန်များကသယံဇာတကြွယ်ဝသော်လည်း မတည်ငြိမ်သော ပြင်သစ်ကိုလိုနီဟောင်းနိုင်ငံတွင် ခရစ်ယာန်များအပေါ် ဆိုးရွားသောလုပ်ရပ်များကျူးလွန်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းတစ်ပတ်အတွင်း လူ ၄၆၅ ဦး သေဆုံးခဲ့ပြီဟု ကြက်ခြေနီအဖွဲ့၏စာရင်းများက ဆိုသည်။ ကုလသမဂ္ဂအရာရှိများကလည်း ယခင်ပြောနေကျစကားလုံးများကိုမသုံးဘဲ ဗဟိုအာဖရိကနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုမျိုးစေ့များ မြင်တွေ့နေရသည်ဟု တုံးတိပင်သတိပေးပြောကြားသည်။ ဘော့စနီးယားနှင့် ရဝမ်ဒါနိုင်ငံတို့တွင် လူမျိုးတုံးသတ်ဖြတ်မှုများကိုမတားဆီးနိုင်ခဲ့သော ကုလသမဂ္ဂသည် ယခုတစ်ဖန် ဗဟိုအာဖရိကနိုင်ငံတွင် အလားတူအခြေအနေမျိုး ရင်ဆိုင်နေရခြင်းဖြစ်သည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးထိန်းသိမ်းမှုပေါင်း ၁၅ ခု လုပ်ဆောင်နေပြီး အနောက်နိုင်ငံများကလည်း အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး တာဝန်များကို အာရုံစိုက်နေကြချိန်တွင် ဗဟိုအာဖရိကနိုင်ငံတွင် ချဉ်းကပ်မှုနည်းလမ်းသစ်တစ်မျိုးပေါ်ထွက်လာနေသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း လက်နက်တပ်ဆင်မှုမလုံလောက်သော အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင် ၂,၅၀၀ ကို အင်အားဖြည့်တင်းရန် ပြင်သစ်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁,၆၀၀ စေလွှတ်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုပေးလိုက်သည်။ အိုဘားမားအစိုးရက အကူအညီနှင့် အထောက်အပံ့ပစ္စည်းကန်ဒေါ်လာ သန်း ၁၀၀ ထောက်ပံ့ရန် ကမ်းလှမ်းခဲ့သည်။

အကုန်အကျပိုများသော ကုလသမဂ္ဂတပ်ဖွဲ့များကိုစေလွှတ်မည့်အစား ပစ္စည်းပစ္စယမပြည့်စုံသော ဒေသတွင်းငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များအတွက် ချမ်းသာသောနိုင်ငံများက ငွေကြေးထောက်ပံ့နေကြသည်။ အဆိုပါနည်းလမ်းသစ် အလုပ်ဖြစ်မည်လားဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိသေးပါ။ သို့သော် အာဖရိက၊ ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် ပကတိနိုင်ငံရေးအခြေအနေသစ်များကို ထင်ဟပ်နေပါသည်။

မကြာသေးမီက ဆိုမာလီယာနိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုအတွက် ချီးကျူးပြောကြားမှုများ ရရှိခဲ့ပြီး ပို၍ယုံကြည်မှုရှိလာသော အာဖရိကသမဂ္ဂက ကုလသမဂ္ဂတပ်ဖွဲ့များကို အသုံးပြုခြင်းထက် ဗဟိုအာဖရိကနိုင်ငံတွင် ၎င်းတို့၏တပ်ဖွဲ့များကို ချထားလိုခဲ့သည်။ အာဖရိကတိုက်တွင်လည်း ကမ္ဘာပေါ်တွင်အလျင်မြန်ဆုံးစီးပွားရေးတိုးတက်လာသော နိုင်ငံများလည်း ရှိနေရာ အာဖရိကနိုင်ငံခေါင်းဆောင်များမှာ ၎င်းတို့၏ပြဿနာများကို ၎င်းတို့ဘာသာကိုင်တွယ်ဖြေရှင်းရေး ပိုမို၍တွန်းတွန်းတိုက်တိုက် ပြောဆိုလာကြသည်။

ကုန်းတွင်းပိတ်ဗဟိုအာဖရိကနိုင်ငံတွင်စစ်ဆင်ရေးလုပ်ငန်းများ လုပ်ရန် ကုလသမဂ္ဂ၏တပ်ဖွဲ့များ ထားရှိခြင်းက ကုန်ကျစရိတ်မြင့်မားနိုင်ပြီး နှေးကွေးစွာအကောင်အထည်ဖော်နိုင်မည့် အခြေအနေကိုထည့်တွက်ရင်း အမေရိကန်နှင့် ဥရောပသံတမန်များက အာဖရိကသမဂ္ဂ (AU)နှင့် ပြင်သစ်နိုင်ငံတို့၏ ကြားဝင်ဖြေရှင်းမှုကို သဘောတူညီခဲ့သည်။ အမေရိကန်နိုင်ငံနှင့် ဥရောပတွင် စစ်ကိုငြီးငွေ့ပြီး ဘဏ္ဍာရေးအကျပ်အတည်းများကြုံတွေ့လာခြင်းများကလည်း ကုန်ကျစရိတ်များသော ကုလသမဂ္ဂကြားဝင်မှုများအတွက် အာသီသ လျော့နည်းလာခဲ့ပြီဖြစ်သည်။

နှစ်ပေါင်းများစွာပင် ကုလသမဂ္ဂအနေဖြင့် ၎င်း၏ခေတ်နောက်ကျကျန်ခဲ့ပြီ ဖြစ်သောဟေတီ၊ လိုင်ဘေးရီးယားနှင့် အိုင်ဗရီကို့စ်နိုင်ငံများမှ အင်အားများသော ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များကို လျှော့ချရန် သို့မဟုတ်ပါက ဖျက်သိမ်းရန် ပြောကြားနေခဲ့သည်။ ထို့အပြင် တစ်နှစ်လျှင် ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကုန်ကျနေသော ကွန်ဂိုနိုင်ငံမှတပ်ဖွဲ့ဝင် ၂၁,၀၀၀ အားနိုင်ငံအရှေ့ပိုင်းသို့ ရွှေ့ပြောင်းရန် ပြောကြားနေသည်မှာ ကြာပြီဖြစ်သည်။ သို့သော် ယေဘုယျအားဖြင့် ကုလသမဂ္ဂအရာရှိများက ထိုသို့သော အပြောင်းအလဲများကို ဆန့်ကျင်ခဲ့ကြပြီး တပ်ဖွဲ့ဝင်အများအပြား ဆက်လက်ထားရှိရန် လိုအပ်သည်ဟုသာ ပြောကြားခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့၏ မလိုအပ်ဘဲ ဖောင်းပွနေသော ဘတ်ဂျက်အတွက် အမေရိကန်အစိုးရက ဘတ်ဂျက်အများအပြား ထောက်ပံ့ပေးနေသည်ဟု ရီပက်ဘလေကန်များက စွပ်စွဲနေကြသည်။ ကုလသမဂ္ဂသည် ၂၀၁၃ ခုနှစ်အတွင်း ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းအတွက်ကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ သုံးစွဲခဲ့ပြီး ယင်းတို့ထဲမှ ၂၈ ရာခိုင်နှုန်းကို အမေရိကန်အစိုးရက ထောက်ပံ့ခဲ့သည်။

သို့သော်ဗဟိုအာဖရိကနိုင်ငံတွင် အာဖရိကသမဂ္ဂနှင့် ပြင်သစ်တပ်ဖွဲ့များ၏ ဦးဆောင်မှုကို ထောက်ခံခဲ့ခြင်းမှာ ကုန်ကျစရိတ်အကြောင်းပြချက်နှင့် မပတ်သက်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ ရှေ့လာမည့်သီတင်းပတ်များတွင် အမေရိကန်စစ်ဘက်ကုန်တင်လေယာဉ်များက ဘူရွန်ဒီနိုင်ငံမှ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၈၅၀ ကို ဗဟိုအာဖရိကနိုင်ငံ (CAR)သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ CAR နိုင်ငံ၌ ငြိမ်းချမ်းရေးတပ်ဖွဲ့များ ၂,၅၀၀ မှ ၆,၀၀၀ အထိ တိုးမြှင့်သွားရန်ဖြစ်သည်။ ပိုမိုကြီးမားသောတပ်ဖွဲ့များ ထားရှိရန် လိုအပ်ချက်ရှိသည်ဆိုမှသာ ယင်းနိုင်ငံတွင် ကုလတပ်ဖွဲ့များထားရှိရေး ထောက်ခံမည်ဟု အမေရိကန်က ပြောသည်။


ပြင်သစ်တပ်ဖွဲ့များ ဗဟိုအာဖရိကနိုင်ငံတွင် စတင်ရောက်ရှိလာကတည်းက အပြုသဘောဆောင်သော လက္ခဏာများ ပေါ်ထွက်လာခဲ့ပါသည်။ ပြင်သစ်တပ်ဖွဲ့များ ကင်းလှည့်ရာဒေသများတွင် သတ်ဖြတ်မှုများလျော့ပါးလာသည်။ သို့သော် ရေရှည်အတွက်မူ မယုံသင်္ကာသံသယများ ရှိနေဆဲဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ပဋိပက္ခတစ်ခုတွင် အရပ်သားများကို အကာအကွယ်ပေးရေးကို ကတိပေးခြင်းသာ ကျွံတတ်ပြီး လက်တွေ့လုပ်ဆောင်ပေးမှုအားနည်းသည်။ (ဆီးရီးယားမှာ လက်တွေ့နမူနာပင်ဖြစ်သည်။)


ဘာသာရေး၊ လူမျိုးရေး ကွဲပြားမှုများက ဆက်လက်၍ နိုင်ငံအများအပြားကို နှစ်ခြမ်းကွဲစေပြီး အကြမ်းဖက်သွေးထွက်သံယိုမှု၊ သတ်ဖြတ်မှုများကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲနွမ်းပါးမှုကပ်ရောဂါ အသွင်ရှိနေသော ဒေသများတွင် ပို၍ပင်ဆိုးပါသည်။ မစ္စတာမန်ဒဲလားကို အကောင်းဆုံးဂုဏ်ပြုရန် နည်းလမ်းမှာ ဗဟိုအာဖရိကနိုင်ငံမှ လူမျိုးတုံးသတ်ဖြတ်မှုများကို ရပ်တန့်ပစ်ရေးပင်ဖြစ်ပါသည်။

—*Ref: Reuters*

7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# 7DAY BOOK REVIEW




ယခုသီတင်းပတ်အတွင်း အသစ်ထွက်ရှိလာသည့် စာအုပ်များအနက် ထူးထူးခြားခြားစာအုပ်နှစ်အုပ်ကိုဖတ်ညွှန်းကဏ္ဍမှညွှန်းဆိုလိုက်ပါသည်။ ပထမစာအုပ်မှာ စာရေးဆရာမကြီး လူထုဒေါ်အမာ မကွယ်လွန်မီရေးသားခဲ့ပြီး တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်ထုတ်ဝေခြင်း မရှိသေးသည့် 'ထောင်နှင့်မိခင်' စာအုပ်ဖြစ်ကာ ကျန်တစ်အုပ်မှာ ဒီမိုကရက်တစ်မြန်မာ့အသံနှင့်လွတ်လပ်သည့်အာရှအသံရေဒီယိုအယ်ဒီတာဟောင်းဝင်းနိုင်ဦးရေးသားသည့် 'ရာဇဝင်ရှင်းတမ်း' အမည်ရှိစာအုပ်ဖြစ်ပါသည်။ ထူးခြားချက်မှာ ထိုစာအုပ်နှစ်အုပ်သည် အကျဉ်းထောင်များအကြောင်းရေးသားထားသည့်စာအုပ်များဖြစ်ပြီး လူထုဒေါ်အမာစာအုပ်သည် လွတ်လပ်ရေးရပြီး ဖဆပလခေတ်နှင့်စစ်အာဏာရှင်ဗိုလ်ချုပ်နေဝင်းလက်ထက် ထောင်အတွေ့အကြုံများဖြစ်ကာ ဝင်းနိုင်ဦး၏ စာအုပ်သည် ၁၉၈၈ ဒုတိယ အကြိမ် စစ်အာဏာသိမ်းပြီး စစ်ထောက်လှမ်းရေးခေတ်၌ အကျဉ်းထောင်များတွင် လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းခံရသည့် နိုင်ငံရေး အကျဉ်းသားဘဝကို လှစ်ဟဖော်ထုတ်ထားသော စာအုပ်ဖြစ်သည်။

လူထုဒေါ်အမာစာအုပ်သည် ထောင်တွင်းအကျဉ်းကျခံရသော သားသည်တစ်ဦး၏ မိခင်ပူဆွေးတမ်းတမှုကို ဖော်ထုတ်ထားပြီး ဝင်းနိုင်ဦး၏ စာအုပ်တွင် လူ့အခွင့်ရေးချိုးဖောက်၍ အကျဉ်း ထောင်များ၌ နည်းမျိုးစုံသုံးကာ နှိပ်စက်ညှဉ်းပန်းပုံ၊ လူသား၏ ဘဝတန်ဖိုးလုံးလုံးပျောက်ရှအောင် နင်းခြေကြရုံမက တစ်သက်လုံးဒဏ်ရာဒဏ်ချက်အဖြစ် ပါရှိသွားအောင် ဒေါက်ခြေချင်းခတ်၊ သံခြေချင်းခတ်၊ တိုက်ပိတ်ခံရပုံတို့ကို စာနာသော နှလုံးဖြင့် သိရှိခံစားရပါမည်။ လူထုဒေါ်အမာ၏ စာအုပ်သည် တစ်ကျွန်းအပို့ခံရသော ၁၉ နှစ်အရွယ် သားငယ်ထံ ပေးပို့ချက်အချို့ဖြစ်ပြီး ဝင်းနိုင်ဦး၏ စာအုပ်မှာကား ထောင်တွင်း အတွေ့အကြုံများကို မူရင်းအင်္ဂလိပ်ဘာသာဖြင့် နိုင်ငံရပ်ခြား၌ ထုတ်ဝေခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ထပ်မံဖြည့်စွက်ချက်များနှင့်အတူ မြန်မာဘာသာဖြင့် ထိုင်းနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခဲ့ဖူးသည်။

လူထုဒေါ်အမာ၏ 'ထောင်နှင့်မိခင်' စာအုပ်တစ်နေရာ၌ ကိုကိုးကျွန်းရောက်ရှိနေသည့် သားဖြစ်သူဖိုးသံ(လူထု)(ဝါ)ဖိုးသံချောင်းနှင့်ပတ်သက်၍ "အမေက အမေ့သားကလေး ငါ့ရင်ခွင်ထဲကနေပြီး သေနတ်ကြီးတွေပြ၊ တံခါးကို စစ်ဖိနပ်နဲ့ကန်ဖွင့် ဖမ်းသွားတုန်းက အသက် ၁၉ နှစ်သား ၂၀ မှ ပြည့်သေးတာမဟုတ်တော့ ကလေးရှိသေးတယ်။ အမေ့ရင်ခွင်ထဲက ဆွဲလုခေါ်သွားကြတယ်လို့ ထင်လိုက်တာကလား။ သူတို့လက်ထဲရောက်သွားတဲ့အချိန်ကစပြီး ငါ့သားဟာ လူ့အမွန်အမြတ်လို့ ကိုယ်ယုံကြည်ရာတစ်ခုအတွက် အင်မတန်သတ္တိကြီး ထားရလိမ့်မယ်။ အင်မတန် အညှဉ်းအပန်း အနှိပ်အစက်တွေ အံကြိတ်ခံရလိမ့်မယ်။ လူ့အခွင့်အရေးလေး ၁ ပြား၊ ၂ ပြားဖိုးအတွက် အင်မတန် တိုက်ပွဲတွေ ဆင်ရလိမ့်မယ်" ဟု စာအုပ်တစ်နေရာတွင် ရေးသားထားသည်။

ဝင်းနိုင်ဦး၏ စာအုပ်တစ်နေရာတွင်မူ "ထောင်ထဲမှာစိတ်ထိခိုက်စရာ အကောင်းဆုံးတစ်ခုက ရဟန်းသံဃာတော်တွေကို ထောင်ဝတ်စုံအဖြူနဲ့ တွေ့ရတာပါ။ ပိုပြီး စိတ်ထိခိုက်စရာကောင်းတာက အဲဒီလို ထောင်ဝတ်စုံအဖြူနဲ့ တွေ့ရတဲ့ သံဃာတော်တွေထဲမှာ ငယ်ရွယ်တဲ့ ရဟန်းပျိုတွေအပြင် တိုက်အုပ်စာချနာယက ဆရာတော်ကြီးတွေ၊ ပိဋကတ်တစ်ပုံအောင်၊ နှစ်ပုံအောင်ဆရာတော်ကြီးတွေပါ ပါဝင်တာပါ။ မေဒိနီဆရာတော်၊ မဟာဗောဓိဆရာတော်၊ သာကေတ ဆရာတော် ဦးအင်္ဂီသ၊ ရွှာမပရိယတ္တိစာသင်တိုက် ဆရာတော် ဦးတိလောကဘိဝံသ အစရှိတဲ့ ဆရာတော်ကြီးတွေပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှားရှားပါးပါး ပိဋကတ်သုံးပုံဆောင် ဆရာတော်ကြီး တစ်ပါးဖြစ်သူ ကမ္ဘာအေးမဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဦးသုမင်္ဂလကိုလည်း အပေါ်အောက်အဖြူ ထောင်ဝတ်စုံနဲ့ ထောင်ထဲမှာ တွေ့ရပါတယ်" ဟု ဖော်ပြထားသည်။

လူထုဒေါ်အမာ၏ စာအုပ်ကိုမန္တလေးလူထုကြီးပွားရေး စာအုပ်တိုက်က တန်ဖိုး ၁၀၀၀ ကျပ်၊ ဝင်းနိုင်ဦး၏ စာအုပ်ကို ငါတို့စာပေက တန်ဖိုး ၃၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။ မြန်မာပြည်အကျဉ်းထောင်များနှင့် ပတ်သက်၍ လွတ်လပ်ရေးရပြီးခေတ်မှစ၍ နဝတ (စစ်အာဏာရှင်)ခေတ်အထိ ခြုံငုံသိရှိနိုင်သော စာအုပ်နှစ်အုပ်ဖြစ်ပါသည်။

## Knowledge ဗဟုသုတ

### ဆံပင်တွေကို ဘယ်အချိန်တည်းက ဖြောင့်ခဲ့ကြတာလဲ

ဆံပင်ဖြောင့်သည့်နည်းကို ၁၉၈၀ ပြည့်နှစ်ကတည်းကသုံးခဲ့ကြပြီး ဆံသား နူးညံ့၊ ပျော့ပျောင်း၊ ချောမွတ်တောက်ပြောင်စေရန်ပါ ဆောင်ရွက်ခြင်းဖြစ်သည်။ ဆံပင်ကိုဆေးဖြင့်ပေါင်းကာ ဘီးအပူ (သို့မဟုတ်) အပူချောင်းဖြင့် ဖြောင့်စင်းအောင်ဆွဲကာ ဆံပင်ဖြောင့်ကြပြီး ဂျပန်နည်းစနစ် (သို့မဟုတ်) ဘရာဇီးနည်းစနစ်ဖြင့် ပြုလုပ်မှုများသည်။ ယင်းသို့ ဓာတုဆေးရည်သုံးကာ အပူချောင်းဖြင့် ဆံပင်ကိုဖြောင့်စင်းအောင် ဆောင်ရွက်ခြင်းက ဆံသားကို ပျက်စီးစေမှုလည်းဖြစ်နိုင်သည်ဟုဆိုသည်။ ဓာတုဆေးမပါဘဲ ဘီးချောင်းအပူဖြင့် ဆံပင်ကိုဖြီးခြင်းကလည်း အချိန်ခဏတာ ဆံပင်ဖြောင့်စေနိုင်ပြီး အချို့သော ခေါင်းလျှော်ရည်များ၊ ဆံပင်လိမ်းဂျယ်များကလည်း ယာယီဆံပင်ဖြောင့်အောင် လုပ်ဆောင်နိုင်စွမ်းရှိသည်။ ဆံပင်ဖြောင့်သည့် ဘီးအပူကို ၁၉၉၀ ပြည့်နှစ်များက အာဖရိကအမျိုးသမီး မဒမ်စီဂျေဝေါ်ကာကတီထွင်ခဲ့ခြင်းဖြစ်သည်။

—*Ref: Wikipedia*






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အပြောင်းအလဲများဖြစ်ပေါ်နေမည်။ အကြံအစည်သစ်များဆောင်ရွက်နိုင်မည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူရရှိမည်။ မိမိတွင် လိုအပ်နေသည့်အရာများ ဖြည့်စွမ်းပေးသူနှင့်တွေ့ရမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ အထင်လွဲမှုတချို့ဖြေရှင်းရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စအတွက် စကားပြောဆိုရမည်။ ဦးတည်လိုက်တိုင်း အခက်အခဲနှင့်ကြုံတွေ့မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရန်များမည်။ ကိုယ်တိုင်ကလည်း တဇွတ်ထိုးလုပ်လိုစိတ်၊ ထင်ရာစိုင်းလိုစိတ်ပြင်းထန်နေမည်။ တစ်ပါးသူ တားဆီးထားသည်ကိုမှ ဇွတ်တိုးလုပ်လိုနေမည်။ ဆန့်ကျင်ဘက်ပြောလိုစိတ်၊ ဆန့်ကျင်ဘက်လုပ်လိုစိတ်နှင့် အရွဲ့တိုက်လိုသောသဘာဝပေါ်ထွန်းနေမည်။ လုပ်နေသည့်အလုပ်အချို့ကို လာရောက်ပိတ်ဆို့တားဆီးသူများနှင့် တွေ့တတ်သည်။ စိတ်ရှည်သည်းခံလိုက်ပါ။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလုံးစုံအဆုံးသတ်ခါနီးမှ အခက်အခဲနှင့်ရင်ဆိုင်ရခြင်းရှိတတ်သည်။ ကြိုတင်တွက်ဆနိုင်ခြင်းမရှိဘဲ ရုတ်တရက်ဖြစ်လာသည့် ပြဿနာဆိုးများကို ရင်ဆိုင်ဖြေရှင်းရခြင်းမျိုးကြုံနိုင်သည်။ အတွင်းလူသစ္စာဖောက်တတ်သည်။ မိမိအပေါ် သစ္စာမဲ့သူများနှင့် တွေ့တတ်သည်။ စကားအမျိုးမျိုးပြောပြီး လက်တွေ့ပိုင်းတွင် အပြောနှင့်လက်တွေ့မကိုက်ညီသူများနှင့် တွေ့တတ်သည်။ ကောင်းမယောင်နှင့် ဆိုးသည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အလုံးစုံအဆင်ပြေ၍ ရည်ရွယ်ချက် ရည်မှန်းချက်များအောင်မြင်မည့်ကာလဖြစ်သည်။ စိတ်ချမ်းမြေ့မှုနှင့် တိုးတက်မှုပူးတွဲဖြစ်ပေါ်မည်။ မူလရည်စူးထားခြင်းမရှိဘဲ ရုတ်ခြည်းဖြစ်ပေါ်လာသည့်အခွင့်အရေးများကို အသုံးချပြီး ဘဝတစ်ဆစ်ချိုးအပြောင်းအလဲကို ကြုံတွေ့မည်။ မိမိလုပ်ကိုင်သည့်ကိစ္စ၊ ဆောင်ရွက်သည့်ကိစ္စများတွင် သောကြာနေ့မွေးသူတစ်ဦးတစ်ယောက်ထံမှ အကူအညီရ၍ အလုံးစုံချောမွေ့မည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အတွင်းလှိုက်ဖြစ်နေသော ပြဿနာများမှ တစစစိတ်အနှောင့်အယှက်ဖြစ်စရာများသို့ ဦးတည်လာမည်။ အခက်အခဲများကြုံက ချက်ချင်းဖြေရှင်းပါ။ လူမှုရေးတွင်လည်းကောင်း၊ လုပ်ငန်းရေးရာများတွင်လည်းကောင်း မိမိအပေါ် စကားမတည်သူများ၊ ဒုက္ခရောက်နေသူများနှင့် တွေ့ရတတ်သည်။ ရန်နှင့်ယှဉ်၍ အလုပ်ကိစ္စများဆောင်ရွက်ရမည်။ မတော်တဆထိရှမှု၊ သွေးယိုစီးမှုများ သတိရှိရမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အဘက်ဘက်မှကောင်းသည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်သောကံ၊ အလုပ်ကိစ္စအဆင်ပြေမည့်ကာလဖြစ်သည်။ အရပ်ဝေးမှ စာ၊ လူ၊ ပစ္စည်း၊ သတင်းကောင်းများ လက်ခံရရှိမည်။ မိသားစုနှင့်ပတ်သက်၍ စိတ်ချမ်းမြေ့စရာများကြုံမည်။ အရာရာကိုညှိနှိုင်းဆောင်ရွက်ပြီး အောင်မြင်မှုရရှိမည်။ ထူးထူးခြားခြားတိုးတက်ခြင်းနှင့် အဆင်ပြေမှုရရှိမည့်ကာလဖြစ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရပ်တန့်ထားသည်များ ဆိုင်းငံ့ထားသည်များကိုပြန်လည်အသက်သွင်းဆောင်ရွက်၍ အကျိုးရှိမည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းမည်။ တိုင်းတစ်ပါးနှင့်တိုက်ရိုက်ဆက်ဆံပြီးလုပ်သော ကိစ္စများအောင်မြင်မည်။ ပညာရှာသူများ ထူးထူးခြားခြားအောင်မြင်မှုနှင့် တက်လမ်းရရှိမည့်အနေအထားကြုံမည်။ ကိစ္စအားလုံးကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

တစ်ပါးသူဝေဖန်မှုကို ဂရုမစိုက်ဘဲ ရှေ့တိုးဆောင်ရွက်၍ ထူးထူးခြားခြားအောင်မြင်ခြင်း၊ တိုးတက်ခြင်းရရှိမည်။ ကိုယ်ပိုင်အစွမ်းအစထက်မြက်နေမည်။ မူလရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်မားသောအနေအထားသို့ ရောက်ရှိမည်။ လုပ်ငန်းကံ၊ စီးပွားကံ၊ အထူးကောင်းသောကာလဖြစ်သည်။ နာမည်ကောင်းနှင့် ကျော်ကြားမည်။ ခြေထောက်တွင် ဒဏ်ရာရရှိမည်။ လုပ်ငန်းခွင်မှသူများအလုပ်တိုးတက်ခြင်းရှိမည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

စီစဉ်ထားသည်များ ရက်ရွှေ့ဆိုင်းပြီးလုပ်ရလိမ့်မည်။ ရှေ့တိုးမည်ကြံလိုက်တိုင်း အနှောင့်အယှက်များ၊ အတားအဆီးများဝင်ရောက်လာမည်။ ဆန္ဒနှင့်ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် ခေါင်းမာမှုကြောင့်လည်းကောင်း တဇွတ်ထိုးလုပ်မှုကြောင့်လည်းကောင်း အောင်မြင်သင့်သလောက် မအောင်မြင်၊ အငြင်းသန်ခြင်း၊ ဇွတ်လုပ်လိုခြင်းနှင့် စိတ်မြန်ခြင်းများကိုပြုပြင်မှ တန်ရုံကျမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လုပ်သမျှအောင်မြင်၍ စိတ်ကူးရည်ရွယ်ထားသည်များ အဆင်ပြေမည့်ကာလဖြစ်သည်။ ဦးတည်လိုက်တိုင်း၌ အတားအဆီးများ၊ အခက်အခဲများကြုံတွေ့ရမည်။ မဖြစ်မနေလုပ်မှုကြောင့် အဆုံးတွင်အောင်မြင်သွားမည်။ မိသားစုအကြီးအကဲတို့၏ ကျန်းမာရေးအညံ့ရှိသည်။ ငွေလက်လွှန်တတ်သည်။ လူလိမ်ခံရတတ်သည်။ ခရီးနှင့်ပတ်သက်သောကိစ္စမျာ ဆောင်ရွက်အဆင်ပြေမည်။ စိတ်ညစ်နေရမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အညှံ့ကင်း၍ အလိုရှိရာပြည့်စုံမည်။ ပညာအတတ်နှင့်ပတ်သက်၍ ကောင်းသောအကျိုးဆက်ရရှိမည်။ ယှဉ်ပြိုင်သူများကို အောင်မြင်နိုင်မည်။ ကာလရှည်ကြာကြိုးစားထားသည်များမှ ကောင်းသောအကျိုးဆက်ရရှိမည်။ ငွေကြေးလက်လွှန်နိုင်သည်။ ခြံ၊ ကား၊ အခန်းကိစ္စစကားများရတတ်သည်။ ကိုယ့်ပြဿနာမဟုတ်ဘဲ ရုံးရောက်ဂတ်ရောက် လိုက်လံဖြေရှင်းရခြင်းရှိမည်။ စိတ်ပင်ပန်းမည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်အေးချမ်းသာမည်။ အလိုရှိရာပြည့်စုံမည်။ မိမိအပေါ် အထောက်အကူပြုသူများနှင့်တွေ့မည်။ ဆောင်ရွက်ထားသည့်ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ လုံးဝမမျှော်လင့်ထားသော ငွေဝင်ကိန်းရှိသည်။ မစီစဉ်ဘဲ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မရည်ရွယ်ဘဲ ခရီးသွားရမည်။ မပတ်သက်ချင်သောသူများနှင့်ပတ်သက်ရမည်။ ကပျက်တိကပျက်ချော်ပြောလိုက်သည့်စကားများအပေါ် ဖြေရှင်းရခြင်းရှိမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၆၃)



## အလျားလိုက်

၁။ သစ်ပင်ပေါ်မှပြုတ်ကျသော အမျိုးသမီး တက်ခူးသောအရာ
၆။ အမေရိကန်၏ နာမည်ကျော် သမ္မတတစ်ဦး
၉။ ဂုဏ်သိက္ခာချီးနှိမ်ရန် အသုံးပြုသောအရာ
၁၀။ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့သောအရာ
၁၁။ အလုပ်အကိုင်ပြပွဲ
၁၂။ အိန္ဒိယရွေးကောက်ပွဲ၌ သိက္ခာကျစရာ ကြုံခဲ့သော ပါတီ

## ဒေါင်လိုက်

၂။ ကုမ္ပဏီများက ခေါ်ယူမှုများသော အလုပ်အကိုင်တစ်မျိုး
၃။ ပညာရေးကောလိပ်များ တိုးချဲ့ရခြင်း အကြောင်းရင်း
၄။ တာဝန်မကျေသေးသော လွှတ်တော်တစ်မျိုး
၅။ အချိန်မရွေးခေါ်ဆိုနိုင်သောဖုန်းလိုင်း
၇။ HIV အတွက် သွေးမစစ်မီလုပ်ပေးသင့်သောကိစ္စ
၈။ မြန်မာပြည်တွင် မီးထွန်းဂုဏ်ပြုခံရသူ


### Smart Dictionary ကံထူးသူ

၁။ စောဂလက်စတုန်း၊ ၁၂/အစန(နိုင်)၀၄၃၂၇၉ ၁၊ ဟိုက်ပတ်လမ်း၊ တောင်သူကုန်း၊ အင်းစိန်။

### ကျန်အဖြေမှန်သူများ

၂။ မေသဥ္စာမောင်၊ ၈/ခမန(နိုင်)၁၈၅၉၂၆
၃။ လားလ်လွန်အင်း၊ ၅/ကလထ(နိုင်)၀၇၈၂၁၉
၄။ Dr. ညွန့်အောင်၊ ၇/ပခန(နိုင်)၀၆၂၉၃၄
၅။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁
၆။ ဇော်လင်းထွန်း၊ ၉/မရက(နိုင်)၁၁၉၅၈၇
၇။ နန္ဒာအောင်၊ ၅/မရန(နိုင်)၁၂၈၈၄၇

### ပဟေဠိ အမှတ်စဉ်(၂၆၂)အဖြေမှန်




**အမည်** .............................. **မှတ်ပုံတင်အမှတ်** ..............................

**နေရပ်လိပ်စာ** ..............................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၉) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၀-၁၂-၂၀၁၃ သောကြာနေ့ မွန်းလွဲ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုံထူးသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ဆောင်မှု**

**Annawa Engineering**

**Car Wash & Car Spa**

Car wash, Engine cleaning, Head Light Restoration, အတွင်းခန်း အခြောက်လျှော်ခြင်း၊ စက်ပေါ်လစ်တိုက်ခြင်းတို့ကို ပြုလုပ်ပေးနေပါသည်။

ဖုန်း-၀၉-၇၃၀၁၁၅၈၅

**အမြန်ရောင်းလိုသည်**

အခန်း(၃၁၀)၊ တိုက် (A)၊ ဒုတိယထပ်၊ ခတ်လှေကားပါ၊ မုဒိတာကွန်ဒို၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၉-၃၁၄၅၉၈၀၃

**အမြန်ရောင်းမည်**

ဘုရင့်နောင်လမ်းဆုံအနီး၊ ပထမထပ်၊ (၁၂)လမ်း။

ဖုန်း-၀၉-၄၂၁၀၅၉၅၂၀

**ဝန်ဆောင်မှု**

iOS 6 Jailbreak ရပြီ။ Premiem Package ပြုလုပ်သူများအတွက် အခွင့်အလမ်းကောင်းလေးပါ။

ဖုန်း-၀၉-၄၄၈၀၀၆၈၀၀

**ရောင်းမည်**

သန်လျင်ခြံရောင်းမည်။ ပေ(၅၀×၁၀၀)၊ ခြံခတ်ပြီး အုတ်ရေမြောင်းဖောက်ပြီး ရေမီးအိမ်ပါသမကောလိပ်၊ ဆေးရုံနီး။

ဖုန်း-၀၁ ၃၇၂၁၄၂

**ရောင်း/ဝယ်/ငှား/ပေါင်**

"မြန်မာ့မြေ"အိမ်ခြံမြေလုပ်ငန်းစုသို့ မြို့နယ်စုံရှိ လူကြီးမင်းတို့၏ အိမ်ခြံမြေနှင့် ကွန်ဒို/တိုက်ခန်းများအတွက်။

ဖုန်း-၀၉ ၇၃၁၁၈၂၀၈

**ရောင်းမည်**

မ/ဒဂုံ၊ ဦးဝိစာရလမ်းမကြီးပေါ်၊ ၄၂ ရပ်ကွက်၊ ပျဉ်ထောင်အုပ်ညှပ်၊ ကားဘော်ဒီရုံပါ၊ ပေ (၆၀×၈၀)၊ ဈေး-2600L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

မှော်ဘီမြို့၊ တိုးဂိတ်ကျော်၊ ပြည်လမ်းမကြီးအနောက်ဘက်၊ မြေရောင်းမည်။

ဖုန်း-၀၉ ၅၄၀၉၂၉၀

**ရောင်းမည်**

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဥယျာဉ်ခြံမြေ ၄၆. ၀၀ဧက တစ်ဆက်စပ်တည်းရောင်းမည်။

ဖုန်း-၀၉ ၄၂၃၆၆၁၉၃၇

**ရောင်းမည်**

မဟာဘောဂ(၁) လမ်း၊ (၃) ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်တွင် လေးလွှာ၊ ပေ (၁၂×၅၅)၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းပါမည်။ ကျပ်သိန်း(၄၀၀)။

ဖုန်း-၀၉ ၅၀၁၄၃၃၅

**ရောင်းမည်**

သဃ်န်းကျွန်း ဘုရားလမ်း၊ ဧကရာဇ် လက်ဖက်ရည်ဆိုင်ရှေ့၊ ပေ (၁၅×၄၅)။ ထပ်ခိုးပါ၊ အခန်းနှစ်ခန်းပါ၊ အဲကွန်း နှစ်လုံး၊ ပါကေးခင်း၊ ကြွေပြားခင်း၊ သံပန်းတပ်၊ ကျပ်သိန်း (၂၆၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

အင်းစိန်၊ အဝေရာလမ်း၊ ပေ (၆၀×၁၂၀) ဘိုးဘွားပိုင်၊ အခန်းလေးခန်းပါ၊ (Master Badroom နှစ်ခန်း)၊ မီတာ သုံးလုံး၊ အဲကွန်းလေးလုံး၊ ရေကူးကန်ပါ၊ ဖုန်းပါ။ သိန်း (၈,၀၀၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**သင်ကြားပေးသည် (မောင်လမြိုင်မြို့)**

ကိုယ်ပိုင်ကွန်ပျူတာရှိရုံနှင့် Photoshop ကို အိမ်လိုက်သင်ကြားပေးသည်။

ဖုန်း-၀၉ ၃၁၆၈၅၂၈၂

**ဆေးဖက်ဝင်အလှကုန်**

ဝက်ခြံ၊ တင်းတိပ်၊ မျက်နှာဖြူဝင်းလှပစေရန်အတွက် ဆေးဖက်ဝင်သဘာဝ ထွက်ပစ္စည်းငယ်အား သွေးလိမ်းခြင်းဖြင့် ပျောက်စေမည်။

ဖုန်း- ၀၉ ၄၃၀၄၃၂၀၃

**TSI Computer Training**

မြန်မာပြည်တွင်သာမက ပြည်ပနိုင်ငံများတွင် အလုပ်အကိုင်အခွင့်အလမ်း အလွန်ကောင်းမွန်သော AutoCAD, Revit, M&E, max .

ဖုန်း-၀၉ ၄၃၀၆၃၈၃၇

**Audit and Aceounting**

လူကြီးမင်းတို့၏လုပ်ငန်းများအတွက် မှန်ကန်တိကျသော အချိန်ပိုင်းစာရင်းလုပ်ငန်းများကိုဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**မြန်မာရိုးရာဗေဒင်ဟောသည်**

မြန်မာရိုးရာသက်ရောက်ဟောနည်းဖြင့် မိမိတို့၏ တစ်နှစ်တာကံကြမ္မာကို ဟောပေးသည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ဖိတ်ခေါ်အပ်ပါသည်**

အကျိုးတူပူးပေါင်းလိုသည်။ ၇၊ ၉၊ ၁၃၊ ၂၂၊ ၃၂၊ ၄၅ ယောက်စီး ယာဉ်ပိုင်ရှင်များအား ဖိတ်ခေါ်အပ်ပါသည်။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၁ ၅၆၆၈၂၂

**ဖြေရှင်းပေးပါသည်**

Computer & Mobile Error အမျိုးမျိုး ကို ရုံး/အိမ်အရောက် အကောင်းဆုံး ဖြေရှင်းပေးပါသည်။

ဖုန်း-၀၉ ၄၂၀၀၃၃၆၉၅

**Living Real Estate Services**

အိမ်၊ ခြံ၊မြေနှင့် ပတ်သက်၍ ဝယ်မယ်/ရောင်းမယ်/ငှားမယ်ဆိုတဲ့ စိတ်ကူးလေးများရှိခဲ့လျှင် ရှင်သန်ခြင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဆက်သွယ်စေချင်ပါတယ်။

ဖုန်း- ၀၉ ၃၃၂၇၀၂၇၇

**Computer & Mobile Services**

လူကြီးမင်းတို့၏ Computer & Mobile Error အမျိုးမျိုးကို ရုံး/အိမ်အရောက် အကောင်းဆုံး ဖြေရှင်းပေးပါသည်။

ဖုန်း-၀၉-၄၂၀၀၃၃၆၉၅

**Sky Top Advertisment Services**

သင်တန်း၊ ကျောင်း၊ လုပ်ငန်းများကို လူအများသိစေရန် ကြော်ငြာများကမ်းခြင်း၊ ချိတ်ဆွဲပေးခြင်း၊ ကပ်ပေးခြင်း၊ ဗီနိုင်းကြော်ငြာများကို မြို့နယ်အလိုက်ထိ ပြုလုပ်ပေးပါသည်။

ဖုန်း-၀၉ ၄၀၁၆၃၅၂၇၉

**Teaching Guide လုပ်ပေးသည်**

Grade-1 to Grade-5 ဘာသာစုံ၊ Grade-6 to Grade-9 သင်္ချာသီးသန့် အိမ်အရောက် သင်ကြားပေးသည်။

ဖုန်း-၀၉ ၂၅၀၁၆၃၀၂၁

**နိုင်ငံခြားသွားအင်္ဂလိပ်စကားပြော**

အခြေခံအင်္ဂလိပ်စကားပြော၊ သဒ္ဒါ၊ ဈေးဝယ်ထွက်ခြင်းနှင့် လုပ်ငန်းခွင် အင်တာဗျူး (Entrance)များ သီးသန့်သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၂၁၀၆၈၂၇၅

**PROMISE**

အင်္ဂလိပ်စာပေါင်းစုံဘာသာပြန်ဆိုခြင်း၊ I.E.LT.S(လပြတ်/လစဉ်)၊4Skills(လပြတ်/လစဉ်)၊ ရာထူးဝင်/ Interview အင်္ဂလိပ်စကားပြောသီးသန့်။

ဖုန်း-၀၉ ၄၀၁၅၄၀၄၅၂

**သင်ကြားပေးသည်**

နိုင်ငံခြားသွား အင်္ဂလိပ် စကားပြော အခြေခံအင်္ဂလိပ်စကားပြော၊ သဒ္ဒါ၊ ဈေးဝယ်ထွက်ခြင်းနှင့် လုပ်ငန်းခွင် အင်တာဗျူးများ သီးသန့်သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၂၁၀၆၈၂၇၅

**ဝန်ဆောင်မှု**

iOS 6 Jailbreak ရပြီ။ Premiem Package ပြုလုပ်သူများအတွက် အခွင့်အလမ်းကောင်းလေးပါ။

ဖုန်း-၀၉-၄၄၈၀၀၆၈၀၀

**သင်ကြားပေးသည်**

၅၊ ၆၊ ၇တန်း၊ International School (p1 to p6) အိမ်အရောက်သင်သည်။ (သင်္ချာ သီးသန့်သင်ကြားပေးသည်။)

ဖုန်း- ၀၉ ၄၂၅၃၀၇၄၈၃

**ရောင်းမည်**

မ/ဥက္ကလာ၊ ခေမာသီလမ်းမကြီးပေါ် (ဈ) ဈေးအနီး၊ နှစ်ထပ်ပျဉ်ထောင်အိမ်၊ ပိုင်ဆိုင်ခွင့်ရှိ ပေ(၂၀×၆၀)၊ ဈေး-2400L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

မ/ဥက္ကလာ၊ ခေမာသီလမ်းနှင့် မေခာဝီလမ်းဆုံအနီး ပေ (၈၀×၈၀)၊ အုတ်တံတိုင်းခတ်ပြီး၊ ရေမီးစုံ၊ ပိုင်ဆိုင်ခွင့်အခိုင်အမာရှိ၊ ဈေး-2600L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

ဇဋ္ဌိလ(၂)လမ်း၊ ၁၆ ရပ်ကွက်၊ ရတနာလမ်းမကြီးအနီး ပေ (၂၀×၆၀)၊ 2RC၊ အသင့်နေ၊ ပိုင်ဆိုင်ခွင့်ရှိ၊ ဈေး-1600L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ (၂)၊ နှစ်ထပ်တိုက် ခေတ်မီ၊ လုံးချင်းတိုက်၊ အမြန်ရောင်းမည်။ ဖုန်း-၀၉ ၅၀၀၅၆၆၁

**ရောင်းမည်**

၆ မိုင်ခွဲ၊ ရွှေဟင်္သာလမ်းသွယ်၊ ပေ (၄၀×၇၀)၊ ဂရန်မြေ။ ရောင်းဈေး-16000L။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

ဗဟန်း၊ သံလွင်လမ်း ပေ (၇၀×၇၀)၊ ဘိုးဘွားပိုင်မြေ။ ရောင်းဈေး-9500L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

မင်္ဂလာဒုံ၊ ၆ လမ်းမှတ်တိုင်အနီး၊ အေးသာယာရပ်ကွက်၊ ပေ(၄၀×၆၀)၊ပိုင်ဆိုင်မှုခိုင်မာ၊ဈေး-200L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

စာမျက်နှာ(၂၃)မှ

## မြို့ပြဖွံ့ဖြိုးရေးအမည်ခံ သရုပ်ပျက်ပွဲများ

စလင်းကွင်း (ကြည့်မြင်တိုင်)၊ မိုင်ဒါကွင်း(ဒဂုံ)၊ ပဒုမ္မာကွင်း (စမ်းချောင်း)၊ သံပုံချိုင့်ကွင်း(ဗဟန်း)၊ ရာပြည့်ကွင်း(တာမွေ)၊ သိမ်ဖြူကွင်း(မင်္ဂလာတောင်ညွန့်)၊ နန္ဒဝန်ကွင်း(တာမွေ)၊ ရွာမကွင်း (တာမွေ)၊ ဘောက်ထော်ကွင်း (ရန်ကင်း)စတာတွေပါပဲ။ အဲဒါတွေဟာ ဘောလုံးကွင်း၊ ပန်းခြံနဲ့ အပန်းဖြေဖို့နေရာတွေ အဖြစ်တည်ရှိခဲ့ရာက ပဒုမ္မာကွင်းက ပုဂ္ဂလိကကိုရောင်းချခြင်းခံရပါတယ်။ ရာပြည့်ကွင်းက မူလကစားကွင်းနဲ့အပန်းဖြေ ကြည့်ချင်ပွဲများတင်ဆက်တဲ့နေရာပါ။ ယခု ထပ်မြင့်အဆောက်အအုံ အကောင်အထည်ဖော်နေပြီလို့ သိရပါတယ်။ သိမ်ဖြူကွင်းကိုလည်း ရန်ကုန်မြို့လယ်ဒေသနဲ့ မင်္ဂလာတောင်ညွန့်ပြည်သူများအတွက် ကစားကွင်းကြီးအဖြစ်တည်ရှိရာကမြို့ပြဖွံ့ဖြိုးရေးခေါင်းစဉ်အောက်မှာ ဝါးမျိုဖျက်ဆီးခံလိုက်ရပါပြီ။ ကျန်ရှိတဲ့ကွင်းတွေအတွက် စိုးတထိတ်ထိတ်စောင့်ကြည့်နေရပါတယ်။

ရန်ကုန်မြို့ကြီးမှာ ထပ်မြင့်တိုက်တွေနဲ့ ဘယ်တော့မှအစားထိုးလို့မရတဲ့ဆုံးရှုံးမှုတစ်ရပ်ရှိပါသေးတယ်။ အဲဒါက ခေတ်အဆက်ဆက်နှစ်ပေါင်းများစွာတည်ရှိခဲ့တဲ့ လေဟာပြင်ဈေး (open market) ပါပဲ။ လေဟာပြင်ဈေးဟာ ရန်ကုန်မြို့ရဲ့ ပင်မညဈေးတန်း (nightmarket) ဖြစ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံချင်းမိုင်မြို့မှာ ညဈေး (Night Bazaar) ဆိုတာ အလွန်နာမည်ကျော်ကြားလှပြီး ဘန်ကောက်မြို့မှာလည်း သီးသန့်ညဈေးတန်းရှိပါတယ်။ လမ်းဘေးဈေးတန်းမဟုတ်ပါဘူး။ အမှန်တော့ရန်ကုန်မြို့ကြီးရဲ့လေဟာပြင်ဈေးဟာ လူလတ်တန်းစားနဲ့ ဝင်ငွေနည်းပြည်သူများ အထူးအားထားရာဈေးကွက်ကြီးဖြစ်ပါတယ်။ ယခုတော့ အထပ် ၃၀ ခန့် ထပ်မြင့်တိုက်ကို မြို့ပြဖွံ့ဖြိုးရေးခေါင်းစဉ်အောက်မှာနေရာပေးပြီး လေဟာပြင်ဈေးကို ဖျက်ဆီးလိုက်ကြပါပြီ။ အဲဒီနေရာမှာ ဆောက်မယ့်ထပ်မြင့်တိုက်ဟာလည်း ဗိုလ်ချုပ်လမ်းနဲ့ အလံပြဘုရားလမ်းဆုံရာ၊ အနော်ရထာလမ်းနဲ့ အလံပြဘုရားလမ်းဆုံရာလမ်း (၃) ခုဆုံတဲ့ထောင့်ကွက်ဖြစ်ပြီး ဘယ်ဘက်ကိုထွက်ထွက် အလွန်ယာဉ်ကြောကျပ်တဲ့မီးပွိုင့်နေရာတွေပါ။ ထပ်မြင့်တိုက်ကယာဉ်တွေကြောင့် အနော်ရထာမီးပွိုင့်၊ ဗိုလ်ချုပ်လမ်း မီးပွိုင့်တွေမှာ ယာဉ်တွေရှေ့မတိုး သာနောက်မတိုးသာနဲ့ လုံးဝပိတ်ဆို့ကုန်မှာ အလွန်ပင်သေချာလှပါတယ်။

၁၉၅၈ ခုနှစ်ကတည်ထောင်ခဲ့တဲ့ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနဲ့ သာကေတစတဲ့မြို့ကြီးတွေမှာလည်း မူလမြို့တည်စဉ်ကသတ်မှတ်ထားတဲ့မီးတားကွက် (Fireescape)၊ ကလေးကစားကွင်း၊ ပန်းခြံအစရှိတဲ့ကွက်လပ်တော်တော်များများဟာ မြို့ပြဖွံ့ဖြိုးရေးခေါင်းစဉ်တပ်ပြီး ဖျက်ဆီးခံခဲ့ရတာအရေအတွက်မနည်းပါဘူး။ အဲဒီမြို့တွေရဲ့စက်မှုဇုန်တွေထဲမှာလည်း စက်မှုလုပ်ငန်းမလုပ်ဘဲ စားသောက်ဆိုင်၊ မီနီမားကက်နဲ့ ကေတီဗီတွေစည်းမဲ့ကမ်းမဲ့ဖွင့်ထားတာတွေ တွေ့နိုင်ပါတယ်။

နောက်ဆုံးပြောချင်တဲ့အဓိကအချက်နှစ်ရပ်ရှိပြီး ပထမအချက်ကနန်းသီတာကိုစိမ်းလန်းမြေအဖြစ်သာထားရှိဖို့အခြားသောကစားကွင်းအပန်းဖြေနေရာတွေမှာလည်းအိမ်ရာတွေတည်ဆောက်တဲ့အမှုနဲ့ မြို့ပြပြည်သူတွေရဲ့ လူ့အခွင့်အရေးကိုမချိုး ဖောက်မိကြဖို့ သတိပြုစေချင်ပါတယ်။

ဒုတိယအချက်က ဌာနဆိုင်ရာမြေကို အခြားကိစ္စအတွက် ဌာနဆိုင်ရာသဘောဆန္ဒအလျောက်ပြောင်းလဲသုံးစွဲခွင့်မရှိပါဘူး။ ဌာနဆိုင်ရာကိစ္စအတွက် အသုံးပြုဖို့ မလိုအပ်ရင် ဒါမှမဟုတ် မြို့မြေစီမံခန့်ခွဲမှုအခွင့်အာဏာရှိသူကမြေကိုပြန်လည်ရယူဖို့ လိုအပ်ရင် သက်ဆိုင်ရာဌာနရဲ့မြေကို ပြန်လည်လွှဲပြောင်းအပ်နှံရမှာဖြစ်ပါတယ်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၁)အရပြည်ထောင်စုအစိုးရမှာ မြို့မြေစီမံခန့်ခွဲမှုအာဏာရှိတာတွေ့ရပါတယ်။ နောက်ပြီး ၁၉၅၁ ခုနှစ် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအက်ဥပဒေအရ အခြားဌာနဆိုင်ရာမြေကွက်တွေကို နိုင်ငံတော်အစိုးရကိုယ်စားဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက လွှဲပြောင်းလက်ခံရယူနိုင်ခွင့်ရှိတာကိုတွေ့ရပါတယ်။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကလည်း ဒေသန္တရအစိုးရများကိုတစ်ဆင့်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခွင့်ရှိကြောင်းပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာမြေတွေကို အိမ်ရာမြေအဖြစ်ဘယ်လိုအသွင်ကူးပြောင်းမှသာနည်းလမ်းတကျရှိမယ်ဆိုတာကိုအလေးအနက်စဉ်းစားဆုံးဖြတ်ပြီးလုပ်ပိုင်ခွင့်ရှိတဲ့အဖွဲ့အစည်းများကသာ ဆောင်ရွက်သင့်ကြောင်းအကြံပြုလိုပါတယ်။

ဒီလိုမှမဟုတ်ရင် ရန်ကုန်၊ မန္တလေးမြို့ကြီးများသာမက အခြား ပြည်နယ်တိုင်းဒေသကြီးနဲ့ ပြည်နယ်မြို့၊ ခရိုင်မြို့၊ မြို့နယ်မြို့များမှာရှိတဲ့ဌာနဆိုင်ရာအမည်ပေါက်မြေတွေကိုဖွံ့ဖြိုးရေးအမည်ခံပြီး သရုပ်ပျက်စင်တင်ပွဲတွေအမျိုးမျိုး'တစ်ကျောင်းတစ်ဂါထာ'ကျင်းပလာကြမှာ စိုးရိမ်စရာကောင်းလှပါတယ်။

စာမျက်နှာ(၂၆)မှ

## လုပဆန်းသစ်သော တက္ကသိုလ်ပုံရိပ်များဆီသို့

အားလုံးစိတ်ဝင်စားဖို့၊ အားလုံးပူးပေါင်းပါဝင်ဖို့၊ အားလုံးတာဝန်ခံဖို့ လိုအပ်ပါသည်။ နိုင်ငံရေးနှင့်စပ်လျဉ်း၍ လိုရာဆွဲ ပြဋ္ဌာန်းပို့ချမှု၊ ဘက်လိုက်ဦးစားပေးမှု၊ လက်တွေ့နှင့် အလှမ်းကွာမှုများသည်လည်း အနာဂတ်မျိုးဆက်ကို လွဲမှားသော လမ်းကြောင်းသို့ ဦးတည်စေပါသည်။

ကမ္ဘာနှင့်တစ်ဝန်း နိုင်ငံရေးသိပ္ပံဘာသာရပ် ရှေ့တန်းရောက်နေချိန်တွင် မြန်မာပြည်ရှိ တက္ကသိုလ်အဝန်းအဝိုင်း၌ အလှမ်းဝေး၊ ကန့်သတ်ပိတ်ပင်မှုများရှိနေသေးခြင်းသည် တိုင်းပြည်ကို ရှေ့သို့မရောက်အောင် လုပ်သည်နှင့်တူပါသည်။ အစိုးရိမ်လွန်သည်ဟုပဲဆိုဆို၊ ချုပ်ချယ်သည်ဟုပဲ ပြောပြော၊ သိသင့်တာကို သိအောင်၊ တတ်သင့်တာကို တတ်အောင် လုပ်မပေးခြင်းဟု သတ်မှတ်ရပါလိမ့်မည်။ စီမံကွပ်ကဲမှု၊ အမြော်အမြင်ကြီးမှု၊ သဘောထားပြည့်ဝမှုများဖြင့် လမ်းဖွင့်ပေးခြင်းသည် ပြဿနာများကို လျော့နည်းစေလိမ့်မည်ဟု ယူဆမိပါသည်။ နိုင်ငံရေးသဘောတရား၊ နိုင်ငံရေးကျင့်စဉ်၊ နိုင်ငံရေးရေချိန်ကို တက္ကသိုလ်အဆင့်မှစ၍ မြှင့်တင်ပေးခြင်းဖြင့် မလိုလားအပ်သော ပဋိပက္ခများ၊ ဆူပူအုံကြွမှုများကို ထိန်းချုပ်နိုင်ပါလိမ့်မည်။

လမ်းစဉ်တစ်ခုကို မြည်းစမ်းလေ့လာဆည်းပူးခွင့် မပေးဘဲ၊ တက္ကသိုလ်များကလည်းပံ့ပိုးကူညီမှုမရှိပါဘဲ ကြိုကြိုတင်တင်ပိတ်ပင်ထားခြင်းများသည် လူသားအရင်းအမြစ်ကို နှိပ်ကွပ်ရာရောက်ပါသည်။ ရုပ်လုံးကြွလာမည့် လုပမှုအလုံးစုံကို ပျောက်ကွယ်စေပါသည်။ အမှန်မှာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ ပြည်ထောင်စုငြိမ်းချမ်းသာယာရေးအတွက် တက္ကသိုလ်နယ်ပယ်တွင် လုပဆန်းသစ်သော၊ လွတ်လပ်ပျော်ရွှင်ဖွယ်ဖြစ်သော ပုံရိပ်များ ပြန့်ပွားရှင်သန်နေမှသာ တိုင်းပြည်၏ အနာဂတ်အတွက် ရလဒ်ကောင်းစေလိမ့်မည်ဟု ဆိုလိုက်ချင်ပါသည်။

## JOKE

### လုပ်ခအကုန်အပ်မလို့

"ဒီနေ့သောကြာနေ့ရောက်ပြီ။ ဘယ်မှာလဲ၊ ရှင့်တစ်ပတ်စာလုပ်အားခ" ဟု မိန်းမကမေးရာ အိမ်ပြန်လာသော ယောကျ်ားက နေရာမှမထဘဲ "မင်းကို ပိုက်ဆံအပြည့်အပ်မလို့ လုပ်နေရင်းပဲ အဲဒီပိုက်ဆံတွေလမ်းမှာ ကုန်သွားတယ်"ဟု ပြန်ပြောသည်။ မိန်းမက နားမလည်နိုင်ဘဲ"ဘယ်လို၊ ဘယ်လိုပိုက်ဆံတွေလမ်းမှာအကုန် ကုန်သွားတယ် ဟုတ်လား။ ဘယ်လိုဖြစ်တာလဲ" ဟု မေးမြန်းရာ ယောကျ်ားဖြစ်သူက "မင်းကို ပိုက်ဆံအကုန် အပ်ဖို့ရာ ကားခတောင်မကုန်ချင်လို့ လမ်းလျှောက်ရင်းနဲ့ မောလာရင် ဘီယာဝင်သောက်လိုက်၊ မောလာရင် ဘီယာဆိုင်ဝင်လိုက်နဲ့ပဲ အိတ်ကပ်ထဲတစ်ပြားမှ မကျန်တော့ဘူး"ဟု ယောကျ်ားက ပြန်ပြောပါသည်။

### ကွတ်တိပဲ

ရှေ့နေတစ်ဦးသည် ၎င်းကို ငှားရမ်းထားသော အမှုသည် တစ်ဦးအားရှေ့နေခမည်မျှ ကျသင့်မည်ကို ပြောသည်။

"ကောင်းပြီ၊ ခင်ဗျားအနေနဲ့ ဒီအမှုအတွက် ဒေါ်လာ ၁၀၀၀ လက်ငင်းချေပြီး ရှေ့လာမယ့် ၃၆ လမှာ တစ်လကို ၄၁၇ ဒေါ်လာနဲ့ ၅၈ ဆင့်ပေး ရမယ်"ဟု ပြောလိုက်သည်။ တစ်ဖက်မှ ၎င်းအမှုသည်က "ဘယ်လို၊ ဘယ်လို ဒါဟာကားဝယ်ရင် အရစ်ကျသွင်းရတဲ့ပုံစံမျိုးပဲ"ဟုမှတ်ချက်ပြုရာ ရှေ့နေက "ဟုတ်တယ်လေ။ ကျုပ်ကားဝယ်ထားတာ၊ ခင်ဗျားဆီကရမယ့် ရှေ့နေခက ကျုပ်ကားတန်ဖိုးနဲ့ ကွက်တိပဲ"ဟု ပြန်ပြောပါ၏။

VACANCY ANNOUNCEMENT
Post Title : Senior Field Officer
Duty Station : Mandalay

ICRC

The Field Officer will be part of the Mandalay team and should start as soon as possible:

**Professional Requirements:** A university degree or equivalent, four years experience in a similar field, fluent in written and spoken English, team leadership skills, good communication, analytical and writing skills, confirmed capacity to analyse the political and social environment, very good knowledge of Myanmar, especially upper Myanmar

**Personal Requirements:** A Myanmar National, able to travel within Myanmar, especially to Kachin and Shan State, capable of taking responsibilities and identifying priorities, able to take initiatives and work independently, culturally sensitive and flexible, patient, self-confident, and discrete

**Main Responsibilities:** Under the direct supervision of the ICRC Head of sub-delegation, the Field Officer will:

Scan the political and social environment and identify major issues and concerns relevant to the organization, monitor events and changes within the region that could have an impact on ICRC's activities and advise the sub-delegation accordingly, provide the sub-delegation with environment scanning, including media and other information sources in a regular and timely manner, participate to regular field trips to Kachin and Shan state, and possibly other areas, contributes to the general reporting of the sub-delegation, develop and maintain constructive relations with various interlocutors including Myanmar authorities, the Myanmar Red Cross, civil society organisations, and other stakeholders, assists in the identification of appropriate strategies and implementation of ICRC activities

Interested persons should submit an application letter and a CV together with recent photo by mail to: the **Human Resources Department, Yangon** or **Head of Sub Delegation, Mandalay** (No. 22/D, 30th Street, Between 63rd and 64th Streets, Chan Aye Thazan Township, Mandalay) or by e-mail to: yan_yangon@icrc.org before **6th January 2014**. Only persons with appropriated qualifications will be considered. For more details, please contact (tel: 01- 662613, 650136, 664524).

ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ
Licence No.14/2013

ဒူဘိုင်း (U.A.E) နိုင်ငံရှိ အဆင့်မြင့် Super Market တွင်လုပ်ရန်

1. ငွေကိုင်၊ အရောင်း၊ ကောင်တာအကူ၊ အဝယ်တော်၊ မုန့်ဖုတ်လုပ်သား (၃၀)ဦး US$600+(အချိန်ပို)

အင်တာဗျူးရက်မှာ ( ဒီဇင်ဘာ လကုန် ) ဖြစ်သည်။

[illegible]

အမှတ်(၃၈၅/၃၈၉)၊ (၃)လွှာ (ညာ)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်း(ထောင့်)၊
Global(Tower)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
01-398299, 01-391693, 09-5173979, 09-8610464, : agencykls@gmail.com
Singapore Contact - HP 65-90019420, 91078784 : : sseagency@gmail.com

**မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အရာထမ်းများ ခေါ်ယူခြင်း**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်)တွင် Executive Officers အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် အရာထမ်းများ အလိုရှိသည်။ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသောသူများ လျှောက်ထားနိုင်ပါသည်။

၁။ B.Com (or) M.Com (or) M.B.A (or) M.P.A အောင်မြင်ပြီးသူဖြစ်ရမည်။
၂။ English 4 Skills ကျွမ်းကျင်ရမည်။
၃။ Computer Microsoft Office Work, Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
၄။ Internet, E-mail ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
၅။ အရာထမ်းလုပ်သက် အနည်းဆုံး (၃)နှစ် ရှိရမည်။
၆။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်လုပ်ကိုင်သည့် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် အလုပ်သမား မှတ်ပုံတင်ကတ် မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ကိုယ်ရေးအချက်အလက် ပြည့်စုံစွာ ဖော်ပြ၍ အမှတ်-၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်းသို့ ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အသင်းရုံးခန်း တယ်လီဖုန်းနံပါတ်-၀၉- ၃၁၇၁၈၁၄၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

Environment

7DAY NEWS JOURNAL

Vol.12, No.41 • DECEMBER 18 , 2013

# သတ္တုတွင်းဘေးအန္တရာယ် ကင်းရှင်းရေး ဥပဒေပြဋ္ဌာန်းရန် ပြည်သူ့လွှတ်တော်သို့ တင်သွင်းမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

မြန်မာနိုင်ငံတွင် ယခင်က မရှိခဲ့သည့် သတ္တုတွင်းဘေးအန္တရာယ် ကင်းရှင်းရေးဥပဒေ ပြဋ္ဌာန်းရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှတစ်ဆင့်ပြည်သူ့လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဥပဒေမူကြမ်းကို သတ္တုတွင်းဦးစီးဌာနတွင်တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဒုတိယညွှန်ကြားရေးမှူးအငြိမ်းစား ဦးစိန်မြင့်ကပြည်သူ့လွှတ်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသို့ တင်ပြမှုကို ကော်မတီက လက်ခံလိုက်ကာ ပြည်သူ့လွှတ်တော်သို့ တင်သွင်းမည်ဖြစ်သည်။

"ဂျပန်နဲ့ ဩစတြေးလျမှာ ကျင့်သုံးနေတဲ့ လုပ်ငန်းခွင် အန္တရာယ်ဥပဒေတွေကို ကြည့်ပြီး ရေးဆွဲထားတာပါ။ မြန်မာနိုင်ငံမှာ မရှိတဲ့အတွက် အရမ်းလိုအပ်တဲ့ ဥပဒေတစ်ခုပါ။ ပြည့်စုံခြင်းမရှိပေမယ့် အစိုးရသတိထားရအောင် တင်ပြခြင်းဖြစ်ပါတယ်"ဟု ဥပဒေကြမ်းရေးဆွဲသူ ဦးစိန်မြင့်ကပြောကြားသည်။

အဆိုပါဥပဒေသည် အစိုးရနှင့် ကုမ္ပဏီများကို အကျိုးရှိစေမည်ဖြစ်ပြီး အစိုးရအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ပတ်ဝန်းကျင် ထိခိုက်မှုများကိုစစ်ဆေးရာတွင် အထောက်အကူပြုနိုင်မည်ဟု ဆိုသည်။

သတ္တုတူးဖော်ခွင့်ရရှိသူများနှင့် ကျောက်မျက်တူးဖော်ခွင့် ရရှိသူများ စက်မှုတွင်းထွက်ကုန်ကြမ်းများ တူးဖော်ခွင့် လျှောက်ထားရာတွင် မှီငြမ်းကိုးကားပြီး လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေတွင် စာမျက်နှာ ၁၃ မျက်နှာပါဝင်ပြီး အခန်းခြောက်ခန်းပါဝင်သည်။

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ခွင့်ပြုမိန့် ရရှိသူ၏ တာဝန်များ၊ ဦးစီးဌာန၏ တာဝန်များ၊ ပြစ်မှု၊ ပြစ်ဒဏ်နှင့် အယူခံခြင်း၊ အထွေထွေပြဋ္ဌာန်းချက်များ ပါဝင်ကြောင်း သိရသည်။

# ကျိုက်ထီးရိုးတောင်တန်းချစ်သူများ အသင်း တောင်တက်လမ်းတွင် သစ်ပင်စိုက်ပျိုးမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ကျိုက်ထီးရိုးခြေလျင်တောင်တက်လမ်းရှိ သစ်တောများ ပြုန်းတီးလျက်ရှိသည့်အတွက် ကျိုက်ထီးရိုးတောင်တန်းချစ်သူများ အသင်းက သစ်ပင်စိုက်ပျိုးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကျိုက်ထီးရိုးစေတီဖူးမြော်သူများသည် ပြီးခဲ့သည့်နှစ်များက ကျိုက်ထီးရိုးခြေလျင်တောင်တက်လမ်းကို အများဆုံး အသုံးပြုခဲ့ပြီး တောင်တက်ကားလမ်းပေါ် လာသည့်အခါ ယင်းကားလမ်းကိုပင် အသုံးများလာသည့်အတွက် ခြေကျင်တောင်တက်လမ်းတွင် သစ်တောပြုန်းတီးမှုများ ဖြစ်လာပြီး စည်ကားမှုမရှိတော့ဟု ကျိုက်ထီးရိုးတောင်တန်းချစ်သူများအသင်းမှ ဆရာတော်ကပြောသည်။

"အရင်တုန်းက ဒီလမ်းကတိရစ္ဆာန်တွေနဲ့ သစ်တောတွေလည်း ကောင်းတယ်။ အခုနောက်ပိုင်းမှာ သစ်တောတွေလည်း ပြုန်းတီးပြီး နေပြောက်တွေလည်း ထိုးနေပြီ။



*ကျိုက်ထီးရိုးတောင်တက်လမ်း တစ်နေရာကို ပြီးခဲ့သည့်နိုဝင်ဘာလက တွေ့ရစဉ်*

ဓာတ်ပုံ - ရှိန်းရှိန်းထိုက်

သာယာမှုလည်း မရှိတော့ဘူး"ဟု ဆရာတော်က ပြောသည်။

"တစ်ဖက်က ကားလမ်းဖွံ့ဖြိုးလာတော့ တစ်ဖက်က ယုတ်လျော့သွားတယ်။ ဒီတောင်တက်လမ်းဖွံ့ဖြိုးဖို့က ဒေသခံတွေ လုပ်သင့်တယ်။ မလုပ်ရင် အဲဒီလမ်းကရေစီးမြောင်းကြီးဖြစ်သွားလိမ့်မယ်" ဟု ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအသင်းBANCA မှ ဦးအောင်ကြည်ညွှန့်က ပြောကြားသည်။

ကျိုက်ထီးရိုး တောင်တက်လမ်းတွင် သစ်ပင်စိုက်ပျိုးနိုင်ရန် ဒေသခံများနှင့် အဖွဲ့ဖွဲ့စည်းထားပြီး မြန်မာအစိမ်းရောင် ကွန်ရက်နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။

# ဘန်ကာက EIA,SIA စစ်တမ်းကောက်ယူမှုများ ဆောင်ရွက်တော့မည် မဟုတ်ဟုဆို

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ဇီဝမျိုးစုံ၊မျိုးကွဲ ထိန်းသိမ်းရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအသင်း(BANCA)သည်ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (EIA, SIA) စစ်တမ်းကောက်ယူမှု ဆောင်ရွက်ပေးတော့မည်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုသာ ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

ဘန်ကာ အသင်းသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (EIA,SIA)ကို စီမံကိန်းကြီးများတွင် လုပ်ဆောင်ပေးခဲ့ရာ ယခုနောက်ပိုင်းတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာသည့် နည်းတူ EIA,SIA လုပ်ဆောင်ပေးမည့် ကုမ္ပဏီများလည်းရှိလာသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုသာ လုပ်ဆောင်မည်ဟု ဘန်ကာအသင်း ဥက္ကဋ္ဌ ဒေါ်စောမွန်သိမ့်က ပြောသည်။

"အခု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာတယ်။ စီမံကိန်းတိုင်းမှာ EIA,SIAမလုပ်မနေရလုပ်ရမယ်ဆိုတော့ သီးသန့်လုပ်တဲ့ ကုမ္ပဏီတွေအများကြီးပေါ်လာပြီဖြစ်တဲ့အတွက် မူလတာဝန်ကို ပြန်ယူမယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုသီးသန့်လုပ်သွားမယ်" ဟုဒေါ်စောမွန်သိမ့်ကပြောသည်။

ဘန်ကာအသင်းသည် EIA, SIA စစ်တမ်းများကို ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ကြောင်းရှိမိုင်းတုံရေအားလျှပ်စစ်စီမံကိန်း၊ သောက်ရေခပ်ရေအားလျှပ်စစ်စီမံကိန်းကြီးများနှင့် အခြား ရေအားလျှပ်စစ်စီမံကိန်းများအတွက် ပြုလုပ်ပေးခဲ့သည်။

စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းလုပ်ဆောင်ပေးမည့် ပညာရှင်များ ပါဝင်သောကြားခံ ကုမ္ပဏီများမှာ တစ်နိုင်ငံလုံးတွင် ၂၁ ဖွဲ့ရှိပြီး ကြားခံကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ လိုင်စင်လျှောက်ထားရမည်ဖြစ်သည်။




Tourism
7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013




*Accor နှင့် မြတ်မင်းကုမ္ပဏီတို့ ဘန်ကောက်မြို့၌ သဘောတူလက်မှတ်ရေးထိုးစဉ်* ဓာတ်ပုံ- နေလင်းထွန်း

# ပြင်သစ်နိုင်ငံမှ Accor ဟိုတယ်အုပ်စု ၂၀၁၄တွင် မြန်မာနိုင်ငံ၌ ဟိုတယ်သုံးလုံးဖွင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၂**

ပြင်သစ်နိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဟိုတယ်အုပ်စုဖြစ်သော Accor သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဟိုတယ်အသစ်သုံးလုံး ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း Accor Asia Pacific ဉက္ကဋ္ဌဖြစ်သူ Michael Issenberg ကပြောကြားသည်။

Sofitel, Novotal စသည့်နာမည်များဖြင့် ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော Accor ဟိုတယ်အုပ်စုသည်စစ်အစိုးရအလွန် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပြီးပြည်တွင်းစီးပွားရေးလုပ်ငန်းသုံးခုနှင့် ဟိုတယ်ခြောက်လုံးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူထားပြီးဖြစ်သည်။

"၂၀၁၄ ခုနှစ် အတွင်းမှာ ကျွန်တော်တို့ ဟိုတယ်သုံးလုံးဖွင့်နိုင်ဖို့ရှိပါတယ်။ တစ်လုံးကရန်ကုန်မှာဖြစ်မယ်။ တစ်လုံးက နေပြည်တော်မှာဖြစ်ပြီး နောက်တစ်လုံးကတော့ အင်းလေးမှာ ဖြစ်ပါတယ်။ အဲဒီဟိုတယ်တွေကနေ ဝန်ထမ်း ၉၀၀ လောက်ကို အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်မှာ ဖြစ်ပါတယ်"ဟု မစ္စတာ Michael Issen-berg ကဆိုသည်။

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာသော Accor အကြီးအကဲသည် ပြည်တွင်းခရီးသွား လုပ်ငန်းအပေါ် အကောင်းဘက်မှ ရှုမြင်ခဲ့သော်လည်း စိန်ခေါ်မှုများရှိနေသည်ကို နားလည်လက်ခံကြောင်း ပြောကြားသည်။

"လတ်တလော အခြေအနေအရ ဘဏ်စနစ်က အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်ပါတယ်။ ခရစ်ဒစ်ကတ်ကိုတော့ စတင်ပြောင်းလဲကျင့်သုံးနေပါပြီ။ နောက်တစ်ခုကတော့ ဘာသာစကားပါ။ မြန်မာနိုင်ငံကို နိုင်ငံခြား ဧည့်သည်တွေ ဝင်ရောက်မှု များပြားလာချိန်မှာ ပြည်တွင်း ဝန်ထမ်းတွေကို အင်္ဂလိပ်ဘာသာစကားသင်တန်းပေးဖို့ဖြစ်ပါတယ်။ Accor ရဲ့ အဆင့်အတန်းနဲ့အညီ နိုင်ငံတကာ ဧည့်သည်တွေရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ဖြစ်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

Accor ကုမ္ပဏီသည် နိုဝင်ဘာလတွင် မြတ်မင်း ကုမ္ပဏီနှင့် Pullman Yangon Myat Min, The Sebel Yangon Myat Min နှင့် Novotel Inle Lake Myat Min တို့တည်ဆောက်ဖွင့်လှစ်သွားရန် တစ်ပြိုင်နက် သဘောတူ လက်မှတ်ရေးထိုးပြီးနောက်မြန်မာနိုင်ငံသို့ ဝင်ရောက်မှုကို အရှိန်မြှင့်ခဲ့သည်။

Accor ဟိုတယ်အုပ်စုသည် Sofitel, Pullman, Mgallery, Novotel, Mercure, The Sebel, Hotel Formula 1 စသည့် အမည်များဖြင့် နိုင်ငံပေါင်း ၉၂ နိုင်ငံ၌ ဟိုတယ်နှင့် အပန်းဖြေစခန်းများကိုလုပ်ငန်းလည်ပတ်နေပြီးမြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း ဟိုတယ်သုံးလုံးနှင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ဟိုတယ်သုံးလုံး တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

# ပြင်သစ်နိုင်ငံမှ ပါရာမိုတာစီးသူနှစ်ဦး မြန်မာမြို့သုံးမြို့တွင် ပထမဆုံးအကြိမ် လာရောက်ပျံသန်း

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ပြင်သစ်နိုင်ငံပါရာမိုတာ (Param-otor) ကမ္ဘာ့ချန်ပီယံအပါအဝင် ပါရာမိုတာပျံသန်းသူနှစ်ဦးသည် မြန်မာနိုင်ငံရှိမြို့သုံးမြို့တွင် ပထမဆုံးအကြိမ်ပါရာမိုတာပျံသန်းမှုပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သနပ်ခါး (Thanakha)ခရီးသွားကုမ္ပဏီ၏ စီစဉ်မှုဖြင့် ပါရာမိုတာစီးကမ္ဘာ့ချန်ပီယံနှင့် နှစ်ဦးသည်မြန်မာနိုင်ငံတွင်ပါရာမိုတာပျံသန်းရန် ဒီဇင်ဘာ ၁၁ရက်က ရောက်ရှိလာပြီး လေးကြိမ်ခန့်အလှပြစီးနင်းမှုပြုလုပ်မည်ဟု ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပါရာမိုတာစီးနင်းသူများသည် ဒီဇင်ဘာ ၁၃နှင့် ၁၄ရက်တို့တွင် အင်းလေးနှင့်ညောင်ရွှေတို့၌ ၁၅မိနစ်ခန့် ပါရာမိုတာပျံသန်းခဲ့ပြီး ၁၆နှင့် ၁၇ရက်တို့တွင် ပုဂံ၌ ထပ်မံပျံသန်းမည်ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

"ကမ္ဘာ့ချန်ပီယံနဲ့အဖွဲ့က မြန်မာနိုင်ငံမှာ ပျံသန်းမှုပြုလုပ်ချင်တယ်ဆိုလို့ စီစဉ်ပေးတာ။ ရာသီဥတုအခြေအနေပေါ် မူတည်ပြီးသူတို့က ပျံသန်းတာ။ သူတို့ပျံတာကိုကြည့်ပြီး ဒေသခံတွေကလည်း စိတ်ဝင်စားကြပါတယ်"ဟု သနပ်ခါးခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူကပြောသည်။

အဆိုပါပါရာမိုတာစီးနင်းခြင်းကိုသနပ်ခါးခရီးသွားကုမ္ပဏီမှမြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်တာဝန်ယူစီစဉ်ပေးခြင်းဖြစ်ပြီး စိတ်ဝင်စားသူများရှိပါက ထပ်မံစီစဉ်ပေးသွားမည်ဟုသတင်းရရှိသည်။





7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# Cartoon

























7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# တစ်နေ့တစ်လံ ခရီးရှည်

ခင်မေဇော်(ဝါရှင်တန်ဒီစီ)

အမေရိကန်နိုင်ငံ၏ အထင်ကရ တတိယအရှည်ဆုံး မြစ်ကြီးတစ်စင်းဖြစ်သည့် မစ္စစ္စပီမြစ်ကြီးအတွင်းမှ အမှိုက်များကို ပြီးခဲ့သည့် ၁၅နှစ်မှစ၍ ရှင်းလင်းနေသူChad Pregracke ကို စီအင်န်အင်န်ရုပ်မြင်သံကြားဌာနက ၂၀၁၃ ခုနှစ်၏ စီအင်န်အင်န်သူရဲကောင်းတစ်ဦးအဖြစ် ရွေးချယ်လိုက်သည်။ မိုင်ပေါင်း ၂,၃၂၀ ရှည်လျားသည့် မြစ်အတွင်းရှိ အမှိုက်များကို ဖယ်ရှားရန်ကြိုးပမ်းခဲ့ရာတွင် ကားတာယာပေါင်း ခြောက်သောင်းခုနစ်ထောင်ကျော် ဆယ်ယူဖယ်ရှားနိုင်ခဲ့သလို အဝတ်လျှော်စက် ၂၁၈ လုံး၊ ထရပ်ကား ၁၉ စီး၊ ရေချိုးကန် ၁၂ လုံး၊ စန္ဒရားလေးလုံးနှင့် ရေခဲသေတ္တာတစ်ထောင်ကိုလည်း မြစ်အတွင်းမှ ဆယ်ယူဖယ်ရှားရာတွင် ပါဝင်ကူညီခဲ့သည်။ သူ့ကို မြစ်ကြောင်းအမှိုက်ကျုံးသမားဟု အချို့ကခေါ်ကြသည်။ အဖွဲ့ဝင် ၁၂ ဦးနှင့်အတူ မော်တော်နှင့် တစ်နှစ်လျှင် ကိုးလမျှ အမေရိကန်နိုင်ငံ မြစ်ကြောင်းတစ်လျှောက် ရှင်းလင်းရေးအတွက် ဒေသခံပြည်သူများကို လိုက်လံစည်းရုံးလှုံ့ဆော်ဆောင်ရွက်လေ့ရှိသည်။

အသက်(၁၈)နှစ်အရွယ် ချတ်က မြစ်အတွင်းမှ အမှိုက်များဖယ်ရှားရေးကို မည်သူမျှလုပ်ဆောင်ခြင်းမရှိကြောင်း တွေ့ရသဖြင့် ဆုံးဖြတ်ပြီး စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အီလီနွိုက်ပြည်နယ်သား ချတ်သည် မစ္စစ္စပီမြစ်ကမ်းတွင် နေထိုင်ကြီးပြင်းခဲ့သူဖြစ်သည်။ အမေရိကန်မြို့ပေါင်း ၅၀ နှင့် လူပေါင်း ၁၈ သန်းအတွက် သောက်ရေပံ့ပိုးပေးနေသည့် မြစ်ထဲတွင် အမှိုက်များစုပုံလာနေသည်ကိုတွေ့ရပြီး အသက်(၁၅) နှစ်အရွယ်မှစ၍ အမှိုက်များဖယ်ရှားရေး တစ်ဦးတည်း လုပ်ဆောင်ခဲ့သည်။ နှစ်အနည်းငယ်အကြာတွင် သူ့လုပ်ရပ်ကို ထောက်ခံအားပေးကြသူများက ငွေကြေးထောက်ပံ့ကြသလို ဝင်ရောက်ကူညီသူများ ခုနစ်သောင်းအထိ တိုးလာပြီဖြစ်သည်။ ယခုအချိန်အထိ အမှိုက်တန်ချိန်ပေါင်း ခုနစ်သန်းကို မြစ်ကြောင်းအတွင်းမှ ရှင်းလင်းသယ်ထုတ်နိုင်ခဲ့သည်။ လက်ရှိတွင် မြစ်ကြောင်းပေါင်း ၃၅ ခု၌ အမှိုက်သယ်ထုတ်ရေး လုပ်ဆောင်ခဲ့သည့် ချတ်က သူ့ကို သဘာဝဝန်းကျင်ထိန်းသိမ်းသူ အစရှိသဖြင့် ခေါ်ဆိုနေသော်လည်း သူသည် အခြားသူများနှင့် မည်သို့မျှ ကွာခြားသူမဟုတ်ဘဲ သူ့ကိုအလုပ်ကြိုးစားသူ အမေရိကန်နိုင်ငံသားတစ်ဦးအဖြစ်သာ အသိအမှတ်ပြုစေလိုကြောင်း ပြောဆိုခဲ့သည်။ "အပြောင်းအလဲဆိုတာ အစပြုဖို့ခက်ပါတယ်။ ဒါပေမဲ့စလိုက်ပြီး အရှိန်ရပြီဆိုတာနဲ့ ရပ်လို့မရတော့ဘူး"ဟု သူ့လုပ်ရပ်ကို ဝင်ရောက်ကူညီကြသူ များပြားလာသည့်အပေါ် ချတ်က မှတ်ချက်ချပြောဆိုခဲ့သည်။

ချတ်ကို စီအင်န်အင်န်ဝက်ဘ်ဆိုက်တွင် အများပြည်သူက ငါးရက်ကြာ မဲပေးပြီး ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ စုစုပေါင်း စီအင်န်အင်န်သူရဲကောင်း ၁၀ ဦး ရွေးချယ်ပြီး ဆုငွေဒေါ်လာငါးသောင်းစီ ဂုဏ်ပြုခဲ့ပြီး ချတ်တည်ထောင်ခဲ့သော အင်န်ဂျီအိုအား ဒေါ်လာနှစ်သိန်းခွဲပေးအပ်ခဲ့သည်။

ကျွန်တော့်နောက်ဖေးက မစ္စစ္စပီမြစ်ပါ။ အဲဒီမှာ ရေတွေညစ်ညမ်းလာတာတွေ့ရတော့ ရည်ရွယ်ချက်ကြီးကြီးနဲ့ ကျွန်တော်စခဲ့ပါတယ်။ မိုင်ပေါင်း ၄၃၅ မိုင်က အမှိုက်တွေကို ရှင်းမယ်ပေါ့။ ဒါပေမဲ့ ဘယ်လောက်ကြာမယ် ဆိုတာတော့ ကျွန်တော် မသိခဲ့ဘူး။ ပထမနှစ်မှာ ကျွန်တော် အလှူငွေနည်းနည်းရခဲ့ပါတယ်။ လှေလေးတစ်စီးနဲ့ ကျွန်တော်စထွက်နိုင်ခဲ့တာပေါ့။ အကြိမ်အတော်များများမှာ လုပ်လို့မရတော့ဘူးလို့ ကျွန်တော်စိတ်ထဲဖြစ်လာတယ်။ ဒါပေမဲ့ ကျွန်တော်ဆက်လုပ်တယ်။ အကောင်းမြင်တဲ့အတွေးနဲ့ ဆက်သွားဖို့ ကျွန်တော် ကြိုးစားခဲ့တယ်။ အဲဒီတုန်းက ကျွန်တော် ကောလိပ်ကျောင်းက ဆင်းခါက အသက်က (၂၂)နှစ်။ အခုဆိုရင် ကျွန်တော်ထောင်ခဲ့တဲ့ Living Lands & Waters ဆိုတဲ့ အင်န်ဂျီအိုမှာ အမြဲတမ်းဝန်ထမ်း ၁၃ ဦး ထားနိုင်ပြီ။ ပစ္စည်းတင်ဖောင်က လေးစီးရှိပြီး ကျွန်တော်တို့ဝန်ထမ်းရှစ်ယောက်က အဲဒီဖောင်တွေနဲ့ အချိန်ပြည့် အလုပ်လုပ်နိုင်ပြီ။ ကျွန်တော်ဆိုရင် ဒီနှစ်ထဲမှာ အိမ်ပြန်ရောက်တာ လေးရက်ပဲရှိခဲ့တယ်။ အလုပ်ကတော့ အင်မတန်ပင်ပန်းပါတယ်။ ဒါပေမဲ့ ကျွန်တော် ကျေနပ်ပါတယ်။

**ခင်ဗျားရဲ့ဆုငွေကို စီအင်န်အင်န်ဆုရှင်တစ်ဦးကို ဒေါ်လာ တစ်သောင်းစီ ဝေပေးတယ်ဆိုတော့ ဒါမျိုးကို ကျွန်တော်တို့ မတွေ့ဖူးသေးဘူး။**

ဟုတ်ပါတယ်။ သူတို့တွေတစ်ဦးချင်းရဲ့ လုပ်ရပ်တွေအကြောင်းကြားရတော့ ကျွန်တော်အတော်ပဲအားကျချီးကျူးမိပါတယ်။ သူတို့လုပ်ရပ်က လူတွေရဲ့ဘဝတွေကို တကယ်ပဲ ပြောင်းလဲပစ်လိုက်ပြီး ကမ္ဘာကြီးကို ပိုပြီးနေချင်စရာကောင်းတဲ့ နေရာတစ်ခုဖြစ်လာစေပါတယ်။ သူတို့တစ်ဦးချင်းစီရဲ့အကြောင်းတွေကြားရတော့ ကျွန်တော် သိပ်ကိုစိတ်လှုပ်ရှားရပြီး သူတို့ကြားမှာ ကျွန်တော်က ဘာမှအရေးမပါပါဘူး။ သူတို့တွေက အပြောင်းအလဲကို ဖြစ်စေခဲ့သူတွေပါ။ ဒါကြောင့် ကျွန်တော့်ဆုငွေတွေထဲက တချို့ကို သူတို့ကို ဝေပေးလိုက်ပြီး သူတို့ရဲ့လုပ်ရပ်ကို အသိအမှတ်ပြုလိုက်တာပါ။

**လူတွေက အမှိုက်တွေကို တစ်ချိန်လုံးတွေ့နေကြပြီး စိတ်အနှောင့်အယှက်လည်းဖြစ်ကြပါတယ်။ ဒါပေမဲ့ ခင်ဗျားကတော့ ဒီအမှိုက်ကိစ္စကို တစ်ခုခုလုပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်နော်။**

ဟုတ်ပါတယ်။ ကျွန်တော့်ပန်းတိုင်ကတော့ မစ္စစ္စပီမြစ်ရဲ့ မိုင် ၄၃၅ မိုင်ကို အမှိုက်ရှင်းဖို့ပါ။

**ခင်ဗျားကို ကျွန်တော်တွေ့ခဲ့တာ ၁၉၉၇ ခုနှစ်ကနော်။ အဲဒီတုန်းက ဒီကလေးက ဒါတွေလုပ်နေတယ်ဆိုပြီးတော့ ကျွန်တော် သိခဲ့တယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်က။ ခင်ဗျားက အခုထက်ထိလည်း ဒါကိုဆက်လုပ်နေသေးတယ်။**

ဟုတ်ပါတယ်။ ကျွန်တော်တို့က နေရာတွေအများကြီးကိုသွားပြီး အဲဒီနေရာတွေမှာ အပြောင်းအလဲတွေဖြစ်အောင် လုပ်နိုင်ခဲ့ပါတယ်။ ကားတာယာတွေ၊ စည်ပိုင်းတွေ ထောင်နဲ့ချီပြီး မြစ်ထဲက ထုတ်ယူဖယ်ရှားနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့က မြစ်၊ ချောင်း၊ ရေကန် ဘာပဲဖြစ်ဖြစ် ရှင်းဖို့လိုလာရင် အကုန်လူစုစည်းရုံးပြီး လုပ်ကြတာပါပဲ။ အင်မတန်ပီတိဖြစ်ရပါတယ်။

**နောက်ဘာလုပ်ဖို့ရှိသေးလဲ။**

အပင်တစ်သန်းအစီအစဉ်ဆိုတာ ကြားဖူးမှာပေါ့။ လာမယ့်နွေဦးမှာ မြေ ၃၂၀,၀၀၀ ဧကမှာ အပင်ပေါင်း ၁၂၀,၀၀၀ စိုက်ဖို့ပြင်ဆင်ထားပါတယ်။ ဒါတွေက မြစ်ကြောင်းတစ်လျှောက်မှာ စိုက်မှာပါ။ လူတွေကထင်တယ်။ သဘာဝတွေတောရိုင်းတွေအများကြီးကျန်နေသေးတယ်လို့။ ဒါပေမဲ့ ကျွန်တော်တို့က မြစ်ကြောင်းတစ်လျှောက်မှာ အပင်တွေရဲ့ ဇီဝမျိုးကွဲတွေ လျော့နည်းလာတာကို သတိထားမိတယ်။ ဒါကြောင့် ဒီမှာအပင်တစ်သန်းစိုက်ဖို့ ဆုံးဖြတ်လိုက်တာပါ။ ဒီဒေသမှာ အရင်ကရှိခဲ့တဲ့ အပင်တွေပါပဲ။ မစ္စစ္စပီ၊ အိုဟိုင်းယိုး၊ မစ်ဇိုရီ၊ အီလီနွိုက်မြစ်တစ်လျှောက်မှာပါ။ သဘာဝမျိုးကွဲအပင်တွေမရှိရင် ဇီဝမျိုးကွဲသတ္တဝါတွေလည်း ရှိနိုင်မှာမဟုတ်ပါဘူး။ သဘာဝကိုလည်း မပျက်ရအောင်ပေါ့။ နောက်မြစ်ကြောင်းတွေကိုလည်း ဆက်ပြီးရှင်းလင်းသွားမှာပါ။

**လူတွေက ပြောတတ်ကြတယ်။ ကျွန်တော်၊ ကျွန်မတို့က ငွေမရှိဘူး။ လုပ်နိုင်တဲ့အခြေအနေမှာ မရှိဘူးစသဖြင့်ပေါ့။ ခင်ဗျားက တစ်ယောက်တည်းစပြီးတော့ လုပ်တယ်ဆိုတော့ ဘယ်လိုလုပ်ဖြစ်သွားတာလဲ။**

ကျွန်တော်က တကယ်တော့ ရေသန့်စင်ရေးလှုပ်ရှားမှုရဲ့ အစိတ်အပိုင်းတစ်ခုလောက်ပါ။ လူတွေထောင်နဲ့သောင်းနဲ့ချီပြီး ကမ္ဘာပေါ်မှာ အကျိုးပြုလုပ်ငန်းတွေ လုပ်နေကြတဲ့သူတွေ အများကြီးပါပဲ။ ကျွန်တော်က အဲဒီရဲ့အစိတ်အပိုင်းလေးပါ။

လူတွေက ဒီပစ္စည်းတွေကို ဒီမြစ်ထဲ တမင်သက်သက် ပစ်ချခဲ့တာလည်းရှိတယ်။ အမှိုက်တွေ လွင့်ကျလာတာတွေလည်းရှိတယ်။ မိုင် ၁၀၀ လောက်အထိတောင် ဒီအမှိုက်တွေက ချောင်းတွေထဲကို ရောက်တာရှိသလို မုန်တိုင်းတွေကလည်း သယ်လာပြီး နောက်ဆုံး မစ္စစ္စပီမြစ်ကြီးထဲ ရောက်လာကြတော့တယ်။ အမှိုက်တွေဟာ ဒီမြစ်တွေထဲကို တစ်ခုချင်းရောက်လာတာပါ။ ဒီတော့ ဒီအမှိုက်တွေကိုလည်း တစ်ခုချင်းပဲ ပြန်ပြီးသယ်ထုတ်ရပါလိမ့်မယ်။

တကယ်လို့ ခင်ဗျားက မြစ်နဲ့ အချိန်အတော်ယူလုပ်ကိုင်လာရင် လုပ်စရာတွေ အများကြီးကျန်နေသေးတယ်ဆိုတာ တွေ့လာလိမ့်မယ်။ ပြီးခဲ့တဲ့ ၁၁ နှစ်အတွင်းမှာတော့ ကျွန်တော်တို့ အတော်လုပ်နိုင်ခဲ့ပါတယ်။ နောင်လာမယ့် အနှစ် ၂၀ မှာ ကျွန်တော် ဘာလုပ်ဖြစ်မယ်တော့ မသိသေးပါဘူး။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော် အခုမှ အလုပ်စလုပ်နေတယ်လို့ ခံစားရပါတယ်။

*—Ref: CNN/NBC*







7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

## ဗြိတိန်လယ်သမားခေါင်းဆောင်များ 'အစိမ်းရောင်' အမတော်ကြေး အစီအစဉ်ကို ကန့်ကွက်

**လန်ဒန်၊ ဒီဇင်ဘာ-၁၄**

လယ်သမားများ၏ အမတော်ကြေးများမှ ၁၅ ရာခိုင်နှုန်း ဖြတ်တောက်၍ သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းသို့ လွှဲပြောင်းပေးမည့်အစီအစဉ်ကို အကောင်အထည်မဖော်ရန် ဗြိတိန်လယ်သမားခေါင်းဆောင်များက အစိုးရကို တိုက်တွန်းလိုက်သည်။

လယ်ယာလုပ်ငန်းအမတော်ကြေး ဗြိတိန် ပေါင် ၃ ဒသမ ၅ ဘီလီယံကို မျှဝေမည့်အစီအစဉ်မှာ ဗြိတိန်လယ်သမားများကိုတစ်ပန်းရှုံးစေမည်ဟု အမျိုးသားလယ်သမားများသမဂ္ဂ (NFU)က လွှတ်တော်အမတ်တစ်ဦးချင်းဆီသို့ စာရေးသားပေးပို့ခဲ့သည်။ ထို့အပြင် ယင်းအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ရန် ကျေးလက်ဒေသမှ မဲရရှိမှုကို ထိခိုက်လိမ့်မည်ဟုလည်း (NFU)က သတိပေးထားသည်။

သို့သော် သဘာဝပတ်ဝန်းကျင်နှင့် သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးအုပ်စုများကလည်း ကျေးလက်ဒေသ ပတ်ဝန်းကျင်လုပ်ငန်းများအတွက် ကတိကဝတ်ပြုထားခြင်းကို ထိန်းသိမ်းရန် သတင်းစာကြေညာချက်များဖြင့် အစိုးရကို တိုက်တွန်းပြောကြားသည်။

အိမ်ထောင်စုတိုင်းက တစ်နှစ်လျှင် ပေါင် ၄၀၀ ထည့်ဝင်ထားခြင်းမှာ လယ်သမားများ၏ ဘတ်ဂျက်ကို ဖြည့်တင်းပေးရုံသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ ၎င်းတို့ပိုက်ဆံကို အသုံးပြုလိမ့်မည်ဟု လူအများက မျှော်လင့်ထားကြောင်း အစိမ်းရောင်သမားများကပြောကြားသည်။ ယင်းကိစ္စကြောင့် မဲရရှိမှုထိခိုက်နိုင်သည်ဟုလည်း ၎င်းတို့က ပြောကြားကြသည်။ —*Ref: BBC*

## တရုတ်နိုင်ငံတွင် မိုင်းတွင်းပေါက်ကွဲ၍ လူ ၂၁ ဦး သေဆုံး

**ဘေဂျင်း၊ ဒီဇင်ဘာ-၁၄**

တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်းခရိုင်ရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားပြီး မိုင်းတွင်းလုပ်သား ၂၁ ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

ပိုင်ယန်ဂူးကျောက်မီးသွေးမိုင်းတွင်းတွင် ဒီဇင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၂၆ မိနစ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအရေးပေါ် အကူအညီပေးရေးရုံးကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် မိုင်းတွင်းထဲ၌ အလုပ်သမား ၃၄ ဦး လုပ်ကိုင်နေခဲ့ပြီး အလုပ်သမား ၁၂ ဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း အခြား ၂၂ ဦးမှာ မိုင်းတွင်းထဲ၌ ပိတ်မိနေခဲ့ကာ ၎င်းတို့အနက် တစ်ဦးတည်းသာ အသက်ရှင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မိုင်းတွင်းများ၌ မတော်တဆဖြစ်ပွားမှုများမှာ တရုတ်နိုင်ငံတွင် ကြုံတွေ့နေကျဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပြီး မိုင်းတွင်းလုပ်ငန်းများက အန္တရာယ်ကင်းရှင်းရေးဥပဒေများကို မကြာခဏလျစ်လျူရှုထားတတ်သည်။

တရုတ်နိုင်ငံတွင် မိုင်းတွင်းမတော်တဆမှုများကြောင့် ၂၀၁၂ ခုနှစ်အတွင်း သေဆုံးသူ ၁,၃၈၄ ဦးရှိပြီး ၂၀၁၁ ခုနှစ်တွင် ၁,၉၇၃ ဦး သေဆုံးခဲ့သည်ဟု အာဏာပိုင်များ၏ စာရင်းဇယားများအရ သိရသည်။

မိုင်းတွင်းကုမ္ပဏီများ၏ သေဆုံးသူအရေအတွက် လျှော့၍ဖော်ပြမှုများကြောင့် အမှန်တကယ်သေဆုံးသူအရေအတွက်မှာ ယင်းပမာဏထက်များစွာပိုသည်ဟု လူ့အခွင့်အရေးအုပ်စုအချို့က ပြောကြားထားသည်။

မိုင်းတွင်းများအန္တရာယ်ကင်းရှင်းရေး စိုးရိမ်ရသောကြောင့် မိုင်းတွင်းအကြီးစားများထက် ပိုမိုအန္တရာယ်ရှိပုံရသည့် မိုင်းတွင်းအသေးစား ၆၀၀ ကျော်ကို ပြီးခဲ့သည့်နှစ်အတွင်း အာဏာပိုင်များက ပိတ်ပစ်ခဲ့သည်။ —*Ref: AFP*



## Leader's Profile

# ၂၀၁၃ စာပေနိုဗယ်ဆုရှင် မစ္စစ်အဲလစ်အန်းမွန်ရိုး

ရဲမင်း

မစ္စစ်အဲလစ်အန်းမွန်ရိုးသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ကနေဒါနိုင်ငံသူ စာရေးဆရာမဖြစ်သည်။ မွန်ရိုးရေးသားသော စာများသည် ခေတ်သစ်ဝတ္ထုတိုလောကကို တစ်ခေတ်ဆန်းသွားစေသည်ဟု ဖော်ပြခံရသည်။ မစ္စစ်မွန်ရိုးသည် ၂၀၁၃ ခုနှစ်အတွက် စာပေနိုဗယ်ဆုချီးမြှင့်ခံရသည်။

မွန်ရိုးကို ကနေဒါနိုင်ငံ အိုတာရီယိုပြည်နယ် ဝင်းဟန်ဒေသတွင် ၁၉၃၁ ခုနှစ် ဇူလိုင် ၁၀ ရက်၌ မွေးဖွားခဲ့သည်။ ဖခင်မှာ လယ်သမားတစ်ဦးဖြစ်ပြီး မိခင်မှာ ကျောင်းဆရာမတစ်ဦးဖြစ်သည်။ မစ္စစ်မွန်ရိုးသည် ဆယ်ကျော်သက်ဘဝကပင် စာစတင်ရေးသားခဲ့ပြီး ၎င်း၏ ပထမဆုံးဝတ္ထုတို "The Dimensions of a shadow"ကို ၁၉၅၀ ပြည့်နှစ်တွင် ပုံနှိပ်ဖော်ပြခဲ့သည်။ ထိုအချိန်က မစ္စစ်မွန်ရိုးမှာ အနောက်ပိုင်းအိုတာရီယိုတက္ကသိုလ်တွင် အင်္ဂလိပ်စာနှင့် သတင်းစာပညာဘာသာရပ် အထူးပြုဖြင့် သင်ယူနေချိန်ဖြစ်သည်။ ပညာတော်သင်ဆုရ၍ ၂ နှစ်ကြာ တက္ကသိုလ်တက်နေစဉ်မှာပင် မစ္စစ်မွန်ရိုးသည် ဆေးရွက်ကြီးခူးသူ၊ စားပွဲထိုး၊ စာကြည့်တိုက်စာရေးမ အဖြစ်လုပ်ကိုင်ခဲ့သည်။

မစ္စစ် အဲလစ်မွန်ရိုးသည် တက္ကသိုလ်ဒုတိယနှစ် ၁၉၅၁ ခုနှစ်တွင် ၎င်းတို့တက္ကသိုလ်မှ ကျောင်းသားဖြစ်သူ ဂျိမ်းမွန်ရိုးနှင့် အိမ်ထောင်ကျပြီး ဂျိမ်းအလုပ်ရှိရာ ဗင်ကူဗားအနောက်ပိုင်းသို့လိုက်သွားသည်။

၁၉၆၃ ခုနှစ်တွင် ၎င်းတို့ဇနီးမောင်နှံ ဗစ်တိုးရီးယားဒေသသို့ ပြောင်းရွှေ့ခဲ့ပြီး မွန်ရိုးကစာအုပ်ဆိုင်ဖွင့်လှစ်ခဲ့ကာ ယင်းဆိုင်ကို ယခုအချိန်ထိ ဖွင့်ထားဆဲဖြစ်သည်။

မစ္စစ်မွန်ရိုး၏ ပထမဆုံးဝတ္ထုတိုပေါင်းချုပ်ဖြစ်သော 'Dance of the Happy Shades' ကို ၁၉၆၈ ခု နှစ်က ထုတ်ဝေခဲ့ပြီး လူအများအပြား၏ ချီးကျူးဂုဏ်ပြုမှုရရှိသကဲ့သို့ ကနေဒါနိုင်ငံ၏ အမြင့်ဆုံးစာပေဆုလည်း ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ထုတ်ဝေသော 'Lives of Girls and Women' စာအုပ်မှာ တစ်ခါတစ်ရံ ဝတ္ထုရှည်အဖြစ် မှားယွင်းဖော်ပြခဲ့ကြသည်။ အမှန်တကယ်တွင် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသော ဝတ္ထုတိုများဖြစ်သည်။

၁၉၇၈ ခုနှစ်တွင်လည်း အလားတူ ချိတ်ဆက်နေသော ဝတ္ထုတိုများ 'Who Do You Thind You Are' စာအုပ်သည်လည်း ကနေဒါနိုင်ငံ၏ အမြင့်ဆုံး Governor General's Literary Award စာပေဆုရရှိခဲ့သည်။

၁၉၇၉ မှ ၁၉၈၂ ခုနှစ်အထိ မစ္စစ်မွန်ရိုးသည် ဩစတြေးလျ၊ တရုတ်၊ စကင်ဒီးနေဗီးယားနိုင်ငံများသို့ လှည့်လည်ခရီးသွားခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် British Columbia တက္ကသိုလ်နှင့် Queensland တက္ကသိုလ်တို့တွင် 'wirter in residence' ရာထူးကို ရယူလုပ်ကိုင်ခဲ့သည်။ ၁၉၈၀ ကျော်နှစ်များမှစ၍ လေးနှစ်တစ်ကြိမ်ခန့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်များ ထုတ်ဝေခဲ့သည်။ မစ္စစ်မွန်ရိုး၏လက်ရာများကို The New Yorker၊ The Atlantic Monthly၊ The Paris Review စသော စာစောင်များတွင် မကြာခဏဖော်ပြခံရသည်။

မစ္စစ်မွန်ရိုးသည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စာပေနိုဗယ်ဆုချီးမြှင့်ခံရပြီး မျက်မှောက်ခေတ်ဝတ္ထုတို အရေးအသား အရှင်သခင် 'Master of the contemporary short story'ဟု ရည်ညွှန်းခြင်းခံရသည်။

မစ္စစ်မွန်ရိုးသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး သားသမီးသုံးဦးထွန်းကားခဲ့သည်။

—*Ref: Wikipedia*






7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ကေဆောင်စက်မှုဇုန်သို့ နိုင်ငံခြားသံတမန်အဖွဲ့ လာရောက်ခွင့် မြောက်ကိုရီးယားအစိုးရ ခွင့်ပြု

**ဆိုးလ်၊ ဒီဇင်ဘာ-၁၄**

စစ်ရေးတင်းမာမှုများကြောင့် ငါးလကြာ ပိတ်ထားပြီးနောက် မကြာမီက ပြန်လည်ဖွင့်လှစ်ခဲ့သည့် ကေဆောင်စက်မှုဇုန်သို့ နိုင်ငံခြားသံတမန်အဖွဲ့ လာရောက်ခွင့်ပြုရန် တောင်ကိုရီးယားနိုင်ငံ၏ အဆိုပြုချက်ကို မြောက်ကိုရီးယားက သဘောတူခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အာဏာပိုင်များကပြောသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ဦးလေး ချန်ဆွန်သက်ကို မြောက်ကိုရီးယားနိုင်ငံက ကွပ်မျက်လိုက်ပြီးနောက် တောင်ကိုရီးယားနိုင်ငံက အနီးကပ်စောင့်ကြည့်နေစဉ် နိုင်ငံခြားသား ၃၀ ဦးခန့်၏ ကြုံတောင့်ကြုံခဲ နယ်စပ်ဖြတ်ကျော်ခရီးစဉ်ကို ဒီဇင်ဘာ ၁၉ ရက်တွင် စီစဉ်ထားသည်။

ကင်ဂျုံအန်၏ နိုင်ငံရေးလမ်းညွှန်သူအဖြစ် ရှုမြင်ခံထားရပြီး မြောက်ကိုရီးယားနိုင်ငံ၏ တရားဝင်မဟုတ်သော နံပါတ်(၂)ခေါင်းဆောင် ချန်ဆွန်သက်ကို ကွပ်မျက်လိုက်ကြောင်း မြောက်ကိုရီးယားက ဒီဇင်ဘာ ၁၂ရက်တွင်ကြေညာလိုက်ပြီး ၎င်းကို နိုင်ငံတော်သစ္စာဖောက်သူအဖြစ်တံဆိပ်ကပ်လိုက်သည်။

သို့သော် ယင်းခရီးစဉ်အတွက် တောင်ကိုရီးယားနိုင်ငံ၏ အဆိုပြုမှုကို သဘောတူခွင့်ပြုရန် မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ ပြည်ထဲရေးကိစ္စကို ဘေးချိတ်ထားသည်ဟု တောင်ကိုရီးယားနိုင်ငံ၏ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးကပြောသည်။

မြောက်ကိုရီးယားနိုင်ငံအတွင်း နှစ်နိုင်ငံနယ်စပ်မှ ခြောက်မိုင်အကွာတွင် တည်ရှိသည့် ကေဆောင်စက်မှုဇုန်ကို ကိုရီးယားနှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုအမှတ်သင်္ကေတအဖြစ် ၂၀၀၄ ခုနှစ်အတွင်းက စတင်တည်ထောင်ခဲ့သည်။

မြောက်ကိုရီးယားကဖေဖော်ဝါရီလအတွင်း တတိယအကြိမ်မြောက် နျူကလီးယားလက်နက်စမ်းသပ်မှုပြုလုပ်လိုက်ပြီးနောက် စစ်ရေးတင်းမာမှုများဖြစ်ပေါ်လာစဉ်အတွင်း ယင်းစက်မှုဇုန်မှ အင်အား ၅၃,၀၀၀ ရှိလုပ်သားများကို ပြန်လည်ခေါ်ယူကာ မြောက်ကိုရီးယားနိုင်ငံက ဧပြီလအတွင်း ပိတ်ပစ်ခဲ့သည်။

ယင်းစက်မှုဇုန်ပြန်လည်လည်ပတ်ရန်အတွက် နှစ်နိုင်ငံလုံးက စက်တင်ဘာလအတွင်း သဘောတူညီခဲ့ကြသည်။ ယင်းပူးပေါင်းစက်မှုဇုန်အတွင်း နိုင်ငံရပ်ခြားမှ ပါဝင်မှုရရှိရေး ဖိအားပေးထားသည့် တောင်ကိုရီးယားနိုင်ငံက ယင်းစက်မှုဇုန်တွင် နိုင်ငံခြားလုပ်ငန်းများ ပါဝင်နေပါက အနာဂတ်တွင် မြောက်ကိုရီးယားက ယင်းစက်မှုဇုန်ကို ပိတ်ပစ်ရန် ပိုခက်ခဲသွားမည်ဟု ယုံကြည်ထားကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။ —*Ref: AFP*






AFP

*တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်၊ ရှန်ဇန်းမြို့ပြပွဲတွင် မော်စီတုန်း၏ ရွှေနှင့် ကျောက်စိမ်းရုပ်တုပြသထားသည်ကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်*

# တရုတ်နိုင်ငံတွင် ကန်ဒေါ်လာ ၁၆ သန်းတန် မော်စီတုန်းရွှေရုပ်တု ဖွင့်လှစ်ပြသ

**ဘေဂျင်း၊ ဒီဇင်ဘာ-၁၄**

အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်တန်ဖိုးရှိသော ရွှေနှင့်ကျောက်စိမ်းတို့ဖြင့် ပြုလုပ်ထားသည့် တရုတ်ခေါင်းဆောင်မော်စီတုန်း၏ရုပ်တုကိုဒီဇင်ဘာ ၁၃ ရက်က ဖွင့်လှစ်ပြသခဲ့သည်။ တရုတ်နိုင်ငံ၏ဖခင်ကြီး မော်စီတုန်း နှစ်ပေါင်း(၁၂၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမှတ်တရထုလုပ်ထားသော ၈၀ စင်တီမီတာရှည်ပြီး ၅၀ ကီလိုဂရမ် အလေးချိန်ရှိသည့်ရုပ်တုကို ရှန်ကျန်းမြို့တွင် ပြသခဲ့သည်ဟု တရုတ်အမျိုးသားရေဒီယိုအသံလွှင့်ဌာန (CNR)က သတင်းပေးသည်။

ပညာရှင် ၂၀ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အဖိုးတန်ကျောက်မျက်ရတနာများနှင့်အလှဆင်ထားသော ကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်းတန်ဖိုးရှိသည့်ရုပ်တုကို ရှစ်လကြာအောင် အချိန်ယူပြုလုပ်ခဲ့ရကြောင်း (CNR)က ဖော်ပြသည်။ အဆိုပါရုပ်တုအတွက် ငွေကြေးထောက်ပံ့ပေးသူ (သို့မဟုတ်) အလုပ်အပ်သူကိုမူ ဖော်ပြခြင်းမရှိခဲ့ပေ။ ယင်းရုပ်တုမှာ ဒီဇင်ဘာ ၂၆ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့သည့် ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုန်း၏ နှစ်(၁၂၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုခြင်းဖြစ်သည်။

သို့ရာတွင် မော်စီတုန်း နှစ်(၁၂၀)ပြည့်အထိမ်းအမှတ်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ တရုတ်ခေါင်းဆောင်များကြားတွင် သဘောထားကွဲလွဲမှုလက္ခဏာများရှိနေသည်ဟူ၍ သတင်းများထွက်ပေါ်လျက်ရှိသည်။ လက်ရှိတွင်ခြိုးခြံချွေတာရေးလမ်းစဉ်များကိုကျင့်သုံးလျက်ရှိသော တရုတ်သမ္မတ ရှီကျင်းပင်က မော်စီတုန်း၏မွေးရပ်ဒေသ ဟူနန်မှအရာရှိများကို မော်စီတုန်းပွဲများသည် ခံ့ညားတည်ငြိမ်ခြင်း၊ ရိုးရှင်းခြင်းနှင့် လက်တွေ့ဆန်ခြင်းများ ဖြစ်သင့်သည်ဟု ပြီးခဲ့သည့်လက ပြောကြားခဲ့သည်။ ဟူနန်ဒေသအရာရှိများသည် မော်စီတုန်းမွေးနေ့နှင့် ဆက်နွှယ်သော စီမံကိန်း ၁၆ ခုအတွက် ကန်ဒေါ်လာ ၂ ဒသမ ၅၄ သန်း အသုံးပြုခဲ့သည်ဟု တရုတ်နိုင်ငံပိုင် မီဒီယာကဖော်ပြသည်။

မော်စီတုန်းရွှေရုပ်တုကို ရှန်ကျန်းမြို့တွင် ပြသပြီးနောက် မော်စီတုန်း၏ မွေးရပ်မြေ Shaoshan ရှိ မော်စီတုန်းအမှတ်တရပြခန်း၌ ထားရှိပြသမည်ဖြစ်သည်။

—*Ref: AFP*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.41 • DECEMBER 18 , 2013



## Gangnam Blues ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်မယ့် လီမင်ဟို

**ဆိုးလ်၊ဒီဇင်ဘာ-၁၄**

တောင်ကိုရီးယားနာမည်ကျော် သရုပ်ဆောင်မင်းသား လီမင်ဟိုသည် 'The Heirs' ဒရာမာ ဇာတ်လမ်းတွဲ ဇာတ်သိမ်းပြီး နောက်တစ်နေ့တွင် 'Gangnam Blues' ရုပ်ရှင်ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်မည်ဟု အတည်ပြုပြောကြားသည်။ ကေဒရာမာစတား လီမင်ဟိုသည် ဒါရိုက်တာ ယိုဟာ၏'Gangnam Blues' ရုပ်ရှင်ဇာတ်ကားသစ်တွင်အဓိကဇာတ်ဆောင်မင်းသားအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း လီမင်ဟို၏ အေဂျင်စီက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ဒါရိုက်တာယိုဟာကလည်း ယင်းဇာတ်ကားအတွက် သရုပ်ဆောင်လီမင်ဟိုကိုသာ အဓိကပစ်မှတ်ထား ရွေးချယ်ခဲ့သည်ဟု ပြောကြားသည်။ "ဒီရုပ်ရှင်ကားကို စိတ်ဝင်စားတဲ့ သရုပ်ဆောင်မင်းသားတွေ အများကြီးပါ။ ဒါပေမဲ့ ဒီဇာတ်ကားကို ရုပ်လုံးဖော်ကြည့်လိုက်တဲ့အခါမှာ လီမင်ဟိုနဲ့ အံကိုက်ပဲဆိုတာ မြင်မိလိုက်တယ်။ လီမင်ဟိုမှာ ဆွဲဆောင်မှုတွေ အများကြီးရှိတယ်။ သူ့ရဲ့ ဆွဲဆောင်မှုတွေဟာ ဒီရုပ်ရှင်ကားအပေါ် အများကြီး အထောက်အကူပြုမှာပါ" ဟု ဒါရိုက်တာ ယိုဟာက ပြောကြားသည်။

'Gangnam Blues' ရုပ်ရှင်ဇာတ်ကားသည် တောင်ကိုရီးယားနိုင်ငံ၊ မြို့တော် ဆိုးလ်ရှိ လူချမ်းသာများနေထိုင်ရာ ဂန်းနမ်းသူဌေးရပ်ကွက်မှ သူဌေးအချို့ မတရားသောနည်းဖြင့် ချမ်းသာကြွယ်ဝလာပုံများကို ဇာတ်အိမ်ဖွဲ့ထားသည်။ ယင်းဇာတ်ကားကို ၂၀၁၄ မတ်လတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ယင်းနှစ်ကုန်ပိုင်းတွင် ရုံတင်ပြသမည်ဟု မျှော်မှန်းထားသည်။ *Ref: KDrama Stars*

## "အကယ်ဒမီတစ်ပြေးနေတဲ့အချိန်မှာ အဖျက်တစ်ခုမရှိခဲ့ရင်တောင် စိတ်ပူရမယ်။ နဝရတ်အတွက်က ရိုးနေပြီ"



ဓာတ်ပုံ-ကျော်ဇင်သန်း

**ဖွဲ့ညက်**

နှစ်စဉ်ကျင်းပလေ့ရှိသော အကယ်ဒမီဆုပေးပွဲနီးကပ်လာသည်နှင့် အမျှ အကယ်ဒမီဆုအတွက်ကိုယ်တိုင်ရိုက်ကူးထုတ်လုပ်ထားသည့် ရုပ်ရှင်နှစ်ကားပါဝင်သည့်နဝရတ်ကိုလည်း ခန့်မှန်းနေကြသည်။ မြန်မာ့ရုပ်ရှင်လောကတွင် ဒရာမာဇာတ်ကားများက အကယ်ဒမီရလေ့ရှိသလိုပင် ၎င်းပါဝင်သည့် ရုပ်ရှင်ဇာတ်ကာများမှာလည်း ဘဝသရုပ်ဖော်ဒရာမာရုပ်ရှင်ဇာတ်ကားများဖြစ်သောကြောင့် နှစ်ကားလုံးမှ အကယ်ဒမီကိုလိုချင်သည်ဟု နဝရတ်ကပြောသည်။ အကယ်ဒမီတစ်ကြိုစာရင်းတွင်ပါဝင်သလို ဒီဇင်ဘာလဆန်း၌ အွန်လိုင်းတွင်ထွက်ပေါ်ခဲ့သောမူးယစ်ဆေးဝါးစစ်ဆေးချက်နှစ်ခုအနက်တစ်ခုမှာ ၎င်းကို စစ်ဆေးထားသည့်အတွက် ပရိသတ်များကြားတွင်ပြောကြားနေကြသည့် အနုပညာနှင့် မူးယစ်ဆေးကိစ္စအပါအဝင် မကြာမီကျင်းပမည့်အကယ်ဒမီပွဲအတွက် ရင်ခုန်သံများကို သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**၂၀၁၂အကယ်ဒမီဆန်ခါတင် စာရင်းမှာအစ်မရဲ့ ဒရာမာရုပ်ရှင်နှစ်ကားပါတော့ အကယ်ဒမီရင်ခုန်သံကို ပြောပြပေးပါလား။**

နှစ်ကားပါတယ်ဆိုတော့ နှစ်ဆပိုရင်ခုန်ပါတယ်။ ဒီနှစ်မှာတိုက်တိုက်ဆိုင်ဆိုင်အကျေနပ်ဆုံးနှစ်ကားပါသွားတဲ့အတွက်လည်းကျေနပ်ပါတယ်။ တိမ်မင်းသမီးကားမှာ တစ်ကားလုံးက သရုပ်ဆောင်တွေ တက်ညီလက်ညီသူ့အပိုင်းနဲ့သူ လုပ်သွားတာအရမ်းသဘောကျတယ်။ အားလုံးကို ကျေနပ်တယ်။ ဖြစ်နိုင်ရင် အကုန်လုံးကိုရစေချင်တယ်။

**အစ်မရဲ့ ဆန်ခါတင် နှစ်ကားမှာ တိမ်မင်းသမီးက နှစ်ကိုယ်ခွဲသရုပ်ဆောင်တာဆိုတော့ အကယ်ဒမီအတွက်ပိုပြီး အားသာမယ်လို့ထင်လား။ အဲဒီကားမှာပါဝင်ခဲ့တဲ့ ဇာတ်ရုပ်တွေကိုရောပြန်ကြည့်တဲ့ အချိန်မှာကျေနပ်မှုရှိလား။**

ကာရိုက်တာအရထူးထူးခြားခြားဖြစ်အောင် မတူတဲ့ကာရိုက်တာနှစ်ခုပြထားတဲ့အတွက် တစ်မျိုးထူးဆန်းသလို မွေခံထိုက်သူကားမှာလည်း တစ်ခါမှမလုပ်ဖူးသေးတဲ့ ကာရိုက်တာကိုလုပ်ထားတယ်။ ချိုင်းထောက်နဲ့ကိုယ့်သားကိုရှာဖွေပြီး ပြန်တွေ့တဲ့အချိန်ကျ ဇရပ်ပေါ်မှာနေ၊ ကိုယ့်သားဆွမ်းခံကျွေးတာကိုစားတဲ့ကာရိုက်တာနဲ့ သရုပ်ဆောင်ထားတယ်။

စာမျက်နှာ ၄၁ »



7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013


# ဖူးခက်တွင်ရိုက်ကူးခဲ့သည့် အလန်းဇယား(၂)ဒီဇင်ဘာ ၂၀ တွင်ရုံတင်မည်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

လူငယ်သရုပ်ဆောင်များနှင့်ထိုင်းနိုင်ငံဖူးခက်ကမ်းခြေတွင်ရိုက်ကူးထားသော အလန်းဇယား-၂ ရုပ်ရှင်ဇာတ်ကားကိုဒီဇင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းဇာတ်ကားကိုပရိသတ်အားပေးမှုရရှိသည့်ဟာသရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးလေ့ရှိသည့် ဒါရိုက်တာညီညီထွန်းလွင်ကရိုက်ကူးထားပြီး လူငယ်များအကြား အချစ်နှင့်ပတ်သက်၍ခံစားရသည့်အကြောင်းအရာများကို ဟာသနှင့်ရောကာ ရိုက်ကူးထားခြင်းဖြစ်သည်။



မိုးအောင်ရင်၊ အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်၊ မိုးယုစံ၊ နန်းဆုရတီစိုး၊ ချမ်းမီမီကို အစရှိသောသရုပ်ဆောင်များနှင့်အတူ ဝါရင့်ဟာသသရုပ်ဆောင်များ ဖြစ်သော ဗေလုဝ၊ ခင်လှိုင်၊ ပွင့်တို့လည်းပါဝင်သရုပ်ဆောင်ထားသည်။

လွန်ခဲ့သည့်သုံးနှစ်ခန့်ကရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သော်လည်း ရုပ်ရှင်ဇာတ်ကားကြီးအမည်နှင့်လိုက်ဖက်သည့် ဖက်ရှင်များကို မြင်တွေ့ကြရမည်ဖြစ်သည်။

မြန်မာသရုပ်ဆောင်များ၏ဟာသပုံစံကိုသာမက မျက်မြင်အာရပ်လေးဦးနှင့် နန်းဆုရတီစိုးတို့၏ဇာတ်ဝင်ခန်းမှာလည်း ပရိသတ်များသဘောကျမည့်ဇာတ်ဝင်ခန်းတစ်ခုဖြစ်သည်။

ယင်းဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်သည့်သရုပ်ဆောင်နန်းဆုရတီစိုးက ၄င်းအနေဖြင့် ပထမဆုံးအကြိမ်ပါဝင်သရုပ်ဆောင်ဖြစ်သည့်ဇာတ်ရုပ်တစ်ခုဖြစ်သော်လည်း ဒါရိုက်တာက ၄င်းကိုကမ်းလှမ်းမှုကြောင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းရုပ်ရှင်နှင့်ပတ်သက်၍ ဒါရိုက်တာညီညီထွန်းလွင်က ပြည်ပနိုင်ငံတွင် သွားရောက်ရိုက်ကူးခြင်းဖြစ်သောကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း ပြောသည်။

ဇာတ်ကားတစ်ခုလုံးနီးပါးကို ထိုင်းနိုင်ငံဖူးခတ်ကမ်းခြေတွင်သာရိုက်ကူးထားသည့်ဇာတ်ဝင်ခန်းများပါဝင်ပြီး မြန်မာနိုင်ငံတွင် ရိုက်ကူးထားသည့်ဇာတ်ဝင်ခန်းအနည်းငယ်သာပါဝင်သည်။

# အလိုတော်ပြည့် ဘုရားပွဲမှာ ဖျော်ဖြေမယ့် အိုင်စီ

**ဖွဲ့ညက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

အလိုတော်ပြည့်ဘုရားပွဲတော်တွင် အိုင်းရင်းခရော့စ်၏ ဖျော်ဖြေပွဲ၌ ပင်တိုင်အဆိုရှင်များနှင့်အတူ ချမ်းချမ်းနှင့် နီနီခင်ဇော်တို့ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အလိုတော်ပြည့်ဆရာတော်ကြီး၏ စီစဉ်မှုဖြင့် ယင်းဘုရားပွဲတော်တွင် ပထမဆုံးအကြိမ်ပါဝင်ဖျော်ဖြေခြင်းဖြစ်သည်ဟု ပုဂံအန်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ညောင်ဦးမှာ ပြီးခဲ့တဲ့ နှစ်လောက်ကတော့ အိုင်စီရဲ့ ဖျော်ဖြေပွဲတွေ လုပ်ဖူးတယ်။ အလိုတော်ပြည့် ဘုရားပွဲမှာတော့ ဒါပထမဆုံးအကြိမ်ပါ” ဟု ၎င်းက ပြောသည်။

အိုင်းရင်းခရော့စ်၏ ဖျော်ဖြေပွဲကိုဒီဇင်ဘာ ၂၀ နှင့် ၂၁ ရက်နှစ်ရက်တိုင်တိုင် ပြုလုပ်မည်ဖြစ်ပြီး ညောင်ဦးမြို့ အလိုတော်ပြည့်ဘုရားကွင်းတွင် ပြုလုပ်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားများကိုလည်း ၁၅,၀၀၀ကျပ်၊ ၁၀,၀၀၀ကျပ်နှင့် ၅,၀၀၀ ကျပ်ဟု အမျိုးအစားသုံးမျိုးသတ်မှတ်ကာ ရောင်းချပေးလျက်ရှိသည်။

ပုဂံအန်တာတိန်းမန့်အနေဖြင့် ဇန်နဝါရီလတွင် ပြင်ဦးလွင်မြို့၌ပြုလုပ်မည့် ပန်းပွဲတော်တွင် အိုင်းရင်းခရော့စ်အဖွဲ့၏ ဖျော်ဖြေပွဲနှင့် ဟစ်ဟော့ပ်အဆိုတော်များ၏ ဖျော်ဖြေပွဲကိုဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပြုလုပ်မည်ဖြစ်သည်။






စာ(၃၉)မှ

## ‘‘အကယ်ဒမီတစ်ပြေးနေတဲ့အချိန်မှာ အဖျက်တစ်ခုမရှိခဲ့ရင်တောင် စိတ်ပူရမယ်။ နဝရတ်အတွက်က ရိုးနေပြီ’’

တစ်ကားလုံးရိုက်ချက်တွေကတော့ တိမ်မင်းသမီးကို မမီပါဘူး။ ဒါပေမဲ့ အစ်မကာရိုက်တာကိုတော့ အဲဒီကားမှာလည်း တိမ်မင်းသမီးလိုပဲ အားရတယ်။ ဇာတ်ကားအနေနဲ့က တိမ်မင်းသမီးကိုကြိုက်တယ်။ ဇာတ်ကားဆု၊ အသံ၊ ဓာတ်ပုံ၊ ဒါရိုက်တာဆုတွေက တိမ်မင်းသမီးက အားသာတယ်။ တိမ်မင်းသမီးမှာ ဇာတ်ရုပ်နှစ်ခုလုပ်ထားတာဆိုတော့ နှစ်ကားလုံးလိုချင်တယ်။ တိမ်မင်းသမီးကတော့ လုံးဝပြည့်စုံတယ်။ ခုချိန်မှာ ပြန်ရိုက်ရင်တောင် ဒီလိုမျိုးရမယ်လို့မထင်ဘူး။ မွေခံထိုက်သူကတော့ ကိုယ့်ကာရိုက်တာကိုပဲ ကျေနပ်တယ်။ ကျန်တာအားမရဘူး။

**တိမ်မင်းသမီးဇာတ်လမ်းကို ပရိသတ်တစ်ယောက်က ရိုက်ဖို့အကြံပေးခဲ့တာဆိုတော့ ဒီကားနဲ့အကယ်ဒမီရရင် သူ့ကိုရှာပြီးဂုဏ်ပြုဖို့အစီအစဉ်ရှိလား။ သူနဲ့ပတ်သက်ပြီး ဘာတွေမှတ်မိတာရှိသလဲ။**

မြခွာညိုအိမ်ရာမှာ ရိုက်တဲ့အချိန်မှာ ကလေးလေးချီပြီးအဲဒီနားမှာ ဈေးရောင်းတာလို့ပြောတယ်။ အဲဒါကိုပဲ မှတ်မိတယ်။ တိမ်မင်းသမီးနဲ့ဆုရရင် သူ့ကိုကျေးဇူးဆပ်မယ်။ ၃၆လမ်းကငွေလမင်းထုတ်လုပ်ရေးကိုလာဆက်သွယ်ပါလို့ ဂျာနယ်တွေကတစ်ဆင့်ပြောထားတယ်။ အကယ်ဒမီပေးပွဲမှာ ဆုရခဲ့ရင်လည်း တစ်ခါတည်းကြေညာလိုက်မယ်လေ။

**ပရိသတ်တွေက ဟာသကားတွေအားပေးနေတဲ့အချိန်မှာ အမွေခံထိုက်သူဖြစ်ပါစေ ရုပ်ရှင်က ဒရာမာဇာတ်လည်းဖြစ်တယ်။ အကယ်ဒမီပြီးမှ ရုံတင်မှာဆိုတော့ ပရိသတ်စိတ်ဝင်စားမှုလျော့မှာမစိုးရိမ်ဘူးလား**

မွေခံထိုက်သူကအကယ်ဒမီပေးပြီးမှပဲ ရုံတင်မယ်။ ဒါပေမဲ့ အကယ်ဒမီပေးပွဲမှာလည်း အရုပ်တွေမြင်ရမှာပဲလေ။ အဲဒီတော့ သူတို့ကြိုက်တယ်ဆိုရင်လည်း အောင်မြင်မှာပေ့ါ။ ဒီဇာတ်ထုပ်က အရင်ကတည်းက အောင်မြင်ခဲ့တဲ့ ဆရာတော်ဦးကောဝိဒရဲ့တရားတော်လည်းဖြစ်တယ်။ ဆရာတော်ရဲ့ပရိသတ်လည်းရှိတယ်။ ရိုက်တဲ့ဆင်းနံ်တွေကိုလည်း တကယ့်စာသင်တိုက်တွေမှာသွားရိုက်ထားတာဆိုတော့ ခံစားမှုတစ်မျိုးပေးနိုင်မှာပါ။ တိမ်မင်းသမီးတုန်းကလည်း ဒရာမာရုံတင်ရင် ရှုံးမှာပဲဆိုတဲ့အချိန်မှာ ထပေါက်သွားတယ်။ စီးပွားရေးအရတော့ ပြန်မတွက်ရသေးဘူး။ အနုပညာအရအောင်မြင်ခဲ့တယ်။ အဲဒီလိုပဲ မွေခံထိုက်သူကိုလည်း ရုံတင်မှပဲ သိရမှာပဲ။

**အကယ်ဒမီဆိုတာနတ်ကြီးတယ်လို့ အနုပညာရှင်တွေက ယုံကြည်ထားကြတော့ အစ်မအနေနဲ့ အကယ်ဒမီအတွက် တစ်ကြိမ်မှာပါပြီး မရခဲ့တာမျိုးကြုံဖူးလား။ ခုနှစ်အတွက်ကိုယ့်စိတ်ကို ဘယ်လိုပြင်ဆင်ထားလဲ။**

ရှိတာပေ့ါ။ သုံးနှစ်လောက်ရှိပြီလွဲခဲ့တာ။ အဲဒါကြောင့် တစ်နှစ်ထက်တစ်နှစ်ပိုကြိုးစားခဲ့တယ်။ ပရိသတ်ပေးတဲ့ဆုရနေတာတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းကလေ။ ပရိသတ်တွေကတော့ဗီဒီယိုနဲ့ ရုပ်ရှင်ရောနေတဲ့အတွက် ဗီဒီယိုမှာ အရမ်းကောင်းနေရင်လည်း ရုပ်ရှင်ထင်ပြီးပေးကြတယ်။ ဒါပေမဲ့အဲဒီနှစ်တွေမှာ အားရကျေနပ်တဲ့ကားမရှိခဲ့ဘူး။ ခုနှစ်မှာကိုယ်ကိုယ်တိုင်စိတ်တိုင်းကျရိုက်ကူးခဲ့တဲ့ကားဖြစ်နေတော့ဒီနှစ်မှာတော့ လိုချင်တယ်။ ပြီးခဲ့တဲ့နှစ်တွေကရရင်လည်း စိတ်ကနည်းနည်းပေ့ါတယ်။ အကယ်ဒမီကို တကယ်ထိုက်ထိုက်တန်တန်နဲ့မပေးလို့ကိုမရဘူးဆိုတဲ့ ဇာတ်ရုပ်နဲ့ပဲလိုချင်တယ်။ ဒီနှစ်ရခဲ့ရင်လည်း ရတဲ့ဆုက နဝရတ်ကိုပေးတယ်လို့မသတ်မှတ်ဘူး။ ပရိသတ်အတွက်ပဲ။ နဝရတ်ကို သုံးနှစ်ဆက်တိုက်ပေးခဲ့တဲ့ ပရိသတ်နဲ့ အတူတူယူတဲ့ဆုလို့ သတ်မှတ်တယ်။ မရခဲ့ရင်လည်း ထပ်ပြီးကြိုးစားရုံပဲရှိတာပေ့ါ။

**ဒီဇင်ဘာလဆန်းပိုင်းမှာ အနုပညာရှင်တွေကို မူးယစ်ဆေးနဲ့ပတ်သက်ပြီး ၂၀၀၈ခုနှစ်က စစ်ဆေးခဲ့တဲ့ မှတ်တမ်းဆိုပြီး အွန်လိုင်းမှာပျံ့နှံ့ခဲ့တယ်။ အဲဒီမှာပါတဲ့ အနုပညာရှင်တွေမှာ နဝရတ်ရဲ့ နာမည်လည်းပါတော့ အဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ပရိသတ်ကို 7DayNewsကတစ်ဆင့်ဘာပြောချင်ပါသလဲ။**

နဝရတ်အတွက် ဂယက်ကစန်းပဲ။ တစ်ခုခုလုပ်ခါနီး၊ တစ်ခုခုခါနီးဆို အဖျက်က ဝင်တတ်တယ်ဆိုတော့ အဖျက်မရှိမှာတောင်ကြောက်နေတယ်။ အခုဆို အကယ်ဒမီတစ်ပြေးနေတဲ့အချိန်မှာ အဖျက်တစ်ခုမရှိခဲ့ရင်တောင် စိတ်ပူရမယ်။နဝရတ်အတွက် ဂယက်ကရိုးနေပြီ။ အဲဒီအတွက်ပရိသတ်တွေ စိတ်မပူပါနဲ့။ မာယာဆန်တဲ့ မာယာမျက်နှာဖုံးတုန်းကလည်းရိုက်ခါနီးတော့ ဖေ့စ်ဘွတ်ခ် ဂယက်ကလာတယ်။ အခုလည်း ဒီလိုမျိုးပဲစိတ်သတ်မှတ်တယ်။ စိတ်လည်းမဆိုးပါဘူး။ အဲဒီလူကိုအပြစ်လည်းမယူပါဘူး။ တွေ့ရင်တောင်နှုတ်ဆက်မှာပါ။

**အဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ရုပ်ရှင်အစည်းအရုံးဥက္ကဌလူမင်းက သတင်းထွက်တဲ့အနုပညာရှင်နှစ်ယောက်က အကယ်ဒမီအတွက် ခန့်မှန်းပေးထားတဲ့သူတွေဆိုတော့ အကယ်ဒမီအတွက် ထိုးနှက်မှုအဖြစ်တိုက်ခိုက်တာဖြစ်နိုင်တယ်လို့ 7Day News အင်တာဗျူးမှာဖြေထားတယ်။ အစ်မအနေနဲ့ရော ဘာကြောင့်လို့ထင်လဲ။ အကယ်ဒမီအတွက် ထိခိုက်မှုရှိမယ်လို့ထင်လား။**

ထိုးနှက်ချင်တဲ့ တိုက်ခိုက်မှုလားဆိုတာကတော့ ကာယကံရှင်မိုးဇေညိမ်းကို သွားမေးမှသိမှာ။ ဘာကြောင့်လုပ်တာလဲ။ သူလုပ်တာကို သူပြန်ရရဲ့လား။ အကျိုးရှိလို့ အကြောင်းဆိုတာဖြစ်လာတယ်။ သူလုပ်တာကိုသူသိမှာပဲ။ သူလုပ်ချင်တာကိုကျေနပ်လား။ အစ်မစိတ်ထဲမှာတော့ ဘာမှအငြိုးမထားတဲ့အတွက် ဘာမှမဖြစ်ဘူး။ သူနာမည်ကြီးချင်လို့လုပ်တာလို့ တချို့ကလည်းပြောကြတယ်။ အကယ်ဒမီအတွက် စိုးရိမ်စိတ်မရှိပါဘူး။ ဒါမျိုးတွေက ရိုးနေပါပြီ။ ပရိသတ်မေတ္တာရထားတဲ့တိမ်မင်းသမီးဒဏ္ဍာရီကားက သူရေးလိုက်တဲ့ အာဘော်တစ်ချက်နဲ့ဘယ်လိုမှမပြိုကွဲနိုင်ဘူးလေ။ ပရိသတ်တွေရဲ့ မေတ္တာကအကြီးကြီးလေ။ ဒီလူတစ်ယောက်ရဲ့ မကောင်းတဲ့စုတ်ချက်တစ်ချက်ကြောင့် အကယ်ဒမီပျက်သွားရမယ်ဆိုတာ အဓိပ္ပာယ်မှမရှိတာ။ ဒါပေမဲ့ အကယ်ဒမီနားနီးလေ၊ ပိုပြီးလှုပ်လေဖြစ်တဲ့အတွက် ပိုပြီးစိတ်ဝင်စားခြင်းခံရတဲ့အတွက် သူ့ကိုကျေးဇူးတင်ပါတယ်။

**ဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး အနုပညာရှင်တွေကို မူးယစ်ဆေးနဲ့ပတ်သက်မှုရှိတယ်လို့မြင်တဲ့ပရိသတ်တွေလည်းရှိတော့ အစ်မအနေနဲ့ ဘယ်လိုရှင်းပြချင်လဲ။**

ဒီဟာတွေကောင်းတယ်၊ မကောင်းဘူးဆိုတာလူတွေအကုန်သိတယ်။ အစ်မတို့ကောင်းတာလည်းလုပ်ခဲ့တယ်။ ဘယ်သူကဘာလုပ်ခဲ့တယ်ဆိုတာကိုယ်ကိုယ်တိုင်လည်း သိရမယ်။ သူများကိုလည်းပေးသိရမယ်။ အစ်မတို့လုပ်တယ် မလုပ်ဘူးဆိုတာ အစ်မတို့ရုပ်ကိုမြင်ရင်သိသာပါတယ်။ အစ်မတို့ အဲဒီလိုအလုပ်တွေလုပ်နေရင် ဒီလိုရုပ်တွေဘယ်ထွက်လာမလဲ။ ကိုယ့်ကိုကြည့်ရင့် ကိုယ့်ပရိသတ်သိမှာပဲလေ။ အဖျက်ရှိမှ အတက်ရှိတာဆိုတော့နဝရတ်ခေါင်းထဲမှာဘာမှမရှိပါဘူး။

**အခုနောက်ပိုင်းမှာ အစ်မရဲ့ကိုယ်ပိုင်ထုတ်လုပ်ရေးအနေနဲ့ပဲ ရုပ်ရှင်ဗီဒီယိုတွေရိုက်ဖြစ်တာဘာကြောင့်လဲ။**

အခုအချိန်မှာဗီဒီယိုလောကက ပျက်နေတော့ ပိုက်ဆံနဲ့တွက်ပြီးရိုက်ကြတယ်။ အဲဒီတော့ ကွာလတီဆိုတာက ပျောက်နေတယ်။ အစ်မဇာတ်ကားရိုက်တိုင်း ပရိဂျူဆာတွေ၊ မင်းသားတွေနဲ့ပြဿနာတက်တယ်။ အစ်မက ကားတစ်ခုကိုကာရိုက်တာအရဆံပင်ကအစ ခြေထောက်အဆုံးအပြည့် အဝလုပ်စေချင်တယ်။ မြန်မာ့ရုပ်ရှင်ကမ္ဘာကို ထိုးဖောက်ရေးဆိုတဲ့လမ်းစဉ်နဲ့ပေ့ါ။ အခုကမြန်မာကားကို မြန်မာတွေမကြည့်ချင်တော့ဘူး။ ကိုရီးယားကားတွေနဲ့ ချန်နယ်တွေပဲကြည့်နေကြတယ်။ မြန်မာကားတွေအလကားပါကွာဆိုပြီး မကြည့်တဲ့အထဲမှာ အစ်မကားမပါချင်ဘူး။ ဒါကြောင့် ၂နှစ်ရှိပြီနားတယ်။ အချိန်ကုန်မခံချင်လို့မရိုက်ခဲ့တာ သိပ်မှန်သွားတယ်။ အစ်မရုပ်ရှင်ကား တိမ်မင်းသမီးကို ပရိသတ်တွေက နှစ်ခါသုံးခါပြန်ကြည့်ကြတယ်ဆိုတော့ ၂နှစ်လုံးမှာ သူများနဲ့ကားမရိုက်ဘူး၊ သူများခိုင်းတာမလုပ်ခဲ့ရကျိုးနပ်တယ်။ ငွေကြေးက အစ်မအနေနဲ့မမက်ဘူး။ ပိုက်ဆံလည်းအများကြီး စုစရာမလိုဘူး။ အေးအေးဆေးဆေးလေးပဲ ဘဝကိုဖြတ်သန်းချင်တာဆိုတော့ ပရိသတ်အတွက်သိက္ခာရှိရှိလေးပဲလုပ်သွားမယ်။ အစ်မရဲ့ထုတ်လုပ်ရေး ငွေလမင်းကနေ ဗီဒီယိုခြောက်ကားလောက်ရိုက်ထားတာရှိတယ်။ အဲဒါတွေလည်းထွက်မယ်။ သူများကားဆယ်ကားကြည့်တာနဲ့နဝရတ်ကားတစ်ကားကြည့်ရတာတန်အောင်ရိုက်ထားတယ်။

**မလေးရှားမှာရိုက်ခဲ့တဲ့ မဟာဆန်တဲ့မာယာမျက်နှာဖုံး ဇာတ်ကားက မင်းသားအပြောင်းအလဲလည်းကြုံခဲ့တယ်။ ပြည်ပမှာလည်းသွားရိုက်ရတာဆိုတော့ ဘယ်လိုအခက်အခဲကြုံခဲ့ရသလဲ။**

အစ်မတစ်ခုခုလုပ်မယ်ဆိုရင် ဂယက်ကအမြဲတမ်းတွဲနေတယ်။ အဖျက်ရှိမှပဲ တက်တယ်။ မင်းသားပြောင်းတာနဲ့ဂယက်တွေရိုက်ခဲ့ပေမယ့် အောင်အောင်မြင်မြင်ရိုက်ကူးနိုင်ခဲ့တယ်။ မလေးရှားမှာလည်း ဘာအခက်အခဲမှမရှိဘဲ ရိုက်ကူးရေးတောင်တစ်ပတ်စောပြီးတယ်။ မလေးရှားက ဒါရိုက်တာကလည်းအားလုံးကို ချီးကျူးတယ်။ အဲဒီကားကအခု အချောသတ်နေပြီ။ အားလုံးကောင်းတယ်။ နိုင်ငံခြားဒါရိုက်တာရဲ့အတွေးဆိုတော့ နည်းနည်းပြန်ညှိပြီး လိုချင်တဲ့အကွက်လေးတွေပြန်လုပ်နေတာ။ နောက်လထဲမှာသွားမယ်။ အားလုံးချောပြီးပြီဆိုတာနဲ့ ဆင်ဆာဆင်မယ်။

**၂၀၁၄နှစ်ဆန်းပိုင်းမှာ အနုပညာရှင်များအများစုရဲ့မင်္ဂလာသတင်းတွေလည်းကြားနေရတယ်။ အွန်လိုင်းပျံ့ခဲ့တဲ့သတင်းမှာလည်းအစ်မရဲ့ အချစ်ရေးအကြောင်းတွေပါတော့ ပရိသတ်တွေကို အစ်မရဲ့ မင်္ဂလာသတင်းအကြောင်းပြောပြပါဦး။**

အရင်အတိုင်းအေးအေးဆေးဆေးပါပဲ။ ပရိသတ်တွေအတွက် အလုပ်တွေလုပ်နေမှာပါ။ အိမ်ထောင်တစ်ခုဆိုတာ ထောင်ကျတာနဲ့အတူတူပဲ။ ကိုယ်က အနုပညာအလုပ်လုပ်တာဆိုတော့ ပိုဆိုးတယ်။ စိတ်ရှင်းလူရှင်းနဲ့ နောက်ဆံတင်းတင်းနဲ့လုပ်ရင်အဆင်မပြေဘူး။ စိတ်ရော၊ လူရော လွတ်လွတ်လပ်လပ်နဲ့ ဒီဘဝမှာယောကျ်ားမယူတော့ဘူး။ အေးအေးဆေးဆေးလေးနေပြီး ကိုယ်လုပ်ချင်တာကိုလုပ်မယ်။ ကိုယ်ရိုက်ချင်တာရိုက်မယ်။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ ဘဝကိုဖြတ်သန်းသွားမယ်လို့ စဉ်းစားထားတယ်။

**ကျေးဇူးတင်ပါတယ်။**




ကဲပါဗျာ !

ခိုင်ခိုင်ကျော် ထမင်းဆိုင်မှာ လိုက်ကျွေးပါ့ မယ် . . .

သန့်ရှင်းမှု ၊ အစားအစာဘေးကင်းလုံခြုံမှု ၊ အရသာ ၊ အရည်အသွေးထိန်းသိမ်းနိုင်မှုအတွက် ထိုင်းနိုင်ငံ Unilever Food Solutions က မြန်မာနိုင်ငံအတွက် Brand Embassador ခန့်အပ်ပြီး ၄င်း၏ အကြံပြုချက်အရ Central Kitchen ဖြင့် ချက်ပြုတ်ပြင်ဆင် ရောင်းချလျက်ရှိသော . . .

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး

ထိုင်း ၊ စင်္ကာပူတို့မှ မှာယူတင်သွင်းထားသော ထမင်းဘူးများဖြင့် မှာယူသည့်နေရာသို့ အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။ ပူနွေး လတ်ဆတ်၍ သန့်ရှင်းသော ထမင်းဘူးများကို အသင့်စားသုံးနိုင်ရန် ဈေးကားများဖြင့် ညနေ (၄း၃၀)နာရီတွင် မြို့နယ်များ၌ လှည့်လည်ရောင်းချလျက်ရှိပါသည်။

ထမင်းဘူးခွံများ၏ အရည်အသွေးကောင်းမွန်မှုကြောင့် . . .

“(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး” ၌ အားကစားသမားများအတွက် အသုံးပြုရန် ရွေးချယ်ခြင်းခံရကြောင်း စားသုံးသူမိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။

ပြည်လမ်းဆိုင်ခွဲ (Breakfast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈

ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။



ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်

**အောင်ချမ်းမြေ့**

**ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း**

**(JAPANESE LANGUAGE TRAINING CENTRE)**

အမှတ်(၂၄၉)၊ ဗားဂရာလမ်းမ၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅

- ၆-၁-၂၀၁၄ ရက်မှ စတင်မည်။ လူဦးရေ(၃၅)ဦးသာ လက်ခံမည်။
- သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 04:00 PM (Break (1)hour)
- သင်တန်းကာလ (၄)လ၊ တစ်ပတ်(၅)ရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း (၄၅၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာ အဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- “အောင်”ပြီး “ချမ်းမြေ့”မှု တွေ့ရှိဖို့ “အောင်ချမ်းမြေ့”ကို လာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးသည်။

Sports
7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013





ဓာတ်ပုံ - ခန့်ထက်

| | |
|---|---|
| အသက် | - ၂၃ နှစ် |
| ပညာအရည်အချင်း | - ၁၀ တန်း |
| ရရှိခဲ့သောဆုတံဆိပ် | - ၁၆ ခု |

# ''ကျွန်တော်ကတော့ တခြားသူတွေနဲ့မပြိုင်ဘူး ကိုယ့်ကိုယ်ကိုယ်ပဲ ပြိုင်တယ်''

## ဆီးဂိမ်းရွှေဆုသုံးဆုရှင် ဝေဖြိုးအောင်နှင့် တွေ့ဆုံခြင်း

**ချစ်ဝိုင်း**

၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ် ပြန်ကျင်းပခွင့်ရသော ဆီးဂိမ်းတွင် မြန်မာအတွက် ဆုတံဆိပ်များ ရယူပေးနေသော အားကစားသူရဲကောင်းများပေါ်ထွက်နေပါပြီ။ ထိုထဲမှ ဒီဇင်ဘာလ ၁၆ ရက်အထိ တစ်ဦးတည်းရွှေအများဆုံးယူပေးသူဆိုလျှင် ဝူရှူးလက်ရွေးစင် ဝေဖြိုးအောင်ဖြစ်ပါသည်။ ဝေဖြိုးအောင်က မြန်မာအတွက် ရွှေသုံးခုကို ရယူပေးထားသည်။ ထို့ကြောင့် ဝေဖြိုးအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဆီးဂိမ်းမှာ ရွှေသုံးခုရရှိခဲ့တဲ့အတွက် ဘယ်လိုခံစားရလဲ။**

အခုလို ကိုယ့်နိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပရတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်သုံးခုထိ ရယူပေးနိုင်ခဲ့တဲ့အတွက် ပြောမပြနိုင်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။ ရွှေတံဆိပ်တွေရရှိအောင် သင်ကြားပြသပေးခဲ့တဲ့ နည်းပြဆရာတွေနဲ့ ကျွန်တော့်ကို မွေးထုတ်ပေးခဲ့တဲ့ မိဘနှစ်ပါးရဲ့ကျေးဇူးတွေကြောင့် အခုလိုရွှေတံဆိပ်တွေရရှိခဲ့တာပါ။

**ဝူရှူးကစားနည်းကို ဘယ်အချိန်ကတည်းက စပြီးကစားခဲ့တာလဲ။**

မှတ်တော့မမှတ်မိတော့ဘူးဗျ။ ငယ်ငယ်လေးကတည်းက စကစားခဲ့တာ။ အရင်တုန်းက ဝူရှူးဆိုတာ ဘာမှန်းမသိဘူး။ ကျွန်တော်တို့ မျိုးရိုးထဲမှာလည်း ဝူရှူးဆော့တဲ့သူမရှိဘူး။ သူငယ်ချင်းတစ်ယောက်က ကောင်းတယ်ဆိုလို့စမ်းချောင်းက ဝူရှူးအဖွဲ့ချုပ်မှာ သင်တန်းတက်ရင်း လူငယ်ပွဲတွေဝင်ပြိုင်တာကနေစပြီး လက်ရွေးစင်ဖြစ်လာတာပါ။

**လူငယ်ပွဲတွေ ဝင်ပြိုင်တယ်ဆိုတော့ ဘယ်ပွဲတွေဝင်ပြိုင်ဖြစ်ခဲ့လဲ။ ဘာဆုတွေရခဲ့လဲ။**

လူငယ်အာရှပွဲ၊ လူငယ်ကမ္ဘာ့ပွဲ၊ တရုတ်ရိုးရာကမ္ဘာ့ပွဲတွေမှာ ဝင်ပြိုင်ခဲ့တယ်။ အဲဒီပွဲတွေကနေ ရွှေ ၁၂ ခုရရှိခဲ့တယ်။

**လက်ရွေးစင်စဖြစ်တာရော ဘယ်အရွယ်ကတည်းကလဲ။ ဆီးဂိမ်းသမိုင်းတစ်လျှောက်ရတဲ့ ဆုတွေပေါင်းရင် ဘယ်လောက်ရှိပြီလဲ။**

ကျွန်တော် လက်ရွေးစင်စဖြစ်တာ ၂၀၁၁ ခုနှစ်မှပါ။ ပြီးခဲ့တဲ့ အင်ဒိုနီးရှား ဆီးဂိမ်းမှာ ရွှေတံဆိပ်တစ်ခုရခဲ့တယ်။ ဆီးဂိမ်းသမိုင်းတစ်လျှောက်မှာ ရွှေလေးခုရရှိထားပြီးပြီ။ ကျွန်တော့်ကစားသမားဘဝတစ်လျှောက်မှာဆိုရင်တော့ ရွှေ ၁၆ ခုရှိသွားပြီ။

**အခုဆီးဂိမ်းမှာ ဘယ်နိုင်ငံကို အဓိကထားယှဉ်ပြိုင်ခဲ့ရလဲ။ ဘယ်ကစားသမားက အခက်အခဲဆုံးပြိုင်ဘက်လဲ။**

မလေးရှား၊ အင်ဒိုနဲ့ ဗီယက်နမ်နိုင်ငံတွေကို အဓိကထားယှဉ်ပြိုင်ခဲ့ရတယ်။ ဗီယက်နမ်ကစားသမားက အခက်အခဲဆုံးပြိုင်ဘက်တွေပါ။

**ဒီလိုအောင်မြင်အောင် ဘယ်လိုကြိုးစားခဲ့ရလဲ။**

မြန်မာလူမျိုးတွေက စိတ်ဓာတ် အရမ်းပြင်းထန်တယ်ဗျ။ ရအောင်လုပ်မယ်ဆိုရင်ဖြစ်ကိုဖြစ်တယ်။ ပြီးတော့ ကိုယ့်ဘဝအကြောင်းကိုယ်သိတယ်။ ကိုယ်ဘာဖြစ်ချင်လဲဆိုတာကိုယ်သိတယ်။ ကျွန်တော်ကတော့ တခြားသူတွေနဲ့မပြိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲပြိုင်တယ်။ ဒီဆီးဂိမ်းမှာ ငါရွှေရအောင်လုပ်မယ်ဆိုတဲ့ ခံယူချက်နဲ့ ပြိုင်ခဲ့တာ။ ဒါကြောင့် ဆီးဂိမ်းတွေမှာ ရွှေသုံးခုရရှိခဲ့တာပါ။

**နောက်ဆုံးတစ်ခုအနေနဲ့ ဝူရှူးအားကစားနည်းကို အားပေးတဲ့ ဝါသနာရှင် ပရိသတ်တွေကိုရော ဘာပြောချင်ပါလဲ။**

ဝူရှူးအားကစားနည်းကို ကိုယ်တိုင်လာရောက်ကြည့်ရှုတဲ့ ပရိသတ်တွေရော၊ တီဗီကနေ အားပေးခဲ့ကြတဲ့ ပရိသတ်တွေရော အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ ကစားနည်းကို ဆက်လက်အားပေးဖို့အတွက်လည်း တောင်းဆိုချင်ပါတယ်။ ဒီဆုတွေရခဲ့တာဟာ ပရိသတ်တွေရဲ့ အားပေးမှုတွေကြောင့် ရရှိခဲ့တာပါ။

**ကျေးဇူးတင်ပါတယ်။**

## အမျိုးသားများက ရွှေဆုပိုယူပေးထား

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ ဒီဇင်ဘာ ၁၆**

နေပြည်တော်ဆီးဂိမ်း ဒီဇင်ဘာလ ၁၆ ရက် နံနက်ပိုင်းပွဲစဉ်များ အပြီးတွင် အိမ်ရှင်မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ် ၃၉ ခုရရှိထားပြီး ၎င်းရွှေတံဆိပ်အရေအတွက်ထက်ဝက်ကျော်အား အမျိုးသားအားကစားသမားများက ရယူပေးထားသည်။

ရွှေတံဆိပ် ၃၉ ခုတွင် မြန်မာအမျိုးသားအားကစားသမားများ (အသင်းလိုက်)က ဒီဇင်ဘာလ ၁၆ ရက် နံနက်ပိုင်းပွဲစဉ်များအပြီးတွင် ရွှေတံဆိပ် ၂၃ ခုဖြင့်လည်းကောင်း၊ မြန်မာအမျိုးသမီးအားကစားသမားများ(အသင်းလိုက်)က ရွှေတံဆိပ် ၁၆ ခုဖြင့်လည်းကောင်း အသီးသီးရယူပေးထားနိုင်ခဲ့သည်။ ၂၀၁၃ ဆီးဂိမ်းအဖွင့်ပွဲစဉ်ဖြစ်သည့် ရိုးရာခြင်းလုံးပြိုင်ပွဲ၏ ပြိုင်ပွဲအမျိုးအစားခြောက်မျိုးတွင် မြန်မာအသင်းက ရာနှုန်းပြည့် ရွှေတံဆိပ်ရယူပေးနိုင်ခဲ့ပြီး အမျိုးသားနှင့် အမျိုးသမီးအသင်းများက သုံးခုစီဆွတ်ခူးပေးခဲ့သည်။

ပြိုင်ပွဲ ၁၂ ရက်မြောက် နေ့လယ်အထိ မြန်မာအမျိုးသားအားကစားသမားများ ရွှေတံဆိပ်အများဆုံးရယူပေးထားနိုင်သည့် အားကစားနည်းမှာ ဝူရှူးအားကစားနည်းမှဖြစ်ပြီး မြန်မာအသင်းရရှိသည့် ရွှေတံဆိပ်ငါးခုစလုံးကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ လက်ရှိအချိန်ထိ တစ်ဦးတည်းမှ ရွှေအများဆုံးရယူပေးထားသူမှာ ရွှေသုံးဆုရှင် ဝေဖြိုးအောင်ဖြစ်သည်။ ပန်ကြပ်ဆီလတ်အားကစားနည်းမှ မြန်မာအသင်းရရှိသည့်ရွှေတံဆိပ်သုံးခုစလုံးကိုလည်း အမျိုးသားအားကစားသမားများက ရယူပေးထားခြင်းဖြစ်သည်။ ရိုးရာခြင်းလုံးပြိုင်ပွဲအပြင် မြန်မာအမျိုးသမီးအားကစားသမားများ ရွှေတံဆိပ်သုံးခု ထပ်မံရယူပေးထားသည့် အားကစားနည်းမှာ ကနူး/ကယက်လှေလှော်ပြိုင်ပွဲဖြစ်သည်။

အိမ်ရှင်မြန်မာအားကစားအဖွဲ့ကို ရွှေတံဆိပ် ၃၉ ခုရရှိသည့်အချိန်အထိ ရယူပေးထားသည့် အားကစားနည်းများမှာ ရိုးရာခြင်းလုံး၊ ဝူရှူး၊ နပန်း၊ ကွင်းသွင်းခြင်းခတ်၊ သေနတ်ပစ်၊ ကာယဗလ၊ ကရာတေးဒို၊ လက်ဝှေ့၊ ကနူး/ကယက်၊ ရိုးရာစစ်တုရင်၊ မြားပစ်၊ ပြေးခုန်ပစ် (လမ်းလျှောက်)၊ ဘိလိယက်၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အလေးမအားကစားနည်းတို့မှဖြစ်သည်။ အိမ်ရှင်မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်မျှော်မှန်းနိုင်သည့် ရိုးရာလှေ၊ ဗိုဗီနမ်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ မွေအားကစားနည်းများမှာ ဒီဇင်ဘာလ ၁၆ ရက်နောက်ပိုင်းမှ စတင်ကျင်းပမည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ရီးရဲလ်တိုက်စစ်မှူးရော်နယ်ဒို ကိုယ်ပိုင်လူမှုကွန်ရက် ထူထောင်



ALBERTO MARTIN/EPA

**မက်ဒရစ်၊ ဒီဇင်ဘာ-၁၅**

မကြာသေးမီက ကိုယ်ပိုင်ပြတိုက် ထူထောင်ခဲ့သော ခရစ္စတီယာနို ရော်နယ်ဒိုသည် ယခုအခါ ရှေ့တစ်ဆင့်တိုးကာ ကိုယ်ပိုင်လူမှုကွန်ရက် စတင်ထူထောင်လိုက်သည်။

ရော်နယ်ဒိုသည်ဖေ့စ်ဘွတ်ခ်နှင့်တွစ်တာလူမှုကွန်ရက်များတွင် ပရိသတ်နှင့် နောက်လိုက်နောက်ပါ သန်း ၉၀ ခန့်ရှိနေရာ ဆိုရှယ်မီဒီယာပေါ်၌ လူကြိုက်အများဆုံးအားကစားကြယ်ပွင့်ဖြစ်နေသည်။ အဆိုပါလူကြိုက်များမှုကို ရော်နယ်ဒိုက အခွင့်ကောင်းယူလိုက်ခြင်းဖြစ်သည်။

ရော်နယ်ဒို၏လူမှုကွန်ရက်ကို Viva Ronaldo ဟု အမည်ပေးထားပြီး ဝက်ဘ်ဆိုက်တစ်ခုနှင့် မိုဘိုင်း App တစ်ခုပါဝင်ပြီး ရော်နယ်ဒိုကို မဏ္ဍိုင်ပြုထားသော လှုပ်ရှားမှုအများအပြားပါဝင်သည်။

ဝက်ဘ်ဆိုက်အဖွဲ့ဝင်များအနေဖြင့် ရော်နယ်ဒိုဂိမ်းများ ကစားခြင်း၊ ၎င်းနှင့်ဆိုက်ဘာမိတ်ဆွေဖွဲ့ခြင်း၊ ဖေ့စ်ဘွတ်ခ်နှင့် တွစ်တာပေါ် ရော်နယ်ဒိုတင်သမျှကို တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ဓာတ်ပုံနှင့် ဗီဒီယိုများကို အကြောင်းအရာခေါင်းစဉ်အလိုက်တင်ပြီး ယင်းတို့ထဲမှ ရော်နယ်ဒိုက ၎င်းအကြိုက်ဆုံးရွေးချယ်၍ ၎င်းနှင့်တွေ့ဆုံနိုင်မည့် အခွင့်အရေး၊ အားပေးနိုင်မည့် အခွင့်အရေးများ ပေးမည်ဖြစ်သည်။ "ကမ္ဘာတစ်ဝန်းမှ ပရိသတ်များအတွက် ထူးခြားတဲ့အတွေ့အကြုံတစ်ရပ်ပေးအပ်တာပါ"ဟု ၎င်း၏ မွေးရပ်မြို့တွင် ဝက်ဘ်ဆိုက်စတင်လွှင့်တင်ခြင်းအခမ်းအနား၌ ရော်နယ်ဒိုကပြောသည်။

*—Ref: Internet*

# အာဆင်နယ်ကိုအနိုင်ရရေးမှာ ရေးကြီးခွင့်ကျယ်မဟုတ်ဟု နည်းပြမော်ရင်ဟိုပြောကြား

**လန်ဒန်၊ ဒီဇင်ဘာ-၁၅**

ဒီဇင်ဘာ ၂၃ ရက်တွင် အာဆင်နယ်ကို အမ်းမရိတ်ကွင်း၌ အနိုင်ကစားနိုင်ပါက ချယ်လ်ဆီးအသင်းအနေဖြင့် ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နိုင်မည်ဖြစ်သော်လည်း ယင်းပွဲအနိုင်မှာ အရေးမကြီးဟု ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက ပြောကြားလိုက်သည်။

အာဆင်နယ်မှာ မန်စီးတီးကို ၆-၃ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ချယ်လ်ဆီးမှာ ပဲလေ့စ်ကို ၂-၁ ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဇယားထိပ်မှ အာဆင်နယ်နှင့် နှစ်မှတ်သာကွာတော့သည်။ လာမည့်ပွဲစဉ်တွင် အာဆင်နယ်ကို အနိုင်ကစားရုံဖြင့် ချယ်လ်ဆီးမှာ အမှတ်ပေးဇယား၌ ဦးဆောင်နိုင်မည်ဖြစ်သည်။


ပရီးမီးယားလိဂ်တွင် ဇယားထိပ်သို့ရောက်ရန် ဒီဇင်ဘာလ(သို့မဟုတ်)ဇန်နဝါရီလအကုန်ထိ အရေးမကြီးကြောင်း၊ ပွဲစဉ်တိုင်းမှာ အလွန်ခက်ခဲလာပြီး ထိပ်ဆုံးအသင်းနေရာမှာ အပြောင်းအလဲများ ရှိနေဦးမည်ဖြစ်ကြောင်း မော်ရင်ဟိုကပြောသည်။

"ကျွန်တော်တို့ ပရီးမီးယားလိဂ်ထိပ်ဆုံးအသင်းဖြစ်ဖို့ဦးတည်ချက်နဲ့ အာဆင်နယ်ကို အနိုင်ကစားသွားမှာပါ။ ဒါပေမဲ့ အဲဒါက အရေးမကြီးပါဘူး"ဟု မော်ရင်ဟိုက ပြောကြားသည်။

ပြီးခဲ့သည့် ပဲလေ့စ်နှင့်ပွဲစဉ်တွင် တိုက်စစ်မှူးတောရက်စ်နှင့် ရာမီရက်စ်တို့၏ သွင်းဂိုးဖြင့် ချယ်လ်ဆီး သုံးမှတ်ရယူနိုင်ခဲ့သည်။ ပဲလေ့စ်မှာ အဝေးကွင်းတွင် ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရသော်လည်း ကစားသမားများစိတ်ဓာတ်ကို ချီးကျူးကြောင်း ပဲလေ့စ်နည်းပြတိုနီပေါလစ်က ပြောကြားလိုက်သည်။

ပရီးမီးယားလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးအသင်းများမှာ အမှတ်များစွာကွာဟမှုမရှိဘဲ တစ်သင်းနှင့်တစ်သင်း တစ်မှတ်၊ နှစ်မှတ်သာ ကွာခြားသောကြောင့် အမှတ်ပေးဇယားထိပ်တွင်မည်သည့်အသင်း ဦးဆောင်ထားနိုင်မည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

*—Ref: Goal*



7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013


REUTERS




# မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီး အနိုင်ယူသွားမယ့်

## ပရီးမီးယားလိဂ်ပွဲစဉ်(၁၇) ပွဲကြိုသုံးသပ်ချက်

### လီဗာပူး – ကာဒစ်ဖ်

| လီဗာပူးနောက်ဆုံးသုံးပွဲရလဒ် |
|---|
| စပါး – လီဗာပူး |
| လီဗာပူး ၄ – ၁ ဝက်စ်ဟမ်း |
| လီဗာပူး ၅ – ၁ နော့ဝစ်ချ် |

| ကာဒစ်ဖ်နောက်ဆုံးသုံးပွဲရလဒ် |
|---|
| ကာဒစ်ဖ် – ဝက်စ်ဘရွန်း |
| ပဲလေ့စ် ၂ – ဝ ကာဒစ်ဖ် |
| စတုတ်စီးတီး ဝ – ဝ ကာဒစ်ဖ် |

အိမ်ကွင်းခြေစွမ်းကောင်းတဲ့ လီဗာပူးကို ကာဒစ်ဖ်မယှဉ်နိုင်ပါဘူး။ အဝေးကွင်းခြေစွမ်းညံ့တဲ့ကာဒစ်ဖ်ကို လီဗာပူးဂိုးပြတ်အနိုင်ယူပါလိမ့်မယ်။

### မန်ယူ – ဝက်စ်ဟမ်း

| မန်ယူနောက်ဆုံးသုံးပွဲရလဒ် |
|---|
| ဗီလာ – မန်ယူ |
| မန်ယူ ဝ – ၁ နယူးကာဆယ် |
| မန်ယူ ဝ – ၁ အဲဗာတန် |

| ဝက်စ်ဟမ်းနောက်ဆုံးသုံးပွဲရလဒ် |
|---|
| ဝက်စ်ဟမ်း ဝ – ဝ ဆန်းဒါးလန်း |
| လီဗာပူး ၄ – ၁ ဝက်စ်ဟမ်း |
| ပဲလေ့စ် ၁ – ဝ ဝက်စ်ဟမ်း |

အိမ်ကွင်းနှစ်ပွဲဆက်တိုက်ရှုံးထားတဲ့မန်ယူ ဒီပွဲသာရှုံးရင် ရာသီကုန်အဆင့်-၄ ရဖို့တောင် မသေချာတော့ပါဘူး။ မန်ယူဂိုးပြတ်အနိုင်ယူပါလိမ့်မယ်။

### ဆောက်သမ်တန် – စပါး

| ဆောက်သမ်တန်နောက်ဆုံးသုံးပွဲရလဒ် |
|---|
| နယူးကာဆယ် ၁ –၁ ဆောက်သမ်တန် |
| ဆောက်သမ်တန် ၁ – ၁ မန်စီးတီး |
| ဆောက်သမ်တန် ၂ – ၃ ဗီလာ |

| စပါးနောက်ဆုံးသုံးပွဲရလဒ် |
|---|
| စပါး – လီဗာပူး |
| ဆန်းဒါးလန်း ၁ – ၂ စပါး |
| ဖူလ်ဟမ် ၁ – ၂ စပါး |

နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်မရခဲ့တဲ့ဆောက်သမ်တန်တို့ စပါးကိုလည်း ရှုံးနိမ့်ဦးမှာပါ။

### ဖူလ်ဟမ် – မန်စီးတီး

| ဖူလ်ဟမ်နောက်ဆုံးသုံးပွဲရလဒ် |
|---|
| အဲဗာတန် ၄ – ၁ ဖူလ်ဟမ် |
| ဖူလ်ဟမ် ၂ – ဝ ဗီလာ |
| ဖူလ်ဟမ် ၁ – ၂ စပါး |

| မန်စီးတီးနောက်ဆုံးသုံးပွဲရလဒ် |
|---|
| မန်စီးတီး ၆ –၃ အာဆင်နယ် |
| ဆောက်သမ်တန် ၁ – ၁ မန်စီးတီး |
| ဝက်စ်ဘရွန်း ၂– ၃ မန်စီးတီး |

ဘိုင်ယန်နဲ့အာဆင်နယ်ကို နှစ်ပွဲဆက်အနိုင်ရခဲ့တဲ့မန်စီးတီး ဖူလ်ဟမ်ကိုဂိုးပြတ်အနိုင်ယူမှာပါ။

### ဆွမ်ဆီး – အဲဗာတန်

| ဆွမ်ဆီးနောက်ဆုံးသုံးပွဲရလဒ် |
|---|
| နော့ဝစ်ချ် – ဆွမ်ဆီး |
| ဆွမ်ဆီး ၁ – ၁ ဟားလ်စီးတီး |
| ဆွမ်ဆီး ၃ – ဝ နယူးကာဆယ် |

| အဲဗာတန်နောက်ဆုံးသုံးပွဲရလဒ် |
|---|
| အဲဗာတန် ၄ – ၁ ဖူလ်ဟမ် |
| အာဆင်နယ် ၁ – ၁ အဲဗာတန် |
| မန်ယူ ဝ – ၁ အဲဗာတန် |

အိမ်ကွင်းခြေစွမ်းကောင်းတဲ့ ဆွမ်ဆီးတို့ အဲဗာတန်ကိုသရေကျသွားနိုင်တယ်။

### ပဲလေ့စ် – နယူးကာဆယ်

| ပဲလေ့စ်နောက်ဆုံးသုံးပွဲရလဒ် |
|---|
| ချယ်လ်ဆီး ၂ – ၁ ပဲလေ့စ် |
| ပဲလေ့စ် ၂ – ဝ ကာဒစ်ဖ် |
| ပဲလေ့စ် ၁ – ဝ ဝက်စ်ဟမ်း |

| နယူးကာဆယ်နောက်ဆုံးသုံးပွဲရလဒ် |
|---|
| နယူးကာဆယ် ၁ – ၁ ဆောက်သမ်တန် |
| မန်ယူ ဝ – ၁ နယူးကာဆယ် |
| ဆွမ်ဆီး ၃ – ဝ နယူးကာဆယ် |

အိမ်ကွင်းမာတဲ့ပဲလေ့စ်ကို နယူးကာဆယ် သွင်းဂိုးအနည်းငယ်နဲ့ကပ်အနိုင်ရသွားနိုင်တယ်။

## BIG MATCH


REUTERS

### အာဆင်နယ် – ချယ်လ်ဆီး

| ယမန်နှစ်ရလဒ် |
|---|
| အာဆင်နယ် ၁ – ၂ ချယ်လ်ဆီး |

ဒီတစ်ပတ်ကြည့်ကောင်းမယ့် လန်ဒန်ဒါဘီပွဲစဉ်မှာ ခြေစွမ်းပြန်လည်ကျဆင်းလာတဲ့ အာဆင်နယ်ကိုအနိုင်ယူပြီး အမှတ်ပေးဇယားထိပ်ကိုဦးဆောင်ဖို့ ချယ်လ်ဆီးကြိုးစားတော့မှာပါ။ ကစားပုံညံ့ဖျင်းနေတဲ့အာဆင်နယ်ကို ချယ်လ်ဆီးကပ်ပြီးအနိုင်ယူသွားပါလိမ့်မယ်။ သွင်းဂိုးနည်းပါလိမ့်မယ်။

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ယူကရိန်းနိုင်ငံနှင့်ပတ်သက်၍ ခက်ခဲသည့် ရွေးချယ်မှုများ အီးယူရင်ဆိုင်နေရ

**ဘရပ်ဆဲလ်၊ ဒီဇင်ဘာ-၁၄**

ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ယူကရိန်းနိုင်ငံ လက်မှတ်ရေးထိုးစေလိုသည့် အီးယူမှာ ခက်ခဲသည့်ရွေးချယ်မှုများနှင့် ရင်ဆိုင်နေရပြီး ရုရှားနိုင်ငံ၏ ကန့်ကွက်မှုကို ကျော်လွှားရန် မည်မျှထိရောက်လှမ်းရဦးမည်ဆိုသည်မှာလည်း မသေချာ၊ မရေရာဖြစ်နေသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့် ဒီဇင်ဘာ ၁၆ ရက်တွင် တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်ထားစဉ် အီးယူအရာရှိတစ်ဦးက ယင်းအခြေအနေမှာ ရှုပ်ထွေးနေကြောင်း ပြောကြားသည်။

ယူကရိန်းနိုင်ငံမြို့တော်တွင် အီးယူလိုလားသော ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားနေစဉ် ယူကရိန်းအစိုးရ အမှန်တကယ်လုပ်လိုသည့်အရာကို သိရှိနိုင်ရန် ကြိုးစားနေကြောင်း ယင်းအရာရှိက ပြောသည်။

ယူကရိန်းသမ္မတယာနူကိုဗစ်ချ်သည် ဒီဇင်ဘာ ၁၇ ရက်တွင် ရုရှားနိုင်ငံသို့ သွားရောက်ရန်စီစဉ်ထားသည်။ ယူကရိန်းနိုင်ငံအနေဖြင့် ရုရှားနိုင်ငံ ဦးဆောင်သော အကောက်ခွန်သမဂ္ဂသို့ ဝင်ရောက်ခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အကောင်းဆုံးဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောကာ ၎င်းအပေါ် တွန်းအားပေးထားသည်။

ယူကရိန်းနိုင်ငံတွင် ယူကရိန်းဘာသာစကားပြော၍ အီးယူလိုလားသူများရှိပြီး အနောက်ဘက်ခြမ်းနှင့် ရုရှားစကားပြော ရုရှားနိုင်ငံဘက်သို့ အလေးသာသူများရှိရာ အရှေ့ဘက်ကြား ရွေးချယ်မှုပြုလုပ်ရန် ယာနူကိုဗစ်ချ်တွင် အချိန်မရှိတော့ဟု လေ့လာသူများက ပြောသည်။

အီးယူနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးရေး သမ္မတယာနူကိုဗစ်ချ်က ပြီးခဲ့သည့်လက ပယ်ချခဲ့သဖြင့် ယူကရိန်းတွင် အစိုးရဆန့်ကျင်ဆန္ဒပြပွဲများ ပေါ်ပေါက်လာခဲ့သည်။

ယင်းသဘောတူညီချက်ကို ယူကရိန်းနိုင်ငံ လက်မှတ်ရေးထိုးမည်ဆိုပါက အီးယူက တိုးမြှင့်ကူညီပေးသွားမည်ဖြစ်ကြောင်း အီးယူ၏ တိုးချဲ့ဆောင်ရွက်ရေးကော်မရှင်နာ စတီဖန်ဖူလီက ယူကရိန်းဒုတိယဝန်ကြီးချုပ် အာဘူဇော့ဗ်နှင့် ဒီဇင်ဘာ ၁၂ ရက်က တွေ့ဆုံစဉ် ကတိပြုခဲ့သည်။

—*Ref: AFP*

# နိုင်ငံရေးပါတီများအား နိုင်ငံ့ဘဏ္ဍာထောက်ပံ့မှု အီတလီအစိုးရဖျက်သိမ်း

**ရောမ၊ ဒီဇင်ဘာ-၁၄**

အီတလီနိုင်ငံရေးပါတီများအား ၎င်းတို့၏မိခင်နိုင်ငံက ငွေကြေးထောက်ပံ့တော့မည် မဟုတ်ကြောင်းနှင့် ပါတီများ၏ ရန်ပုံငွေစာရင်းများကိုလည်း ပြင်ပစာရင်းစစ်များက စစ်ဆေးသွားမည်ဖြစ်ကြောင်း အီတလီအစိုးရက ဒီဇင်ဘာ ၁၃ ရက်တွင် ကြေညာသည်။

အဆိုပါစနစ်သစ်သည် ပြီးခဲ့သည့်နှစ်များက မကောင်းသတင်းများကို ရှောင်နိုင်လိမ့်မည်ဟု အီတလီနဝန်ကြီးချုပ် အင်ရီကိုလက်တာက ပြောကြားသည်။ အခွန်ထမ်းအီတလီနိုင်ငံသားများအနေဖြင့် ၎င်းတို့ကြိုက်နှစ်သက်ရာပါတီကို ငွေကြေးထောက်ပံ့နိုင်သည်ဟု စနစ်သစ်တွင်ပါရှိသည်။

သို့ရာတွင် ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီမှ အစိုးရအတိုက်အခံခေါင်းဆောင် ဘက်ပီဂရေးလိုက လက်တာ၏ပါတီအနေဖြင့် ၎င်းလက်ခံရရှိထားသော နိုင်ငံ့ဘဏ္ဍာငွေများကိုပြန်လည်ပေးရန် တောင်းဆိုခဲ့သည်။

ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သော ကြေညာချက်သည် ယခုနှစ်အကုန်၌ ပါတီများအား နိုင်ငံတော်က ငွေကြေးထောက်ပံ့ခြင်းကို အပြီးတိုင်တိုက်ဖျက်ပေးမည်ဟူသော ရွေးကောက်ပွဲကတိအပေါ် ဖြည့်ဆည်းခြင်းဖြစ်သည်ဟု လက်တာက ပြောကြားသည်။ အတိုက်အခံခေါင်းဆောင် ဂရေးလိုကမူ ယင်းကြေညာချက်မှာ ဟာသတစ်ခုသာဖြစ်သည်ဟု ၎င်း၏ဘလော့ဂ်တွင် ရေးသားခဲ့သည်။

စနစ်သစ်အောက်တွင် အီတလီနိုင်ငံသားများသည် ၎င်းတို့နှစ်စဉ် ဝင်ငွေအခွန်၏ ၀ ဒသမ ၂ ရာခိုင်နှုန်းကို ကြိုက်နှစ်သက်သောပါတီအား ရွေးချယ်ခွင့်၊ ထောက်ပံ့ခွင့်ရှိမည်ဖြစ်သည်။ ပါတီသို့ငွေကြေးမထောက်ပံ့ဟု ရွေးချယ်လျှင် ၎င်းတို့၏ငွေများသည် နိုင်ငံ့ဘဏ္ဍာဖြစ်သွားမည်ဖြစ်သည်။

—*Ref: BBC*



ANDREY MOSIENKO/POOL/AFP

*ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်ချ်(အလယ်)နှင့် သမ္မတဟောင်းများဖြစ်သော လီယိုနစ် ခရက်ချက်နှင့် လီယိုနစ် ကွက်ချ်မာတို့ အတိုက်အခံခေါင်းဆောင်များနှင့် ဆွေးနွေးပွဲ လုပ်နေသည်ကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်*



7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

## တရုတ် လစူးစမ်းရေးယာဉ်မှဓာတ်ပုံများ ပထမအကြိမ်ပေးပို့

**ဘေဂျင်း၊ ဒီဇင်ဘာ-၁၆**

နှစ်ပေါင်း ၄၀ နီးပါးအတွင်း လပေါ်သို့ ပထမဆုံးအကြိမ် ဆင်းသက်နိုင်ခဲ့သည့် တရုတ်နိုင်ငံ၏ ကျောက်စိမ်းယုန်ဟုခေါ်သော လကမ္ဘာစူးစမ်းလေ့လာရေးယာဉ်မှ ပထမဆုံးဓာတ်ပုံများ ပေးပို့နေပြီဖြစ်သည်။

ယင်းကျောက်စိမ်းယုန် လကမ္ဘာစူးစမ်းရေးယာဉ်သည် ဒီဇင်ဘာ ၁၄ ရက် တရုတ်နိုင်ငံစံတော်ချိန် ၄ နာရီ ၃၅ မိနစ်တွင် လမျက်နှာပြင်ပေါ်သို့အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက်က အာကာသယာဉ်နှင့် လစူးစမ်းရေးယာဉ်တို့ အပြန်အလှန်ဓာတ်ပုံရိုက်ခဲ့ကြသည်။ လမျက်နှာပြင်ပေါ်ရှိ စူးစမ်းရေးယာဉ်ပေါ်တွင် တရုတ်အလံကို ရှင်းလင်းစွာတွေ့မြင်နိုင်သည်။

ယင်းခရီးစဉ်လုံးဝအောင်မြင်ခဲ့သည်ဟု တရုတ်လေ့လာရေးအစီအစဉ် အကြီးအကဲ မာရှင်ယုက ကြေညာသည်။ လစူးစမ်းရေးယာဉ်သည် လမျက်နှာပြင်ပေါ်တွင် သုံးလကြာစူးစမ်းမှုများပြုလုပ်မည်ဖြစ်ပြီး ယင်းယာဉ်ကိုသယ်ဆောင်လာသည့်အာကာသယာဉ်မှာ တစ်နှစ်ကြာအထိ လုပ်ကိုင်ပေးနေမည်ဖြစ်သည်။ ချန်ဂီ-၃ အာကာသယာဉ်ကို လောင်းမတ်-၃ဘီ ဒုံးပျံကိုအသုံးပြု၍ နိုင်ငံတောင်ပိုင်း စီချန်းဒေသမှ လွန်ခဲ့သော၁၂ရက်ကလွှတ်တင်ခဲ့သည်။

နှစ်ပေါင်း ၄၀ အတွင်း လူလိုက်ပါခြင်းမရှိသည့် စူးစမ်းလေ့လာရေးယာဉ်ကို တရုတ်နိုင်ငံက ပထမဆုံးဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ပြီး လပေါ်သို့ နောက်ဆုံးဆင်းသက်ခဲ့သည့်ယာဉ်မှာ လူနိုခေါ့ဗ်-၂ဟုခေါ်သော ပေါင်၁,၉၀၀ လေးသည့် ဆိုဗီယက်ပြည်ထောင်စု၏ ယာဉ်ဖြစ်သည်။

တရုတ်နိုင်ငံက လွှတ်တင်လိုက်သည့် ကျောက်စိမ်းယုန်စူးစမ်းရေးယာဉ်မှာ ဘီးခြောက်ဘီးပါရှိပြီး မြေပြင်ကို ထိုးဖောက်နိုင်သည့်ရေဒါပါရှိသည်။ ဒီဂရီ၃၀မြင့်သော စောင်းလျှောများသို့ တက်နိုင်ကာ တစ်နာရီလျှင် မီတာ ၂၀၀ နှုန်းဖြင့် မောင်းနှင်နိုင်သည်။


CCTV/AFP
*ကျောက်စိမ်းယုန် လပေါ်စူးစမ်းလေ့လာရေးယာဉ်ကို ချန်ဂီ-၃ အာကာသယာဉ်က ရိုက်ယူထားသောပုံအား တရုတ်ရုပ်သံ CCTV မှ ပြသသည်ကို ဖမ်းယူထားသောပုံ*

ယင်းစူးစမ်းလေ့လာရေးယာဉ်၏အမည်ကို အွန်လိုင်းမှ မဲပေးသူပေါင်း ၃ ဒသမ ၄ သန်း ထောက်ခံမှုဖြင့် ကျောက်စိမ်းယုန်ဟု အမည်ပေးထားခြင်းဖြစ်သည်။

—*Ref: BBC*




## အိန္ဒိယရွေးကောက်ပွဲများမတိုင်မီ အတိုက်အခံခေါင်းဆောင် ကြိုတင်သတိပေးချက်ထုတ်

**နယူးဒေလီ၊ ဒီဇင်ဘာ-၁၆**

ပြီးခဲ့သည့်လ ပြည်နယ်ရွေးကောက်ပွဲများတွင် ၎င်း၏ပါတီ အောင်ပွဲခံခဲ့ပြီးနောက် အိန္ဒိယအတိုက်အခံပါတီမှ ဝန်ကြီးချုပ်နေရာ ရည်မှန်းထားသူ နာရန်ဒါမိုဒီက မဲဆန္ဒရှင်များသည် မကြာမီတွင် အကျင့်ပျက်ခြစားသော လက်ရှိအာဏာရကွန်ဂရက်ပါတီကို မြေလှန်ပစ်လိမ့်မည်ဟု ဟောကိန်းထုတ်လိုက်သည်။

ပြည်နယ်ငါးခုတွင် ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးနောက်ပိုင်း ပထမဆုံးအကြိမ် လူထုလှုံ့ဆော်ပွဲတက်ရောက်သော မိုဒီက မေလတွင်ကျင်းပမည့် ရွေးကောက်ပွဲ အရှိန်ဆက်ထိန်းနိုင်ရန် ကြိုးပမ်းနေသည်။

"အိန္ဒိယနိုင်ငံရဲ့ ပြည်သူတွေက ခြစားနေတဲ့ ကွန်ဂရက်အစိုးရကို အပြုတ်နှံဖို့ ဒီလှုပ်ရှားမှုကို စတင်ခဲ့တာဖြစ်တယ်။ ဒါဟာ မကြာခင် တစ်နိုင်ငံလုံးမှာ ဖြစ်လာလိမ့်မယ်"ဟု နိုင်ငံမြောက်ပိုင်း ဒီဒရာဒန်မြို့ လူထုလှုံ့ဆော်ပွဲ၌ မိုဒီက ပြောကြားသည်။

"အိန္ဒိယပြည်နယ် ငါးပြည်နယ်က ရွေးကောက်ပွဲတွေ မကြာသေးခင်ကပဲ ပြီးဆုံးခဲ့တယ်။ ရလဒ်တွေက လေစီးကြောင်းအပြောင်းအလဲကို ပြသနေတယ်။ ဒီနိုင်ငံရဲ့ ပြည်သူတွေက အိန္ဒိယနိုင်ငံမှာ ကွန်ဂရက်ပါတီ အာဏာပြုတ်သွားဖို့ စတင်မဲပေးခဲ့ကြတယ်"ဟု မိုဒီက ထောက်ခံသူထောင်ပေါင်းများစွာအား ပြောကြားသည်။

လူထုအကြား ရေပန်းစားသော်လည်း သဘောထားကွဲလွဲမှုများဖြစ်စေသော မိုဒီ၏ အတိုက်အခံ (BJP)ပါတီသည် ရာဂျက်စ်ဆန်၊ မက်ဟာပရာဒက်ရှ်၊ ချက်တစ်ဂါ ပြည်နယ်တို့တွင် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး နယူးဒေလီတွင်လည်း အနိုင်ရရှိခဲ့သည်။ ကွန်ဂရက်ပါတီမှာ ဝေးလံသော မီဇိုရမ်ပြည်နယ်တွင်သာ အနိုင်ရရှိခဲ့သည်။

—*Ref: AFP*

**နောက်ကျောဖုံး မှ**

## ပင်လယ်ပြင်ကင်းလှည့်ရေး အကူအညီပေးရန် ဗီယက်နမ်ကို အမေရိကန် ကမ်းလှမ်း

တရုတ်နှင့် ဂျပန်နိုင်ငံကြား ပိုမိုလေးနက်သော ဆွေးနွေးညှိနှိုင်းမှုများနှင့် သံတမန်ရေးအစီအစဉ်စတင်ရေး ဂျွန်ကယ်ရီကတိုက်တွန်းပြောကြားသည်။

တရုတ်အရှေ့ပင်လယ်တွင် ယခုလအတွင်း တရုတ်နိုင်ငံက ကြေညာခဲ့သော လေကြောင်းကာကွယ်ရေးဇုန်ကို အမေရိကန်နိုင်ငံက အသိအမှတ်မပြုကြောင်းလည်း ဂျွန်ကယ်ရီက ထပ်မံပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်တုံ့ပြန်မှုလုပ်ငန်းများတွင် အကူအညီရရန်၊ ကမ်းခြေကင်းလှည့်မှုများ တိုးတက်ရန် ဗီယက်နမ်နိုင်ငံအား အမေရိကန်အစိုးရက ကန်ဒေါ်လာ ၁၈ သန်းအထိ ထောက်ပံ့မည်ဟု ဂျွန်ကယ်ရီကပြောသည်။ ယင်းငွေကြေးကိုအသုံးပြု၍ ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ်ကမ်းခြေစောင့်တပ်ဖွဲ့အတွက် အမြန်ကင်းလှည့်ယာဉ်ငါးစီး ဝယ်ယူနိုင်မည်ဟု ဂျွန်ကယ်ရီကပြောသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

# ကမ္ဘာ့ဖလားဘောလုံးကွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း မတော်တဆမှု ထပ်မံဖြစ်ပွား၍ လူတစ်ဦးသေ

**ဆော်ပေါ်လို၊ ဒီဇင်ဘာ-၁၅**

ဘရာဇီးနိုင်ငံတွင် ဆောက်လုပ်ဆဲ ကမ္ဘာ့ဖလားဘောလုံးကွင်းတစ်ခု၌ အလုပ်သမားတစ်ဦး ပြုတ်ကျသေဆုံးပြီး ယင်းမှာ စတုတ္ထမြောက် မတော်တဆမှုဖြစ်ကာ ကျင်းပရန် ခြောက်လသာ ကျန်တော့သည့်အချိန်တွင် အန္တရာယ်ကင်းရှင်းရေး စိုးရိမ်ပူပန်မှုများ မြင့်တက်လာစေသည်။

ဘရာဇီးနိုင်ငံ မြောက်ပိုင်း အမေဇုန်နီးယားဒေသရှိ ထိုင်ခုံပေါင်း ၄၂,၀၀၀ ပါဝင်သော မာနာအက်စ်ဘောလုံးကွင်း ခေါင်မိုးပေါ်တွင် အလုပ်လုပ်နေသည့် အလုပ်သမား မီလိုဖာရားရားမှာ ၁၁၅ ပေအမြင့်မှ ပြုတ်ကျသေဆုံးသွားသည်။

ညပိုင်းအလုပ်ချိန်အပြီးသတ်ရန် ပြင်ဆင်နေစဉ် ကေဘယ်ကြိုးပြတ်ပြီး ပြုတ်ကျသေဆုံးဖြစ်ကြောင်း ဘရာဇီးသတင်းဌာနများကဖော်ပြသည်။

ယင်းဘောလုံးကွင်းမှာ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ အလုပ်သမားပေါင်း ၁,၉၀၀ ခန့်က နေ့မအားညမနား ဆောက်လုပ်နေကြသည်။

ဘရာဇီးနိုင်ငံတွင် လာမည့်နှစ်အတွင်း ကျင်းပမည့် ကမ္ဘာ့ဖလားပွဲအတွက် ဆောက်လုပ်နေသော အားကစားကွင်းများတွင် မတော်တဆဖြစ်ကာ သေဆုံးသူစုစုပေါင်း ငါးဦးရှိသွားပြီဖြစ်သည်။

ဇွန်လ ၁၂ ရက်တွင် ဘရာဇီး-ခရိုအေးရှားပွဲစဉ် လက်ခံကျင်းပမည့် ဆာအိုပေါ်လိုဘောလုံးကွင်း ဆောက်လုပ်နေရာတွင်ပြီးခဲ့သည့်သီတင်းနှစ်ပတ်က မတော်တဆဖြစ်ပြီး အလုပ်သမားနှစ်ဦး သေဆုံးခဲ့သည်။

ယင်းဘောလုံးကွင်းအနီးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌လည်း အလုပ်သမားတစ်ဦး အလုပ်လုပ်နေစဉ် နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့သည်။

၎င်းသည် အလုပ်ဒဏ်ပိနေခဲ့သည်ဟု ၎င်း၏မိသားစုက စွပ်စွဲထားသည်။

အလုပ်သမားများကို အန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများ လုံလောက်စွာထုတ်မပေးထားဟု ပြောဆိုနေမှုများကြား လုပ်ငန်းခွင်အခြေအနေများမှာ စိတ်ကျေနပ်ဖွယ်ရာမရှိဟု ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့သည်။

ဘောလုံးကွင်းများ အပြီးသတ်ဆောက်လုပ်နိုင်ရန် ကြန့်ကြာမှုများအတွက် စိုးရိမ်မိကြောင်း ပြောကြားထားသည့် ဘောလုံးအဖွဲ့ချုပ် ဖီဖာက ပြုတ်ကျသေဆုံးသွားသည့် အဆိုပါအလုပ်သမားအတွက် ဝမ်းနည်းမိကြောင်း ဖော်ပြခဲ့သည်။

လုပ်ငန်းခွင်အခြေအနေများ မတိုးတက်လာပါက အလုပ်သမားများ သပိတ်မှောက်ရန် အသင့်ရှိသည်ဟု ပြည်တွင်းဆောက်လုပ်ရေးသမဂ္ဂခေါင်းဆောင် ဆီဆာရိုကူစတိုဒီယိုက ပြောကြားသည်။

*—Ref: AFP*

# နိုင်ရိုဘီမြို့ ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲ၍ လူလေးဦးသေဆုံး

**နိုင်ရိုဘီ၊ ဒီဇင်ဘာ-၁၅**

ဒီဇင်ဘာ ၁၄ ရက် ညနေက ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီတွင် မီနီဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံးခဲ့သည်ဟုကင်ညာရဲတပ်ဖွဲ့ကပြောကြားသည်။

ဒေသစံတော်ချိန်ညနေ ၅ နာရီခန့်တွင် ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကြောင့်မီနီဘတ်စ်အပါအဝင် အနီးရှိမော်တော်ယာဉ်များလည်း ပျက်စီးခဲ့ပြီး အနည်းဆုံးလူ ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု Standard Digital သတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာရရှိသူအချို့၏ အခြေအနေမှာ စိုးရိမ်ရသောကြောင့် သေဆုံးသူဦးရေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း နိုင်ရိုဘီရဲတပ်ဖွဲ့အကြီးအကဲ ဘန်ဆန်ကီဘူးက ပြောကြားသည်။

သေဆုံးသူများအနက် တစ်ဦးမှာ ဗုံးထောင်သူဖြစ်နိုင်သည်ဟု ၎င်းက ပြောကြားသည်။

ဒီဇင်ဘာ ၁၄ ရက်ကဖြစ်ပွားခဲ့သော ပေါက်ကွဲမှုမှာ အယ်လ်ရှာဘတ် မွတ်ဆလင်အစွန်းရောက်သမားများ၏ လုပ်ရပ်ဖြစ်နိုင်သည်ဟု ကင်ညာအရာရှိများက ယူဆထားသည်။

ဆိုမာလီယာနိုင်ငံ အခြေစိုက် အယ်လ်ရှာဘတ်သူပုန်များက ပြီးခဲ့သည့် စက်တင်ဘာလ နိုင်ရိုဘီ ဈေးဝယ်စင်တာ တိုက်ခိုက်မှုကို ၎င်းတို့လက်ချက်ဟု ဝန်ခံခဲ့သည်။

ကင်ညာနိုင်ငံတွင် ဒီဇင်ဘာ ၁၄ ရက် အစောပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်းနှင့် ဒီဇင်ဘာ ၁၃ ရက်ကလည်း ဗြိတိန်ခရီးသွားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် ဗုံးဖောက်ခွဲမှုတစ်ခု ဖြစ်ပွားခဲ့သော်လည်း ယင်းဖောက်ခွဲမှုမှာ မအောင်မြင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

*—Ref: UPI*



JOHN MUCHUCHA/AFP

*ဒီဇင်ဘာ ၁၄ ရက်က နိုင်ရိုဘီမြို့ East Leigh ရပ်ကွက် ဗုံးပေါက်ကွဲခဲ့သောနေရာကို တွေ့ရစဉ်*



7 DAY NEWS JOURNAL
# International
Vol.12, No.41 • DECEMBER 18 , 2013

## ပင်လယ်ပြင်ကင်းလှည့်ရေး အကူအညီပေးရန် ဗီယက်နမ်ကို အမေရိကန် ကမ်းလှမ်း

**ဟန္နိုင်း၊ ဒီဇင်ဘာ-၁၆**

ဗီယက်နမ်နိုင်ငံနယ်နိမိတ်တွင်ရေကြောင်းလုံခြုံရေးတိုးမြှင့်နိုင်ရန် အမေရိကန်က ဗီယက်နမ်အစိုးရအား ဘဏ္ဍာရေးအကူအညီသစ် ကမ်းလှမ်းလိုက်သည်။ ယင်းမှာ တောင်တရုတ်ပင်လယ်တွင် နယ်မြေပိုင်ဆိုင်မှုအကြောင်းပြောရင်း တရုတ်နိုင်ငံနှင့် ဒေသတွင်း တင်းမာမှုများရှိနေစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သော ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အကူအညီသစ်မှာ တရုတ်နိုင်ငံနှင့်မည်သို့မျှမပတ်သက်ကြောင်း ပြောသည်။ သို့သော်အရှေ့တရုတ်ပင်လယ်တွင် ကွဲလွဲမှုများ ဖြေရှင်းရေး **စာမျက်နှာ ၄၆ ››**



Fisher-Price.com

## iPad တင်ထားရန် နေရာပါသည့် ကလေးထိုင်ခုံများကြောင့် အငြင်းပွားမှုများဖြစ်ပွား

**နယူးယောက်၊ ဒီဇင်ဘာ-၁၆**

ရှေ့တွင် iPad တင်ထားရန် နေရာပါသည့် ကလေးငယ်များအတွက် ထိုင်ခုံရောင်းချနေခြင်းကို ရပ်တန့်ရန် ကစားစရာထုတ်လုပ်သည့် Fisher-Price ကုမ္ပဏီကို ရှေ့နေအဖွဲ့တစ်ဖွဲ့က တိုက်တွန်းလိုက်ပြီး ယင်းထုတ်ကုန်မှာ အန္တရာယ်ဖြစ်နိုင်သော မျက်နှာပြင်များကို ကလေးငယ်များချည်းသာ ကြည့်နေစေရန် မိဘများကို အားပေးရာရောက်သည်ဟု ပြောသည်။

ရှေ့တွင် iPad တင်ထားရန် နေရာပါဝင်သည့် ကလေးထိုင်ခုံများမှာ အီလက်ထရွန်နစ်စနစ်သုံးထိုင်ခုံဖြစ်သည်။

ယင်းထိုင်ခုံမှာ ကလေးထိန်းများနှင့် ကလေးကြား အပြန်အလှန်ဆက်ဆံရေးကို လျော့ကျစေသည်ဟုဘော်စတွန်မြို့အခြေစိုက် ကလေးငယ်များအပေါ် စီးပွားရေး အမြတ်မထုတ်ရေးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အသက်(၂)နှစ်အောက် ကလေးငယ်များ ယင်းကဲ့သို့ မျက်နှာပြင်များကို ကြည့်ရှုချိန်မှာ စကားပြောတတ်ချိန် နောက်ကျခြင်း၊ အိပ်မပျော်ခြင်းနှင့် ငယ်ဘဝတွင် သင်ယူမှုဆိုင်ရာပြဿနာများနှင့် ဆက်စပ်နေသည်ဟု အမေရိကန် ကလေးအထူးကုများအဖွဲ့၏ သုတေသနပြုချက်ကို အဆိုပါအဖွဲ့က ကိုးကားဖော်ပြသည်။

ကလေးငယ်များကိုiPadများနှင့်သာ တစ်ကိုယ်တည်းထားခြင်းမှာ တီထွင်ဖန်တီးကစားရသောကစားနည်းများ၊ အရွယ်ရောက်ပြီးသူများနှင့် အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံမှုများကဲ့သို့ ဦးနှောက်ဖွံ့ဖြိုးစေရန် အကျိုးရှိသော လုပ်ဆောင်မှုများမှ ယင်းကလေးငယ်များကို ပိတ်ပင်ထားသည်ဟုအဆိုပါအဖွဲ့ကပြောသည်။

မွေးကင်းစမှ လေးဘက်သွားအရွယ် ကလေးငယ်များအတွက် ရှေ့တွင် iPad တင်မည့်နေရာပါဝင်သည့် ကလေးထိုင်ခုံဝယ်ယူအားပေးသူများက ယင်းပစ္စည်းများကောင်းသည်ဟု ပြောကြားကြောင်း Fisher-Pirce ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိအမျိုးသမီး ဂျူလီးယက်ရီကပြောသည်။

"အဲဒီထိုင်ခုံက ကလေးတွေအတွက် ပညာသင်ကြားရေးဆိုင်ရာ ထုတ်ကုန်ဖြစ်ဖို့ လုံးဝမရည်ရွယ်ပါဘူး။ ပြီးတော့ အွန်လိုင်းကပဲ ရောင်းတာပါ"ဟု ၎င်းကပြောသည်။

ယင်း ကလေးထိုင်ခုံတွင် iPad ထည့်ထားနိုင်သည့် မှန်တစ်ချပ်ပါဝင်ကာ ကလေးငယ်များလက်ဖြင့် iPad မျက်နှာပြင်ကို ထိမိခြင်းဖြင့် အခြားသော Application များသို့ ပြောင်းသွားခြင်းမှ ကာကွယ်ပေးထားသည်ဟု ယင်းပစ္စည်းအညွှန်းတွင် ဖော်ပြထားသည်။

*—Ref: Reuters*

## ကားပိုင်ဆိုင်မှုကန့်သတ်သည့် တရုတ်နိုင်ငံမြို့များတွင် တီယန်ကျင်းပါဝင်လာ

**ရှန်ဟိုင်း၊ ဒီဇင်ဘာ-၁၆**

တရုတ်နိုင်ငံမြောက်ပိုင်းရှိတီယန်ကျင်းမြို့သည် ကားလိုင်စင်သစ်များ ထုတ်ပေးမှုကို ကန့်သတ်မည်ဖြစ်သည်။ တီယန်ကျင်းမြို့သည် ယာဉ်ကြောပိတ်ဆို့မှုသက်သာစေရန်နှင့် လေထုညစ်ညမ်းမှု လျော့ပါးစေရန် ရည်ရွယ်၍ ကားပိုင်ဆိုင်မှုကို တင်းကျပ်မည့် နောက်ဆုံးမြို့ဖြစ်သည်။

တီယန်ကျင်းမြို့အစိုးရသည် ဒီဇင်ဘာ ၁၆ ရက်မှစ၍ လေလံစနစ်၊ ထီစနစ်တို့ဖြင့် ကားနံပါတ်ပြားအသစ်များ ထုတ်ပေးမည်ဖြစ်ကြောင်း တီယန်ကျင်းမြို့အစိုးရ၏ အွန်လိုင်းစာမျက်နှာတွင်ဖော်ပြသည်။

ကားနံပါတ်များ၏ နောက်ဆုံးဂဏန်းပေါ်မူတည်၍ မြို့အတွင်းသို့ ကားများကို ဝင်ခွင့်ပြုသော ဘေဂျင်းမြို့၏ယာဉ်စည်းကမ်းစီမံချက်အတိုင်းတီယန်ကျင်းမြို့တွင်မော်တော်ယာဉ်ကန့်သတ်ခွင့်ပြုသည့်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း တီယန်ကျင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးဌာနအကြီးအကဲ၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ကိုးကားဖော်ပြသည်။

တရုတ်နိုင်ငံ မြို့တော်ဘေဂျင်းသည် လာမည့်နှစ်တွင် မြို့တော်၏ ကားအသစ်ရောင်းချမှုပမာဏကို ၄၀ ရာခိုင်နှုန်းလျှော့ချမည်ဟု ပြီးခဲ့သည့်လက ကြေညာခဲ့သည်။ ရှန်ဟိုင်းနှင့် ကွမ်ကျိုးစသည့် အခြားမြို့ကြီးများသည်လည်း ကားပိုင်ဆိုင်မှုကိုကန့်သတ်ရန် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

တရုတ်အစိုးရသည် နှစ်များစွာကြာအောင် လေထုညစ်ညမ်းမှုကို တိုက်ဖျက်ချေမှုန်းမည့် အစီအစဉ်များစွာကို ကြေညာခဲ့သည်။ သို့ရာတွင် နိုင်ငံ၏စွမ်းအင်ကဏ္ဍအတွက် ကျောက်မီးသွေးအပေါ် အလွန်အမင်းမှီခိုနေရမှုမှာလည်း ဆက်လက်ဖြစ်ပေါ်နေသည်။

*—Ref: Reuters*





အစွန်းအထင်းတို့လုံးဝကင်းစေဖို့ ဂျာမန်နည်းပညာဖြင့်ထုတ်လုပ်ထားသော
ဒစ်ဆန် စွမ်းအားမြင့် ဆပ်ပြာမှုန့်
ဒစ်ဆန် မြန်မာပြည်တွင် ရရှိနိုင်ပါပြီ !
NEW
Dixan
POWER BOOSTER
Henkel
ဂျာမန် နည်းပညာ
Henkel


နှစ်သစ်ကူးအထူးလက်ဆောင်
GS Battery ဝယ်ယူခြင်းဖြင့် Suzuki Carry Truck နှင့်
Honda Super Cub Motorcycle များရရှိနိုင်မည့်အခွင့်အရေး
Double Lid
Conventional
WIN CHERRY COMPANY LIMITED
95-1-542844 (0) : 95-1-543882 (0) : 95-1-558542 (0)
GS BATTERY
World - Class Technology


HITACHI
Inspire the Next
သင် မည်သည့် လျှော်ကန်ဖြင့် အဝတ်လျှော်ချင်ပါသလဲ . . . ?
eco Choice
AUTO SELF CLEAN
AUTO SELF CLEAN
Showroom Address:


NETFORCE
A Smart All in One ERP Software Solution
NETFORCE ERP တွင်
ပါဝင်သည့်
Software စနစ်များ
http://netforce.com/packages/
• Product Supply Tracking System
• Product Lifecycle Tracking System
• Financial Management System
• Sales and Customer Relationship Management
• Marketing Campaign System
• Human Resources Assistant
• Service Management System
• POS Software System
• Document Review Module
Advantages of ERP
(Operational Efficiency for growing businesses )
(Improved Consistency & Accuracy)
(Helping Hand for Employees)
Start using NetForce within
10 seconds
NOW
http://netforce.com/free-trial/
PRICE
( For Starter Module )
$35 Monthly Fees (Online Version)
$1200 One Time Purchase (Download Version)
More Information
INFORMATION MATRIX
Tel: 01 512887, Email: myatmyatkyawthu@informationmatrix.com

## ရန်ကုန် ပိုလိုဆေးခန်းသည်လူနာများအားစိတ်ချမ်းမြေ့ဖွယ်
## ဝန်ဆောင်မှုများဖြင့်ကုသပေးလျက်ရှိပါသည်။

**အောက်ပါရောဂါများကိုပြည်တွင်း၌ပင်သက်တောင့်သက်သာဖြင့်ကုသပေးလျက်ရှိသည်။**

Open Daily
AM - (8:00) to (8:00) PM

### အမျိုးသားရောဂါ

အမျိုးသားအင်္ဂါအရေပြားဖုံးအုပ်ရှည်လွန်းခြင်း၊လက်ပတ်နံ့ နံခြင်း၊ဆီလီကွန်ခြစ်ထုတ်ပေးခြင်း၊ပန်းသေပန်းညှိုးခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းနှင့် လိင်အင်္ဂါပိုင်းဆိုင်ရာကူးဆက်ရောဂါနှင့်ကာလသားရောဂါအမျိုးမျိုး သုတ်နည်းခြင်း၊သုတ်သေခြင်း၊သုတ်အားနည်းခြင်း၊သုတ်လွှတ်ပြွန်ပိတ်ဆို့ခြင်း၊သုတ်လွှတ်ကြောကောက်ကွေးကျယ်ပြန့်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းစသည့်သားဆက်မရနိုင်သောဝေဒနာရှင်များ

### နား/နှာခေါင်းရောဂါ

နှာခေါင်းရောင်ရမ်းခြင်း၊နှာခေါင်းပိတ်ဆို့ခြင်း၊နှာခေါင်းတွင်းအသားပိုထွက်ခြင်း၊ပသီရောင်ခြင်း၊ပကျိတ်ရောင်ခြင်း၊ နှာသံပါခြင်း၊အလယ်နားရောင်ရမ်းခြင်း၊နားပင်းခြင်း၊နားအူခြင်း၊နှာချေခြင်း၊ခေါင်းကိုက်ခြင်း၊အိပ်ရေးပျက်ခြင်း၊ အာခေါင်ရောင်၍နာခြင်း၊နှာခေါင်းသွေးယိုခြင်း စသည့်နား/နှာခေါင်း/လည်ချောင်းရောဂါများ . . . . . .

### လိပ်ခေါင်းရောဂါ

လိပ်ခေါင်းမျိုးစုံ၊ဂရင်ဂျီနာ၊စအိုအက်ကွဲခြင်း၊စအိုဝယားယံခြင်း၊အူအဆုံးပိုင်းတွင်ဖြစ်တတ်သောရောဂါများ၊ စအိုပတ်လည်ရောင်ကိုင်းပြည်တည်ခြင်း၊သွေးဝမ်းပါခြင်း စသည်များ . . . . .

**အဆင့်မြင့်နောက်ဆုံးပေါ်ကိရိယာများ**



ဝေဒနာရှင်များ၏ကိုယ်ရေးအချက်အလက်များ
ကိုထိန်းသိမ်းတာကွယ်ပေးမည်။





**POLO ဆေးခန်း 09-4211 68222, 09-4211 68000**
အမှတ် (၁၂၉/၁၃၁) ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

---

# သတိပေးကြေညာချက်

POLICE® INTERNATIONAL
Reg no. 4/6358/2007

Zebra Police American basic style
Reg no. 4/13713/2012

ကျွန်တော်တို့ PBS Fashion ကုမ္ပဏီလီမိတက်သည် ထိုင်းနိုင်ငံ ဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီး ကုမ္ပဏီရုံးချုပ်သည် PBS Fashion ကုမ္ပဏီလီမိတက်၊ နံပါတ် 29၊ တိုက် PBS၊ ပရချာအုထိ ၃၃ လမ်းကြား ၄ လမ်းဆုံ၊ ပရချာအုထိလမ်း၊ ဘန်းမွတ်ရပ်ကွက်၊ ထုခရုနယ်မြေ၊ ဘန်ကောက်မြို့ 10140တွင် တည်ရှိပါသည်။ PBS Fashion ကုမ္ပဏီသည် POLICE (Registration No. 4/6358/2007) နှင့် Police Zebra (Registration No. 4/13713/2012) ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တည်ဆဲဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို မြန်မာနိုင်ငံအတွင်းရှိ အင်္ကျီထုတ်ကုန်များတွင်နှစ်အတော်ကြာ အသုံးပြုခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် လက်လီ၊ လက္ကားဖြန့်ဖြူးရောင်းချသည့် ဆိုင်မရှိသေးပါ။ သို့ဖြစ်ပါ၍ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ ကုမ္ပဏီအဖွဲ့အစည်းဖြင့်ဖြစ်စေ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား နှစ်မျိုးကို ရောင်းချရန် စိတ်ဝင်စားသူ မည်သူမဆို ရောင်းချနိုင်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများကိုအခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တံဆိပ်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ဆင်တူရိုးမှားဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေရန် တုပသုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ပါရန်နှင့် တုပပြုလုပ်သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို တွေ့ရှိပါက နစ်နာမှုများအတွက် တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း၊ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

PAWARISA THANGAPIWATTANA
MANAGING DIRECTOR

**P B S FASHION Co., Ltd.**
29 P B S BUILDING SOI PACHAUTHIT 33 JUNCTION 4 PACHAUTHIT RD.
BANGMOD THUNGKRU BANGKOK THAILAND 10140
TEL. (66) 88 881 8888 ,TEL. (66) 02 872 7199 , 02 872 8491-7 FAX. (66) 02 872 8498
WWW.POLICEBODYSIZE.COM , WWW.POLICEZEBRA.COM E-MAIL : POLICE@POLICEBODYSIZE.COM

---

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်

## အောင်ချမ်းမြေ့

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
(**Open 7:00 am To 7:00 pm**) ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**– ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**

"**အောင်**" ပြီး "**ချမ်းမြေ့**" မှုတွေရရှိရန် "**အောင်ချမ်းမြေ့**" ကိုလာခဲ့ပါ။

◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၃၁၉၂) ၂၃. ၁၂. ၁၃ စဉ် (၃၁၉၃) ၂၄. ၁၂. ၁၃ စမည်။

ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am (III) 01:00 pm to 04:00 pm
(II) 09:00 am to 12:00 pm (IV) 05:30 pm to 07:30 pm

သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၃၁၉၄) ၂၅. ၁၂. ၁၃ (WED & THUR) စဉ် (၃၁၉၅) ၂၈. ၁၂. ၁၃ (SAT & SUN)

ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၃၁၉၆) ၂၈. ၁၂. ၁၃ (Sat Only) စဉ် (၃၁၉၇) ၂၉. ၁၂. ၁၃ (Sun Only))

ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၃၁၉၈) ၂၅. ၁၂. ၁၃ စမည်။ စဉ် (၃၁၉၉) ၂၆. ၁၂. ၁၃ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.41 • DECEMBER 18 , 2013

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင် – ၂

သြော် ပြောနေရင်း ဖယ်အုံကန်မှာ ကျွန်တော်ကြုံခဲ့ရတဲ့ ရန်ပွဲအကြောင်းမေ့နေပြန်ပြီ။ နေ့ရက်တော့ မမှတ်မိတော့ဘူးဗျာ။ မမှတ်မိတာလည်း ဘာမှမဆန်းပါဘူးဗျာ။ ဒီလိုရန်ပွဲတွေဟာ ဖယ်အုံကန်မှာ ခဏခဏဖြစ်နေကျမို့ပေါ့။ ဒီတစ်ခါထူးဆန်းတာက ကျွန်တော်ကိုယ်တိုင် မျက်ဝါးထင်ထင်ကြုံခဲ့ရတာမို့ပါ။ ကျွန်တော်ဖူးခက်ကိုရောက်ပြီး ၂နှစ်လောက်အကြာမနက်ဆယ်နာရီလောက် ကျွန်တော် ဖယ်အုံကန်ဘက်ကိုရောက်သွားသဗျ။ ကျွန်တော်နဲ့မခိုင်ဈေးပစ္စည်းတွေ အကြောင်းပြောနေတုန်း ပြုန်းဆို ငါးဖမ်းလှေတွေဆီက ဆူဆူညံညံအသံတွေကြားလိုက်ရတယ်။

အမှန်တော့ မခိုင်တို့ဆိုင်နဲ့ ငါးဖမ်းလှေတွေဆိုက်ကပ်နေတဲ့နေရာဟာ ကိုယ်တစ်ရာဝန်းကျင်လောက်ကွာမယ်ဗျ။ ငါးဖမ်းလှေတွေဆိုက်တဲ့နေရာကို သံဆန်ခါနဲ့ကာထားတယ်။ သံဆန်ခါတချို့နေရာမှာ စက္ကူပြန်းရုံလေးတွေရှိနေပေမယ့်ကျွန်တော်ရပ်နေတဲ့နေရာကနေ စောစောဆူဆူညံညံကြားတဲ့နေရာက မြင်ကွင်းကို ထင်ထင်ရှားရှားမြင်နေရတယ်။ ကျွန်တော့်စိတ်ထင်အဲဒီလှေဆိပ်မှာ ငါးဖမ်းလှေလေးငါးစီးကပ်ထားတယ်ထင်မိတယ်။

ဆူညံတဲ့အသံဟာ ပထမတော့ လူလေးငါးယောက်ဆီကလာတာဗျ။ ဒါပေမဲ့အသံဟာကျယ်သထက်ကျယ်လာတယ်။ ကျွန်တော့်စိတ်ထင် အဲဒီအသံတွေဟာ ထိုင်းစကားသံတွေဖြစ်ပေမယ့် ထိုင်းတွေပြောနေကြတာမဟုတ်ဘဲ ထားဝယ်လူမျိုးလှေသမားတွေ ပြောနေကြမှန်းကျွန်တော်ခန့်မှန်းနိုင်တယ်။

ဒီအဖြစ်မျိုးကို ကြုံရဖန်များနေတဲ့ မခိုင်ဟာ အစ်ကိုကြီးဆိုင်ထဲဝင်တော့ သူတို့အကြီးအကျယ်ရန်ဖြစ်ကြတော့မယ်ဆိုပြီး ကျွန်တော့်ကိုဆိုင်ထဲဝင်ခိုင်းပြီးတံခါးကို အသာစေ့ထားလိုက်ပါတယ်။ တကယ်တော့ ထားဝယ်သူလေးမခိုင်ဟာ ဆိုင်ပိုင်ရှင်မဟုတ်ရှာပါဘူး။ ပေါင်းသင်းဆက်ဆံရေးနဲ့ အပြောအဆိုလိမ်မာရေးခြားရှိတာကြောင့် ထိုင်းဆိုင်ရှင်အမျိုးသမီးကြီးက သားသမီးလိုမျက်နှာလွှဲထားခံရတဲ့ မိန်းကလေးပါ။ မခိုင်ရဲ့ခင်ပွန်းဟာလည်း ရေလုပ်သားလို့ပဲဆိုပါတယ်။

မခိုင်ရလိုက်တဲ့အန္တရာယ်အငွေ့အသက်ဟာ မမှားဘူးဆိုနိုင်ပါတယ်။ ဆိုင်တံခါးကြားကနေ လှမ်းမြင်နေရတာကတော့ ငါးဖမ်းလှေနှစ်စီးဆီက လူနှစ်ဆယ်ကျော်စီရှိနိုင်တဲ့ လူအုပ်ကြီးနှစ်စုဟာ လက်ထဲမှာတုတ်၊ ဓား၊ ဂျင်ကလိ၊ သုံးခွလုံချွန်စတာတွေကိုယ်စီကိုင်ပြီး ညာသံပေးဆင်လာကြပါတော့တယ်။ သူတို့နှစ်ဖက် ရင်ဆိုင်လိုက်ကြတဲ့အကွာအဝေးဟာ ပေလေးဆယ်လောက်ကွာမယ်ထင်ပါရဲ့။ အုပ်စုကြီးနှစ်စုဟာ ချက်ချင်းမတိုက်ခိုက်သေးဘဲ အပြန်အလှန်အချီအချ ဒေါသတကြီးစကားဆိုကြပါသေးတယ်။ ဒီအချိန်မှာ မခိုင်က အစ်ကိုကြီး အခုအုပ်စုနှစ်စုလုံးဟာ ဗမာတွေချည်းပဲတဲ့။

သူတို့လှေပိုင်ရှင်သူဌေးဘာအမိန့်ပေးမယ်ဆိုတာကိုစောင့်နေကြတာထင်တယ်တဲ့။ ကျွန်တော်တွေးလိုက်မိပါပြီ။ လက်စသတ်တော့ ထိုင်းလူမျိုးငါးဖမ်းလှေပိုင်ရှင်အချင်းချင်းဖြစ်တဲ့ပြဿနာကို ဗမာတွေ၊ ထားဝယ်တွေ၊ ရခိုင်တွေက လူမိုက်အဖြစ်ဝင်ရှင်းပေးကြတာကိုး။ ကျွန်တော့်စိတ်ထဲထူးခြားနေတာက ဒီလောက်ကြီးမားတဲ့လူအုပ်ကြီးနှစ်စု လက်နက်ကိုယ်စီနဲ့ သတ်မယ်ဖြတ်မယ်ရင်ဆိုင်မိနေကြတာကို ဘယ်ထိုင်းလုံခြုံရေး၊ ဘယ်ထိုင်းရဲမှ ရောက်မလာတာပါပဲ။ တကယ်တော့ ဒီလောက်ဆက်သွယ်ရေးကောင်းတဲ့ထိုင်းလိုနိုင်ငံမှာ ဖုန်းတစ်ချက်နှိပ်တာနဲ့ ထိုင်းရဲရာချီပြီးရောက်လာနိုင်ပါတယ်။

တစ်မျိုးစဉ်းစားဖို့ကောင်းတာက ထိုင်းငါးဖမ်းစက်လှေပိုင်ရှင်တွေဟာ သူတို့ ငါးဖမ်းလှေနှစ်စီးပြဿနာကို သူတို့ကိုယ်တိုင် ဗမာရေလုပ်သားတွေကို သုံးပြီး သူတို့နည်းသူတို့ဟန်နဲ့ရှင်းမှာမို့ ထိုင်းရဲတွေရောက်မလာအောင် တားဆီးထားတာလည်းဖြစ်နိုင်ခြေတစ်ခုပါပဲ။ ရန်စောင်နေတဲ့ ရေလုပ်သားအုပ်စုနှစ်စုကိုကြည့်ရင်းတောင်တွေးမြောက်တွေးလုပ်နေတဲ့ ကျွန်တော်ဟာ ဒိုင်း ဒိုင်းဆိုတဲ့ သေနတ်သံနှစ်ချက်ကြောင့် ရုတ်တရက်အလန့်တကြားဖြစ်သွားပါတယ်။ အမှန်တော့ အဲဒီသေနတ်သံဟာ တိုက်ပွဲစဖို့အမိန့်ပေးလိုက်တဲ့ ထိုင်းငါးဖမ်းလှေပိုင်ရှင်ရဲ့ စစ်ခရာတံပိုးမှုတ်သံပါပဲဗျာ။

စာမျက်နှာ(၂၅) မှ

# ဇီးရိုးပလပ်စ် ဇီးရိုး ဇီးရိုး ဇီးရိုး ဆိပ်ကမ်းမှာ

"မြန်မာ အလုပ်သမားက လစာနည်းပါတယ်။ တစ်နေ့မှ သုံးထောင်၊ သုံးထောင့်ငါးရာ၊ လေးထောင်ဆိုပါတော့။ ထိုင်းအလုပ်သမားက တစ်နေ့အနည်းဆုံးဘတ် ၃၀၀ လေ။ မြန်မာငွေ ကိုးထောင်တစ်သောင်းပေါ့"

ဒေသခံက ထားဝယ်ရေနက်ဆိပ်ကမ်းခွင်ထဲရှိမြန်မာနှင့် ထိုင်းအလုပ်သမားတို့ လုပ်ခလစာကွာခြားပုံများကို ရင်ဖွင့်ပါသည်။ စာရင်းဇယားအချို့က နေ့စားဝန်ထမ်း ၁၃,၅၀၀ ယောက်၊ အမြဲတမ်းဝန်ထမ်း ၁၃၀ ယောက်ရှိပြီး ရပ်ဝေးက လာရောက်လုပ်ကိုင်သူအများအပြားနှင့် ထိုင်းအလုပ်သမားတွေလည်း ပါဝင်ကာ ထိုင်းတို့က ကိုယ့်ထမင်းချက်နှင့် ကိုယ်လာခဲ့ကြခြင်း ဖြစ်သည်ဟု ဆိုပါ၏။

ယခုတော့ ဒါတွေအားလုံး ရပ်ဆိုင်းကာ သွားခဲ့ပါပြီ။

အီတာလျံ-ထိုင်းကုမ္ပဏီက ဆက်လုပ်မည့်သူကို အထွေထွေရင်းနှီးမြှုပ်နှံထားခဲ့မှုများအတွက် ဘတ်သန်း ၆,၀၀၀၊ အမေရိကန်ဒေါ်လာ ၁၈၉ သန်းပေးလျော်ရန် တောင်းဆိုထားသည်ဟု ဆိုပြီး ထိုတောင်းခံထားသည့် ငွေပမာဏသည် မျှတ၏၊ မမျှတ၏ဆိုသည်ကို ကမ္ဘာကျော်ကုမ္ပဏီကြီးများဖြစ်သည့် Ernst & Young, Price Water House Coopers , Heloitte စသော ကုမ္ပဏီသုံးခုကို တွက်ချက်ခိုင်းမည်ဟုလည်း သတင်းများ ထွက်လျက်ရှိနေဆဲ ဖြစ်ပါသည်။

လျော်ကြေးရရန် ကိုယ့်အလှည့်ကို မကြာမီရောက်လာတော့မည်ဟူသော စိတ်ကူးနှင့် ကြိုတင်ကာ ပက်ပက်စက်စက် ချေးငှားပေါင်းနှံ သုံးဖြုန်းဝယ်ခြမ်းထားကြသူ ဒေသခံတွေ စီမံကိန်း ရုတ်တရက် ရပ်ဆိုင်းသွားခြင်းမှာ ဘာဆက်လုပ်ရမှန်း မသိတော့။

ပင်လယ်လေက သုတ်ဆဲ။ ထားဝယ်တောင်တန်းကြီးတွေက မှုန်ဆဲ။ KM 0+000 ဟူသည့် ထိုင်းသို့ သွားရာ မြန်မာ့ပင်လယ်ကမ်းစပ်ရှိ လမ်း၏ အစမှာ မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် ကျွန်တော်တို့ရပ်ကာ ငေး၍နေဆဲ။ သောင်စပ်ထီးထီးကြီးထဲမှာ တည်းခိုဆောင်ကလေး၏ အရိပ်ကို ခိုမှီပြီး ဆေးလိပ်ကွမ်းယာ ဗန်းကလေးဖြင့် ဘဝကို မောင်းနှင်သူ ဒေသခံထားဝယ်သူကြီးက ကုမ္ပဏီတွေပြန်လာရင် ဈေးပြန်ရောင်းကောင်းမှာပါတဲ့။ KM 0+000 ရဲ့ အနားမှာ။

ထိုင်းသို့ သွားရာလမ်းကတော့ KM 1+000 , KM 2+000, KM 3+000 စသည် စသည်။ ။



# မှောင်ခိုပပျောက်သုဉ်းရေးမှ မှောင်ခိုဈေးကွက်ဆီသို့လား

**အောင်သူရ၊ ပြည့်သိမ်း သိမ့်သိမ့်စိုး**

ရန်ကုန်မြို့အပါအဝင်အခြားထင်ရှားသော မြို့ကြီးများရှိ အရက်၊ ဘီယာရောင်းချသော ဆိုင်များ၌ နိုင်ငံခြားဖြစ် အရက်၊ ဘီယာ၊ ဝိုင် နှင့် စီးကရက်များ တည်ခင်းရောင်းချသည်ကိုမတွေ့ရတော့ပေ။ သို့သော်ဝယ်ယူလို့တော့ရရှိနေသေးသည်။ ဆိုင်ရှင်များက လူစိမ်းများကို မရောင်းချရဲသော်လည်း ရင်းနှီးသူများကိုမူ အလွယ်တကူ ရောင်းချပေးလျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး တခြားသောအဖွဲ့များ ပူးပေါင်းဖွဲ့စည်းထားသော တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့က ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် လိုက်လံ စစ်ဆေးဖမ်းဆီးနေသဖြင့် စတိုးဆိုင်များ ပေါ်တင်မရောင်းချတော့ခြင်းဖြစ်သည်။

တည်ဆဲဥပဒေအရ နိုင်ငံခြားဖြစ်အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များတရားဝင်ကုန်သွယ်လိုင်စင်ဖြင့် တင်သွင်းခွင့်ပြုမထားသဖြင့် ရောင်းချခြင်းတွေ့ရှိပါက တရားဥပဒေကြောင်းအရ အရေးယူခြင်း၊မည်ခံရတော့မည်ဖြစ်သဖြင့် ပေါ်တင်မရောင်းချရဲဖြစ်လာကြသည်။

"ရုတ်တရက်ဆိုတော့ ပေါ်တင်မရောင်းရဲဘူး။ ပစ္စည်းကတော့ရှိတယ်။ ဈေးကအရင်ကထက်၅၀ ရာခိုင်နှုန်းလောက်တက်သွားတယ်"ဟု မရမ်းကုန်းမြို့နယ်ရှိ ယမကာရောင်းချသော စတိုးဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

တရားမဝင်မှောင်ခိုပစ္စည်းများ ကြီးစိုးနေသော ပြည်တွင်းဈေးကွက်ကို ချက်ချင်းပြောင်းလဲရန် ကြိုးပမ်းမှုမှာ ကြီးမားသောစိန်ခေါ်မှုဖြစ်နေသည်။

မြန်မာနိုင်ငံတွင် ဈေးဝယ်စင်တာပေါင်းများစွာ ဖွင့်လှစ်ထားသော စီးတီးမတ်ဟိုးဒင်းကုမ္ပဏီလီမိတက်မှ နိုင်ငံခြားဖြစ် အရက်၊ ဘီယာ၊စီးကရက်ရောင်းချမှုကိုရပ်ဆိုင်းပြီဟု တရားဝင်မီဒီယာများတွင်ကြေညာပြီးနောက်ဈေးတက်လာခြင်းဖြစ်သည်။ သာကေတမြို့နယ်အတွင်းရှိ Premium Food Survice Products ကုမ္ပဏီပိုင် ဂိုဒေါင်မှ နိုင်ငံခြားမှလာသောဝိုင်ပုလင်း ကိုးသောင်းနီးပါး၊ အရက်ပုလင်းတစ်ထောင်ကျော် ဖမ်းမိပြီးနောက် စီးတီးမတ်၊ အိုးရှင်းနှင့် စီးတီးအိစပတ်ဆိုင်များတွင် အရက်၊ ဘီယာ၊ စီးကရက်ရောင်းချခြင်းရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် အစိုးရက တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများ ပပျောက်ရန် ရည်ရွယ်လုပ်ဆောင်ချက်မှာ မထိရောက်သည့် အပြင် စားသုံးသူများအတွက် ဈေးကြီးပေးဝယ်ကာ မဆလခေတ်ကကဲ့သို့မှောင်ခိုဈေးကွက်ကို အားပေးသည့် အနေအထားမျိုးပြန်လည်ဖြစ်စေသည်ဟု ဝေဖန်မှုများရှိလာခဲ့သည်။

"အဖမ်းအဆီးနဲ့စပ်ကူးမတ်ကူးကာလဆိုတော့ ဈေးကွက်မှာ ပစ္စည်းပြတ်ပြီး ဈေးကြီးတာတွေဖြစ်မှာစိုးရတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဗဟိုအလုပ်မှုဆောင်ဒေါက်တာစိုးထွန်းကပြောသည်။

နယ်စပ်နယ်နိမိတ်ရှည်လျားသော မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှစ၍ တပ်မတော်အစိုးရလက်ထက်ထိ ကြိုးစားခဲ့သည်။ သို့သော်မအောင်မြင်ခဲ့ဘဲ အာဏာပိုင်များနှင့် နီးစပ်သည့် မှောင်ခိုလုပ်ငန်းလုပ်ကိုင်သူများသာ ကြီးပွားခဲ့သည်။

ထို့ကြောင့်သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရလက်ထက်တွင် မှောင်ခိုလုပ်ငန်းကို အားပေးစေသည့် ကုန်သွယ်မှုကို အတားအဆီးဖြစ်နေသည့် သွင်းကုန်လိုင်စင်နှင့် ပတ်သက်၍



*ဖမ်းဆီးရမိသည့် ယမကာပုံများ*

ဖြေလျှော့ပေးမှုများပြုလုပ်ပေးခဲ့သည်။ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ စစ်ဆေးရေး ဂိတ်များကိုလည်း ဖျက်သိမ်းပေးခဲ့သည်။

အခြားတစ်ဖက်တွင်လည်း တရားမဝင်ကုန်သွယ်မှုများတားဆီးရန်အတွက် စီးပွားကူးသန်းဝန်ကြီးဌာနက ဦးဆောင်ကာ ပြည်ထဲရေးဝန်ကြီးဌာန အကောက်ခွန်အဖွဲ့တို့ ပူးပေါင်းကာ တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများအား Mobile Team ဖွဲ့ကာ ဖမ်းဆီးစစ်ဆေးမှုများ ၂၀၁၂ ခုနှစ် နိုဝင်ဘာလဆန်းမှ စတင်ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် ကုန်သွယ်မှုပမာဏမှာ ပြီးခဲ့သည့် နှစ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံခန့်မြင့်တက်လာခဲ့သည်။ ကုန်သွယ်မှုပမာဏလည်း ဒီဇင်ဘာ၆ရက်အထိအမေရိကန်ဒေါ်လာ၁၇ဘီလီယံနီးပါးရရှိလာခဲ့သည်။

အဓိကရောင်းချသူများကို ဖမ်းဆီးလိုက်သဖြင့် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များမှာ လတ်တလောဈေးတက်သွားသော်လည်း ရေရှည်တွင် အဆင်ပြေသွားနိုင်ပါသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ အကြံပေးဖြစ်သူ စီးပွားရေးပညာရှင်ဒေါက်တာမောင်မောင်အောင်က ပြောသည်။

ဝန်ကြီးဌာနအနေဖြင့်တရားမဝင်တင်သွင်းမှုများ လွန်းနေခြင်း အရည်အသွေးပိုင်းစိတ်မချရခြင်းနှင့် မှန်မှန်ကန်ကန်တင်သွင်းနေသူများထိခိုက်ခြင်းနှင့် တရားမဝင်တင်သွင်းသူများကြောင့် ပြည်တွင်း၌ ထုတ်လုပ်သူများ မယှဉ်ပြိုင်နိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဒေါက်တာမောင်မောင်အောင်ကဆိုသည်။

ဦးသိန်းစိန်အစိုးရလက်ထက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်သည့် အနေဖြင့် အရက်၊ ဘီယာ၊ စီးကရက်ထုတ်လုပ်လိုသည့်ကုမ္ပဏီများကိုလည်း ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ထုတ်လုပ်ခွင့်ပြုထားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာနာမည်ကြီး ဘီယာကုမ္ပဏီများသည် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ခွင့်ပြုချက်ရရှိထားသည်။

နိုင်ငံခြားဖြစ်အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များ ပုံမှန်ကုန်သွယ်မှုလိုင်စင်ဖြင့် တင်သွင်းခွင့်မပြုဘဲ ဟိုတယ်လိုင်စင်ရရှိထားသူများကို သာတင်သွင်းခွင့်ပြုထားသည်။

ထို့အပြင် ယခင်အစိုးရနှင့်နီးစပ်ပြီး အကောက်ခွန်ကင်းလွတ်ခွင့် (Duty Free)ရရှိထားသူများကိုလည်း အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်တင်သွင်းခွင့်များပြုထားသည်။

အဆိုပါကုမ္ပဏီများက ကွန်တိန်နာလိုက်တင်သွင်းပြီး တစ်ဆင့်ပြန်လည်ရောင်းချပေးလျက်ရှိသည်။

အရက်၊ ဘီယာတင်သွင်းမှုကို တပ်မတော်အစိုးရလက်ထက် ၁၉၉၆ ခုနှစ်တွင် အမိန့်ကြေညာစာတစ်ခု ထုတ်၍ တားမြစ်ထားခဲ့သည်။ ၎င်းအမိန့်စာမှာလည်း ဥပဒေကဲ့သို့ပင်ကျင့်သုံးလုပ်ကိုင်နေကြောင်း တရားမဝင်ကုန်သွယ်မှုတားဆီးရေးဗဟိုကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးညွှန့်အောင်ကရှင်းပြသည်။

"ဈေးတွေ၊ ဆိုင်တွေမှာလိုက်ဖမ်းတာမျိုးကတော့ မလုပ်သင့်ဘူး။ သူတို့က တစ်ဆင့်ပြန်ပြီး ရောင်းသူတွေပဲ"ဟု မင်္ဂလာဈေးမှ အလှကုန်ပစ္စည်းများ တင်သွင်းရောင်းချသူတစ်ဦးကဆိုသည်။

"တိုင်တဲ့လူရှိရင် ဖမ်းမယ်ဆိုတော့လန့်နေရတယ်။ ဒီမှာရောင်းတာတွေ တိုက်ရိုက်သွင်းတာတွေရော၊ တစ်ဆင့်ခံ ဝယ်ရောင်းတာတွေရောဆိုတော့ မလွယ်ဘူး"ဟု မင်္ဂလာဈေးမှ အထည်ဆိုင်ရှင်တစ်ဦးကပြောထားသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးရေးဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ်က အသစ်ပြန်လည်ပြင်ဆင်ရန် ရေးဆွဲပြဋ္ဌာန်းထားသည့် ပို့ကုန်၊ သွင်းကုန်ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ယင်းဥပဒေအရ တရားမဝင် ကုန်ပစ္စည်းများတင်သွင်းလာပါက ပစ္စည်းကို နိုင်ငံပိုင်သိမ်းသည့်အပြင် တင်သွင်းသူကိုလည်း ထောင်ဒဏ် သုံးနှစ် (သို့မဟုတ်) ငွေဒဏ် ကျပ်ငါးသိန်းချမှတ်ရန် ပြဋ္ဌာန်းထားသည်။

"ဈေးကွက်အလိုကျဖြစ်တဲ့ပေါ်လစီမျိုးဖြစ်အောင်တော့လုပ်ပြီ"ဟု ဟိုတယ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဒေင်ကုမ္ပဏီများအုပ်စုအကြီးအကဲဦးချစ်ခိုင်က မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံသည်အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် နယ်နိမိတ်တစ်လျှောက် မှောင်ခိုကုန်ကူးမှုတားဆီးရေးဆောင်ရွက်ရာတွင် စနစ်တကျမဟာဗျူဟာ ချမှတ်ရန် လိုအပ်ကြောင်း စီးပွားရေးပညာရှင် ဦးလှမောင်က ဆိုသည်။

လက်ရှိဖမ်းဆီးနေမှုများနှင့်ပတ်သက်၍လည်း "တားဆီးစစ်ဆေးတာတွေက သမာသမတ်ကျဖို့လိုတယ်။ စစ်တောင်းတွေဆိုရင်တော့မထူးဘူး"ဟုလည်း အထက်ပါပုဂ္ဂိုလ်က အကြံပြုပြောကြားသည်။

"အခုလို ဖမ်းတာက ကုန်ပစ္စည်းအတုတွေဖမ်းပေးတာဆိုရင်တော့ ကောင်းတာပေါ့။ ဒီလိုဖမ်းတာကြောင့် ပစ္စည်းဈေးတွေ တက်လာတာတွေ့ရတယ်"ဟု ရပ်ကွက်နေအမျိုးသမီးတစ်ဦးက မှတ်ချက်ပြုသည်။

လက်ရှိနိုင်ငံခြားဖြစ်ပစ္စည်းများကို ပြည်တွင်းတွင်အတု လုပ်သူများမှာ ဈေးကွက်အခိုင်အမာရှိနေ အတုအပပစ္စည်းများ ပပျောက်ရန်အတွက် ဖမ်းဆီးနေသောလုပ်ရပ်မှာ လက်တွေ့တွင် ခက်ခဲနေသေးကြောင်း လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"သွင်းတဲ့လူကို အပြိုင်အဆိုင်သွင်းခိုင်းလိုက်ရင်တော့ တင်သွင်းသူ ပြန်ထိန်းခိုင်းရင်တော့ ဖြစ်နိုင်တယ်။ စားအုံးဆီလုပ်သလိုမျိုးပေ့ါ။အရည်အသွေးပါထိန်းချုပ်ပြီးသားဖြစ်သွားလိမ့်မယ်"ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"အရင်တုန်းက ကားတွေနဲ့သယ်ကြတာ။ ခုတော့လူစီးကားတွေနဲ့ပြောင်းသယ်လာကြတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ်OBD-IIသင်တန်း
Diagnostic, Software, WiringDiagram, ModernAutomotiveTechnology စာတွေ့၊ လက်တွေ့
စနေနေ့တိုင်း(အခမဲ့) မိတ်ဆက်သင်တန်း
အမှတ်စဉ်(၃၈)(၃၉)(၄၀)ပုံမှန်တန်းခွဲသစ်များကို ဇန်နဝါရီလ(၂)ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်။
Scan Tools အမျိုးမျိုးရရှိနိုင်ပြီ။
Engine Doctor Engineering
အမှတ် (၁၀၂)၊ မြေညီထပ်၊ ၅၂ လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၄၂၁၁ ၄၄၄ ၉၅၊ ၀၉-၄၂၁၁ ၄၄၄ ၉၆၊ ၀၉-၄၂၁၁ ၄၄၄ ၉၇၊ ၀၁-၉၀ ၁၀ ၅၇၆

မွေးနေ့ဆုတောင်း
ဒီဇင်ဘာ (၁၉)ရက်နေ့တွင် ကျရောက်သော သားကြီးဗိုလ်ကြီးဝေယံထွန်း (စာပေနှင့် စစ်တက္ကသိုလ် ပြင်ဦးလွင်မြို့) ၏မွေးနေ့မှသည် ချစ်သော ဘိုးဘိုး၊ဘွားဘွား၊ဖေဖေ၊ မေမေ၊ ညီမလေးတို့နှင့်အတူ နောင်နှစ်ပေါင်းများစွာ နိုင်ငံ့တာဝန်များထမ်းဆောင်ရင်း ပျော်ရွှင်ချမ်းမြေ့စွာဖြတ်သန်းနိုင်ပါစေ။
ဘိုးဘိုး၊ဘွားဘွား - ဦးစံထူး + (ဒေါ်စန်းမြင့်)၊ ဖြူးမြို့။
(ဦးစိုးသိန်း) + ဒေါ်အုန်းကြည်၊ မင်းလှမြို့။
ဖေဖေ၊ မေမေ - ဦးဝင်းထွန်း + ဒေါ်ခင်စိုးစိုးအောင်၊ လားရှိုးမြို့။
ညီမလေး - မေပြည့်သူခိုင် (ခ) တုံတုံ


Coca-Cola
FIFA ကမ္ဘာ့ဖလားကြီးကို
အခမဲ့* ကြည့်ရှုခွင့် လက်မှတ်
ရယူလိုက်ပါ
၂၆ ဒီဇင်ဘာ ၂၀၁၃
လှူငယ်အားကစားလေ့ကျင့်ရေးစခန်း
(သုဝဏ္ဏ)ရန်ကုန်မြို့
SEE THE REAL TROPHY
26 DEC 2013
THUWUNNA NATIONAL OUTDOOR STADIUM
YANGON
NO. 00001
FIFA WORLD CUP TROPHY TOUR by Coca-Cola
YANGON
*လက်မှတ်အရေအတွက် ကန့်သတ်ထားသောကြောင့်
စည်းကမ်းသတ်မှတ်ချက်များအတိုင်း အမြန်ဆုံး လာရောက်ဝယ်ယူလိုက်ပါ။
Tickets available :
MYANMAR
SKY NET
adidas
orange
City Mart
Ocean
Sein Gay Har
International Shopping Centre
CAPITAL hypermarket
abc CONVENIENCE STORE


YOUR INDUSTRY DIRECTORY
သင့် လုပ် ငန်း အ တွက် အ ကောင်း ဆုံး လမ်း ညွှန်
2014-15 အတွက်
သင့်လုပ်ငန်းများ
နေရာယူနိုင်ပါပြီ။
MYANMAR Automobile EQUIPMENT DIRECTORY
Myanmar Industries Directory
Myanmar Information Communication Technology DIRECTORY
myanmar Food INDUSTRY DIRECTORY
YANGON BUILDERS GUIDE
09 - 44800 1654
09 - 44800 1655
09 - 44800 1658
09 - 44800 1663
373254 , 245358 (Ext: 810-819) Email - ydg.adv@gmail.com


27th SEA GAMES MYANMAR 2013
Panasonic
Enjoy Moment with Special Sales
18th Nov to 25th Dec
ရေခဲသေတ္တာ
NR-F605CX (6 Door - 628L)
NR-F555CX (6 Door - 573L)
•Intelligent Inverter Technology
•New Fresh Freezing & Quick Ice Maker
•Anti-Bacterial and Dedorizing Ag Clean
FREE GIFT : Safe Guard + F-PMF35A
NR- D512TX (512L)
NR- C376 (365L)
•Intelligent Inverter Technology
•U- Vacua Instulation
•Ag Clean Anti-Bacterial
FREE GIFT : Safe Guard + NN-ST342
NR-BY602X ( 602L)
NR-BY552X (551L)
•Intelligent Inverter Technology
•Intelligent Inverter (Save Energy-40% Cut)
•Vitamin Safe & Moisture Vegetable Case
FREE GIFT : Safe Guard + Gift Voucher Ks. 20,000/-
NR- BW465 (450L)
NR- BW415 (407L)
•Excellent Eco Energy Saving
•Twin Jumbo Large Capicity (Freezer & Vegetable Space)
•Ag-Clean and Advanced LED Lighting
FREE GIFT : Safe Guard + Gift Voucher Ks. 20,000/-
TWIN JUMBO
NR- BK345S (333L)
NR- BK305S (296L)
NR- BK265S (262L)
•Excellent Eco Energy Saving
•Twin Jumbo Large Capicity (Freezer & Vegetable Space)
•Ag-Clean and Advanced LED Lighting
FREE GIFT : Safe Guard + Gift Voucher Ks. 15,000/-
TWIN JUMBO
NR- BJ226 (196L)
NR- BN221 (221L)
•Excellent Eco Energy Saving
•Twin Jumbo Large Capicity (Freezer & Vegetable Space)
•Ag-Clean and Advanced LED Lighting
FREE GIFT : Safe Guard
အဝတ်လျှော်စက်
NA- 140VX3 (10 Kg, 1400 rpm)
NA- 140VG3 (10 Kg, 1400 rpm)
NA- 148VG3 (8 Kg, 1400 rpm)
• ECONAVI, New Inverter and HydroActive+
• 3D Sensor Wash Technology
• Sazanami Drum & Quiet Operation
NA-FS14X2 (14 kg)
-Intelligent Inverter Technology (40% Energy & Water Saving)
-Dancing Water Flow & Gentle Hand Wash
-Air Dry & Tub Hygiene
NA- 127VB3 (7 Kg)
NA- 107VC4 (7 Kg)
• Energy Efficiency A++
• Hydro Active for efficient Washing and energy saving
• Special quick programme to save time
FREE GIFT : Safe Guard + Wall Fan F-409U
ECO AQUABEAT
NA- FS90G3 (9 Kg)
NA- F130H2 (13 Kg)
NA- F110H2 (11 Kg)
•High Washing Perforance -Dancing Water flow
•New Aqua Crystal Glass
•New Shower Tinse & Ag-Air Filter
FREE GIFT : Safe Guard + Wall Fan F-409U
ECO AQUABEAT
NA- F100S3/F100B3(10 Kg)
NA- F90S3 (9 Kg)
NA- F80S3 (8 Kg)
•ECO Aquabeat Technology
•High Washing Performance (SAZANAMI Drum & Dencing Water Flow)
•Top Glass Lid and Auto Resart Funcation
ECO AQUABEAT
NA- F75H3 (7.5 Kg)
NA- F70B3 (7 kg)
• Top Level Water Saving
• High Washing Performance (SAZANAMI Drum & Dencing Water Flow)
• New Convenient Programe & User Friendly Function
FREE GIFT : Safe Guard + Gift Voucher Ks. 10,000/-
NR- AF172 (One Door-164L)
•Vegetable Bigger Crisper
•Direct Cooling System
•"Diamond" Cut Design (Inner Door)
FREE GIFT : Safe Guard
Road Show
13 ~ 16 Dec City Mart
18 ~ 24 Dec Ocean (North Point)
Infinity Investment Co., Ltd.
ပန်နာဆိုးနစ်သီးသန့်ကောင်တာများ
City Mart ဆိုင်ခွဲများ၊ Capital (သာကေတ)၊
Super One (ကျိုက္ကဆံ)၊ Ocean Super Center များ။
Special Electronics (ဗိုလ်အောင်ကျော်လမ်း)၊
NA- W1300T (13 Kg)
NA- W8000X (8 kg)
• Twin Tub Washing Machine
• Triple Pulsator
• Rust Free Durable Plastic Body
FREE GIFT : Safe Guard